အများအားဖြင့် သာယာမည်

ရန်ကုန်မြို့နှင့် အနီး တစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

မြန်မာ့အလင်း

ဝီရိယဝတော ကိံ နာမ ကမ္မံ န သိဇ္ဈတိ။
ဆန္ဒဝတော ကိံ နာမ ကမ္မံ န သိဇ္ဈတိ။

■ အတွဲ [၅၅] ၁၃၇၇ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၇ ရက် [31-1-2016]

အမှတ် [၁၃၃]

MYANMA ALINN SUNDAY ISSUE

ယခု ၂၃၀ ကေဗွီ ပုသိမ်(ကန်ကြီးထောင့်)ပင်မဓာတ်အားခွဲရုံ တည်ဆောက်နိုင်ခြင်းကြောင့် ဧရာဝတီတိုင်းဒေသကြီးအတွင်း ကျေးရွာပေါင်း ၇၁၉ ရွာ ဓာတ်အားဖြန့်ဖြူးပေးနိုင်ခဲ့ပြီ

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်အဖွဲ့ ၂၃၀ ကေဗွီ ပုသိမ်(ကန်ကြီးထောင့်) ပင်မဓာတ်အားခွဲရုံ ဖွင့်ပွဲအခမ်းအနားတွင် တက်ရောက်လာကြသူများနှင့် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။ (သတင်းစဉ်)

ရန်ကုန် ဇန်နဝါရီ ၃၀

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေ၊ ဦးအုန်းမြင့်၊ ဦးရဲထွဋ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဗိုလ်ချုပ်အောင်ကျော်ဇော၊ ဒုတိယဝန်ကြီး ဦးခင်ဇော်နှင့် တာဝန်ရှိသူများနှင့်အတူ ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့မှ တပ်မတော်အထူးလေယာဉ်ဖြင့် ထွက်ခွာခဲ့ကြပြီး ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့သို့ရောက်ရှိကြရာ ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုး၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသိန်းအောင်၊ အနောက်တောင်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ် တေဇကျော်နှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

စာမျက်နှာ ၈ ကော်လံ ၁ ✻

တနင်္ဂနွေ ဖတ်စရာများ

ရန်ကုန်မြို့ပြအမွေအနှစ်များရဲ့ရာဇဝင်
အနာဂတ်အတွက် လူ့ချွန်လူကောင်းများ မွေးဖွားပေးလျက် ယနေ့တိုင်အကျိုးပြုဆဲ စိန့်ပေါလ် သို့မဟုတ် ၁၅၆ နှစ်သက်တမ်းရှိ အထက(၆) ဗိုလ်တထောင် စာ-၁၈

နိုင်ငံတကာရေးရာဆောင်းပါး
အဖြေရှာမရသေးသည့် ဒုက္ခသည်ပြဿနာ စာ-၁၉

ခရီးသွားဆောင်းပါး
ရွှေမုဋ္ဌော၊ ပုသိမ်ထီးနှင့် ဟာလဝါ စာ-၂၀

မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

အိုင်တီနှင့် ဖွံ့ဖြိုးရေး

မျက်မှောက်ခေတ်နယ်ပယ်ကဏ္ဍအသီးသီးတွင် အိုင်တီနည်းပညာများကို အစားထိုးအသုံးပြုနေကြပြီဖြစ်သည်။ အိုင်တီနည်းပညာကို အစားထိုးပြောင်းလဲသုံးစွဲလာနိုင်သည်နှင့်အမျှ လုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်ရာတွင် လွယ်ကူလျင်မြန်လာသည်။ အိုင်တီနည်းပညာများက တိကျမှန်ကန်သော တွက်ချက်မှုနှင့် ဆုံးဖြတ်မှုများပေးလာနိုင်သည်။ ဤသို့ နေရာတိုင်းတွင် အိုင်တီနည်းပညာများ သုံးစွဲလာနိုင်ခြင်းကြောင့် အိုင်တီခေတ်ဟု ခေါ်ဆိုကြခြင်းဖြစ်သည်။

အိုင်တီနည်းပညာများက လူငယ်လူရွယ်များ၏ အသိဉာဏ်နှင့် အတတ်ပညာဖွံ့ဖြိုးမှုသာမက စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးတွင်လည်း များစွာအထောက်အကူပြုနိုင်စွမ်းရှိသည်။ အထူးသဖြင့် စွန့်ဦးတီထွင်လုပ်ငန်းရှင်များအတွက် လုပ်ငန်းများ တီထွင်ဆန်းသစ်လုပ်ဆောင်ရာတွင် အိုင်တီနည်းပညာများက များစွာအထောက်အကူပြုနိုင်စွမ်းရှိသည်။ စီးပွားရေးလုပ်ငန်းများအတွက် အိုင်တီနည်းပညာ အသုံးချလာနိုင်ခြင်းကြောင့် စီးပွားရေးလုပ်ငန်းများမှာ ပိုမိုထိရောက်အောင်မြင်ပြီး လျင်မြန်စွာ ဖွံ့ဖြိုးလျက်ရှိသည်။

သို့သော်လည်း ကျွန်ုပ်တို့မြန်မာနိုင်ငံတွင် အိုင်တီနည်းပညာကို လူငယ်များနှင့်သာ သက်ဆိုင်သည်ဟု မှတ်ယူကြလျက်ရှိသည်။ လူငယ်များကသာ အိုင်တီနည်းပညာကို စိတ်ဝင်တစားလေ့လာလိုက်စားနေကြသည်။ မြန်မာနိုင်ငံ၌ စီးပွားရေးလုပ်ငန်းများတွင် အိုင်တီနည်းပညာအသုံးချမှုမှာ အခြားသော အိမ်နီးချင်းနိုင်ငံများနှင့်နှိုင်းစာလျှင် လိုအပ်ချက်များ ရှိနေသေးကြောင်း ပညာရှင်များက လေ့လာသုံးသပ်လျက်ရှိသည်။ ရုံးများ၊ ကျောင်းများ၌ပင် ကွန်ပျူတာအသုံးချလုပ်ဆောင်မှုများ အားနည်းနေဆဲဖြစ်သည်။ မြန်မာနိုင်ငံတွင် အိုင်တီဖွံ့ဖြိုးမှု အားနည်းလျက်ရှိသည်။

ဤသို့ဖြစ်ရခြင်းမှာ လူငယ်များအကြား အိုင်တီနည်းပညာသင်ယူမှုနည်းပါးခြင်း၊ အိုင်တီနည်းပညာ အသုံးပြုနိုင်ရန် ကွန်ပျူတာကဲ့သို့ အသုံးအဆောင်ပစ္စည်းများ လူတိုင်းဈေးနှုန်းသက်သာစွာ ဝယ်ယူသုံးစွဲနိုင်မှုမရှိခြင်း၊ အိုင်တီနည်းပညာသင်ယူရန် အခွင့်အလမ်းနည်းပါးခြင်းစသော အကြောင်းတရားများကြောင့် အိုင်တီဖွံ့ဖြိုးမှုမှာ အခြားသောနိုင်ငံများနှင့် နှိုင်းစာလျှင် လိုအပ်ချက်များ ရှိနေဆဲဖြစ်ကြောင်း ပညာရှင်များက လေ့လာသုံးသပ်လျက်ရှိသည်။

အိုင်တီနည်းပညာကို အခြေခံပညာကျောင်းများအဆင့်မှစတင်ကာ အသုံးပြုမှုများပြားလာမှသာ စီးပွားရေးလုပ်ငန်းများတွင် အိုင်တီအသုံးချလုပ်ငန်းများ တိုးပွားလာနိုင်သည်။ စီးပွားရေးလုပ်ငန်းတိုင်းတွင် ကွန်ပျူတာအသုံးချနည်းပညာများ အသုံးပြုမှုအားနည်းခြင်းသည် စီးပွားရေးလျင်မြန်စွာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်ချက်များဖြစ်လာသည်။

လူငယ်ဘဝတွင် အိုင်တီနည်းပညာပံ့ပိုးနိုင်မှသာလျှင် စီးပွားရေး လုပ်ငန်းများတွင် ထိရောက်မှုရှိလာမည်။ တစ်နည်းအားဖြင့် စီးပွားရေးလျင်မြန်စွာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နည်းပညာဖြင့် ပံ့ပိုးဖြည့်ဆည်းပေးနိုင်ရမည် ဖြစ်ပါသည်။ သို့ဖြစ်၍ စီးပွားရေး လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အိုင်တီဖွံ့ဖြိုးရေးကို အလျင်အမြန်ဆောင်ရွက်သင့်ပြီ ဖြစ်ပါကြောင်း။ ။

မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Myanma Alinn Daily

စာတည်းမှူးချုပ်	-	အောင်နိုင်ဦး
စာတည်းမှူး	-	ဝင်းရွှေ
စာတည်း	-	ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်
သတင်းထောက်မှူး	-	မြင့်ဆွေ
ထုတ်ဝေခြင်းအမှတ်	-	(၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ်	-	(၀၀၈၇၇)
ကြော်ငြာ	-	၀၁-၅၄၅၈၃၄ ၊ ၀၁- ၅၅၉၁၁၈ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈
ဖြန့်ချိ	-	၀၁-၅၄၄၃၁၇၊ Fax- ၀၁-၈၆၀၄၅၄၆

စားသုံးသူအကာအကွယ်ပေးရေး ဗဟိုကော်မတီအစည်းအဝေး ကျင်းပ

နေပြည်တော် ဇန်နဝါရီ ၃၀

ဒုတိယအကြိမ်မြောက် စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ ဗဟိုကော်မတီ အစည်းအဝေးကို စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာ ဦးစီးဌာနမှ ဦးစီး၍ ဇန်နဝါရီ ၂၉ ရက်က နေပြည်တော်ရှိ ဝန်ကြီးဌာနညီလာခံခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် စားသုံးသူအကာအကွယ်ပေးရေးဗဟိုကော်မတီ ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးကိုယ်စား အတွင်းရေးမှူးဖြစ်သူ ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးလှမော်ဦးက စားသုံးသူများ လုံခြုံစိတ်ချ၍ အရည်အသွေးကောင်းမွန်သော ကုန်စည်များ ရရှိနိုင်စေရန်အတွက် ပြည်တွင်းဈေးကွက်နှင့် ကုန်သွယ်မှုဝင်ပေါက် ထွက်ပေါက်များတွင်ကုန်ပစ္စည်းများ၏ အရည်အသွေး စံချိန်စံညွှန်းများအား နိုင်ငံတကာအဆင့်မီ စစ်ဆေးနိုင်ရေးနှင့် ကောင်းမွန်သည့် ဝန်ဆောင်မှုများ ပေးအပ်နိုင်ရေးတို့အတွက် သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းအကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အဆိုပါစားသုံးသူအကာကွယ်ပေးရေး လုပ်ငန်းများကို ဆောင်ရွက်ခြင်းဖြင့် စားသုံးသူများအတွက် စားသုံးသူဆိုင်ရာ အခွင့်အလမ်းများရရှိခံစားနိုင်မည်ဖြစ်ပြီး၊ စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့်လည်း အရည်အသွေးကောင်းမွန်သော ကုန်စည်များကို ထုတ်လုပ်ရောင်းချခြင်းဖြင့် ဈေးကွက်ကို ထိုးဖောက်နိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသော ကော်မတီဝင်ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်စီမံကိန်းနှင့် စီးပွားရေးဝန်ကြီးများ၊ စားသုံးသူ အကာအကွယ်ပေးရေးဆိုင်ရာ ပုဂ္ဂလိက အသင်းအဖွဲ့များနှင့် ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်သူများက Video Conferencing စနစ်ဖြင့် စားသုံးသူအကာအကွယ်ပေးရေးနှင့်စပ်လျဉ်း၍ ကွင်းဆင်းဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြကြပြီး ရှေ့ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားမည့် စားသုံးသူ အကာအကွယ်ပေးရေးဆိုင်ရာလုပ်ငန်းစဉ်များကို အသေးစိတ်ဆွေးနွေးခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

ပိတောက်မြိုင်ဈေးမှ ရေဆိုးများ ထွက်ပေါက်ပိတ်ဆို့နေ

ထင်သာမြင်သာပြုပြင်စရာ

လှိုင်သာယာမြို့နယ် အမှတ်(၂၂) အလကခွဲကျောင်းရှေ့၌ ဈေးသည်များ နေရာယူရောင်းချလာမှုကြောင့် ဆရာ ဆရာမများ၊ ကျောင်းသားကျောင်းသူများနှင့် ပြည်သူများ သွားလာမှုအခက်ကြုံနေရပြီး ဆိုင်ခန်းများမှ စွန့်ပစ်ပစ္စည်းများ၏ အနံ့အသက်များ ထွက်ပေါ်လျက်ရှိသည်။

"ကျောင်းရှေ့မှာ ဈေးသည်တွေ မရောင်းဖို့တားမြစ်ပေမယ့် ဂရုမစိုက်ကြဘူး။ လူနေဆိုင်ခန်းတွေဆိုတော့ စာသင်ဆောင်နဲ့သူတို့တွေရဲ့ သန့်စင်ခန်းတွေကကပ်နေတယ်။ ဆိုင်ခန်းတွေကြောင့် ကျောင်းအဂ်ါနဲ့မညီတာတော့အမှန်ပဲ"ဟု အနှစ် ၂၀ ကျော် တာဝန်ထမ်းဆောင်လျက်ရှိသော ဆရာမတစ်ဦးက ဆိုသည်။

လှိုင်သာယာမြို့နယ်၏ အဓိကဈေးကြီးတစ်ခုဖြစ်သော အမှတ်(၇) ရပ်ကွက်ရှိ ပိတောက်မြိုင်ဈေးကြီး သက်တမ်းသည် အနှစ် ၂၀ ကျော်ရှိပြီဖြစ်ပြီး ဈေးအတွင်းမှ ရေဆိုးများ စီးဆင်းမှုမရှိရခြင်းမှာ ဈေး၏တစ်ဖက်ရှိ ကျောင်းရှေ့မှ ဈေးဆိုင်များ ရေမြောင်းပေါ်တွင် ဆောက်လုပ်နေထိုင်မှုကြောင့်ဖြစ်ကြောင်း သိရသည်။

"ဈေးထဲက ရေဆိုးတွေထွက်မှ ဈေးသူဈေးသားတွေနဲ့ ဈေးဝယ်ပြည်သူတွေ သွားလာရေးအဆင်ပြေမှာပါ"ဟု ပိတောက်မြိုင်ဈေးတာဝန်ခံက ပြောသည်။

မြင့်မြတ်သစ္စာ

အလုပ်ရုံ ဆွေးနွေးပွဲ ကျင်းပ

လေးမျက်နှာ ဇန်နဝါရီ ၃၀

မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန လေးမျက်နှာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်အတွင်းရှိ ကညင်တိုင်းနှင့် သဲနုကုန်းကျေးရွာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်းအတိုးရငွေများဖြင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ လုပ်ဆောင်ရာတွင် လုပ်ငန်းနှင့်ပတ်သက်သည့် ဆွေးနွေးပွဲကျင်းပခဲ့သည်။ အဆိုပါဆွေးနွေးပွဲတွင် လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်သက်ဦးက အမှာစကားပြောကြားပြီး မြစိမ်းရောင်တာဝန်ခံက အတိုးရငွေများဖြင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို ဆွေးနွေးပြောကြားခဲ့ကြောင်း သိရသည်။

ဝေဝေ

ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း

၃၀-၁-၂၀၁၆

ရွှေဈေးနှုန်း(အောင်သမာဓိ)

ရန်ကုန်	၁၆ ပဲရည်	တစ်ကျပ်သား	ကျပ် ၇၇၄၅၀၀
ရန်ကုန်	၁၅ ပဲရည်	တစ်ကျပ်သား	ကျပ် ၇၂၈၉၀၀
မန္တလေး	၁၆ ပဲရည်	တစ်ကျပ်သား	ကျပ် ၇၇၄၅၀၀

စက်သုံးဆီဈေးနှုန်း(တစ်လီတာဈေး)

ရန်ကုန်

ဒီဇယ်	၄၇၀/၄၈၀ ကျပ်
အောက်တိန်း ၉၂	၅၂၀/၅၅၀ ကျပ်
အောက်တိန်း ၉၅	၆၃၀/၆၆၀ ကျပ်
ပရီမီယံဒီဇယ်	၅၁၀/၅၂၀ ကျပ်

စက်သုံးဆီဈေးနှုန်း(တစ်လီတာဈေး)

မန္တလေး

ဒီဇယ်	၅၄၀/၅၆၀ ကျပ်
အောက်တိန်း ၉၂	၆၀၀/၆၂၀ ကျပ်
အောက်တိန်း ၉၅	၇၁၀/၇၅၀ ကျပ်
ပရီမီယံဒီဇယ်	၅၇၀/၆၂၀ ကျပ်

သားငါးနှင့် ဟင်းချက်စရာဈေးနှုန်း(သား/ငါးဒိုင်များ)

၁။ ငါးကြင်း	တစ်ပိဿာ	၄၅၀၀	-	၆၀၀၀
၂။ ငါးမြစ်ချင်း	တစ်ပိဿာ	၃၅၀၀	-	၅၀၀၀
၃။ ငါးရံ့	တစ်ပိဿာ	၆၀၀၀	-	၈၀၀၀
၄။ ငါးဖယ်	တစ်ပိဿာ	၆၅၀၀	-	၁၂၀၀၀
၅။ ပုစွန် (ကျော့)	တစ်ပိဿာ	၇၀၀၀	-	၁၀၀၀၀
၆။ ပုစွန်တုပ်	တစ်ပိဿာ	၁၀၀၀၀	-	၂၇၀၀၀
၇။ ငါးသလောက်	တစ်ပိဿာ	၁၀၀၀၀	-	၁၈၀၀၀
၈။ ကြက်	တစ်ပိဿာ	၅၀၀၀	-	၁၂၀၀၀
၉။ ဝက်	တစ်ပိဿာ	၅၀၀၀	-	၉၀၀၀
၁၀။ အမဲ	တစ်ပိဿာ	၇၀၀၀	-	၉၀၀၀
၁၁။ ဆိတ်	တစ်ပိဿာ	၁၃၀၀၀	-	၁၇၀၀၀
၁၂။ ဘဲ	တစ်ပိဿာ	၆၀၀၀	-	၁၃၀၀၀

နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေး (ဗဟိုဘဏ်)

အမေရိကန်	တစ်ဒေါ်လာ	၁၂၉၅
ဥရောပ	တစ်ယူရို	၁၄၁၀.၅
စင်ကာပူ	တစ်ဒေါ်လာ	၉၀၄.၉၃
ထိုင်း	တစ်ဘတ်	၃၆.၁၂၃
အိန္ဒိယ	တစ်ရူပီး	၁၈.၉၈၅
တရုတ်	တစ်ယွမ်	၈၉၆.၈၇
မလေးရှား	တစ်ရင်းဂစ်	၃၀၄.၆၇

ခင်ရတနာ-စုစည်းသည်။

ပြည်ထောင်စုဝန်ကြီးနှင့် မြန်မာသမိုင်းအဖွဲ့ဝင်များ တွေ့ဆုံဆွေးနွေး

ရန်ကုန် ဇန်နဝါရီ ၃၀

ယဉ်ကျေးမှုဝန်ကြီးဌာန မြန်မာသမိုင်းအဖွဲ့ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်ကြူသည် ယနေ့ နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ ကမ္ဘာအေးဘုရားလမ်း သီရိမင်္ဂလာရိပ်သာလမ်းသွယ်ရှိ မြန်မာသမိုင်းအဖွဲ့ရုံး ပညာဆောင်အစည်းအဝေးခန်းမ၌ မြန်မာသမိုင်းအဖွဲ့ဝင်များအား တွေ့ဆုံသည်။ **(ယာပုံ)**

ထိုသို့တွေ့ဆုံရာတွင် ပြည်ထောင်စုဝန်ကြီးက ယဉ်ကျေးမှုဝန်ကြီးဌာနတွင် သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက်ဦးစီးဌာန၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနနှင့် အနုပညာဦးစီးဌာနတို့ ပါဝင်သည့်အတွက် ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းရာဌာနတစ်ခုဖြစ်ကြောင်း၊ ထိန်းသိမ်းရာတွင်လည်း ထိန်းသိမ်းသည့်နည်းစနစ်များကို ပိုမိုကောင်းမွန်အောင် မြန်မာသမိုင်းအဖွဲ့ဌာနရှိ မျိုးဆက်သစ်သမိုင်းပညာရှင်များကို မွေးထုတ်ပေးသည့်လုပ်ငန်းအပြင် တက္ကသိုလ်သမိုင်းဌာနများမှ သမိုင်းကြောင်းစိတ်ပါဝင်စားသူများကိုလည်း လေ့ကျင့်သင်ကြားပေးရန်လိုကြောင်းပြောကြားပြီး တက်ရောက်လာကြသည့် မြန်မာသမိုင်းအဖွဲ့ဝင်များက ပြန်လည်ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ မြန်မာသမိုင်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန်းဆွေနှင့် မြန်မာသမိုင်းအဖွဲ့ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ၊ အချိန်ပိုင်းအဖွဲ့ဝင်များနှင့် အမျိုးသားစာကြည့်တိုက်ဦးစီးဌာနမှ ညွှန်ကြားရေးမှူးများ တက်ရောက်ကြသည်။

(သတင်းစဉ်)

ဆရာဝန်တင်ရွှေ စာပေဆုချီးမြှင့်ပွဲ ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၃၀

(၁၄) ကြိမ်မြောက် ဆရာဝန်တင်ရွှေ စာပေဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိ ဆူးလေရှန်ဂရီလာဟိုတယ်၌ ကျင်းပရာ မြန်မာနိုင်ငံစာရေးဆရာအသင်း ဒုတိယဥက္ကဋ္ဌ ဦးကျော်ဝင်း (မနုဿကျော်ဝင်း)က နှုတ်ခွန်းဆက်စကားပြောကြားသည်။

ထို့နောက် ဆရာဝန်တင်ရွှေ စာပေဆုစိစစ်ရွေးချယ်ရေးအဖွဲ့ဝင် ဦးတင်ခ (တက္ကသိုလ်တင်ခ)က ဆရာဝန်တင်ရွှေ စာပေဆုရ စာအုပ်များ၏ မှတ်ချက်အကျဉ်းကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်သိမ်းက ဆရာဝန်တင်ရွှေ တစ်သက်တာစာပေဂုဏ်ဆောင်ဆုရ စာရေးဆရာ အောင်ခန့်(တက္ကသိုလ်ဝင်းမွန်) **(ဝဲပုံ)**၊ လင်းလွန်းခင်စာပေက ထုတ်ဝေသည့် "နှင်းဆီနံ့မွေးနှင့် အခြားစာပေဆောင်းပါးများ" စာအုပ်ရေးသားသူ မြဝင်း(ဒဿန)နှင့် ခိုင်ဇင်စိုးစာပေတိုက်မှ ထုတ်ဝေသည့် "လူသားတိုင်းပါဝင် သဘာဝပတ်ဝန်းကျင်" စာအုပ်ရေးသားသူ ပါမောက္ခ ဒေါက်တာ ဦးအေးမြင့်တို့အား ဆုများချီးမြှင့်သည်။

ဆက်လက်၍ ဆရာမင်းယုဝေက မင်းမင်းမြတ်စာပေမှ ထုတ်ဝေသည့် "တောဆရာဝန်" စာအုပ်ရေးသားသူ ဒေါက်တာ ထက်အောင်(ဗန်းမော်)နှင့် Su Su Mi စာပေတိုက်က ထုတ်ဝေသည့် " The Chronicle of the Mons & The Collection of Histories of their Pagodas" စာအုပ်ရေးသားသူ Dr.Saw Mra Aung တို့အား ဆုများချီးမြှင့်သည်။

ထို့နောက် စာပေအလှူရှင် ဆရာဝန်တင်ရွှေ၏ဇနီး ဒေါ်အေးသန့်က ဆုရွေးချယ်ရေးအဖွဲ့ကိုယ်စား ဦးစိန်မျိုးမြင့်(ဓာတ်ပုံ)အား ဂုဏ်ပြုလက်ဆောင်များပေးအပ်ပြီး သက်ကြီးစာရေးဆရာများအား ပူဇော်ကန်တော့ပွဲအတွက် အလှူငွေပေးအပ်လှူဒါန်းရာ မြန်မာနိုင်ငံစာရေးဆရာအသင်း ဥက္ကဋ္ဌ ဦးတင်လှိုင်(လယ်တွင်းသားစောချစ်)က လက်ခံကာ ဆုရရှိကြသူများက ကျေးဇူးတင်စကား ပြန်လည် ပြောကြားကြသည်။

ယင်းနောက် စာပေဆုအလှူရှင် ဆရာဝန်တင်ရွှေမိသားစု ကိုယ်စား သမီးဖြစ်သူ ဒေါ်သက်သက်ရွှေက "အဓိကကတော့ စာပေနယ်မှာ အဖေက အကျိုးပြုစာပေတွေ၊ စာအုပ်တွေ အများကြီး ပေါ်ထွက်စေချင်တယ်။ စာပေက အဓိကအခြေခံကျတယ်လို့ မြင်ပါတယ်။ ဆုချီးမြှင့်ပွဲကို ၂၀၀၀ ပြည့်နှစ်ကတည်းက ချီးမြှင့်ခဲ့တာ အခုဆိုရင် ၁၄ ကြိမ်ရှိပါပြီ။ တစ်သက်တာစာပေဆုကိုတော့ (၁၀)ကြိမ်မြောက်ကစပြီး ချီးမြှင့်ခဲ့ပါတယ်။ မြန်မာစာပေရေးသားသူ၊ ဖတ်ရှုသူ၊ ထုတ်ဝေသူတိုးတက်လာဖို့နဲ့ မြန်မာစာပေ ဖွံ့ဖြိုးတိုးတက်လာအောင် တစ်ထောင့်တစ်နေရာက အားဖြည့်ကူညီပေးခြင်းဖြစ်ပါတယ်" ဟု ပြောသည်။

သတင်း-ရီရီမြင့်၊ ဥမ္မာသန့်
ဓာတ်ပုံ-ရဲထွဋ်၊ ဇော်မင်းလတ်

ကျိုင်းတုံ၌ မြေလျှော် တိုင်းတာရေးစက် တပ်ဆင်

ကျိုင်းတုံ ဇန်နဝါရီ ၃၀

မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာန၏ မြေလျှော်တိုင်းတာမှုများ ပိုမိုထိရောက်နိုင်စေရန်နှင့် ဖွံ့ဖြိုးတိုးတက်စေရန် ကျိုင်းတုံခရိုင် မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနရုံး၌ အင်အားပြင်း မြေလျှော်တိုင်းတာစက်နှင့် လှိုင်းခွင်ကျယ် ကိန်းဂဏန်းပြ မြေလျှော်တိုင်းစက် နှစ်လုံးတပ်ဆင်ပြီးဖြစ်ကြောင်း သိရသည်။

အဆိုပါစက်များကို အမေရိကန်နိုင်ငံတကာဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ (USAID) ၏ ထောက်ပံ့ကူညီမှုဖြင့် အမေရိကန် ဘူမိဗေဒလေ့လာရေးဌာနပညာရှင်များနှင့် နေပြည်တော် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနတို့က ဇန်နဝါရီလ စတုတ္ထပတ်က တပ်ဆင်ခဲ့ကြောင်း သိရသည်။

မောင်မောင်နိုင်(ကျိုင်းတုံ)

BarCamp Yangon 2016 ဖွင့်ပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၃၀

BarCamp Yangon 2016 ဖွင့်ပွဲကို ဇန်နဝါရီ ၃၀ ရက် နံနက် ၉ နာရီက ရန်ကုန်မြို့ လှိုင်မြို့နယ်အတွင်းရှိ MICT Park ၌ ကျင်းပခဲ့သည်။

အဆိုပါ အခမ်းအနားတွင် ကျင်းပရေးအဖွဲ့မှ ကိုသောင်းစုငြိမ်းက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားပြီး ကာတွန်းဆရာ အော်ပီကျယ်က အမှတ်တရစကား ပြောကြားခဲ့သည်။ **(ယာပုံ)** လူငယ်များအနေဖြင့် ပြောတတ်၊ ဆိုတတ်၊ တောင်းဆိုတတ်ရန်နှင့် မိမိသိထားသော အသိပညာကို ဖလှယ်မျှဝေရန်အတွက် အဓိကရည်ရွယ်၍ BarCamp များ ပြုလုပ်ရခြင်းဖြစ်ကြောင်း သိရသည်။

Yangon BarCamp ၏ ထူးခြားချက်မှာ ကမ္ဘာပေါ်တွင် လူအများဆုံး တက်ရောက်ခဲ့သော BarCamp ဖြစ်ပြီး ၂၀၁၀ ပြည့်နှစ်တွင် စတင်ပြုလုပ်ခဲ့ကာ လူဦးရေ ၃၅၀၀ ခန့် တက်ရောက်ခဲ့သည်ဟု သိရသည်။ BarCamp ပွဲဖြစ်မြောက်ရေးအတွက် စီစဉ်သူတစ်ဦးက "မြန်မာနိုင်ငံမှာ Conference တွေရှိတဲ့အထဲမှာ ကျွန်တော်တို့ရဲ့ Conference က လူငယ်တွေကို ဦးတည်ပြီးလုပ်တဲ့ Conference ဖြစ်ပါတယ်။ လူငယ်တွေ ဒီကိုလာပြီး ဘယ်သူမဆို Speaker လာလုပ်လို့ရတယ်။ သူသိတဲ့ Knowledge ကို Share လုပ်လို့ရတယ်။ အဓိက ကိုယ်သိတဲ့ပညာကို တခြားသူတွေဆီကို လွယ်လွယ်ကူကူရောက်သွားအောင်ရယ်၊ ကိုယ်နဲ့စိတ်ဝင်စားတာတူတဲ့ လူတွေအများကြီး တွေ့လာအောင်ရယ် လုပ်တဲ့ Conference မျိုးလေးပါ" ဟု ရှင်းပြခဲ့သည်။

ခေါင်းစဉ် သတ်မှတ်ထားခြင်းမရှိဘဲ တက်ရောက်လာသူများအနေဖြင့် မိမိစိတ်ကူးအတိုင်း ပြောဆိုနိုင်အောင် စီစဉ်ပေးထားကြောင်း

သိရသည်။ BarCamp များကို ၂၀၁၀ ပြည့်နှစ်မှ စတင်ပြုလုပ်ခြင်းဖြစ်ပြီး ရန်ကုန်နှင့် အခြားမြို့များ၊ နည်းပညာတက္ကသိုလ်များအပါအဝင် ပြုလုပ်သည့် အကြိမ်အရေအတွက် ၈၀ ခန့်ရှိကြောင်း သိရသည်။ ဇန်နဝါရီ ၃၀ ရက်နှင့် ၃၁ ရက်တို့တွင် နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ကျင်းပသွားမည်ဖြစ်သည်။ **ထင်ပေါ်ဝင်း**

ရေနံနှင့် သဘာဝဓာတ်ငွေ့တူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်းမှရရှိသော အခွန်အခများနှင့် စာရင်းများကို နိုင်ငံတကာအသိအမှတ်ပြု လွတ်လပ်သောစာရင်းစစ်အဖွဲ့ More Stephens အဖွဲ့က စစ်ဆေးခဲ့ပြီးဖြစ်

နေပြည်တော် ဇန်နဝါရီ ၃၀

လတ်တလောကာလတွင် သတင်းမီဒီယာအချို့၏ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် သဘာဝဓာတ်ငွေ့ရောင်းရငွေအချို့သည် ဘဏ္ဍာရေးဝန်ကြီးဌာနသို့ စာရင်းမဝင်ကြောင်း၊ ဝင်ငွေစာရင်းတွင် မပါဝင်ကြောင်း ဖော်ပြနေခြင်းများနှင့်ပတ်သက်၍ မိမိတို့ရရှိသော အမြတ်ငွေအပေါ် ဝင်ငွေခွန်ဥပဒေအရ ဝင်ငွေခွန်နှင့် နိုင်ငံတော်သို့ ထည့်ဝင်ငွေများပေးဆောင်ပြီးနောက် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများ၏ ပြည်ထောင်စု ဘဏ္ဍာငွေရန်ပုံငွေစာရင်း (Other Account) တွင် ထည့်သွင်းခဲ့ကြောင်း၊ အဆိုပါငွေများကို ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်ဖြင့် ပြည်ထောင်စုဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေအတည်ပြုပြဋ္ဌာန်းပြီး သက်ဆိုင်ရာ စီးပွားရေးဝန်ကြီးဌာနများသို့ ခွဲဝေပေးသော စာရင်းဖြစ်ကြောင်း ယမန်နေ့ နံနက် ၁၀ နာရီက ကျင်းပသည့် စွမ်းအင်ဝန်ကြီးဌာန သတင်းထုတ်ပြန်ခြင်း အခမ်းအနား (၂/၂၀၁၆) တွင် စွမ်းအင်ဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးဖေဇင်ထွန်းက ပြောကြားခဲ့သည်။

ရွှေသဘာဝဓာတ်ငွေ့စီမံကိန်းမှ ၂၀၁၃ ခုနှစ် ဇူလိုင်လမှ ၂၀၁၄ ခုနှစ် မတ်လအထိ သဘာဝဓာတ်ငွေ့ရောင်းရငွေများကို ဂျာမနီနိုင်ငံ Frankfurt ရှိ Collection Account သို့ ချေးငွေစာချုပ်အရ အာမခံစပေါ်ငွေအဖြစ် ပေးသွင်းလျက်ရှိသည်။ ချေးငွေစာချုပ်အရ အရစ်ကျ ပြန်လည်ပေးဆပ်နိုင်ရန် လိုအပ်သော ငွေပမာဏကို Collection Account တွင် ဖယ်ချန်ထားပြီး ပိုငွေများကို MOGE Account သို့ လွှဲပြောင်းရရှိပြီဖြစ်သည်။

စီမံကိန်းတွင် သဘာဝပတ်ဝန်းကျင် ထိခိုက်မှုမရှိစေရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေးတို့အတွက် လုပ်ငန်းခွင်သုံး စွန့်ပစ်ပစ္စည်းများကို အမျိုးအစားခွဲခြား၍ စနစ်တကျ စွန့်ပစ်ခဲ့ကြောင်း၊ ပိုက်လိုင်းယိုစိမ့်မှု လျင်မြန်မှန်ကန်စွာ ရှာဖွေတွေ့ရှိနိုင်ရန် Supervisory Control and Data Acquisition (SCADA) စနစ်တပ်ဆင်ခဲ့ကြောင်းလည်း သတင်းစာရှင်းလင်းပွဲတွင် ပြောကြားချက်များအရ သိရှိရသည်။

သဘာဝဓာတ်ငွေ့ပိုက်လိုင်းစီမံကိန်းမှ ရရှိသည့်ဝင်ငွေများနှင့် ပတ်သက်၍ မြန်မာနိုင်ငံသည် EITI အဖွဲ့ဝင်လောင်းနိုင်ငံဖြစ်သည့် အားလျော်စွာ ရေနံနှင့် သဘာဝဓာတ်ငွေ့တူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်းမှ ရရှိသော အခွန်အခများနှင့် စာရင်းများကို သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့၏ ဆုံးဖြတ်ချက်နှင့်အညီ နိုင်ငံတကာ အသိအမှတ်ပြုလွတ်လပ်သော စာရင်းစစ်အဖွဲ့ဖြစ်သည့် More Stephens အဖွဲ့က စစ်ဆေးခဲ့ပြီးဖြစ်သည်။

အဖွဲ့ဝင်နိုင်ငံဖြစ်ရေးအတွက် ၎င်းအတည်ပြုထားသော အစီရင်ခံစာကို အပြည်ပြည်ဆိုင်ရာ EITI အတွင်းရေးမှူးချုပ်ရုံးသို့ ၂၀၁၆ ခုနှစ် ဇန်နဝါရီ ၂ ရက်တွင် တင်သွင်းထားပြီးဖြစ်သည်။ အဆိုပါ အချက်အလက်များကို ၎င်းတို့၏ အင်တာနက်စာမျက်နှာ၌ အများပြည်သူဖတ်ရှုနိုင်ရန် ထုတ်ပြန်ထားပြီဖြစ်ကြောင်း သိရှိရသည်။

မြန်မာနိုင်ငံက ဒုတိယအကြိမ် အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပမည့် (၃၄)ကြိမ်မြောက် အာဆီယံစွမ်းအင် အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးကို ၂၀၁၆ ခုနှစ် ဇူလိုင် ၁၂ ရက်မှ ၁၅ ရက်အထိလည်းကောင်း၊ အာဆီယံစွမ်းအင်ဝန်ကြီးများအဆင့် အစည်းအဝေးကို စက်တင်ဘာ ၁၉ ရက်မှ ၂၃ ရက်အထိလည်းကောင်း၊ အာဆီယံ စွမ်းအင်အဆင့်မြင့်အရာရှိကြီးများ အထူးအစည်းအဝေးကို ဒီဇင်ဘာ ၆ ရက်မှ ၇ ရက်အထိလည်းကောင်း ကျင်းပသွားမည်ဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ဆီးရီးယားအတိုက်အခံငြိမ်းချမ်းရေးဆွေးနွေးရန် သဘောတူ ရုရှားကျောထောက်နောက်ခံ လေကြောင်းတိုက်ခိုက်မှု ရပ်ဆိုင်းရမည်ဆို

ဂျီနီဗာ ဇန်နဝါရီ ၃၀

ဆီးရီးယားအတိုက်အခံအုပ်စုက လေးနှစ်ကြာ ပြည်တွင်းစစ်အဆုံးသတ်ရန် သောကြာနေ့က ငြိမ်းချမ်းရေးဆွေးနွေးပွဲ စတင်ဖွင့်လှစ်ရာ ကုလသမဂ္ဂဌာနချုပ်ရှိရာ ဂျီနီဗာသို့ သွားရောက်ရန် သဘောတူလိုက်ပြီဖြစ်သည်။

သို့သော်လည်း သမ္မတဘတ်ရှာအယ်လ်အာဆတ်၏ ပြိုင်ဘက်များက မြေပြင်အခြေအနေတွင် ရုရှား ကျောထောက်နောက်ခံ ဆီးရီးယားအစိုးရတပ်များ၏ ထိုးစစ်ကိုရင်ဆိုင်နေရပြီး ထောင်ပေါင်းများစွာသော အရပ်သားများဘေးကင်းရာသို့ ထွက်ပြေးနေကြရကြောင်း၊ ဒမတ်စကတ် ဆင်ခြေဖုံးကို ပြန်သိမ်းရန် ကြိုးစားနေကြကြောင်း အတိုက်အခံများက ပြောသည်။

ဆီးရီးယားအစိုးရနှင့် အတိုက်အခံအုပ်စုများကို သီးခြားစီတွေ့ဆုံဆွေးနွေးသွားရန် စီစဉ်ထားကြောင်း အမေရိကန်သံအမတ်ကြီး စတီဖန်

အမေရိကန်သံအမတ်ကြီး စတီဖန် ဒီမစ်စတူရာက ကုလသမဂ္ဂဆိုင်ရာ ဆီးရီးယားနိုင်ငံသံအမတ်ကြီး ဘတ်ရှာ အယ်လ်ဂျာဖရီနှင့် လက်ဆွဲနှုတ်ဆက်နေစဉ်။

ဒီမစ်စတူရာက ပြောသည်။ နောက်ဆုံးအချိန်အထိ တိုင်အောင် အတိုက်အခံညှိနှိုင်းရေးကော်မတီ (အိတ်ခ်ျအင်န်စီ)က ဂျီနီဗာသို့ သွားရန် ငြင်းဆိုထားခဲ့သည်။

အာဆတ်၏ လက်နက်နှင့်နိုင်ငံရေးပြိုင်ဘက်နှစ်ခုစလုံးက လေကြောင်း တိုက်ခိုက်မှုကို အဆုံးသတ်ရန်လိုကြောင်း အခိုင်အမာ ပြောဆိုလိုက်သည်။

ထို့အပြင် ဆွေးနွေးပွဲ မစတင်မီ မြို့များကို ဝိုင်းရံပိတ်ဆို့မှုများကို ဖယ်ရှားပြီး ဖမ်းဆီးထားသူများအား လွှတ်ပေးမည်ဟု ဆိုသည်။ **(ရိုက်တာ)**

ဆီးနှင်းပြိုကျမှုကြောင့် နှင်းလျှောစီးယာဉ်မောင်းငါးဦးသေဆုံး

ဗန်ကူပါး ဇန်နဝါရီ ၃၀

သောကြာနေ့က ကနေဒါအနောက်ဘက်တွင် ဆီးနှင်းပြိုကျမှုဖြစ်ပွားလေ့ရှိသောဒေသတွင်ဆီးနှင်းများပြိုကျမှုဖြစ်ပွားခဲ့ရာ နှင်းလျှောစီးယာဉ်မောင်းငါးဦး သေဆုံးသွားကြောင်း အာဏာပိုင်များကဖော်ပြသည်။ ဗြိတိသျှကိုလံဘီယာပြည်နယ်အရှေ့မြောက်ဘက်မြို့လေးဖြစ်သော မက်စ်ဘရိုက်မှ ကီလိုမီတာ ၂၀ အကွာရှိ ဒေသတွင်ဆီးနှင်းပြိုကျမှုဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး ဆီးနှင်းပြိုကျမှုဖြစ်ပွားချိန်တွင် အနည်းဆုံးအုပ်စုသုံးစုမှ နှင်းလျှောစီးယာဉ်များ မောင်းနှင်နေကြောင်း သိရသည်။

ဆီးနှင်းပြိုကျမှုသိသိချင်း ပြည်နယ်တာဝန်ရှိသူများက ကယ်ဆယ်ရှာဖွေရေးလုပ်ငန်းများဆောင်ရွက်ခဲ့ကြောင်းသိရသည်။ ထို့အပြင် လေယာဉ်ပျံ တစ်စင်းကိုလည်း ကယ်ဆယ်ရေးပြုလုပ်ရာတွင် ချထားကြောင်းသိရသည်။ လူရှစ်ဦးခန့်၏ နှင်းလျှောစီးယာဉ်များ ပျောက်ဆုံးသွားပြီး ဆေးရုံအရေးပေါ်ဌာနသို့ လူတစ်ဦးကို တင်ပို့ခဲ့ရကြောင်းသိရသည်။ နှင်းလျှောစီးခြင်းသည် ဗြိတိသျှကိုလံဘီယာတောင်ကုန်းများတွင် ဆောင်းရာသီ၌ ထင်ရှားသော အားကစားဖြစ်သည်။ **(ဆင်ဟွာ)**

ဂျပန်ကိုယ်ပိုင်ကာကွယ်ရေးတပ်မတော် ဒုံးခွင်းဒုံးများဖြန့်ကြက်

တိုကျို ဇန်နဝါရီ ၃၀

မြောက်ကိုရီးယား၏ နျူကလီးယားဒုံးကျည်စမ်းသပ်မှုကိုတုံ့ပြန်သောအားဖြင့် ဂျပန်ကိုယ်ပိုင်ကာကွယ်ရေးတပ်ဖွဲ့ဝင်များသည် နိုင်ငံ၏နေရာအနှံ့အပြား၌ ဒုံးခွင်းဒုံးများကို ဖြန့်ကြက်ထားကြောင်း အင်န်အိတ်ချ်ကေသတင်းတစ်ရပ်တွင် ဖော်ပြသည်။ ဂျပန်ကာကွယ်ရေးဝန်ကြီးဌာနတွင် သောကြာနေ့ညက Patriot PAC-3 ခေါ် မြေပြင်ဝေဟင်ပစ် ဒုံးကျည်များကို တပ်ဆင်ခဲ့သည်။

ဂျပန်ကာကွယ်ရေးဝန်ကြီး ဗိုလ်ချုပ်ကြီး နာကာတာနီက ဂျပန်လေပိုင်နက်သို့ ဝင်ရောက်လာသော မည်သည့် ဒုံးကျည်ကိုမဆိုပစ်ချသွားမည်ဖြစ်ကြောင်း အမိန့်ထုတ်ပြန်ခဲ့သည်။ **(အင်န်အိတ်ချ်ကေ)**

အာဖဂန်သတင်းထောက်တစ်ဦး ပစ်သတ်ခံရ

သေနတ်သမားများ၏ ပစ်သတ်ခံရသည့် နိုင်ငံပိုင် ရုပ်သံသတင်းထောက် ဟာဂျီမိုဟာမက်ဇူဘားခါဆာကို တွေ့ရစဉ်။

ဂျာလာလာဘတ် ဇန်နဝါရီ ၃၀

အာဖဂန်သတင်းထောက်တစ်ဦး အာဖဂန်အရှေ့ဘက်ပြည်နယ်နန်ဂါဟာတွင် ပစ်သတ်ခံရကြောင်း ပြည်နယ်အစိုးရက ဇန်နဝါရီ ၃၀ ရက်တွင် ပြောခဲ့သည်။

အမည်မသိသေနတ်သမားများက ဆာ့ခ်ရော့ဒ်ပြည်နယ်လမ်းတစ်ခုတွင် သတင်းထောက်ဖြစ်သူ မိုဟာမက်ဇူဘားခါဆာ၏ ကားကိုသေနတ်များဖြင့် ပစ်ခတ်သွားကြောင်း ပြည်နယ်အစိုးရထုတ်ပြန်ကြေညာချက်တွင် ဖော်ပြသည်။

နာမည်ကြီးကဗျာဆရာလည်းဖြစ်သူ ခါဆာသည် သတင်းထောက်အဖြစ် နိုင်ငံပိုင်ရုပ်သံတွင် တာဝန်ထမ်းဆောင်နေသူဖြစ်ကြောင်း ယင်းထုတ်ပြန်ချက်တွင် ဖော်ပြသည်။

ထို့အပြင်၎င်းသည် ပြည်နယ်အစိုးရ၏ ယဉ်ကျေးမှုဆိုင်ရာအကြံပေးလည်းဖြစ်ကြောင်း သိရသည်။ မြို့တော်ဝန် ကန်ဒိုဗိုင်က ယင်းတိုက်ခိုက်မှုကို ရှုတ်ချကြောင်း ကြေညာချက်တွင် ဖော်ပြသည်။ အခင်းဖြစ်ပွားမှုကို ဒေသဆိုင်ရာအာဏာပိုင်များက စုံစမ်းနေကြောင်းသိရသည်။ **(ဆင်ဟွာ)**

မြေအောက်မိုင်းတွင်း၌ ၃၆ ရက်ကြာ ပိတ်မိပြီးနောက် မိုင်းတွင်းလုပ်သားလေးဦးအား အသက်ဘေးမှ ကယ်တင်

ရှန်ဒေါင်း ဇန်နဝါရီ ၃၀

တရုတ်နိုင်ငံရှန်ဒေါင်းပြည်နယ်အရှေ့ပိုင်း၌ သောကြာနေ့က သတ္တုမိုင်းပြိုကျ၍ မိုင်းတွင်းလုပ်သားလေးဦး ၃၆ ရက်ကြာ ပိတ်မိခဲ့ပြီးနောက် ကယ်တင်နိုင်ခဲ့သည်။

ပထမဆုံးသော မိုင်းတွင်းလုပ်သားကို ည ၉ နာရီ မိနစ် ၂၀ က ကယ်တင်နိုင်ခဲ့ကြောင်း၊ ၎င်းအား မြေကြီးအတွင်းမှ အသက်ကယ်လှောင်အိမ်ဖြင့် ထုတ်ယူကယ်တင်နိုင်ခဲ့ကြောင်း၊ နောက်ဆုံးပိတ်မိမိုင်းတွင်း လုပ်သားအား ည ၁၀ နာရီ မိနစ် ၅၀ တွင် ကယ်တင်နိုင်ခဲ့ကြောင်း တာဝန်ရှိသူများက ပြောသည်။ ၎င်းတို့လေးဦးအား ချက်ချင်းဆေးရုံတင်ပို့ခဲ့ပြီး မျက်စိများကို စည်းနှောင်ထားကြောင်း တာဝန်ရှိသူများက ပြောသည်။

ဂျစ်ပဆမ်သတ္တုမိုင်းတွင်းသည် ၂၀၁၅ ခုနှစ် ဒီဇင်ဘာ ၂၅ ရက်က ပြိုကျခဲ့ပြီး၊ မြေအောက်တွင်မိုင်းတွင်း လုပ်သား ၂၉ ဦး အလုပ်လုပ်နေစဉ် ပြိုကျခဲ့ခြင်းဖြစ်ကြောင်း၊ ယင်းသည် ပင်ဂျီးဒေသ ဘော်တိုင်းမြို့၌ တည်ရှိကြောင်း တာဝန်ရှိသူများက ပြောသည်။ အဆိုပါ ဖြစ်စဉ်ဖြစ်ပွားပြီးနောက် မိုင်းတွင်းလုပ်သား ၁၁ ဦးအား ချက်ချင်းကယ်တင်နိုင်ခဲ့သည်။ ယင်းဖြစ်စဉ်ကြောင့် တစ်ဦးသေဆုံးပြီး အခြား ၁၃ ဦးမှာ ပျောက်ဆုံးနေဆဲဖြစ်သည်။ **(ဆင်ဟွာ)**

ဖေ့စ်ဘွတ်ခ်နှင့် အင်စတာဂရမ်တို့မှတစ်ဆင့် လက်နက်နှင့် မူးယစ်ဆေးရောင်းချခြင်းကို ဖေ့စ်ဘွတ်ခ်ကုမ္ပဏီတားမြစ်

ဝါရှင်တန် ဇန်နဝါရီ ၃၀

ကမ္ဘာအရပ်ရပ်မှ ဖေ့စ်ဘွတ်ခ်သုံးစွဲသူများသည် ဖေ့စ်ဘွတ်ခ်လူမှုရေးကွန်ရက်နှင့် အင်စတာဂရမ်တို့မှတစ်ဆင့် ပုဂ္ဂလိကဆိုင်ရာ လက်နက်ရောင်းချမှုပြုလုပ်ခြင်းကို ဖေ့စ်ဘွတ်ခ်ကုမ္ပဏီက တားမြစ်လိုက်ကြောင်း ရိုက်တာသတင်းတစ်ခုတွင် ဖော်ပြသည်။

အမေရိကန်ပြည်ထောင်စုတွင် လက်နက်ဆိုင်ရာ ပဋိပက္ခများဖြစ်ပွားနေချိန် အမေရိကန်သမ္မတအိုဘားမားကလည်း လူမှုမီဒီယာများကို လက်နက်ရောင်းချခြင်းများလျှော့ချရန် တိုက်တွန်းလိုက်ပြီးနောက် အဆိုပါ သတင်းထွက်ပေါ်လာခြင်းဖြစ်သည်။

၂၀၁၄ ခုနှစ်က စတင်ခဲ့သော ဖေ့စ်ဘွတ်ခ်၏ ကုန်ပစ္စည်းဆိုင်ရာ မူဝါဒများတွင် ဆေးခြောက်၊ မူးယစ်ထုံထိုင်းဆေးများနှင့် လက်နက်တရားမဝင်ရောင်းချခြင်းများကို တားဆီးပိတ်ပင်ကြောင်း ဖော်ပြပါရှိသည်။

ထို့အပြင် ပုဂ္ဂလိကလက်နက်ရောင်းသူများကိုလည်း ဖေ့စ်ဘွတ်ခ်တွင် ကြေညာခြင်းမပြုရန် တားမြစ်ထားပြီးဖြစ်သည်။

လွန်ခဲ့သော နှစ်နှစ်ကျော်က လူများသည် ဖေ့စ်ဘွတ်ခ်ကို အသုံးပြုကာ ကုန်ပစ္စည်းဝယ်ယူရောင်းချခြင်းများ ပိုမိုပြုလုပ်လာကြကြောင်း ဖေ့စ်ဘွတ်ခ်မူဝါဒဆိုင်ရာ တာဝန်ရှိသူတစ်ဦးက ဆိုသည်။

လူသားများအတွက် ပိုမိုကောင်းစေမည့် နည်းပညာသစ်များ ဖွံ့ဖြိုးတိုးတက်စေရန် ဆက်လက်ကြိုးစားနေကြောင်း၊ ကုန်ပစ္စည်းသစ်များကို အစဉ်အမြဲမိတ်ဆက်ပေးနေကြောင်း၊ ထုတ်လုပ်မှုများကိုလည်း အမြဲအဆင့်မြှင့်တင်နေကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ဖေ့စ်ဘွတ်ခ်သည် ကမ္ဘာ့အကျော်ကြားဆုံး လူမှုရေးဝက်ဘ်ဆိုက်တစ်ခုဖြစ်ကာ ကမ္ဘာတစ်ဝန်း လူပေါင်း ၁ ဒသမ ၅၉ ဘီလီယံ အသုံးပြုလျက်ရှိပြီး ၂၁၉ သန်းမှာ အမေရိကန်ပြည်ထောင်စုနှင့် ကနေဒါနိုင်ငံတို့မှ ဖြစ်သည်။ **(ရိုက်တာ)**

စီနီကာမြို့ရှိ အင်တာနက်သုံးစွဲသူတစ်ဦး၏ မျက်လုံးတွင် ဖေ့စ်ဘွတ်ခ်တံဆိပ်ရောင်ပြန်ဟပ်နေသည်ကို တွေ့ရစဉ်။

မူဆယ်၌ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံအား ထောက်ခံကြိုဆိုပွဲကျင်းပ

မူဆယ် ဇန်နဝါရီ ၃၀

ရှမ်းပြည်နယ် (မြောက်ပိုင်း) မူဆယ်ခရိုင်တွင် ငြိမ်းချမ်းရေးဆွေးနွေးပွဲများ အောင်မြင်စွာကျင်းပနိုင်ရေး လက်မှတ်ရေးထိုးရန်ကျန်ရှိနေသေးသည့် တိုင်းရင်းသားအဖွဲ့များ ဆက်လက်ပူးပေါင်းပါဝင်နိုင်ရန် ကြိုဆိုပွဲနှင့် ငြိမ်းချမ်းရေးညီလာခံအား လူထုထောက်ခံကြိုဆိုပွဲအခမ်းအနားကို ဇန်နဝါရီ ၃၀ ရက် နံနက် ၉ နာရီက မူဆယ်မြို့ လေယာဉ်ကွင်းဟောင်း၌စုဝေးပြီး ပြည်ထောင်စုလမ်းမကြီးအတိုင်း ချီတက်ကာ ငြိမ်းချမ်းစွာစုဝေးခွင့်နှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခွင့်ဆိုင်ရာ ဥပဒေနှင့်အညီ ငြိမ်းချမ်းစွာဆန္ဒထုတ်ဖော်ထောက်ခံကြိုဆိုခဲ့ကြသည်။

အဆိုပါ ဆန္ဒထုတ်ဖော်ထောက်ခံကြိုဆိုပွဲအခမ်းအနားတွင် မူဆယ်မြို့ပေါ် ရပ်ကွက် ကိုးရပ်ကွက်မှ ဒေသခံ တိုင်းရင်းသားပြည်သူ ၅၀၀ ကျော်ခန့်သည် ပြည်ထောင်စုလမ်းမကြီးအတိုင်း ပြည်ထောင်စုငြိမ်းချမ်းရေး သဘောတူစာချုပ်လက်မှတ်ရေးထိုးနိုင်ရန် ဂုဏ်ပြုကြိုဆိုခဲ့ပြီး ဗီနိုင်းပိုစတာကြီးများနှင့် လက်ကိုင်ပိုစတာများ ကိုင်ဆောင်၍ ကြွေးကြော်သံများဖြင့် စီတန်းလှည့်လည်ခဲ့ကြသည်။ **(အောက်ပုံ)**

ဆက်လက်ပြီး ငြိမ်းချမ်းရေးညီလာခံအား ထောက်ခံကြိုဆိုပွဲအခမ်းအနားကျင်းပရာ သဘာပတိအဖြစ် လူထုခေါင်းဆောင် ဦးစိုင်းခမ်းမြတ်က အမှာစကားပြောကြားပြီး ငြိမ်းချမ်းရေးဆွေးနွေးပွဲများ အောင်မြင်စွာကျင်းပနိုင်ရေး လက်မှတ်ရေးထိုးရန်ကျန်ရှိနေသည့် တိုင်းရင်းသားအဖွဲ့များ အောင်မြင်စွာ ပါဝင်စေရန် လူထုထောက်ခံပွဲကို ကြိုဆိုထောက်ခံသည့် အဆိုတင်သွင်းလွှာအား သဘာပတိအဖွဲ့ဝင် တအာင်းစာပေနှင့် ယဉ်ကျေးမှု ဒုတိယဥက္ကဋ္ဌ ဦးအိုက်ပေါင်းက ဖတ်ကြားပြီး ကချင်စာပေနှင့် ယဉ်ကျေးမှုဥက္ကဋ္ဌ ဦးဘရန်အောင်က ထောက်ခံခဲ့သည်။ ထို့နောက် တက်ရောက်လာသူများက တစ်ခဲနက် ထောက်ခံကြိုဆိုခဲ့ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

၂၀၁၆ခုနှစ်၊ (၆၉)နှစ်မြောက် ပြည်ထောင်စုနေ့အမျိုးသားရေးဦးတည်ချက်များ

၁။ ပြည်ထောင်စုကြီး ထာဝရတည်တံ့ခိုင်မြဲရေးနှင့် တိုင်းရင်းသားအားလုံး ပြည်ထောင်စုစိတ်ဓာတ်မွေးမြူရေး။
၂။ ပြည်ထောင်စုကြီးအတွင်း တိုင်းရင်းသားအားလုံး ဉမကွဲသိုက်မပျက် အတူတကွ ပူးပေါင်းနေထိုင်ရေး။
၃။ ရရှိထားပြီးဖြစ်သည့် အမျိုးသားပြန်လည်စည်းလုံးညီညွတ်မှုကို ခိုင်မာအောင် တည်ဆောက်ရေး။
၄။ တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကို နိုင်ငံသားအားလုံး အသိစိတ်ဓာတ်ဖြင့် ပါဝင်ဆောင်ရွက်ရေး။
၅။ တိုင်းပြည်၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်အောင် တိုင်းရင်းသားအားလုံး တက်ညီလက်ညီ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး။

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံကို ကြိုဆိုထောက်ခံသည့်အခမ်းအနားကျင်းပ

ကျောက်မဲ ဇန်နဝါရီ ၃၀

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲခရိုင် ကျောက်မဲမြို့တွင် ဇန်နဝါရီ ၃၀ ရက် နံနက် ၈ နာရီက ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံကို ကြိုဆိုထောက်ခံသည့် အခမ်းအနား ကျင်းပခဲ့သည်။

အခမ်းအနားသို့ ကျောက်မဲမြို့ပေါ် ရပ်ကွက်များနှင့် ကျေးရွာများရှိ ပြည်သူ ၃၅၀၀ ခန့် တက်ရောက်ခဲ့ကြပြီး ခရိုင်အားကစားကွင်းမှ စတင်၍ ကြွေးကြော်သံများဖြင့် ချီတက်ထောက်ခံခဲ့ကြသည်။

ထို့နောက် ကျောက်မဲမြို့ မြို့ကျက်သရေဆောင်ခန်းမ၌ ပြည်ထောင်စု ငြိမ်းချမ်းရေးညီလာခံကို ကြိုဆိုထောက်ခံသည့် အခမ်းအနား ဆက်လက်ကျင်းပရာ သဘာပတိ ဦးစိုးထွန်းက အမှာစကားပြောကြားပြီး အမှတ်(၁)ရပ်ကွက်နေ ဦးခွန်မြင့်က လက်မှတ်ရေးထိုးရန် ကျန်ရှိနေသော လက်နက်ကိုင်တပ်ဖွဲ့များအနေဖြင့်လည်း ပြည်ထောင်စုငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် အမြန်ဆုံး လက်တွဲပါဝင်လာနိုင်ရေးအဆိုကို တင်သွင်းခဲ့ပြီး ဒေါ်နန်းမိုးလင်းစံက ထောက်ခံကြောင်း တင်သွင်းခဲ့သည်။

ထို့နောက် တက်ရောက်လာသည့် ပြည်သူလူထု၏ ထောက်ခံချက် သဘောထားဆန္ဒရယူကာ အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။

သိန်းသန်း(ကျောက်မဲ)

ညောင်တုန်းမြို့နယ် ပါလှဲ့ကျေးရွာတွင် ရေကာတာအသစ်တည်ဆောက်မှုအတွက် တောင်သူများအား နစ်နာကြေးပေးအပ်

ညောင်တုန်း ဇန်နဝါရီ ၃၀

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ် ပါလှဲ့ကျေးရွာအုပ်စု၌ ဆည်မြောင်းဦးစီးဌာန၏ ရေကာတာအသစ်တည်ဆောက်ပြုပြင်မှုတွင် တောင်သူများ၏ လယ်ယာမြေ၊ သီးနှံနှင့် နေအိမ်အဆောက်အအုံများ ပျက်စီးမှုအတွက် နစ်နာကြေးငွေပေးအပ်ပွဲကို ဇန်နဝါရီ ၂၇ ရက်က ဆားမလောက်ကျေးရွာ ပန်းလှိုင်ရေတံခါး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသိန်းအောင်က အမှာစကားပြောကြားပြီး မြို့နယ်ဆည်မြောင်းဦးစီးဌာနမှ ဦးကျော်ဇေယျာတင့်(ဦးစီးအရာရှိ-မြို့ပြ)က ပါလှဲ့ကျေးရွာအုပ်စုအတွင်း၂၀၀၇ ခုနှစ်က မြစ်ရေတိုက်စားမှုကြောင့် ပျက်စီးဆုံးရှုံးသွားသော တာဝ၊ ပါလှဲ့နှင့် ကုက္ကိုဝ ရေကာတာကို ဆည်မြောင်းဦးစီးဌာနက အသစ်ပြုပြင်တည်ဆောက်ခြင်းလုပ်ငန်းများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

အဆိုပါတည်ဆောက်ပြုပြင်ခြင်းလုပ်ငန်းတွင် ဒေါ်အသိန်းပါ တောင်သူ ၁၆ ဦးတို့၏ လယ်ယာမြေ ၁၂ ဒသမ ၅၄ က၊ သီးနှံဧရိယာ ဧက ၃ ဒသမ ၈၀ နှင့် နေအိမ်အဆောက်အအုံလေးလုံးတို့အတွက် နစ်နာကြေးငွေကျပ် ၂၂၁ သိန်းကျော်ကို တိုင်းဒေသကြီးဝန်ကြီးချုပ်က တောင်သူများကိုယ်စား ပါလှဲ့ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးရွှေကျီးသို့ ပေးအပ်သည်။ **(ယာပုံ)**

တာဝ၊ ပါလှဲ့ကျေးရွာ ရေကာတာ အသစ်ပြန်လည်ပြုပြင်တည်ဆောက်ခြင်းအားဖြင့် တောင်သူများ၏ စိုက်ပျိုးဧက ၅၇၁၈ ဧကနှင့် မွေးမြူရေးအတွက် ၁၃၆၅၇ ဧက စုစုပေါင်း ၁၀၉၃၇၅ ဧက အကျိုးပြုဖြစ်ထွန်းသွားမည်ဖြစ်ကြောင်း သိရသည်။

ဝင်းမြင့်ကျော်(ညောင်တုန်း)

မြန်မာ့ရုပ်မြင်သံကြား News Channel အစီအစဉ်

၃၁-၁-၂၀၁၆(တနင်္ဂနွေနေ့)

နံနက်ပိုင်း

၆း ၀၀ - မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း ၃၅ - Business NEWS
၉း ၃၅ - အနုပညာသတင်းအစီအစဉ်
၁၁း ၃၅ - ရွှေ့ပြောင်းအလုပ်သမားအစီအစဉ်
၁၁း ၅၀ - **မကြားရမမြင်ရသော သံယောဇဉ်**
လွင်မိုး၊ ရာဇာနေဝင်း၊ နန္ဒာလှိုင်

ညပိုင်း

၁၅း ၁၅ - Ooredoo MNL -1 2016 ဘောလုံးပြိုင်ပွဲ
(ဇေယျာရွှေမြေယူနိုက်တက်နှင့် ရှမ်းယူနိုက်တက်)
၁၇း ၃၅ - ပြည်သူတို့ရဲ့ စကားသံများ
၁၉း ၁၅ - ဟိုးတုန်းကရေဒီယိုအသံလွှင့်ဇာတ်လမ်းများ
မူပိုင်မေတ္တာ(ဇာတ်သိမ်း)
၂၀း ၀၀ - ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
၂၁း ၀၀ - ပြည်တွင်းသတင်း
- လပတ်မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်
- ဆိုကြမယ်၊ ပျော်ကြမယ်

မှတ်ချက်။ ။ နာရီစဉ်တိုင်းတွင် ပြည်တွင်းသတင်းနှင့် နိုင်ငံတကာသတင်းများ ထုတ်လွှင့်ပေးပါသည်။

နိုင်ငံတကာသတင်း

တူရကီကမ်းလွန်ပင်လယ်တွင် ရွှေ့ပြောင်းသွားလာသူများတင်ဆောင်သည့် လှေနစ်မြုပ်၊ လူ ၃၃ ဦးသေဆုံး

ဂျေတီ

အင်ကာရာ ဇန်နဝါရီ ၃၀

တူရကီနိုင်ငံအနောက်ဘက်ကမ်းလွန်ပင်လယ်တွင် ဇန်နဝါရီ ၃၀ ရက်က ဂရိနိုင်ငံသို့ ဦးတည်သည့် ရွှေ့ပြောင်းသွားလာသူများ တင်ဆောင်လာသော လှေတစ်စင်းနစ်မြုပ်ခဲ့ရာ လူ ၃၃ ဦး သေဆုံးခဲ့ကြောင်း၊ သို့သော် ကျန် ၇၅ ဦးကိုမူ အသက်ဘေးမှ ကယ်တင်နိုင်ခဲ့ကြောင်းဖြင့် ဒေသဆိုင်ရာ မြို့တော်ဝန်က ပြောကြားသည်။

တူရကီကမ်းခြေစောင့်တပ်ဖွဲ့ဝင်များသည် လှေနစ်မြုပ်ခဲ့ရာ အေဗာဆစ်ခ်မြို့ ကမ်းလွန်ပင်လယ်တွင် ကယ်ဆယ်ရေးလုပ်ငန်းများကို အရှိန်မြှင့်လုပ်ဆောင်လျက်ရှိကြောင်း သိရသည်။ အဆိုပါ သေဆုံးသူများအနက် ငါးဦးမှာ ကလေးသူငယ်များဖြစ်ပြီး ကယ်တင်ခဲ့သော လူ ၇၅ ဦးကိုမူ ဆေးဝါးကုသမှုခံယူရန် ဆေးရုံသို့ ပို့ဆောင်ခဲ့သည်။ သို့သော် အဆိုပါ လှေပေါ်လိုက်ပါလာသည့် ရွှေ့ပြောင်းသွားလာသူများ၏ ဦးရေကိုမူ လောလောဆယ် မသိရသေးပေ။

"လှေနစ်မြုပ်မှုမှာ လူ ၃၃ ဦးသေဆုံးခဲ့ပါတယ်။ ဒါပေမယ့် တာဝန်ရှိသူတွေအနေနဲ့ ရှာဖွေရေးလုပ်ငန်းတွေ ဆက်လက်လုပ်ဆောင်နေတဲ့အတွက် ရေနစ်သေဆုံးသူဦးရေလည်း တိုးနိုင်ပါတယ်" ဟု မြို့တော်ဝန် မာမက်အူနာလ်ဆာဟင်က ပြောသည်။ "လှေနစ်မြုပ်မှုဖြစ်တာနဲ့ ရွှေ့ပြောင်းသွားလာသူတွေရဲ့ အထိတ်တလန့် အော်သံတွေကြောင့် ဒေသခံပြည်သူတွေ နိုးလာကြပြီး မိုးသောက်ယံအချိန်ကနေ ကယ်ဆယ်ရေးလုပ်ငန်းတွေကို လုပ်ဆောင်နေကြတာဖြစ်ပါတယ်" ဟု မြို့တော်ဝန်က ဆက်လက်ပြောကြားသည်။

ယမန်နှစ်က ဥရောပမြေပေါ်သို့ရောက်ရှိခဲ့သည့် ရွှေ့ပြောင်းသွားလာသူများနှင့် ဒုက္ခသည်ဦးရေမှာ တစ်သန်းကျော်ရှိပြီး ကျန် ၃၆၀၀ ခန့်မှာ ၎င်းတို့၏ ခရီးလမ်းပေါ်တွင် သေဆုံး သို့မဟုတ် ပျောက်ဆုံးသွားခဲ့ကြောင်း သိရသည်။ ငါးနှစ်ခန့်ကြာမြင့်ပြီဖြစ်သော ဆီးရီးယားပြည်တွင်းစစ်ကြောင့် ဆီးရီးယားစစ်ပြေးဒုက္ခသည် ၅၀၀၀၀ ခန့်မှာ ၂၀၁၅ ခုနှစ်က တူရကီနိုင်ငံမှတစ်ဆင့် ဂရိနိုင်ငံသို့ ဦးတည်ထွက်ပြေးခဲ့ကြရာ ၎င်းတို့၏ ဥရောပခရီးလမ်းပေါ်တွင် ဒုက္ခအမျိုးမျိုးကြုံတွေ့ခဲ့ရကြောင်း သိရသည်။ တူရကီနိုင်ငံသည် ဆီးရီးယားနိုင်ငံမှ ဥရောပသို့ ခရီးထွက်ခွာရာတွင် ခရီးတစ်ထောက်ရပ်နားရာနေရာတစ်ခုဖြစ်ကြောင်း သိရသည်။

ရိုက်တာ

ဖေဖော်ဝါရီ ၁ ရက် ငွေကျပ် ၂၀၀ တန် ထီဖွင့်မည်

ရန်ကုန် ဇန်နဝါရီ ၃၀

(၃၂၅)ကြိမ်မြောက် ငွေကျပ် ၂၀၀ တန် အောင်ဘာလေသိန်းဆုဖွင့်ပွဲကို အောင်ဘာလေသိန်းဆုဌာနခွဲတည်ရှိရာ အမှတ် ၃၈၄၊ မဟာဗန္ဓုလလမ်းနှင့် ၃၇ လမ်းထောင့် ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ရှိ ထီဖွင့်ပွဲခန်းမဆောင်၌ ဖေဖော်ဝါရီ ၁ ရက် နံနက် ၈ နာရီမှစတင်၍ တစ်ရက်တည်းဖြင့် အပြီးဖွင့်လှစ်မည်ဖြစ်သည်။

အဆိုပါ ထီဖွင့်ပွဲတွင် ဆုကြီးတစ်ဆုချင်းစနစ်အရ ငွေကျပ်သိန်း ၁၅၀၀ တစ်ဆု၊ ငွေကျပ်သိန်း ၁၀၀၀ နှစ်ဆု၊ ငွေကျပ်သိန်း ၅၀၀ ငါးဆု၊ ငွေကျပ်သိန်း ၃၀၀ ခြောက်ဆု၊ ငွေကျပ်သိန်း၂၀၀ ခုနစ်ဆု၊ ငွေကျပ်သိန်း ၁၀၀ ၁၈ ဆု၊ ငွေကျပ်သိန်း ၅၀ ဆု ၂၀ ၊ ငွေကျပ် ၂၅ သိန်း ဆု ၂၀ ၊ ငွေကျပ် ၁၀ သိန်း ဆု ၃၀ ၊ ငွေကျပ် ၅ သိန်း ၃၄ ဆု၊ ဝေဝေဆာဆာပဒေသာဆုမဲစနစ်များမှ အက္ခရာနှင့် ရွှေ့ဂဏန်း ငါးလုံးတူ ၁၀ ယူနစ်အတွက် ငွေကျပ် သုံးသိန်း ဆု ၁၀၀၊ အက္ခရာနှင့်ရွှေ့ဂဏန်း လေးလုံးတူ ၁၀ ယူနစ်အတွက် ငွေကျပ် နှစ်သိန်း ဆု ၁၀၀၀ ၊ အက္ခရာနှင့် ရွှေ့ဂဏန်း သုံးလုံးတူ ၉ ယူနစ်အတွက် ငွေကျပ် တစ်သိန်း ဆု ၉၀၀၀ နှင့် အက္ခရာနှင့် ရွှေ့ဂဏန်း နှစ်လုံးတူ ၃ ယူနစ်အတွက် ငွေကျပ် ငါးသောင်း ဆု ၃၀၀၀၀ အပါအဝင် ဆုမဲပေါင်း ၄၀၂၄၃ ဆု ခွဲဝေပေးမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

လူငယ်နဲ့ အကျင့်စာရိတ္တ

ချစ်နိုင်(စိတ်ပညာ)

"ကိုယ်မှုနှုတ်မှု၊ ဤနှစ်ခုသော အမှုအရာကို ဆင်ခြင်ကြည့်ရှု၍ ဆိုးကောင်းယုတ်မြတ်၊ နှစ်ရပ်သောအမျိုး၏ ပမာဏကိုသိရာ၏။ ပညာဉာဏ်ဖြင့်၊ နှိုင်းချင့်စဉ်းစား၊ ပြောဆိုအပ်သောစကားကို တပ်အပ်မမှား၊ ဆတ်ဆတ်ကြား၍၊ လိမ္မာတတ်သိပညာရှိ၏ ပမာဏကိုသိရာ၏။"

စတုရင်္ဂဗလအမတ်

(၁၄ ရာစု၊ ပင်းယခေတ်)

အဓိပ္ပာယ်

စာရိတ္တဟူသည်ကားအဘယ်နည်း။

အဓိပ္ပာယ်သတ်မှတ်ချက်ကို မြန်မာဝေါဟာရအရ အဘိဓာန်မှာ ရှာဖွေကြည့်ရှုနေစရာမလို။ မူလတန်းကျောင်းသားအရွယ်ကပင် ကျောင်းမှာ သင်ကြားခဲ့ရသဖြင့် လူတိုင်းသိထားပြီးသားပင်။ အဓိပ္ပာယ်ဖွင့်ဆိုချက်အမျိုးမျိုးကို နိုင်ငံတကာပညာရှင်များက မည်သို့ဖော်ပြခဲ့ကြသနည်း။ ရှာဖွေတင်ပြပါရစေ။

"စာရိတ္တကလူကိုဖန်တီး၏။ စာရိတ္တကား လူ့စွမ်းအားပေတည်း"ဟု ကျောင်းဆရာဘဝမှ အမေရိကန်သမ္မတ အကြံပေးနေရာအထိ တာဝန်ထမ်းဆောင်ခဲ့သူ ဘွတ်ကာတီ ဝါရှင်တန်(၁၈၅၆-၁၉၁၅)ကဆိုခဲ့၏။

လွန်ခဲ့သော နှစ်ပေါင်း ၂၄၀၀ကျော် ကာလဆီက ဒေါ်မပညာရှင်တစ်ဦးဖြစ်သူ ဟီရာကလစ်တပ်(ဘီစီ ၅၃၇-၄၇၅)ကမူ"စာရိတ္တဟူသည်ကား လူတစ်ဦး၏ ကံတရားလမ်းကြောင်းပင်ဖြစ်၏"ဟုမိန့်ဆိုခဲ့ပါသည်။ စာရိတ္တကောင်းခြင်းအပေါ် မူတည်၍ ထိုသူသည်ကံကောင်းပါလိမ့်မည်။ စာရိတ္တညံ့ဖျင်းခြင်းအပေါ် မူတည်ကာ ထိုသူ၏ကံတရားသည် နိမ့်ကျဆိုးရွားရပါလိမ့်မည်။ စာရိတ္တက ဘဝကံအဆိုးအကောင်းကို ထိန်းကျောင်းမောင်းနှင်သော အဓိကလမ်းကြောင်းသဘော ပြောဆိုခဲ့ပေသည်။

စင်ကြယ်အောင်လည်းထိန်းမှ

"စာရိတ္တဆိုတာ တောက်ပြောင်အောင်လည်း ထားရတယ်။ စင်ကြယ်အောင်လည်း ထိန်းရတယ်"ဟု ဗြိတိသျှစာပေပညာရှင် လော့ချက်စတာဖီးလ်(၁၆၉၄-၁၇၇၃)က ရေးသားခဲ့ဖူး၏။ စာရိတ္တတောက်ပြောင်ပါမှ လူတကာက လေးစားကြ၏။ စာရိတ္တမှေးမှိန်သူကို ဘယ်သူကမှ လူရာမသွင်းလိုပေ။ တောက်ပြောင်သောစာရိတ္တဖြင့် အကြီးအကဲခေါင်းဆောင်ကွပ်ကဲရသောတာဝန်နေရာမျိုးသို့ ရောက်ကြ၏။ စာရိတ္တကို ပိုးစားအောင်၊ လောက်ကိုက်အောင် ဆွဲဆောင်ချော့မြူသော အဂတိတရားတွေက ဝိုင်းဝိုင်းလည်နေတတ်သည်။ လုပ်ပိုင်ခွင့်ရှိသူဆီမှာ အခွင့်အရေးသမားများ စုပြုံနေတတ်ကြသည်မှာ ဓမ္မတာပင်။ ထိုအခါ စင်ကြယ်အောင်ထိန်းနိုင်ရပါလိမ့်မည်။ ခက်ခဲသော်လည်း ထိန်းရမည်သာ။

မြို့ပြအုပ်ချုပ်ရေးဆိုင်ရာ တာဝန်မျိုးပေးအပ်ခြင်းခံကြရသော ယူနီဖောင်းဝတ်များကို ထိုအချိန်က တာဝန်အရှိဆုံးခေါင်းဆောင်က စာရိတ္တကိုတောက်ပြောင်အောင် စံအဖြစ်ထားကြရန် မှာကြားသည်။ ထို့အပြင် စင်ကြယ်အောင်လည်း ထိန်းဖို့လိုကြောင်း သတိပေးလေသည်။ နေရာတကာ စည်းနှင့်ကမ်းနှင့် နေရာတကျဖြစ်စေရအောင် ကြပ်မတ်ရမည်ဆိုသောအခါ စည်းလွတ်ကမ်းလွတ်နေရာယူ ဈေးရောင်းချင်သည့် ငါးစိမ်းသည်မတစ်ယောက်က ဘာပြောသနည်း။

"လာခဲ့စမ်းပါ။ ငါနှစ်ညလောက် ဖက်အိပ်ပစ်လိုက်မယ်။ ဘာသားနဲ့ ထုထားတာမို့လဲ"

ဤကဲ့သို့ ကြုံးဝါးသည်ဟု လူကြီးက ထုတ်ဖော်ပြောပြ၏။ မင်းတို့သတိထားကြ၊ စာရိတ္တကို စင်ကြယ်အောင်ထိန်းကြရမည်ဟု မှာကြားခဲ့၏။ အမှန်တကယ် တာရှည်ခံအောင် ထိန်းသိမ်းဖို့မှာ အတော်ခက်ခဲလှပေသည်။

သတိချပ်စရာ

"အာဏာသည် လူကိုဖျက်ဆီးတတ်၏။ အကြွင်းမဲ့အာဏာသည် လူကို အကြွင်းမဲ့ဖျက်ဆီးပစ်နိုင်၏" ဟု လော့ဒ်အက်တွန်ဆိုသော ဗြိတိသျှအမတ်တစ်ဦးက ပြောခဲ့ဖူး၏။ မှန်၏။

အာဏာလက်ဝယ်ရလျှင် စာရိတ္တခိုင်ရန် သတိချပ်ဖို့ လိုအပ်ပါ၏။

ထို့ကြောင့်ပင်ဖြစ်ပါလိမ့်မည်။ ဂျာမန်စာရေးဆရာဂျွန်ဝုဖ်ဂန်း၊ ဗွန်၊ ဂိုသဲ(၁၇၄၉-၁၈၃၂)က "လူတစ်ယောက်ရဲ့ သမိုင်းဆိုတာ သူရဲ့စာရိတ္တအကြောင်းပဲ" ဟု ဆိုခဲ့၏။ အာဏာသည် လည်းကောင်း၊ ရာထူးဂုဏ်သည်လည်းကောင်း၊ ငွေသည်လည်းကောင်း ၊ လူတစ်ယောက်၏ တောက်ပြောင်သော စာရိတ္တကို အချိန်မရွေး မှေးမှိန်အောင် နှောင့်ယှက်ပစ်နိုင်လေသည်။ စာရိတ္တသည် မည်မျှအလေးထားရမည့်အရာဖြစ်ပါသနည်း။

မရှိမဖြစ်

"မရှိမဖြစ်တဲ့အရာက စာရိတ္တပါ။ ဗဟုသုတမဟုတ်ပါ" ဟု ပါမောက္ခဂျိုးဇက်လီကွန့်(၁၈၂၃-၁၉၀၁)ဆိုသူက ရေးသားခဲ့ပါ၏။ ကျွန်တော်တို့မကြာခဏ ကြားနေမြင်နေရသော ဆိုရိုးစကားတစ်ခွန်းရှိပါသည်။ စာဖတ်သူများလည်း သိပြီးသားဖြစ်ကြပါလိမ့်မည်။

ဥစ္စာပစ္စည်းဆုံးရှုံးရခြင်းသည် လူတစ်ယောက်အတွက် ဘာမျှ မဆုံးရှုံးပါ။ (တစ်နေ့နေ့ တစ်ချိန်ချိန်မှာ အစားပြန်၍ ရနိုင်ကောင်းသော အရာပါ)

ကျန်းမာရေးဆုံးရှုံးရပြီဆိုလျှင် တစ်စုံတစ်ရာတော့ ဆုံးရှုံးရပါပြီ။ ထို့ကြောင့် ကျန်းမာရေးသည် ထူးခြားမွန်မြတ်သော လာဘ်တစ်ပါး ဖြစ်သည်ဟု ဂေါတမဗုဒ္ဓမြတ်စွာဘုရားက ဟောကြားခဲ့ခြင်းဖြစ်ပါလိမ့်မည်။

အကျင့်စာရိတ္တဆုံးရှုံးခဲ့ပြီဆိုလျှင်ကား လုံးဝဥဿုံ အကြွင်းမဲ့ ဆုံးရှုံးသွားရပါပြီ။ ဘဝတစ်ခုလုံးကျရှုံးသွားရသည်နှင့် အတူတူပင်။ စာရိတ္တဟူသောအရာသည် အရေးအကြီးဆုံးနေရာမှာရှိကြောင်း တန်ဖိုးဖြတ်ဖော်ပြသောဆိုရိုးစကားပေတည်း။

တန်ဖိုး

"လူတစ်ယောက်ရဲ့တန်ဖိုးကို အကဲဖြတ်ကြမယ်ဆိုရင် စာရိတ္တကသာ သူ့တန်ဖိုးရဲ့ စစ်မှန်တဲ့မှတ်ကျောက်ပါပဲ"ဟု သမ္မတကတော် အယ်လီယန်နော်ရုစ်ဗဲ့လ်ဆိုသူ အမျိုးသမီးကြီးက ထုတ်ဖော်ပြောဆိုခဲ့ဖူး၏။

အကြင်သူတစ်ဦး၏ စာရိတ္တကြောင့် သူ၏အမည်နာမသည် နှစ်ပေါင်းများစွာကောင်းသတင်းဂုဏ်သည် ထင်ပေါ်ကျော်ကြားရသည်။ ဥပမာ- အမျိုးသားခေါင်းဆောင် လွတ်လပ်ရေးဖခင် ဗိုလ်ချုပ်အောင်ဆန်း(၁၉၁၅-၁၉၄၇)က အထင်အရှားစံနမူနာပြခဲ့ပါ၏။ အချို့သူတို့သည် စာရိတ္တမဏ္ဍိုင် ယိမ်းယိုင်သဖြင့် မှေးမှိန်ကွယ်ပျောက်သွားကြရသည်။

တိုင်းပြုပြည်ပြု

အခြေအနေအမျိုးမျိုးက လူကိုမြူဆွယ်ကြပါသည်။ တစ်တက်စားလည်း ကြက်သွန်ဖြူ၊ နှစ်တက်စားလည်းကြက်သွန်ဖြူ။ မထူးပါဘူးဟု ဆွဲဆောင်သူ

စာရိတ္တသည် အလွန်အခြေခံကျ၍ အထူးပင်အရေးကြီးကြောင်း နားလည်သိမြင်ရပါမည်။ ဤသဘောထားအမြင်ရှိမှ ခေါင်းဆောင်မှုအောင်မြင်နိုင်ပါသည်။ စာရိတ္တသည် လူတစ်ဦး၏ အခြေခံအုတ်မြစ်ဖြစ်ပါ၏။ ခေါင်းဆောင်မှုသည် စာရိတ္တကနေ ဆင်းသက်လာခြင်းသာဖြစ်၏။

တွေကများ၏။ ပါးစပ်နံမှာချင်းအတူတူပဲကို စင်ကြယ်အောင် စောင့်ထိန်းမနေပါနှင့်ဟု ဆွဲဆောင်တတ်ကြ၏။

"နိုင်ငံရေးက စာရိတ္တကိုဖျက်ဆီးတတ်တယ်"ဟု ဂျာမန်တရားဝန်ကြီးချုပ် အော်တိုဗွန်ဘစ်မတ်(၁၈၁၅-၁၈၉၈) ဟု ရေးသားထုတ်ဖော်ခဲ့ဖူး၏။ စာရိတ္တဆိုသည်မှာ ရေရှည်တည်တံ့သောအကျင့်ဖြစ်သည်ဟု ခေါ်မသမိုင်းပညာရှင်ပလူးတပ် (အေဒီ-၄၆-အေဒီ ၁၂၀)က ရေးခဲ့ပါ၏။ အကျင့်စာရိတ္တအထူးကောင်းသော နိုင်ငံရေးသမားများက တိုင်းပြုပြည်ပြုပုဂ္ဂိုလ်များအဖြစ် စံပြနေရာမှ ဦးဆောင်ကြလျှင်ကား တိုင်းပြည်ထူထောင်ရေးသည် အခက်အခဲမရှိဘဲ အောင်မြင်နိုင်လိမ့်မည်ဟု ယုံကြည်ရပါသည်။

အမှန်တရားမြတ်နိုးသူ

အချို့က စာရိတ္တကို အခြေအနေအမျိုးမျိုးက လှည့်စားဆွဲဆောင်ပြီး ဖျက်ဆီးတတ်ကြသည်ဟု ထင်မှတ်ပြောဆိုနေတတ်၏။ စင်စစ်မူ စာရိတ္တဟူသည်မှာ အမှောင်ထဲကလူဖြစ်ပါ၏။ မည်သူမျှ မသိမမြင်စေကာမူ ဖြောင့်မတ်မှန်ကန်သူ၊ မမှန်တာမလုပ်သူ၊ အရှက်မရှိကျူးလွန်မှုမျိုး မပြုတတ်သူ၊ အမှန်တရားကိုပဲမြတ်နိုးတတ်သူ ဖြစ်ရပါမည်။

ဟောင်ကောင်ရုပ်ရှင်မင်းသား ဘရုစ်လီ (၁၉၄၀-၁၉၇၃) က သူ၏သားကို ပြောသော စကားတစ်ခွန်းသည် ထင်ရှားလူသိများသည်-

"အသိပညာက မင်းကိုစွမ်းအားပေးတယ်။ ဒါပေမယ့် စာရိတ္တကသာ အများရဲ့လေးစားကြည်ညိုစေမှုကိုပေးတာဖြစ်တယ်"ဟူ၏။

စာရိတ္တသည် အလွန်အခြေခံကျ၍ အထူးပင်အရေးကြီးကြောင်း နားလည်သိမြင်ရပါမည်။ ဤသဘောထားအမြင်ရှိမှ ခေါင်းဆောင်မှုအောင်မြင်နိုင်ပါသည်။ စာရိတ္တသည် လူတစ်ဦး၏ အခြေခံအုတ်မြစ်ဖြစ်ပါ၏။ ခေါင်းဆောင်မှုသည် စာရိတ္တကနေ ဆင်းသက်လာခြင်းသာဖြစ်၏။

အုတ်မြစ်

ထို့ကြောင့် "တန်ဖိုးထားထိုက်တဲ့ အားလုံးသော အောင်မြင်မှုတွေရဲ့ စစ်မှန်တဲ့အခြေခံအုတ်မြစ်ဆိုတာ စာရိတ္တပါပဲ" ဟူ၍ အမေရိကန်သံအမတ်ကြီးတစ်ဦးဖြစ်သော ဂျွန်ဟေးစ်ဟာမွန် (၁၈၅၅-၁၉၃၆)က ပြောဆိုခဲ့ခြင်းဖြစ်ပေလိမ့်မည်။

ဒွိုက်အယ်လ်မူဒီ(၁၈၃၇-၁၈၉၉) အမည်ရှိ ခရစ်ယာန်တရားဟော ဆရာ၊ အမေရိကန်ထုတ်ဝေသူက "ကျုပ်ရဲ့စာရိတ္တကို ကျုပ်ဂရုစိုက်ရင်ကျုပ်ကိုကျုပ်ရဲ့ဂုဏ်သတင်းက ပြန်ဂရုစိုက်တာပဲ" ဟု ဟောပြောခဲ့ပေသည်။

ပင်ကိုအရည်အသွေးဖြင့် တံခါးများကို ဖွင့်နိုင်ကြပါလိမ့်မည်။ သို့ရာတွင် စာရိတ္တဖြင့်သာလျှင်ထိုတံခါးများကို ဆက်လက်ပွင့်နေနိုင်စေပါလိမ့်မည်ဟု အချို့ကဆိုလေသည်။ အကျင့်စာရိတ္တမကောင်းခဲ့သော် ဖွင့်လာခဲ့သော တံခါးများသည် အချိန်မရွေး ပြန်ပိတ်သွားနိုင်သည်ကို သတိမူမိစေလိုသည်။

တန်ဖိုးရှိသောလူ

ကမ္ဘာကျော်ရူပဗေဒပညာရှင်အဲလ်ဘတ်အိုင်းစတိုင်း(၁၈၇၉-၁၉၅၅)ကမူ သူ၏တပည့်များကို ဤသို့မှာကြားလေ့ရှိကြောင်း သိရ၏-

"အောင်မြင်တဲ့လူဖြစ်အောင် မကြိုးစားနဲ့၊ သို့ပေမယ့် တန်ဖိုးရှိတဲ့လူဖြစ်အောင်တော့ ကြိုးစားပါ"

ဤအချက်က သတိထားစရာဖြစ်ပါ၏။

လူငယ်များသည် အောင်မြင်မှုကိုသာလိုချင်ကြ၏။ တောင့်တ၏။ အောင်မြင်သူများကို အားကျ၏။ သို့ရာတွင် တန်ဖိုးရှိသောလူများကို အတုယူရမည်ကိုကား သတိမထားမိ။ တန်ဖိုးရှိသောလူဖြစ်လာအောင် ရည်မှန်းချက်ထားပြီး ဘဝကိုတည်ဆောက်ကြရမှာဖြစ်ပါ၏။ တန်ဖိုးရှိအောင် လုပ်ဆောင်ရမှာကား မိမိ၏စာရိတ္တကို ဦးစွာပထမတည်ဆောက်ရပါလိမ့်မည်။

အမေရိကန်စာရေးဆရာ ကဗျာဆရာဟင်နရီဒေးဗစ်သော်ရိုး (၁၈၁၇-၁၈၆၂) ကမူ ပြတ်ပြတ်သားသား ဤသို့ရေးသားထားခဲ့၏။

ဖျတ်ခနဲပြိုလဲကျနိုင်

"စာရိတ္တပျိုးကြချိန်မရှိတဲ့ လူတစ်ယောက်ရဲ့ အတွေးအခေါ်ရိုတ်သိမ်းမှုကို ကျုပ်တို့ ဘယ်လိုမျှော်လင့်ယုံကြည်ရပါမလဲ"

"စာရိတ္တဆိုတာ တဖြည်းဖြည်းချင်းတည်ဆောက်ယူရတယ်။ ဒါပေမယ့် မယုံကြည်နိုင်လောက်တဲ့ လျင်မြန်မှုနဲ့ ဖျတ်ခနဲ အချိန်တိုအတွင်း ပြိုလဲကျဆင်းသွားနိုင်တယ်" ဟူ၍ ဖေ့သ်ဘော်လဒွင် (၁၈၉၃-၁၉၇၈) အမည်ရှိ အမေရိကန်စာရေးဆရာမက အထူးသတိပေးရေးသားခဲ့ဖူးပါ၏။ လူငယ်များသတိထားစေချင်ပါ၏။

နိဂုံး

လူငယ်များသည် အနာဂတ်ကို ပိုင်စိုးကြ၏။ အနာဂတ်သည်လူငယ်များ၏ ခေတ်ပင်ဖြစ်၏။ လူငယ်များသည် စာရိတ္တ၏တန်ဖိုး၊ စာရိတ္တ၏နေရာကို ကောင်းစွာသိမြင်ထားသင့်လှပေသည်။ နိုင်ငံများကို ကျောက်တုံးများ၊ သစ်ပင်များ၊ တောတောင်များနှင့် တည်ဆောက်ထားခြင်းမဟုတ်ပေ။ နိုင်ငံသားများ၏ အကျင့်စာရိတ္တနှင့်သာ တည်ဆောက်ကြရခြင်းဖြစ်ပါသည်။

စာရိတ္တကိုတည်ဆောက်ရန်အတွက် ပထမဦးဆုံးသောအရင်းအမြစ်မှာ အတွေးစိတ်ကူးပင်ဖြစ်၏။ အမေရိကန်တောပုန်းတစ်ဦးဖြစ်သော ဖရန့်ဂျက်ဆင် (၁၈၅၆-၁၉၃၀) ဆိုသူ၏ ပြောစကားမှာ မှတ်သားစရာ သတိပေးစကားတစ်ရပ် ဖြစ်ပါ၏။ ထင်ရှားပါသည်။ အချို့လည်းကြားဖူးပါလိမ့်မည်-

"သင့်အတွေးတွေဟာ စကားဖြစ်လာတာမို့ သင့်အတွေးတွေကို ဂရုစိုက်ပါ။

သင့်စကားတွေဟာ လုပ်ဆောင်ချက်တွေဖြစ်လာတာမို့ သင့်စကားတွေကိုဂရုစိုက်ပါ။

သင့်လုပ်ဆောင်ချက်တွေဟာ အကျင့်တွေဖြစ်လာတာမို့ သင့်လုပ်ဆောင်ချက်တွေကို ဂရုစိုက်ပါ။

သင့်အကျင့်တွေဟာ စာရိတ္တဖြစ်လာတာမို့ သင့်အကျင့်တွေကို ဂရုစိုက်ပါ။

သင့်စာရိတ္တဟာ သင့်ဘဝကံကြမ္မာဖြစ်လာမှာမို့ သင့်ရဲ့စာရိတ္တကို ဂရုစိုက်ပါ"တဲ့။

ကောင်းမွန်သောစာရိတ္တကိုထူထောင်နိုင်ကြစေရန်အတွေးစိတ်ကူးမနောကံက ကောင်းမွန်ရပေလိမ့်မည်။ မကောင်းသောအကြံအစည်၊ မကောင်းသောအတွေးကိုလက်မခံ၊ ကောင်းရာကောင်းကျိုး၊ ဖြူစင်မှန်ကန်သောစိတ်ကူးမျိုးသာ စိတ်ကအစဉ်နှလုံးသွင်းမည်ဟု ခံယူအပ်ပါသည်။ လူငယ်များသည် လှပသစ်လွင်သော အနာဂတ်ကို ကောင်းစွာတည်ဆောက်နိုင်မည့်သူများဖြစ်သည်ဟု အပြည့်အဝယုံကြည်ထားပါသည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဧရာဝတီတိုင်းဒေသကြီးခရီးစဉ် မှတ်တမ်းဓာတ်ပုံများ

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ညောင်တုန်းမြို့ပတ်တာ ပြုပြင်ခြင်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

၆၆ ကေဗွီ ငပြေမဓာတ်အားခွဲရုံ စီမံကိန်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို တွေ့ရစဉ်။

ညောင်တုန်းမြို့ပတ်တာ ကမ်းထိန်းတန်း၊ မှန်ကူကွက်ပုံ နန်းဖမ်းတန်းနှင့် ရေလွှဲတန်းလုပ်ငန်း ဆောင်ရွက်ထားမှုကို တွေ့ရစဉ်။

၆၆ ကေဗွီ ပုသိမ်-ငရုတ်ကောင်း-ငပြေမဓာတ်အားလိုင်း Lattice Tower တိုင်ဆင်ခြင်းနှင့် ကြိုးဆွဲခြင်းလုပ်ငန်းများ ဆောင်ရွက်ထားမှုကို တွေ့ရစဉ်။



၂၃၀ ကေဗွီ ပုသိမ်(ကန်ကြီးထောင့်) ပင်မဓာတ်အားခွဲရုံ တည်ဆောက်ပြီးစီးမှုကို တွေ့ရစဉ်။

၂၃၀ ကေဗွီ ပုသိမ်(ကန်ကြီးထောင့်) ပင်မဓာတ်အားခွဲရုံအတွင်းကို တွေ့ရစဉ်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ၂၃၀ ကေဗွီ ပုသိမ်(ကန်ကြီးထောင့်)ပင်မဓာတ်အားခွဲရုံ ကမ္ပည်းမော်ကွန်းကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

*** ရွှေဖုံးမှ**

ထို့နောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့သည် ပုသိမ်မြို့မှ မော်တော်ယာဉ်များဖြင့် ထွက်ခွာကြရာ ကန်ကြီးထောင့်မြို့သို့ ရောက်ရှိပြီး ၂၃၀ ကေဗွီ ပုသိမ်(ကန်ကြီးထောင့်) ပင်မဓာတ်အားခွဲရုံ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ကြသည်။

ဖွင့်ပွဲအခမ်းအနားတွင် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးက ဆန်စပါးစိုက်ပျိုးရေး ကောင်းမွန်မှုကြောင့် စီးပွားရေးဖွံ့ဖြိုးလျက်ရှိသည့် ဧရာဝတီတိုင်းဒေသကြီးတွင် ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ဆပွားတိုးတက်စေရန်၊ စက်မှုလက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန်နှင့် ဒေသခံပြည်သူများ၏ လူနေမှုဘဝ မြင့်မားတိုးတက်စေရန်အတွက် နိုင်ငံတော်သမ္မတကြီး၏ လမ်းညွှန်မှုဖြင့် ပုသိမ် ၂၃၀ ကေဗွီ ပင်မဓာတ်အားခွဲရုံကို ဖွင့်လှစ်ပြီး ဓာတ်အားများ ပိုမိုဖြန့်ဖြူးပေးနိုင်တော့မည် ဖြစ်ပါကြောင်း။

ဧရာဝတီတိုင်းဒေသကြီးအတွင်း လျှပ်စစ်ဓာတ်အားဖြန့်ဖြူးမှုသမိုင်းတွင် မြန်အောင်သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံ ပထမအဆင့်ကို ၁၉၇၅ ခုနှစ်တွင် လည်းကောင်း၊ ဒုတိယအဆင့်ကို ၁၉၈၄ ခုနှစ်တွင် လည်းကောင်း တည်ဆောက်ခဲ့ပါကြောင်း၊ ထိုစဉ်ကာလက ဧရာဝတီတိုင်းဒေသကြီးတစ်ခုလုံးတွင် လျှပ်စစ်ဓာတ်အား ၁၄ မဂ္ဂါဝပ်ခန့်သာ သုံးစွဲနိုင်ခဲ့ကြောင်း၊ ၂၀၀၆ ခုနှစ်တွင် ရန်ကုန်-လှိုင်သာယာမှ အသုတ်မြို့ကို ၂၃၀ ကေဗွီ ဓာတ်အားလိုင်း တည်ဆောက်ခဲ့ပြီး တိုးချဲ့ဓာတ်အားဖြန့်ဖြူးပေးနိုင်ခဲ့သည့်အတွက် ၂၀၁၀ ပြည့်နှစ်တွင် ဧရာဝတီတိုင်းဒေသကြီး၏ ဓာတ်အားသုံးစွဲမှုမှာ မဂ္ဂါဝပ် ၆၀ ရှိရာမှ တဖြည်းဖြည်း ဓာတ်အားတိုးတက် သုံးစွဲလာမှုကြောင့် ၂၀၁၅ ခုနှစ်တွင် မဂ္ဂါဝပ် ၉၀ ကျော်ရှိလာပြီဖြစ်ပါကြောင်း။

ဧရာဝတီတိုင်းဒေသကြီးအတွင်း တိုးတက်သုံးစွဲလာသည့် ဓာတ်အားလိုအပ်ချက်ကို အသုတ်ဓာတ်အားခွဲရုံတစ်ရုံတည်းဖြင့် မလုံလောက်သည့်အတွက် အသုတ်-ပုသိမ် ၂၃၀ ကေဗွီ ဓာတ်အားလိုင်းနှင့် ယခု ၂၃၀ ကေဗွီ ပုသိမ် (ကန်ကြီးထောင့်) ပင်မဓာတ်အားခွဲရုံကို နိုင်ငံခြားငွေ ယူရို ၁၂ ဒသမ ၈၅၃ သန်း၊ မြန်မာငွေကျပ်သန်းပေါင်း ၅ ဒသမ ၃၅၀ အကုန်ကျခံ တည်ဆောက်ခဲ့ခြင်းဖြစ်ပါကြောင်း။

ထို့ပြင် ပုသိမ်မှ ငပုတော၊ ငရုတ်ကောင်း၊ ငပြေမဒေသများကိုလည်း ၆၆ ကေဗွီ ဓာတ်အားလိုင်းများ တိုးချဲ့ တည်ဆောက်ပေးခဲ့သဖြင့် ငရုတ်ကောင်းတောင်၊ ကျုံကူး၊ ရဲခေါင်ကြီးတောင်၊ ရေကျော်၊ ရေတွင်းကုန်း၊ ပျဉ်းမကွင်း၊ ငပြေမ၊ ငပြေမအပေါ်စု၊ ငပြေမအောက်စု၊ ကမ်းနားစုစသည့် ကျေးရွာများကိုလည်း ထပ်မံဓာတ်အားဖြန့်ဖြူးပေးနိုင်ခဲ့သဖြင့် ဧရာဝတီတိုင်းဒေသကြီးအတွင်း ကျေးရွာပေါင်း ၇၃၉ ရွာကို ဓာတ်အားစနစ်မှ ဓာတ်အားဖြန့်ဖြူးပေးနိုင်ခဲ့ပြီဖြစ်ပါကြောင်း။

နိုင်ငံတော်သမ္မတကြီး၏ လမ်းညွှန်ချက်အရ ဧရာဝတီတိုင်းဒေသကြီး အရှေ့ခြမ်းကို ဓာတ်အားပြည့်ဝတည်ငြိမ်စွာ ဖြန့်ဖြူးပေးနိုင်ရေးအတွက် လှိုင်သာယာ-ကျိုက်လတ် ၂၃၀ ကေဗွီ ဓာတ်အားလိုင်းနှင့် ကျိုက်လတ် ၂၃၀ ကေဗွီ၊ ၁၀၀ အမ်ဗွီအေ ဓာတ်အားခွဲရုံတို့ကိုလည်း တည်ဆောက်လျက်ရှိပါကြောင်း။

မြန်မာနိုင်ငံတွင် ဈေးကွက်စီးပွားရေး ပြောင်းလဲကျင့်သုံးခဲ့ရာ လျှပ်စစ်ဓာတ်အားလိုအပ်ချက် အဆမတန်မြင့်မားလာသည့် အခြေအနေနှင့် လျှပ်စစ်ဝန်ကြီးဌာန၏ ကြိုးပမ်းဆောင်ရွက်ချက်များဖြစ်ပါကြောင်း။

၂၀၁၅-၂၀၁၆ ခုနှစ်တွင် နိုင်ငံတစ်ဝန်း ဓာတ်အားပေးစက်ရုံများမှ တစ်ဆင့် ရေအား ၃၁၈၅ မဂ္ဂါဝပ်၊ သဘာဝဓာတ်ငွေ့ ၁၈၂၉ မဂ္ဂါဝပ်၊ ကျောက်မီးသွေး မဂ္ဂါဝပ် ၁၂၀၊ ဒီဇယ် ၁၀၁ မဂ္ဂါဝပ်တို့ဖြင့် စုစုပေါင်း စက်တပ်ဆင်အင်အား ၅၂၃၅ မဂ္ဂါဝပ် ရရှိလာမည်ဖြစ်ပါကြောင်း၊ ၂၀၁၀-၂၀၁၁ ခုနှစ်ကာလတွင် ၃၄၁၃ မဂ္ဂါဝပ်သာရှိသည့်အတွက် ၁၈၂၂ မဂ္ဂါဝပ်ခန့်တိုးချဲ့တည်ဆောက်နိုင်ခဲ့သည်ကို တွေ့ရမည်ဖြစ်ပါကြောင်း၊ မြို့ပေါင်း ၃၉၈ မြို့၊ ရွာပေါင်း ၂၉၃၀၄ ရွာကို ဓာတ်အားဖြန့်ဖြူးပေးထားနိုင်ပြီဖြစ်၍ ၂၀၁၅-၂၀၁၆ ခုနှစ်တွင် တစ်နိုင်ငံလုံး၏ ၃၄ ရာခိုင်နှုန်းဖြစ်သော အိမ်ထောင်စုပေါင်း ၃ ဒသမ ၇ သန်းတို့မှာ လျှပ်စစ်ဓာတ်အား ရရှိသုံးစွဲနိုင်ကြမည်ဖြစ်ပါကြောင်း။

စာမျက်နှာ ၉ သို့

ဒူးယားအင်း၊ ဝါသာလှတာနှင့် မေဒုံပန်းတာတို့အား မြစ်ရေတိုက်စားမှုကြောင့် ကမ်းပါးပြိုကျမှုအခြေအနေများကို ဝေဟင်မှ တွေ့ရစဉ်။ (သတင်းစဉ်)

ထူးချွန်လူငယ်၊ ကင်းထောက်လူငယ်နှင့် ကြက်ခြေနီလူငယ်များက ၂၃၀ ကေဗွီ ပုသိမ်(ကန်ကြီးထောင့်) ပင်မဓာတ်အားခွဲရုံကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

စာမျက်နှာ ၈ မှ

လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန အနေဖြင့် ရေအားလျှပ်စစ်စီမံကိန်း ခုနစ်ခု၊ သဘာဝဓာတ်ငွေ့သုံး ဓာတ်အား ပေးစက်ရုံသုံးခု စုစုပေါင်း ၂၀၄၂ ဒသမ ၂ မဂ္ဂါဝပ်ကို လျာထား နှစ်ထက် ဆောလျင်စွာပြီးစီးနိုင်ရေး အတွက် အားသွန်ခွန်စိုက် ကြိုးပမ်း ဆောင်ရွက်လျက်ရှိကြောင်း။

မြန်မာနိုင်ငံ တစ်ဝန်းလုံး၌ တောင်ပေါ်မြေပြန့်အနှံ့ လျှပ်စစ် ဓာတ်အားကို ရရှိသုံးစွဲနိုင်စေရန် အတွက် ၂၀၃၀-၂၀၃၁ ခုနှစ်တွင် ၁၀၀ ရာခိုင်နှုန်း အပြည့်အဝလျှပ်စစ် ဓာတ်အားပေးနိုင်စေမည့် အမျိုးသား လျှပ်စစ်ဓာတ်အား ရရှိရေးစီမံချက် (National Electrification Plan) ကို ကမ္ဘာ့ဘဏ်အဖွဲ့၏ အကူအညီ ဖြင့် ရေးဆွဲထားပြီးဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသိန်းအောင်က ဧရာဝတီ တိုင်းဒေသကြီးအတွင်း လျှပ်စစ်ဓာတ်အားရရှိမှုအခြေအနေ များကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် ဓာတ်အားခွဲရုံဖွင့် လှစ်ပေးခြင်းအတွက် ဒေသခံတစ်ဦး က ကျေးဇူးတင်စကားပြောကြားသည်။

ထို့နောက် ထူးချွန်လူငယ်၊ ကင်းထောက်လူငယ်နှင့် ကြက်ခြေနီ လူငယ်တို့က ၂၃၀ ကေဗွီ ပုသိမ် (ကန်ကြီးထောင့်) ပင်မဓာတ်အားခွဲရုံကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတ နှင့်အဖွဲ့ဝင်များသည် ဖွင့်ပွဲအခမ်း အနားသို့ တက်ရောက်လာကြသူ များနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတက ပင်မဓာတ်အားခွဲရုံကမ္ပည်း မော်ကွန်း ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပေး သည်။

ယင်းနောက် နိုင်ငံတော်သမ္မတ အား ပြည်ထောင်စုဝန်ကြီး ဦးခင် မောင်စိုးက ဧရာဝတီတိုင်းဒေသကြီး အတွင်း ဓာတ်အားလိုင်းများ၊ ဓာတ်အားခွဲရုံ စီမံကိန်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယခုဖွင့်လှစ်သည့် ၂၃၀ / ၆၆/ ၁၁ ကေဗွီ ၂ × ၅၀ အယ်ဗွီအေ ပုသိမ်(ကန်ကြီးထောင့်) ပင်မ ဓာတ်အားခွဲရုံမှ ဧရာဝတီတိုင်းဒေသ ကြီး အနောက်ဘက်အခြမ်းဒေသ ရှိ မြို့နယ်များနှင့် ကျေးရွာများကို ၂၄ နာရီပတ်လုံး ဓာတ်အားဖြန့်ဖြူး ပေးနိုင်မည်ဖြစ်သည်။ အဆိုပါ ဓာတ်အားခွဲရုံမှ ဆက်လက်ဖြန့်ဖြူး နိုင်ရန် ၆၆ ကေဗွီ ပုသိမ်-ငရုတ် ကောင်း-ငပြေမ ဓာတ်အားလိုင်း၊ (၆၆/၁၁)ကေဗွီ ငပြေမ ဓာတ်အား ခွဲရုံနှင့် (၆၆/၁၁)ကေဗွီ ငရုတ်ကောင်း ဓာတ်အားခွဲရုံတို့ကို တည်ဆောက် ကာ ရွှေသောင်ယံ၊ ငွေဆောင်၊ ချောင်းသာ၊ ငရုတ်ကောင်း၊ ငပြေမ၊ ထီးချိုင့်၊ ငပုတော၊ အုတ်ရှစ်ကွင်းနှင့် ကျုံးကူးအတွင်းရှိ ကျေးရွာ ၁၉၂ ရွာမှ အိမ်ခြေ ၄၀၇၀၀ ကျော်ကို လျှပ်စစ်မီးဖြန့်ဖြူးပေးနိုင်တော့မည် ဖြစ်သည်။

ဧရာဝတီ တိုင်းဒေသကြီးသို့ လျှပ်စစ်ဓာတ်အားပြည့်ဝစွာရရှိရေး အတွက် ၂၃၀ ကေဗွီ ဓာတ်အားလိုင်း၊ ဓာတ်အားခွဲရုံများနှင့် ဆက်စပ် ဓာတ်အားလိုင်းများဖြစ်သည့် ၆၆ ကေဗွီ ပုသိမ်-ငရုတ်ကောင်း-ငပြေမ ဓာတ်အားလိုင်းတို့ တည်ဆောက် ခြင်းကြောင့် ဒေသတွင်းသို့ လျှပ်စစ် ဓာတ်အားများ ပြည့်ဝတည်ငြိမ်စွာ ပိုမိုဖြန့်ဖြူးနိုင်ပြီး စက်မှုလက်မှု လုပ်ငန်းများ ပိုမိုဖွံ့ဖြိုးလာစေရန်နှင့် ပြည်သူလူထု၏ လူမှုစီးပွားဘဝ ပိုမို၍ အဆင့်အတန်း မြင့်မားလာစေရန် အတွက် အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဖြစ်သည်။

၂၀၁၅-၂၀၁၆ ခုနှစ်တွင် နိုင်ငံတစ်ဝန်း ဓာတ်အားပေးစက်ရုံများမှတစ်ဆင့် ရေအား ၃၁၈၅ မဂ္ဂါဝပ်၊ သဘာဝဓာတ်ငွေ့ ၁၈၂၉ မဂ္ဂါဝပ်၊ ကျောက်မီးသွေး မဂ္ဂါဝပ် ၁၂၀၊ ဒီဇယ် ၁၀၁ မဂ္ဂါဝပ်တို့ဖြင့် စုစုပေါင်းစက်တပ်ဆင် အင်အား ၅၂၃၅ မဂ္ဂါဝပ်ရရှိလာမည်။

၂၀၁၅-၂၀၁၆ ခုနှစ်တွင် တစ်နိုင်ငံလုံး၏ ၃၄ ရာခိုင်နှုန်းဖြစ်သော အိမ်ထောင်စုပေါင်း ၃ ဒသမ ၇ သန်းတို့မှာ လျှပ်စစ်ဓာတ်အား ရရှိသုံးစွဲနိုင်ကြမည်ဖြစ်။

ထို့ပြင် ဧရာဝတီတိုင်းဒေသကြီး အတွင်း လျှပ်စစ်ဓာတ်အားပိုမိုဖြန့်ဖြူး ပေးနိုင်ရန် ဆောင်ရွက်ခဲ့သော စီမံ ကိန်းများမှာ ၂၃၀ ကေဗွီ အသုတ်- ပုသိမ် မဟာဓာတ်အားလိုင်း ၃၀ ဒသမ ၂၅ မိုင်တည်ဆောက်ခြင်း၊ အသုတ် ပင်မဓာတ်အားခွဲရုံတွင် Switch Bay တစ်ခု တိုးချဲ့တည် ဆောက်ခြင်း၊ ပုသိမ်(ကန်ကြီးထောင့်) တွင် ၂၃၀ ကေဗွီ၊ (၂ × ၅၀) အမ်ဗွီ အေ ပင်မဓာတ်အားခွဲရုံ တည် ဆောက်ခြင်း၊ ၆၆ ကေဗွီ ပုသိမ်- ငရုတ်ကောင်း-ငပြေမ ဓာတ်အား လိုင်း ၇၆ ဒသမ ၅ မိုင်နှင့် ဓာတ်အား ခွဲရုံများတည်ဆောက်ခြင်း၊ ၆၆ ကေဗွီ၊ ၁၀ အမ်ဗွီအေ၊ ပုသိမ် (မြက်တို) ဓာတ်အားခွဲရုံ တိုးချဲ့တည်ဆောက် ခြင်းတို့ဖြစ်သည်။

ယင်းနောက် နိုင်ငံတော်သမ္မတ နှင့်အဖွဲ့သည် ရဟတ်ယာဉ်များဖြင့် ပုသိမ်မြို့မှ ဆက်လက်ထွက်ခွာခဲ့ကြ ပြီး ဒူးယားအင်း၊ ဝါသာလှတာနှင့် မေဒုံပန်းတာတို့အား မြစ်ရေတိုက် စားမှုကြောင့် ကမ်းပါးပြိုကျမှုအခြေ အနေများကို ရဟတ်ယာဉ်ဖြင့် ကြည့်ရှုစစ်ဆေးကြသည်။

ဒူးယားအင်းမှာ ဇလွန်မြို့နယ် ဝါသလရွာနှင့် မေဒုံရွာများ နောက် ဘက်ကပ်လျက်တွင်ရှိသည်။ဟသ်ာတ မြို့အောက်ဘက် အောက်ရွာလေး ကျေးရွာအနီးမှစ၍ ကွေ့ကောက် စီးဆင်းသည့် ဧရာဝတီမြစ်မသည် အရှေ့ဘက်သို့လည်းကောင်း၊ မြစ်ခွဲ ငယ်တစ်ခုသည် တောင်ပို့တရာရွာ ဘက်သို့လည်းကောင်း ခွဲထွက်ကာ မြစ်ကမ်းပါးများကို တိုက်စားစီးဆင်း လျက်ရှိသည်။ ရေဦးထိုးတိုက်စားမှု နှင့် သဲဆန်သည့်ကမ်းပါးများကြောင့် ဝါသလရွာနှင့် မေဒုံရွာအနီး မြစ် ကမ်းတိုက်စားနှုန်းများပြားပြီး မြန် ဆန်လျက်ရှိရာ ဝါသလရွာနှင့် မေဒုံ ရွာများနောက်ဘက်ကပ်လျက်တည် ရှိသည့် ဒူးယားအင်းသို့ ရောက်လု နီးပါး အခြေအနေတွင် ရှိနေသည်။

ထို့ကြောင့် ဧရာဝတီတိုင်း ဒေသကြီး ဇလွန်မြို့နယ် ဝါသလရွာ နှင့် မေဒုံရွာများအနီး ဧရာဝတီ မြစ်ရေတိုက်စားမှုကြောင့် မြစ်ကမ်း ပြိုမှုများဖြစ်ပွားပြီး တာတမံများ ပျက်စီးကာ ရေဘေးအန္တရာယ်ကျ ရောက်မှုများမှ ကာကွယ်နိုင်ရန် အတွက် အစီအမံများရေးဆွဲလျက် ရှိသည်။

မေဒုံပန်းတာသစ်၊ ဝါသာလှနှင့် မေဒုံရွာအနီး မြစ်ကမ်းပါးအလျား ပေ ၅၅၀၀ ကမ်းထိန်းဆောင်ရွက်ပြီး ပါက ကျေးရွာများ၊ စာသင်ကျောင်း၊ ဆေးခန်းနှင့်သာသနိက အဆောက် အအုံများ နှစ်စဉ်နီးပါးရွှေ့ပြောင်းရ ခြင်းနှင့် ဆုံးရှုံးရခြင်း၊ လယ်၊ ယာ၊ ကိုင်း နှင့် ဥယျာဉ်ခြံမြေများပျက်စီးဆုံးရှုံးရ ခြင်း၊ နှစ်စဉ်ရေဘေးအန္တရာယ်မှ ကင်းဝေးစေမည်ဖြစ်သည်။

ဟသ်ာတနှင့် ဇလွန်မြို့နယ် များအတွင်း ဧရာဝတီမြစ်နှင့် ဆက်စပ်၍ ကိုင်းမြေ ဧက ၄၀၀၀ ခန့် ပေါ်ထွန်းလာမည်ဖြစ်၍ ဒေသ အတွင်း လူမှုစီးပွားဘဝဖွံ့ဖြိုး တိုးတက်လာကာ ဆင်းရဲနွမ်းပါးမှု လျော့နည်းလာမည်ဖြစ်သကဲ့သို့ မြစ် ကမ်းထိန်းလုပ်ငန်းများနှင့် ပန်းတာ များ နှစ်စဉ်နီးပါးတည်ဆောက်ရသည့် ကုန်ကျစရိတ်များကိုလည်း လျော့ နည်း သက်သာစေမည်ဖြစ်သည်။

ထို့ပြင် ဇလွန်မြို့နယ်၊ ဟသ်ာတ မြို့နယ်၊ ကျုံပျော်မြို့နယ်နှင့် ဓနုဖြူ မြို့နယ်များအတွင်းရှိ မြေဧရိယာ ဧက သုံးသိန်းကျော်ကို ရေဘေး အန္တရာယ်မှ ကာကွယ်ပေးနိုင်မည် ဖြစ်ကြောင်း သိရသည်။

ထို့နောက် နိုင်ငံတော်သမ္မတ နှင့်အဖွဲ့သည် ရဟတ်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာခဲ့ကြရာ ညောင် တုန်းမြို့သို့ရောက်ရှိပြီး ညောင်တုန်း မြို့ စည်ပင်တာ ကမ်းအို၊ ကမ်း လျှောဖြစ်ပွားခဲ့သည့်အတွက် စက် ယန္တရားကြီးများဖြင့် ဘိုးပိုင်ရိုက် သွင်းခြင်းနှင့် ကမ်းနားတာကို ပြုပြင် မြှင့်တင်ခြင်း၊ ရေတိုက်စားမှုမှ ကာကွယ်နိုင်ရန် TetraPot တုံးများ ကို ကရိန်းများဖြင့် ရေထဲသို့ချခြင်း လုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှု စစ်ဆေးသည်။

အဆိုပါ ညောင်တုန်းမြို့ ပတ်တာမှာ ညောင်တုန်းမြို့အား ရေကြီးမှုဘေးအန္တရာယ်မှ ကာကွယ် ပေးထားခြင်းဖြစ်ပြီး ၂၀၁၅ ခုနှစ် မိုးရာသီအတွင်း ဧရာဝတီမြစ်ရေ ကြီးခဲ့စဉ် ၂၀၁၆ ခုနှစ် ဇန်နဝါရီ ၂ ရက်ကလည်း ပန်းလှိုင်မြစ်ကမ်းပြို မှုဖြစ်ပေါ်ခဲ့သဖြင့် လည်းကောင်း၊ ညောင်တုန်းမြို့ ပန်းလှိုင်မြစ်ကမ်း ၈ လမ်းနှင့် ၁၁ လမ်းအကြား အပိုင်းတွင် အလျားပေ ၃၀၀၊ အနံ ပေ ၅၀နှင့် ပျမ်းမျှအနက် ၁၅ ပေခန့် မြစ်ကမ်းပါး အိလျော့နိမ့်ဆင်းခဲ့ သဖြင့်လည်းကောင်း၊ ပြုပြင်တည် ဆောက်ဆဲဖြစ်သော ညောင်တုန်း မြို့ပတ်တာ၏ ပေတိုင် (၃+၇၆၀)ပေ မှ (၄+၀၆၀)ပေအတွင်းရှိ အုတ် မြေထိန်းနံရံ အလျား ပေ ၂၀၀ ခန့်ပြိုကျခဲ့သဖြင့် လည်းကောင်း၊ ညောင်တုန်းမြို့ရှိ ပြည်သူများ၏ အသက်အိုးအိမ် စည်းစိမ်များ ထိ ခိုက်ပျက်စီးမှုမှ ကာကွယ်စောင့် ရှောက်နိုင်ရန် အရေးပေါ်ရေဘေး ကာကွယ်ရေးလုပ်ငန်းများ ဆောင် ရွက်ခဲ့ရသည်။

အဆိုပါ မြစ်ကမ်းကာကွယ် ထိန်းသိမ်းခြင်း လုပ်ငန်းများကို ယခု နှစ် မိုးရာသီမတိုင်မီ ဆောလျင်စွာ ဆောင်ရွက်သွားမည်ဖြစ်ပြီး မြို့ပတ် တာပြုပြင်ခြင်းလုပ်ငန်းများကို လည်း ယခုနှစ် မတ်လကုန်တွင် ပြီးစီးအောင် ဆောင်ရွက်သွားမည် ဖြစ်ကြောင်း သိရသည်။

ယင်းနောက် နိုင်ငံတော်သမ္မတ နှင့်အဖွဲ့သည် ရဟတ်ယာဉ်များဖြင့် ညောင်တုန်းမြို့မှ ပြန်လည်ထွက်ခွာ ခဲ့ကြရာ မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ သို့ ပြန်လည်ရောက်ကြသည်။

(သတင်းစဉ်)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ၂၃၀ ကေဗွီ ပုသိမ်(ကန်ကြီးထောင့်)ပင်မဓာတ်အားခွဲရုံ ဖွင့်ပွဲအခမ်းအနားတွင် တက်ရောက်လာကြသည့် ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

ညောင်တုန်းမြို့ စည်ပင်တာ ပြန်လည်ပြုပြင်ခြင်းလုပ်ငန်း တည်နေရာပြမြေပုံ



အင်ကြင်းတောင်တမံ ဖွင့်ပွဲကျင်းပ

ငဖဲ ဇန်နဝါရီ ၃၀

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ငဖဲမြို့နယ် ကန်ရွာကျေးရွာအနီးရှိ အင်ကြင်းတောင်တမံ ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၃၀ ရက် နံနက် ၉ နာရီက အဆိုပါတမံမုခ်ဦးရှေ့၌ ကျင်းပသည်။ **(ဓာတ်ပုံ)**

ရှေးဦးစွာ တိုင်းဒေသကြီး စိုက်ပျိုးရေးနှင့် မွေးမြူရေး ဝန်ကြီး ဦးအောင်နိုင်က အမှာစကားပြောကြားပြီး တမံဖွင့်ပွဲအထိမ်းအမှတ်ဖဲကြိုးကို စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးလှပြုံးနှင့် မင်းဘူးခရိုင် အုပ်ချုပ်ရေးမှူး ဦးသိန်းဇော်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

အဆိုပါ အင်ကြင်းတောင်တမံသည် ၁၉၈၆ ခုနှစ်က လူထုလုပ်အားနှင့် တည်ဆောက်အသုံးပြုခဲ့သော်လည်း ရေပိုလွှဲသီးခြားတည်ဆောက်မှုမရှိ၍ တမံရေပြည့်သည့်အခါ နိမ့်ရာကစီးပြီး ရေများထွက်သွားခဲ့သည်။ ရေထိန်းတံခါး သီးခြားတပ်ဆင်ထားခြင်း မရှိသည့်အတွက် တမံပေါင်ကို ရေစား၍ ရေမလိုသည့်အချိန်တွင် စိုက်ခင်းများ ရေလွှမ်းမိုးခံခဲ့ရပြီး ရေလိုအပ်သည့်အချိန်တွင် တမံအတွင်း ရေများပြတ်တောက်ခဲ့ရသည်။

ယခင်က အင်ကြင်းတောင်တမံသည် အရှည်ပေ ၁၅၀၊ ထိပ်ပြင်အကျယ် ခုနစ်ပေ၊ တမံအမြင့် ၂၇ ပေရှိရာမှ နိုင်ငံတော်အစိုးရ၏ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် သာမန်အသုံးစရိတ် ရန်ပုံငွေကျပ် ၃၅ သန်းဖြင့် တမံပြန်လည်ပြုပြင်ခြင်းလုပ်ငန်းကို ဆောင်ရွက်ခဲ့ရာ အလျား ၂၇၅ ပေ၊ ထိပ်ပြင်အကျယ် ၁၂ ပေ၊ တမံအမြင့် ၃၂ ပေရှိပြီး ရေထုတ်ပြွန်၊ ရေပိုလွှဲပေါက်များဖြင့် စနစ်တကျ ပြန်လည်ပြုပြင်တိုးချဲ့ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်သည်။ အင်ကြင်းတောင်တမံမှ လယ်မြေ ၂၉ ဧကနှင့် ယာမြေ ၅၅ ဧကတို့ကို စိုက်ပျိုးရေပေးဝေနိုင်မည်ဖြစ်ပြီး ဒေသခံပြည်သူများ၏ စိုက်ပျိုးရေးကဏ္ဍများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း သိရသည်။

တင်ထွန်းဦး(မင်းဘူး)

တိမ်အသင့်အတင့်ဖြစ်ထွန်း ၃၀-၁-၂၀၁၆

မိုးလေဝသနှင့်ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာန ထုတ်ပြန်ချက်အရ ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့် သာယာနေသည်။ **(မိုး/ဇလ)**

ပခုက္ကူခရိုင် မြိုင်မြို့နယ်တွင် ရေဖူလုံစွာသုံးစွဲနိုင်ရေးအတွက် ကြိုတင်စီမံဆောင်ရွက်ထားမှုများကို ခရိုင်အုပ်ချုပ်ရေးမှူး ဦးကိုကိုလွင်၊ ခရိုင်မီးသတ်တပ်ဖွဲ့နှင့် မြို့နယ်အုပ်ချုပ်ရေးမှူးတို့သည် ဇန်နဝါရီ ၂၉ ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် ရေဂါလန် ငါးသောင်းဆံ့ကန်နှင့် ရေတွင်းသစ်သုံးတွင်း တူးဖော်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့စဉ်။ (ခရိုင် ပြန်/ဆက်)

ကျေးလက်ဒေသရေရရှိရေး မြေသားရေကန်များတူးဖော်ပေး

ပုဏ္ဏားကျွန်း ဇန်နဝါရီ ၃၀

ရခိုင်ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးအောင်သန်းနှင့် အဖွဲ့သည် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ပြည်ထောင်စုရန်ပုံငွေကျပ် သန်း ၈ ဒသမ ၀ ဖြင့် မိုးသောက်ရွှေဇင်ကုမ္ပဏီက ဆောင်ရွက်လျက်ရှိသော ပုဏ္ဏားကျွန်းမြို့နယ် ကျောက်ပြင်ဆိပ်ကျေးရွာ၌ မြေသားရေကန်တူးဖော်နေခြင်းလုပ်ငန်းကို ကွင်းဆင်းစစ်ဆေးရာ မြို့နယ်ဦးစီးဌာနမှ တာဝန်ခံအင်ဂျင်နီယာ ဦးအောင်ကျော်ငြိမ်းနှင့် ကုမ္ပဏီမှ တာဝန်ရှိသူများက ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းပြခဲ့ကြသည်။

မြို့နယ်လူထု၏ သောက်သုံးရေအခက်အခဲ ပြဿနာများကို ဖြေရှင်းဆောင်ရွက်နိုင်ရေးအတွက် ပြည်ထောင်စုနှင့် ပြည်နယ်ရန်ပုံငွေများဖြင့် ကျေးရွာများ၌ ယခုကဲ့သို့ သောက်သုံးရေကန်များကို တူးဖော်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **(အပေါ်ပုံ) သူ(ပုဏ္ဏားမြီ)**

သံတွဲမြို့နယ်၌ ကျေးလက်ရေပေးဝေရေး လုပ်ငန်းများစစ်ဆေး

သံတွဲ ဇန်နဝါရီ ၃၀

သံတွဲမြို့နယ် ကျေးရွာရှစ်ရွာ၌ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ပြည်ထောင်စုရန်ပုံငွေကျပ် သန်း ၆၇ ဒသမ ၆၀ ဖြင့် ဆောင်ရွက်လျက်ရှိသော ကျေးလက်ရေပေးဝေရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးတင်မောင်ဌေးနှင့် အဖွဲ့သည် ဇန်နဝါရီလ တတိယပတ်က သွားရောက်ကြည့်ရှုစစ်ဆေးခဲ့သည်။

အဆိုပါ ရေပေးဝေရေးလုပ်ငန်းများဆောင်ရွက်ပြီးစီးပါက ကျေးရွာရှစ်ရွာများဖြစ်သော ချောင်းဝ၊ ဆိုးပုံ၊ စမ်းကြီး၊ အိုးမြေ၊ ဒါဝ၊ ဇီးကျွန်း၊ ကြက်စားချောင်ကျေးရွာနှင့် ချင်းကွင်းကျေးရွာတို့၌ သန့်ရှင်းသော သောက်သုံးရေ လုံလောက်စွာ ရရှိသုံးစွဲနိုင်မည်ဖြစ်ကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

မကွေးမြို့နယ်အတွင်းရှိ ကျေးရွာများ ရေပြတ်လပ်မှုမရှိကြောင်း သက်ဆိုင်ရာကရှင်းလင်း

မကွေး ဇန်နဝါရီ ၃၀

ဇန်နဝါရီ ၂၆ ရက်က BBC အသံလွှင့်ဌာနနှင့် သစ်ထူးလွင် အင်တာနက်စာမျက်နှာတို့တွင် ဖော်ပြခဲ့သည့် "မကွေးကရွာတွေမှာ ရေရှားပါးမှုကြုံတွေ့"ခေါင်းစဉ်ဖြင့် ဖော်ပြခဲ့သော သတင်းတွင်ပါရှိသော ကျေးရွာများဖြစ်သည့် မကွေးမြို့နယ် လိပ်ကန်း၊ ကြည်တစ်လုံး၊ သက်ရင်းတော၊ မြို့မိ၊ ကျူချောင်းရွာသစ်၊ ကြို့ပင်အင်းကျေးရွာများသို့ မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ဇန်နဝါရီ ၂၉ ရက်က ကွင်းဆင်းစစ်ဆေးခဲ့ရာ ရေပြတ်လပ်သောအခြေအနေ လုံးဝမဟုတ်ကြောင်း၊ ယခင်နှစ်များအတိုင်း မိုးရေလှောင်ကန်များမှာ ရေနည်းသွားခြင်းဖြစ်ပြီး ကျေးရွာရှိ စက်ရေတွင်းများ ကောင်းမွန်လျက်ရှိကြောင်း၊ လိပ်ကန်းကျေးရွာရှိ Mono Pump စက်ရေတွင်းမှာ တစ်နာရီ ရေဂါလန် ၂၀၀၀ ထွက်ရှိကြောင်း၊ ကျေးရွာ စက်ရေတွင်းရေကို ဒီဇယ်ဖိုးအဖြစ် ရေတစ်စည် ငွေကျပ် ၂၀၀ ပေးရသည့်အတွက် အလကားရသော ကျေးရွာအပြင်က ကန်ရေကိုသာ သုံးစွဲလျက်ရှိသည်ကို စိစစ်တွေ့ရှိခဲ့ကြောင်း မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးဝင်းနိုင်က ပြောကြားသည်။

BBC အသံလွှင့်ဌာနနှင့် ဆက်သွယ်မေးမြန်း ဖြေကြားသူဖြစ်သော လိပ်ကန်းကျေးရွာမှ ကိုစိုးလွင်ဦး(ခ) ကိုစိုးလွင်အေး(ယခင် INGO အဖွဲ့တွင် တာဝန်ထမ်းဆောင်ဖူးသူ)နှင့် တွေ့ဆုံကာ ဘာဖြစ်လို့ ရေပြတ်လပ်ကြောင်းဖြေတာလဲဟု မေးသောအခါ ကျေးရွာအတွက် စက်ရေတွင်းသစ်တစ်တွင်း ထပ်မံရရှိမည်ထင်၍ ဖြေကြားခဲ့ခြင်းဖြစ်ကြောင်း ပြောသည်။

ယင်းနေ့က ကိုစိုးလွင်အေးအား စက်ရေတွင်းရှိရာအထိ ခေါ်ယူကာ ၎င်းရှေ့တွင် စက်ရေတွင်းကို မောင်းနှင်ပြီး ရေထွက်နှုန်းကို တိုင်းတာပြခဲ့သည်။ ဇန်နဝါရီလကုန်အထိ လုံးဝရေပြတ်လပ်သည့် ကျေးရွာမရှိသေးပါကြောင်း၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် နိုင်ငံတော်အစိုးရက မကွေးမြို့နယ်အတွင်း ကျေးရွာ ၁၈ ရွာတွင် ရေတွင်း ၁၆ တွင်း၊ ရေကန်နှစ်ကန်ကို ဘဏ္ဍာငွေကျပ် ၂၈၂ ဒသမ ၁၁၅ သန်း အကုန်အကျခံကာ ကျေးလက်နေပြည်သူများအတွက် ဆောင်ရွက်ပေးခဲ့ပြီးဖြစ်ကြောင်း ဆက်လက်ပြောကြားသည်။

မကွေးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနအနေဖြင့် နွေရာသီ ရေရှားပါးပြတ်လပ်မှုအခြေအနေကို ယခင်နှစ်များကလည်း အောင်မြင်စွာ ဖြေရှင်းပေးနိုင်ခဲ့ပြီးဖြစ်သည်။ ယခုနှစ်အတွက်လည်း စီမံချက်ရေးဆွဲကာ တင်ပြထားပြီးဖြစ်သည်။ မိုးရေလှောင်ကန်ကို အမှီပြုနေသော ကျေးရွာများကို ရေပြတ်လပ်နိုင်သော အရေးကြီးကျေးရွာများအဖြစ် သတ်မှတ်ကာ သက်ဆိုင်ရာ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ တိုက်နယ်အသီးသီးရှိ မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့ထံမှ သတင်းရယူကာ ဝန်ကြီးဌာနနှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့တို့၏ ညွှန်ကြားမှု၊ တိုင်း၊ ခရိုင် ကျေးလက်တို့၏ ကြီးကြပ်မှုကိုခံယူကာ ရေပြတ်လပ်သည့်ကျေးရွာအား ချက်ချင်းရေဖြန့်ဝေပေးနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိကြောင်း မြို့နယ်ဦးစီးမှူးက ဆက်လက်ပြောပြသည်။

ကျော်ဇေယျ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)တိပိဋကမဟာဂန္ထဝင်နိကာယ်ကျောင်းတိုက်မှ အဘိဓမ္မာဒုတိယပိုင်း(၂)ကျမ်း အာဂုံအောင် အာဘိဓမ္မိကဘွဲ့နှင့် တိပိဋကဓရဘွဲ့ကိုခံယူမည့် အရှင်ပညာဝံသာဘိဝံသ (ကျောက်ပန်းတောင်းတိပိဋကဆရာတော်)

ထေရုပ္ပတ္တိအကျဉ်း

ဖွားရာဇာတိနှင့် ဖွားသက္ကရာဇ်

အရှင်ပညာဝံသာဘိဝံသသည် မန္တလေးတိုင်းဒေသကြီး၊ ကျောက်ပန်းတောင်းမြို့နယ်၊ တောင်နောက်ရွာ၊ ခမည်းတော် ဦးချစ်ဖေ+မယ်တော် ဒေါ်တင်ရတို့က ၁၃၃၆ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော်(၁၄)ရက်၊ ကြာသပတေးနေ့တွင် ဖွားမြင်သော သားရတနာဖြစ်ပါသည်။

ဥပသမ္ပဒမင်္ဂလာ

၁၃၅၇ ခုနှစ်၊ နှောင်းတန်ခူးလပြည့်ကျော်(၈)ရက် ဗုဒ္ဓဟူးနေ့တွင် တောင်လှတောင်ကျောင်းဆရာတော် ဦးသောမကို ဥပဇ္ဈာယ်ပြုလျက် ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်နေ ဒုတိယဗိုလ်မှူးကြီး စံတင်(ငြိမ်း)+ ဒေါ်သိန်းသိန်းစံမိသားစုတို့၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ မြင့်မြတ်သော ရဟန်းအဖြစ်သို့ရောက်ရှိခဲ့ပြီး တောင်နောက်ရွာ ဦးသန်းလေး+ဒေါ်ညိုမိသားစု၊ ရန်ကုန်မြို့၊ လှိုင်မြို့နယ် ဦးသိန်းလွင်+ဒေါ်ကံကြည်မိသားစု၊ မိဘနှစ်ပါးမိသားစု၊ ရန်ကုန်မြို့ ဇနိတာရာမရိပ်သာ ဒေါ်စိန်မြမြမိသားစု၊ တောင်နောက်ရွာ ဦးမောင်ဝင်း+ဒေါ်လှလှဝင်း မိသားစု၊ အောင်မင်္ဂလာရပ် ဦးစန်းချို+ဒေါ်စန်းမြင့် မိသားစု၊ သီရိမင်္ဂလာရပ်၊ ဦးမျိုးမင်း+ဒေါ်မြမြသင်း မိသားစု၊ လက်ပံကျင်းရွာ ဦးမျိုးမြင့်+ဒေါ်ငွေကြိုင် မိသားစု၊ တောင်နောက်ရွာ ဦးတင်လှဝင်း+ဒေါ်ခင်ကြိုင် မိသားစု၊ ဦးကျော်ဒိုး+ဒေါ်ငြိမ်းတင် မိသားစု၊ သုံးခွမြို့ ဦးစန်းမြင့်+ ဒေါ်အေးပို မိသားစု၊ ကျောက်ပန်းတောင်းမြို့ သီရိမင်္ဂလာရပ် ဦးတင်ဝင်း+ဒေါ်ခင်မျိုးနွယ် မိသားစု၊ ရန်ကုန်မြို့၊ အင်းစိန်မြို့နယ် ဦးလှသိန်း+ ဒေါ်ငွေမြိုင် မိသားစု၊ ရန်ကုန်မြို့၊ မောင်ကိုကို+မဒွေးဒွေးဦး မိသားစု၊ မိုးကုတ်မြို့ကျပ်ပြင်၊ ပန်းမရပ် ဦးလွင်မြင့်+ ဒေါ်ရီရီထွေး မိသားစု၊ ရန်ကုန်မြို့ ဦးကျော်ဒိုး+ဒေါ်မြညွန့် မိသားစု၊ တောင်နောက်ရွာ ဦးသန်းမောင်+ဒေါ်စောအေး မိသားစု၊ ရန်ကုန်မြို့ ဦးတင်ဝင်း+ဒေါ်ခင်ကြည်၊ ဆန်းကိုကို မိသားစု၊ ရန်ကုန်မြို့၊ အင်းစိန်မြို့နယ် ဒေါက်တာ ဦးအောင်သန်းဦး+ဒေါ်လှလှဒွေး မိသားစု၊ ရန်ကုန်မြို့ ဦးတင့်ထွန်းလွင်+ဒေါ်လင်းလင်းထိုက် မိသားစုတို့က သိက္ခာထပ်မင်္ဂလာပြုခဲ့ကြပါသည်။

ကျေးဇူးရှင် ဆရာတော်များ

ကျောက်ပန်းတောင်းမြို့နယ်၊ တောင်နောက်ရွာ တောင်လှအရှေ့ကျောင်း ဆရာတော် ဦးကုန္ဒဝံသ၊ ဦးဓမ္မိက၊ ကျောက်ပန်းတောင်းမြို့၊ စိတ္တပါလဂူကျောင်း စာသင်တိုက် ဆရာတော်ဘုရားကြီးနှင့် ဆရာတော် ဦးလာဘ၊ ဦးဇဋိလ၊ ဦးတေဇိန္ဒ၊ ဦးနန္ဒာစရိယ၊ ဦးဥေယျာဘိဝံသ၊ အမရပူရမြို့၊ မဟာဂန္ဓာရုံကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တကုဏ္ဍလာဘိဝံသ၊ ဘဒ္ဒန္တ ကွန္ဓော ဘာသာဘိဝံသ၊ ဘဒ္ဒန္တမဟိန္ဒ၊ ရန်ကုန်မြို့၊ ဒဂုံမြို့သစ် (အရှေ့ပိုင်း) တိပိဋကမဟာဂန္ထဝင် နိကာယ်ကျောင်းတိုက် ဆရာတော် တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက၊ အဂ္ဂမဟာပဏ္ဍိတ၊ ရေစကြိုဆရာတော် ဘဒ္ဒန္တဝါယာမိန္ဒာဘိဝံသ၊ ပိဋကနှစ်ပုံခွဲဆောင် ဘဒ္ဒန္တသြဘာသာဘိဝံသတို့ဖြစ်ကြပါသည်။

အောင်မြင်ခဲ့သော စာမေးပွဲများနှင့် ဘွဲ့များ

မန္တလေးမြို့၊ ပရိယတ္တိသာသနာလင်္ကာရသာမဏေကျော်ဘွဲ့၊ မဟာဂန္ဓာရုံ မဟာဂန္ဓာရာမိက သာသနာလင်္ကာရအကျော်ဘွဲ့များ၊ မဟာဂန္ဓာရာမိက ဓမ္မာစရိယဘွဲ့၊ အစိုးရစာမေးပွဲ သာသနဓဇဓမ္မာစရိယဘွဲ့၊ ဝိနယပါဠိပါရဂူဘွဲ့၊ ဝိနယဝိဒူဘွဲ့၊ အင်္ဂုတ္တရနိကာယဝိဒူဘွဲ့ (တစ်ပြည်လုံးပထမ)၊ ဒီဃနိကာယဝိဒူဘွဲ့ (တစ်ပြည်လုံးဒုတိယ)၊ ဝိနယမဟာဝိဒူဘွဲ့၊ ဒီဃနိကာယ မဟာဝိဒူဘွဲ့၊ အဘိဓမ္မဝိဒူဘွဲ့(၁)၊ အဘိဓမ္မဝိဒူဘွဲ့(၂)၊ ရန်ကုန်စေတိယင်္ဂဏအဘိဝံသဘွဲ့ (ပထမ)၊ စေတိယင်္ဂဏပရိယတ္တိဓမ္မာစရိယဂဏဝါစကဘွဲ့၊ မြင်းခြံမြို့၊ ပရိယတ္တိသဒ္ဓမ္မပါလ ဓမ္မာစရိယဘွဲ့၊ ရန်ကုန်နိကာယ်နိကာယုဇ္ဈောတက ဝိနယဓရဘွဲ့၊ နိကာယုဇ္ဈောတက ဝိနယဓမ္မာ စရိယဘွဲ့၊ နိကာယုဇ္ဈောတက ဓမ္မဝိသာရဒဒီဃဘာဏကဘွဲ့၊ နိကာယုဇ္ဈောတက ဒီဃနိကာယ ဓမ္မာစရိယဘွဲ့၊ နိကာယုဇ္ဈောတက မူလအာဘိဓမ္မိကဘွဲ့၊ နိကာယုဇ္ဈောတက မဇ္ဈိမအာဘိ ဓမ္မိကဘွဲ့၊ မိုးကုတ် နိကာယဝုမ္မိသမိတိ မူလအဘိဓမ္မကောဝိဒဘွဲ့၊ မဟာဂန္ထဝင် မဟာဂန္ထဝံသဝိနယာဂမဘွဲ့၊ မဟာဂန္ထဝံသ ဒီဃာဂမဘွဲ့၊ မဟာဂန္ထဝံဒီဃနိကာယကောသလ္လဘွဲ့၊ မဟာဂန္ထ ဝံသမူလအဘိဓမ္မာဂမဘွဲ့၊ တိပိဋကရေစာမေးပွဲ ဝိနယဓရဘွဲ့၊ ဝိနယကောဝိဒဘွဲ့၊ ဒီဃဘာဏကဘွဲ့၊ ဒီဃနိကာယ ကောဝိဒဘွဲ့၊ မူလအာဘိ ဓမ္မိကဘွဲ့၊ မူလအဘိဓမ္မကောဝိဒဘွဲ့တို့ကို ရရှိအောင်မြင်ခဲ့ပါသည်။

အာဘိဓမ္မိကဘွဲ့လက်မှတ်

၁၃၇၇ ခုနှစ်၊ တိပိဋကဓရ-တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲ အာဂုံပြန်ဆိုပွဲတွင် အဘိဓမ္မာနောက်ပိုင်း(၂)ကျမ်း၊ (က)အာဂုံပြန်ဆိုပွဲ၌ ပြန်ဆိုအောင်မြင်သောကြောင့် အာဘိဓမ္မိက ဘွဲ့တံဆိပ်တော်ငွေအောင်လက်မှတ်နှင့် အရိုးနိကနက္ကဒဏ် ထီးဖြူတော် သုံးလက်တံဆိပ်ပါရှိသော သာသနာ့အောင်လံတော်တို့ကို ခံယူရရှိတော်မူမည် ဖြစ်ပါသည်။

တိပိဋကဓရဘွဲ့တံဆိပ်တော်

ယခုအခါ အရှင်ပညာဝံသာဘိဝံသသည် သင်ရိုးပိဋကတ်သုံးပုံကို အာဂုံပြန်ဆိုအောင်မြင်ပြီးဖြစ်သဖြင့် တိပိဋကဓရဘွဲ့တံဆိပ်တော်၊ ငွေအောင်လက်မှတ်နှင့် အရိုးနိကနက္ကဒဏ်ထီးဖြူတော် သုံးလက်တံဆိပ်ပါရှိသော သာသနာ့အောင်လံတော်တို့ကို အလှူခံရရှိတော်မူမည်ဖြစ်ပါသည်။

(၆၈) ကြိမ်မြောက် တိပိဋကဓရ၊ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲ သဘောရေးဖြေနှင့် အာဂုံပြန်အောင်စာရင်း

ယမန်နေ့မှအဆက်

ဝိနယပိဋက၊ ဝိနည်း(ပထမပိုင်း)နှစ်ကျမ်းအာဂုံအောင် ဉဘတောဝိဘင်္ဂဓရ(၃၇)ပါးအဆက်

၄။	ပလ္လင်အမှတ်(၈၂)	အရှင်သီလာဝုဓာလင်္ကာရ၊ အသက်(၂၉ နှစ်)၊ သိက္ခာ(၈)ဝါ၊ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး
၅။	ပလ္လင်အမှတ်(၈၃)	အရှင်ပဏ္ဍိတ၊ အသက်(၂၇နှစ်)၊ သိက္ခာ(၈)ဝါ၊ တိပိဋကမဟာဂန္ထဝင်နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၆။	ပလ္လင်အမှတ်(၈၄)	အရှင်တေဇနိယ၊ အသက်(၃၀နှစ်)၊ သိက္ခာ(၈)ဝါ၊ တိပိဋကမဟာဂန္ထဝင်နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၇။	ပလ္လင်အမှတ်(၈၅)	အရှင်ဓမ္မတေဇ၊ အသက်(၂၇ နှစ်)၊ သိက္ခာ(၈)ဝါ၊ တိပိဋကမဟာဂန္ထဝင်နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၈။	ပလ္လင်အမှတ်(၉၁)	အရှင်နန္ဒက၊ အသက်(၂၆နှစ်)၊ သိက္ခာ(၇)ဝါ၊ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး
၉။	ပလ္လင်အမှတ်(၉၂)	အရှင်သူရိယ၊ အသက်(၂၇နှစ်)၊ သိက္ခာ(၇)ဝါ၊ တိပိဋကစုဆန်းလီစာသင်တိုက်၊ ပုလဲမြို့သစ်၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး **(အထူးအောင်)**
၁၀။	ပလ္လင်အမှတ်(၉၇)	အရှင်ကေသရ၊ အသက်(၂၆နှစ်)၊ သိက္ခာ(၆)ဝါ၊ တိပိဋကမဟာဂန္ထဝင်နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၁၁။	ပလ္လင်အမှတ်(၁၀၀)	အရှင်ပုညာနန္ဒ၊ အသက်(၂၆နှစ်)၊ သိက္ခာ(၅)ဝါ၊ တိပိဋကမဟာဂန္ဓာရုံကျောင်းတိုက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၁၂။	ပလ္လင်အမှတ်(၁၀၉)	အရှင်အဂ္ဂဓမ္မ၊ အသက်(၂၉နှစ်)၊ သိက္ခာ(၉)ဝါ၊ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး
၁၃။	ပလ္လင်အမှတ်(၁၁၂)	အရှင်တိလောက၊ အသက်(၂၇နှစ်)၊ သိက္ခာ(၈)ဝါ၊ ဓမ္မာရာမတောရကျောင်းတိုက်၊ သံဖြူဇရပ်မြို့၊ မွန်ပြည်နယ်
၁၄။	ပလ္လင်အမှတ် (၁၁၄)	အရှင်ရေဝတ၊ အသက် (၂၇နှစ်)၊ သိက္ခာ (၇) ဝါ၊ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး
၁၅။	ပလ္လင်အမှတ် (၁၁၅)	အရှင်ကုန္ဒာစာရ၊ အသက် (၂၆နှစ်)၊ သိက္ခာ (၆) ဝါ၊ စွန်းလွန်းဂူဝိပဿနာကျောင်းတိုက်၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၁၆။	ပလ္လင်အမှတ် (၁၁၆)	အရှင်ခေမိန္ဒ၊ အသက်(၂၅နှစ်)၊ သိက္ခာ (၆) ဝါ၊ တိပိဋကမဟာဂန္ထဝင်နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၁၇။	ပလ္လင်အမှတ် (၁၁၇)	အရှင်ကုမာရ၊အသက် (၂၅နှစ်)၊ သိက္ခာ(၆)ဝါ၊ တိပိဋကမဟာဂန္ထဝင်နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၁၈။	ပလ္လင်အမှတ် (၁၁၈)	အရှင်သူရိယ၊ အသက် (၂၇နှစ်)၊ သိက္ခာ(၆)ဝါ၊ တိပိဋကမဟာဂန္ဓာရုံကျောင်းတိုက်၊ အမှတ်(၉)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၁၉။	ပလ္လင်အမှတ် (၁၂၀)	အရှင်ပညာလောက၊ အသက် (၂၆နှစ်)၊ သိက္ခာ (၆)ဝါ၊ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး
၂၀။	ပလ္လင်အမှတ် (၁၂၂)	အရှင်နေမိန္ဒာလင်္ကာရ၊ အသက်(၂၇နှစ်)၊ သိက္ခာ(၆)ဝါ၊ မဟာဝိသုဒ္ဓါရုံပါဠိတက္ကသိုလ် ရွှေကျင်တိုက်သစ်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၂၁။	ပလ္လင်အမှတ် (၁၂၄)	အရှင်ကုန္ဒာစာရ၊ အသက် (၂၅နှစ်)၊ သိက္ခာ(၅)ဝါ၊ သဒ္ဓမ္မပဇ္ဇောတာရုံကျောင်းတိုက်၊ မုံရွာမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး
၂၂။	ပလ္လင်အမှတ် (၁၂၉)	အရှင်သုဇနက၊ အသက် (၂၃နှစ်)၊ သိက္ခာ(၄) ဝါ၊ တိပိဋကမဟာဂန္ထဝင်နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး **(အထူးအောင်)**
၂၃။	ပလ္လင်အမှတ်(၁၃၀)	အရှင်ခေမိဿရ၊ အသက်(၂၃နှစ်)၊ သိက္ခာ(၄)ဝါ၊ တိပိဋကဓမ္မပါလကျောင်းတိုက် မုံရွာမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး
၂၄။	ပလ္လင်အမှတ်(၁၃၁)	အရှင်ဓမ္မသိရီ၊ အသက်(၂၅နှစ်)၊ သိက္ခာ(၃)ဝါ၊ သဒ္ဓမ္မပဇ္ဇောတာရုံကျောင်းတိုက်၊ မုံရွာမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး
၂၅။	ပလ္လင်အမှတ်(၁၄၆)	အရှင်ဇောတိက၊ အသက်(၂၉နှစ်)၊ သိက္ခာ(၉)ဝါ၊ တိပိဋကဓမ္မပါလကျောင်းတိုက် မုံရွာမြို့ စစ်ကိုင်းတိုင်းဒေသကြီး
၂၆။	ပလ္လင်အမှတ်(၁၄၈)	အရှင်အာလောက၊ အသက်(၂၉နှစ်)၊ သိက္ခာ(၉)ဝါ၊ ပေါင်လောင်လေးကျောင်းတိုက်၊ ပေါင်လောင်လေးရွာ၊ ကျောက်ဆည်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
၂၇။	ပလ္လင်အမှတ်(၁၅၀)	အရှင်ပညာသီဟ၊ အသက်(၂၈နှစ်)၊ သိက္ခာ(၈)ဝါ၊ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ မင်းကွန်း၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး
၂၈။	ပလ္လင်အမှတ်(၁၅၁)	အရှင်ဓမ္မသေန၊ အသက်(၂၈နှစ်)၊ သိက္ခာ(၈) ဝါ၊ မဟာဝိသုဒ္ဓါရုံပါဠိတက္ကသိုလ် ရွှေကျင်တိုက်သစ်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၂၉။	ပလ္လင်အမှတ်(၁၅၃)	အရှင်ဝါယာမ၊ အသက်(၂၇နှစ်)၊ သိက္ခာ(၇)ဝါ၊ တိပိဋကဓမ္မပါလကျောင်းတိုက် မုံရွာမြို့ စစ်ကိုင်းတိုင်းဒေသကြီး
၃၀။	ပလ္လင်အမှတ်(၁၅၉)	အရှင်ကေသရ၊ အသက်(၂၆နှစ်)၊ သိက္ခာ(၆)ဝါ၊ တိပိဋကနိကာယကျောင်းတိုက် မိုးမိတ်ကုန်းမြေ၊ မင်းကွန်း၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး
၃၁။	ပလ္လင်အမှတ်(၁၆၃)	အရှင်ပညာသီရိလင်္ကာရ၊ အသက်(၂၈နှစ်)၊ သိက္ခာ(၆)ဝါ၊ မဟာဝိသုဒ္ဓါရုံပါဠိတက္ကသိုလ် ရွှေကျင်တိုက်သစ်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး **(အထူးအောင်)**
၃၂။	ပလ္လင်အမှတ်(၁၆၄)	အရှင်ဝံသပါလ၊ အသက်(၂၆နှစ်)၊ သိက္ခာ(၅)ဝါ၊ တိပိဋကမဟာဂန္ဓာရုံကျောင်းတိုက်၊ အမှတ်(၉) ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၃၃။	ပလ္လင်အမှတ်(၁၆၅)	အရှင်ဝါသေဋ္ဌာလင်္ကာရ၊ အသက်(၂၆နှစ်)၊ သိက္ခာ(၅)ဝါ၊ မဟာဝိသုဒ္ဓါရုံပါဠိတက္ကသိုလ် ရွှေကျင်တိုက်သစ်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၃၄။	ပလ္လင်အမှတ်(၁၆၆)	အရှင်ဝါသဝ၊ အသက်(၂၅နှစ်)၊ သိက္ခာ(၅)ဝါ၊ တိပိဋကမဟာဂန္ထဝင်နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၃၅။	ပလ္လင်အမှတ်(၁၆၇)	အရှင်အာလောက၊ အသက်(၂၅နှစ်)၊ သိက္ခာ(၄)ဝါ၊ တိပိဋကမဟာဂန္ထဝင်နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၃၆။	ပလ္လင်အမှတ်(၁၆၈)	အရှင်သုဝဏ္ဏာလင်္ကာရ၊ အသက်(၂၄နှစ်)၊ သိက္ခာ(၃)ဝါ၊ တိပိဋကမဟာဂန္ဓာရုံကျောင်းတိုက်၊ အမှတ်(၉)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၃၇။	ပလ္လင်အမှတ်(၁၆၉)	အရှင်ဝိလာသ၊ အသက်(၂၂နှစ်)၊ သိက္ခာ(၂)ဝါ၊ ပိဋကသုံးပုံနိကာယ်စာသင်တိုက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

အများအားဖြင့် သာယာမည်

နေပြည်တော် ဇန်နဝါရီ ၂၀

နေပြည်တော်နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။ မနက်ဖြန်ညနေအထိ ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီ တိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့် သာယာမည်။ **(မိုး/ဇလ)**

ရန်ကုန်မြို့ပြဖွံ့ဖြိုးမှုဖော်ဆောင်မည့် အဆောက်အအုံများ ဆောက်လုပ်လျက်ရှိ

ရန်ကုန် ဇန်နဝါရီ ၃၀

စီးပွားရေး မြို့တော်ဖြစ်သော ရန်ကုန်မြို့သည် လူနေထူထပ်များပြားပြီး အများပြည်သူနေထိုင်ရန် အိမ်ရာအဆောက်အအုံများ များစွာလိုအပ်လျက်ရှိသည်။ မြို့တော်ရန်ကုန်အတွင်း တည်ဆောက်ဆဲ တည်ဆောက်ပြီး အဆောက်အအုံများစွာရှိသော်လည်း ပြည်သူများနေထိုင်ရန် အဆောက်အအုံများစွာ လိုအပ်နေဆဲဖြစ်သည်။

ရန်ကုန်မြို့ ကမာရွတ်မြို့နယ် အမှတ်(၇)ရပ်ကွက် ကျွန်းတောလမ်းနှင့် ဟံသာဝတီလမ်းကြားတွင် Times City Project တည်ဆောက်ခြင်း လုပ်ငန်းများလုပ်ဆောင်နေကြောင်း သိရသည်။ **(ယာပုံ)** မြေဧရိယာအကျယ် ကိုးဧကပေါ်၌ တည်ဆောက်နေပြီး စီမံကိန်းအပိုင်းသုံးပိုင်း ခွဲခြားလုပ်ဆောင်နေကြောင်း သိရသည်။

အဆိုပါ တည်ဆောက်ရေးလုပ်ငန်းအတွင်း အထပ်ငါးထပ်ရှိ စီးပွားရေးဆိုင်ရာ အဆောက်အအုံနှစ်လုံး၊ ၂၆ ထပ်ရှိ ဟိုတယ်တစ်လုံး၊ အထပ် ၂၀ ရှိ ရုံးအဆောက်အအုံတစ်လုံး၊ ကွန်ဒို အဆောက်အအုံခြောက်လုံး ပါဝင်ကြောင်း သိရသည်။

အဆောက်အအုံများကို ၂၀၁၃ ခုနှစ် မေလတွင် စတင်ဆောက်လုပ်ခဲ့ခြင်းဖြစ်ပြီး ၂၀၁၆ ခုနှစ်တွင် ပြီးစီးနိုင်ရေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ လူနေအိမ်ခန်းများ၊ ဈေးဆိုင်ခန်းများ၊ ရုံးခန်းများ၊ စီးပွားဖြစ်အသုံးပြုနိုင်သော နေရာများ ပါဝင်ကြောင်း အကြမ်းဖျင်းသိရသည်။

အဆိုပါ စီမံကိန်းကို ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီနှင့် Crown Advanced Construction Co.,Ltd. တို့ အကျိုးတူ ပူးပေါင်းဆောင်ရွက်နေခြင်းဖြစ်ကြောင်း သိရသည်။

(၁၆၃)

၂၀၁၈ ကမ္ဘာ့ဖလားခြေစစ်ပွဲ နောက်ဆုံးပွဲနှင့် နိုင်ငံတကာခြေစမ်းပွဲတို့အတွက် မြန်မာ့လက်ရွေးစင်အသင်း ဖွဲ့စည်း

ရန်ကုန် ဇန်နဝါရီ ၃၀

မတ်လအတွင်း ယှဉ်ပြိုင်ကစားရမည့် ၂၀၁၈ ကမ္ဘာ့ဖလားခြေစစ်ပွဲနှင့် နိုင်ငံတကာခြေစမ်းပွဲတို့အတွက် မြန်မာ့လက်ရွေးစင်အသင်းကို ပဏာမကစားသမား ၂၉ ဦးဖြင့် ဖွဲ့စည်းလိုက်ပြီဖြစ်သည်။

ယခုဖွဲ့စည်းလိုက်သည့် မြန်မာ့လက်ရွေးစင်အသင်းတွင် **ဂိုး**-ပြည့်ဖြိုးအောင် (Southern)၊ ကျော်ဇင်ဖြိုး(မကွေး)၊ မျိုးမင်းလတ်(ရှမ်းယူနိုက်တက်) **နောက်တန်း**-ဒေးဗစ်ဒန်း၊ ဇော်မင်းထွန်း၊ သိန်းဇော် (ရန်ကုန်)၊ ကျော်ဇင်လွင်၊ နန္ဒကျော်(မကွေး)၊ ဇော်လင်း၊ ဟိန်းသီဟဇော်၊ ထိုက်ထိုက်အောင် (ရှမ်းယူနိုက်တက်)၊ အောင်ဇော် (ဟံသာဝတီ)၊ ဖြိုးကိုကိုသိန်း(ဧရာဝတီ)၊ ရဲဝင်းအောင် (ရတနာပုံ)၊ **အလယ်တန်း**-လှိုင်းဘိုဘို၊ ရဲကိုဦး၊ မျိုးကိုထွန်း၊ သက်နိုင် (ရတနာပုံ)၊ ရန်အောင်ကျော်၊ ကျော်မင်းဦး၊ ကြည်လင်း(ရန်ကုန်)၊ ရန်နိုင်ဦး(ဇေယျာရွှေမြေ)၊ မောင်မောင်လွင်(ဟံသာဝတီ)၊ သီဟဇော်(ဧရာဝတီ)၊ နေလင်းထွန်း (ရှမ်းယူနိုက်တက်)၊ **ရှေ့တန်း**-အောင်သူ (ရတနာပုံ)၊ ကျော်ကိုကို၊ ငြိမ်းချမ်းအောင်(ရန်ကုန်)၊ ဆောင်လန်မန် (ချင်းယူနိုက်တက်)တို့ ပါဝင်ကြသည်။

လက်ရွေးစင်အသင်း သည် ဖေဖော်ဝါရီ ၃ ရက်မှစတင်ကာ အပတ်စဉ် ဗုဒ္ဓဟူးနေ့တိုင်း လေ့ကျင့်မှုများ ပြုလုပ်မည်ဖြစ်သည်။ လက်ရွေးစင်အသင်းသည် မတ် ၂၃ ရက်တွင် စင်ကာပူလက်ရွေးစင်အသင်းနှင့် ခြေစမ်းကစားမည်ဖြစ်ပြီး မတ် ၂၉ ရက်တွင် ကမ္ဘာ့ဖလားခြေစစ်ပွဲ နောက်ဆုံးပွဲအဖြစ် လက်ဘနွန်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်ကာ ယင်းအသင်းကို နည်းပြချုပ်အဖြစ် ဂျတ်ဖရိုင်းဒရစ်က ကိုင်တွယ်မည်ဖြစ်သည်။

ညီမြတ်သော်တာ

ရန်ကင်းသူ ရန်ကင်းသား အွန်လိုင်းပရဟိတအဖွဲ့သို့ ငွေလှူဒါန်း

ရန်ကုန် ဇန်နဝါရီ ၃၀

ရန်ကင်းသူ ရန်ကင်းသား အွန်လိုင်းပရဟိတအဖွဲ့ ဖွဲ့စည်းခြင်းအထိမ်းအမှတ် ငွေလှူဒါန်းပွဲကို ဇန်နဝါရီ ၃၀ ရက် နံနက်က ရန်ကုန်တိုင်းဒေသကြီး သင်္ဃန်းကျွန်းမြို့နယ် (၁၆/၄)ရပ်ကွက် သုမန ၂ လမ်း အိမ်အမှတ်(၁၀၉၃)နေ အလှူရှင် ဦးတင်မောင်ဆွေ-ဒေါ်သက်သက်တင်တို့၏ နေအိမ်၌ ကျင်းပခဲ့သည်။

အလှူငွေလှူဒါန်းရာတွင် အလှူရှင် ဦးတင်မောင်ဆွေ-ဒေါ်သက်သက်တင် မိသားစုက အလှူငွေကျပ် ၁၀ သိန်းကို လည်းကောင်း၊ သင်္ဃန်းကျွန်းမြို့နယ် သုမင်္ဂလာလမ်း မင်းသစ်ရိပ်သာ အမှတ်(၃၀၁) တိုက်(ဘီ)နေ ဦးကျော်သိန်းထွန်း-ဒေါ်သန့်သန့်စော မိသားစုက အလှူငွေကျပ် ၅၀၀၀၀ ကို လည်းကောင်း ပေးအပ်လှူဒါန်းကြရာ ရန်ကင်းသူ ရန်ကင်းသား အွန်လိုင်းပရဟိတအဖွဲ့ဥက္ကဋ္ဌ ဦးကိုကိုလွင်(ကိုဇွဲထက်)က လက်ခံယူသည်။ **(အောက်ပုံ)**

ရန်ကင်းသူရန်ကင်းသာ အွန်လိုင်းပရဟိတအဖွဲ့ကို ယခုနှစ် ဇန်နဝါရီ ၁ ရက်တွင် မြို့နယ်အတွင်း နေထိုင်ခဲ့သော ရန်ကင်းသူ ရန်ကင်းသားများနှင့် လက်ရှိနေထိုင်လျက်ရှိသော ရန်ကင်းသူ ရန်ကင်းသားများဖြင့် စုပေါင်းဖွဲ့စည်းထားခြင်းဖြစ်ပြီး အဖွဲ့အနေဖြင့် မြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးကျောင်းများ၊ ကျောင်းသား ကျောင်းသူများ၊ ဆင်းရဲနွမ်းပါးသူများ၊ နာရေးလုပ်ငန်းများ၊ မြို့နယ်အတွင်း အခြားလိုအပ်သည့်နေရာများသို့ လှူဒါန်းသွားမည်ဖြစ်သည်။

အဖွဲ့တွင် ပါဝင်လိုသူများနှင့် အလှူငွေထည့်ဝင်လိုသူများ ဖုန်း-၀၉-၅၄၁၄၃၆၄၊ ၀၉-၉၇၄၀၉၆၆၃၆၊ ၀၉-၅၀၇၃၈၄၁နှင့် ၀၉-၅၅၀၆၁၈၄ တို့ထံသို့ ဆက်သွယ်နိုင်ကြောင်းသိရသည်။

သာညွှန့်(ရန်ကင်း)

မြတ်မွန်စေတနာ လူမှုကူညီရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ်စည်းဝေး

သီပေါ ဇန်နဝါရီ ၃၀

ရှမ်းပြည်နယ် (မြောက်ပိုင်း) သီပေါမြို့နယ် မြတ်မွန်စေတနာ လူမှုကူညီရေး (နာရေး) အသင်း၏ နှစ်ပတ်လည် သင်းလုံးကျွတ် အစည်းအဝေးကို ဇန်နဝါရီ ၃၀ ရက်က မဟာသာသနာ့ဗိမာန်တော် မြို့လယ်ဓမ္မာရုံ၌ ကျင်းပသည်။

အဆိုပါ အစည်းအဝေးတွင် မြို့နယ်အုပ်ချုပ်ရေးမှူးက အမှာစကားပြောကြားပြီး မြတ်မွန်စေတနာ လူမှုကူညီရေး(နာရေး) အသင်းဥက္ကဋ္ဌ ဦးအောင်ခင်က အသင်းစတင်ဖွဲ့စည်းခဲ့သည့် ၁၄နှစ်တာကာလအတွင်း လူမှုကူညီရေးဆောင်ရွက်နိုင်ခဲ့မှုများနှင့် နာရေးဆောင်ရွက်ရာတွင် မီးသင်္ဂြိုဟ်စရိတ် ငွေကျပ် ၁၅၀၀၀ နှုန်း ဝန်ဆောင်မှုပေးသွင်းရာမှ အခမဲ့ သင်္ဂြိုဟ်စရိတ် ဆောင်ရွက်ပေးခဲ့သဖြင့် နာရေးရှင်များအနေဖြင့် ဝန်ထုပ်ဝန်ပိုးလျော့ပါးသွားသည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ မြတ်မွန်စေတနာ လူမှုကူညီရေး (နာရေး)အသင်း၏ ၂၀၁၅ ခုနှစ် နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေးကြီးသို့ တင်သွင်းသော အစီရင်ခံစာကို အသင်းတွဲဖက်အတွင်းရေးမှူး ဦးစိုင်းဇော်ဝင်းက ဖတ်ကြားပြီး တက်ရောက်လာသူများက အကြံပြုဆွေးနွေးခဲ့ကြကြောင်း သိရသည်။

စိုင်း(သီပေါ)

◆ *ကျောဖုံးမှ*

ရေများနှင့် နုတ်ရေများကို ပြန်လည်အသုံးပြုတတ်ရန်၊ စိုက်ကွင်းများသို့ ရေလိုအပ်ချက်နှင့်အညီ အချိန်ကိုက် ရေပေးဝေနိုင်ရန် ရေစီမံခန့်ခွဲမှုအတွက် ကျသင့်သည့်ရေခွန်များကို အုပ်စုအလိုက် စီမံခန့်ခွဲနည်းဖြင့် စုဆောင်းပေးသွင်းနိုင်ရန်၊ တူးမြောင်းနှင့် ဆက်စပ်အဆောက်အအုံများအား စီမံခန့်ခွဲခြင်း၊ လည်ပတ်ခြင်းနှင့် ထိန်းသိမ်း စောင့်ရှောက်ခြင်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်နိုင်ရန်၊ ရေအသုံးပြုသူ တောင်သူလယ်သမားများမှ တက်ကြွစွာ ပူးပေါင်းဆောင်ရွက်ကြရန်၊ မှန်ကန်သော မြေယာအသုံးပြုမှု ဖြစ်ထွန်းလာအောင် ဆောင်ရွက်ရန်၊ စိုက်ပျိုးရေးနည်းစနစ်များ ပိုမိုတိုးတက်ကောင်းမွန်အောင် ဆောင်ရွက်ရန်၊ စိုက်ကွင်းများ စီမံခန့်ခွဲမှုနည်းပညာများ တိုးတက်အောင် ဆောင်ရွက်ရန် စသည့် ရည်ရွယ်ချက်များဖြင့် ဖွဲ့စည်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

"မြစ်ရေတင် ရေပေးဝေရေးလုပ်ငန်းဟာ အခြားဆည်မြောင်းကရေတွေလို သိုလှောင်ထားတဲ့ရေတွေကို ရေတံခါးဖွင့်လွှတ်ပေးရုံနဲ့ ပြီးစီးတဲ့ အနေအထားမျိုးမဟုတ်ပါဘူး။ ဒုဋ္ဌဝတီမြစ်ထဲကရေကို ရွှေလုံ့ဗိုလ်ကန်ကြီးထဲရောက်အောင် ရေမောင်းတင်ရင် တစ်ဧကပေကို ငွေကျပ်ငါးသောင်းကျော် မြန်မာ့လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးဌာနကို ပေးသွင်းရပါတယ်။ နုတ်ရေကန်အထိ ရောက်အောင် နောက်တစ်ဆင့်တင်ရင် တစ်ဧကပေအတွက် စုစုပေါင်းငွေကျပ် တစ်သိန်းကျော် လျှပ်စစ်ဓာတ်အားခ ပေးချေရပါတယ်။ ပူပြင်းတဲ့နွေရာသီမှာရေကန်ကြီးရဲ့ အငွေ့ပြန်မှုက ၂၄ နာရီအတွင်း တစ်လက်မကျော် ရေအမှတ်များအောက် ကျဆင်းသွားပါတယ်။ ဒါကြောင့် ကျွန်တော်တို့က ကန်ကြီးအတွင်းမှာအဆက်မပြတ် ရေမောင်းတင်ထားခြင်းမပြုလုပ်ပါဘူး။ သူ့မြောင်းအလိုက် သူ့ရေပတ်နဲ့သူ ရေအသုံးချသူများအဖွဲ့ရဲ့ အစုအဖွဲ့အလိုက် ရေတောင်းခံလွှာများ (Crop Water Requirement Demands) အပေါ်မူတည်ပြီး ဒုဋ္ဌဝတီမြစ်ထဲက ရေတွေကို ရွှေလုံ့ဗိုလ်ကန်ကြီးအတွင်း နှစ်ရက်၊ သုံးရက် ကြိုတင်စုဆောင်းပြီးမှ လိုအပ်သလို ဖြန့်ဝေပေးတာ ဖြစ်ပါတယ်။ မီဒီယာသမားတွေလေ့လာဖော်ထုတ်သလို အစွန်အဖျားဒေသတွေကို ရေမရောက်တာဟာ အထက်ဘက်ကလူတွေကမိမိစိုက်ခင်းအတွင်း ရေရပြီး ရေမပိတ်ပေးဘဲ ပေါ့ဆစွာ အသုံးပြုကြတာများလို့ ဖြစ်ရတာပါ။ အခုလို မြောင်းအလိုက် ရေအသုံးပြုသူတွေ အဖွဲ့ဖွဲ့ပြီး မြောင်းတစ်မြောင်းကို ခေါင်းဆောင်တစ်ဦး ရွေးချယ်ကာ တောင်သူအချင်းချင်း ညှိနှိုင်းအသုံးပြုမယ်ဆိုရင် အစွန်အဖျားကလူတွေအထိ စိုက်ပျိုးရေသောက်နိုင်အောင် စီစဉ်ပေးတာဖြစ်ပါတယ်။ ဆောင်းသီးနှံ ရိတ်သိမ်းပြီးနောက် နွေသီးနှံ မစိုက်ပျိုးမီ ရေခေါ်မြောင်းပေ တစ်သောင်းကျော်ကို စက်ယန္တရားကြီးတွေနဲ့ နုန်းတွေကို တူးဖော်ပြုပြင်နေပါတယ်။ နုတ်ရေကန်ရေလွှဲဆည်က ထွက်တဲ့ရေပေးမြောင်းတွေကိုလည်း သဲနုန်းဆယ်ယူမှုလုပ်ငန်းတွေဆောင်ရွက်နေပါတယ်။ ရွာသာယာမှာလည်း ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ လိုအပ်ချက်တွေကို ထောက်ပြပေးတဲ့ မီဒီယာသမားတွေကိုလည်း ကျေးဇူးတင်ပါတယ်"ဟု ကျောက်ဆည်ခရိုင် ရေအရင်းအမြစ် အသုံးချရေးဦးစီးဌာန ဦးစီးအရာရှိ ဦးမောင်နိုင်က ပြောပြသည်။

မြစ်ရေတင်စီမံကိန်းလုပ်ငန်းများ စတင်ဆောင်ရွက်သည့် ၂၀၀၉-၂၀၁၀ ဘဏ္ဍာနှစ်နောက်ပိုင်း ၂၀၁၀-၂၀၁၁ မှစ၍ တစ်နှစ်ထက်တစ်နှစ် စိုက်ဧကများတိုးချဲ့စိုက်ပျိုးလာနိုင်ပြီး သီးထပ်၊ သီးညှပ်များ စိုက်ပျိုးကာ သုံးသီးစား စိုက်ပျိုးလာနိုင်ကြောင်း၊ စီမံကိန်း ဧရိယာအတွင်းရှိ ဒေသများကို စိုက်ပျိုးရေအတွက်သာမက သောက်ရေသုံးရေကန်များနှင့် ကျွဲနွား သောက်သုံးရေကန်များကို တည်ဆောက် အကျိုးပြုနိုင်ခဲ့ကြောင်း၊ ကန်ကြီးအတွင်း အမြဲရေမပြတ်အောင် ဖြည့်ပေးနေသောကြောင့် မကြာမီမြေအောက်ရေဓာတ်များ ပျံ့နှံ့ကာ ဒေသတစ်ခုလုံးစိမ်းလန်းစိုပြည်လာတော့မည်ဖြစ်ကြောင်း၊ လာမည့်နွေရာသီစိုက်ပျိုးသီးနှံများ အတွက် နွေစပါး ဧက ၅၈၀(စုပေါင်းလယ်ယာ ဧက၁၀၀အပါအဝင်)၊ ပဲတီစိမ်း ဧက ၁၀၀၀နှင့် နှမ်းဧက ၃၅၀တို့ကို စိုက်ပျိုးရေလုံလောက်စွာ ဖြန့်ဝေပေးနိုင်ရန် စီစဉ်ဆောင်ရွက်ထားကြောင်း၊ ရေအသုံးပြုသူတောင်သူများ အနေဖြင့်လည်း နိုင်ငံတော်က ငွေအကုန်အကျခံကာ ဖြန့်ဝေပေးနေသော မြစ်ရေတင်ရေများကို အလေအလွင့်မရှိအောင် ညီညွတ်မျှတစွာအသုံးပြုကြရန်လိုအပ်ကြောင်း တာဝန်ခံအင်ဂျင်နီယာ ဦးဌေးလွင်က ပြောကြားသည်။

ရေဂါလန်၂၇၀၀၀၀ ကို တစ်ဧကပေသတ်မှတ်ကြောင်း၊ တစ်ဧကပေအတွက် မီတာခမှာ ၅၃၂၇၉ ကျပ်ခန့် ပေးသွင်းရကြောင်း တောင်သူများထံမှ စပါးတစ်ဧကအတွက် ရေခွန်ငွေကျပ် ၆၀၀၀ နှုန်း ကောက်ခံကြောင်း၊ မြောင်းအလိုက်ခေါင်းဆောင်တင်ထားသူများထံမှတစ်ဆင့် စုစည်းကောက်ယူ ပေးသွင်းကြရကြောင်း အဆိုပါ တာဝန်ရှိသူက ဆက်လက်ပြောပြသည်။

သဃ်န်းကျွန်းမြို့နယ် သုဝဏ္ဏ၌ မီးချောင်းအပူလွန်ကဲရာမှ မီးလောင်

ရန်ကုန် ဇန်နဝါရီ ၃၀

ရန်ကုန်တိုင်းဒေသကြီး သင်္ဃန်းကျွန်းမြို့နယ် သုဝဏ္ဏ(၂၉)ရပ်ကွက် မင်းဒင်(၃)လမ်းတွင် ဇန်နဝါရီ ၃၀ ရက် နံနက် ၁ နာရီ မိနစ် ၅၀ က မီးချောင်းအပူလွန်ကဲရာမှ မီးလောင်မှုဖြစ်ပွားခဲ့သည်။ **(ယာပုံ)**

ဖြစ်စဉ်မှာ အဆိုပါလမ်းရှိ အိမ်ရှင် ဒေါ်မော်မော်အောင်၏ အာရ်စီ နှစ်ထပ်တိုက် အကျယ်ပေ (၁၅×၃၀) အပေါ်ထပ်ရှိ ဘုရားစင် မျက်နှာကြက်တွင် တပ်ဆင်ထားသော တစ်ပေမီးချောင်း အပူလွန်ကဲပြီး မျက်နှာကြက်သို့ မီးကူးစက်ရာမှ စတင်လောင်ကျွမ်းခဲ့ခြင်းဖြစ်သည်။

မီးလောင်ရာသို့ သက်ဆိုင်ရာ တာဝန်ရှိသူများ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့်ကြက်ခြေနီတပ်ဖွဲ့ဝင်တို့က မီးငြိမ်းသတ်ယာဉ် ၁၁ စီး၊ ကွပ်ကဲမှုယာဉ် သုံးစီးတို့ဖြင့် မီးငြိမ်းသတ်ခဲ့ရာ နံနက် ၂ နာရီ ၁၄ မိနစ်တွင် မီးငြိမ်းသွားသည်။

မီးလောင်မှုကြောင့် အဆောက်အအုံအပေါ်ထပ်နှင့် အတွင်းပစ္စည်းများလောင်ကျွမ်းခဲ့ပြီး အိမ်ရှင် ဒေါ်မော်မော်အောင်အား သုဝဏ္ဏနယ်မြေရဲစခန်းက အရေးယူထားကြောင်း သိရသည်။

အလားတူ မွန်းလွဲ ၂ နာရီခန့်ကလည်း တာမွေမြို့နယ် မလ္လကုန်း ဌေးကြွယ်ရပ်ကွက်ရှိ အမှတ်(၉) အခြေခံပညာ မူလတန်းကျောင်း အပေါ်ထပ်ရှိ တတိယတန်း အခန်းတွင် မီးလောင်မှုဖြစ်ပွား၍ စာရေးစားပွဲခုံအချို့ မီးလောင်ကျွမ်းခဲ့ပြီး ထိုမီးလောင်မှုအကြောင်းအရင်းကို သက်ဆိုင်ရာက စုံစမ်းစစ်ဆေးလျက်ရှိကြောင်း ကနဦးသတင်းအရ သိရသည်။

သတင်း-ဇော်ကြီး(ပဏ္ဍိတ)
ဓာတ်ပုံ-ခင်မောင်ထွေး

ရန်ကုန်-နေပြည်တော်အမြန်လမ်း၌ ယာဉ်နှစ်စီးပြိုင်မောင်းရာမှ အရှိန်လွန်တိမ်းမှောက်

ကျောက်တံခါး ဇန်နဝါရီ ၃၀

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် မြို့ချောင်းရဲစခန်းအပိုင် နေပြည်တော်-ရန်ကုန် အမြန်လမ်းမကြီး မိုင်တိုင်အမှတ် ၁၀၂ အနီးတွင် ဇန်နဝါရီ ၃၀ ရက် ညနေ ၃ နာရီခွဲခန့်က ယာဉ်နှစ်စီးယှဉ်ပြိုင်မောင်းနှင်ရာမှ အရှိန်လွန်တိမ်းမှောက်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

အခင်းဖြစ်ပွားရာနေရာသို့ မြို့ချောင်းအမြန်လမ်းရဲစခန်းမှ တာဝန်ရှိသူများသွားရောက်စစ်ဆေးခဲ့ရာ

ရန်ကုန်မှ နေပြည်တော်သို့ သထုံမြို့နယ်နေသူ ယာဉ်မောင်း ကောင်းထက်သူ (၃၀နှစ်)မောင်းနှင်သည့် ယာဉ်အမှတ် 7K/----ပရိုဘောက်ယာဉ်နှင့် လှိုင်သာယာမြို့နယ်နေသူ ယာဉ်မောင်း ကျော်လင်းထွန်း(၃၀နှစ်)မောင်းနှင်သည့် ယာဉ်အမှတ် 9J/---- ဟွန်ဒါဖစ်တို့ ယှဉ်ပြိုင်မောင်းနှင်ရာမှ လမ်းကွေ့၌ တစ်စီးနှင့်တစ်စီးချိတ်မိပြီး အရှိန်လွန်တိမ်းမှောက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ယင်းဖြစ်စဉ်ကြောင့် ဟွန်ဒါဖစ်ယာဉ်တွင် ယာဉ်မောင်းပါ အမျိုးသား လေးဦး၊ အမျိုးသမီး ငါးဦးအနက် အမျိုးသမီးတစ်ဦး အခင်းဖြစ်ရာ နေရာတွင် သေဆုံးခဲ့ပြီး အမျိုးသားတစ်ဦး (စိုးရိမ်ရ) ဒဏ်ရာများရရှိခဲ့သဖြင့် ရန်ကုန်ဆေးရုံကြီးသို့ ပို့ဆောင်ဆေးကုသမှုခံယူလျက်ရှိသည်။ **(ဝဲပုံ)** ယာဉ်မောင်းကျော်လင်းထွန်းနှင့် ပရိုဘောက်ယာဉ်ပေါ်ပါခရီးသည်များမှာ မစိုးရိမ်ရဒဏ်ရာများ ရရှိခဲ့ကြောင်း သိရသည်။

ယင်းဖြစ်စဉ်ကြောင့် ယာဉ်မောင်းနှစ်ဦးအား မြို့ချောင်းအမြန်လမ်းရဲစခန်းက အမှုဖွင့်ထားကြောင်း သိရသည်။ **ခင်ကို(ကျောက်တံခါး)**

သေနတ်ရှစ်လက်၊ ကျည်ဆန်တောင့်များနှင့် လိုင်စင်မဲ့ယာဉ်တစ်စီး သိမ်းဆည်းရမိ

မော်လမြိုင် ဇန်နဝါရီ ၃၀

တာဝန်သိပြည်သူတစ်ဦး၏ သတင်းပေးချက်အရ ဇန်နဝါရီ ၂၉ ရက် ည ၉ နာရီခန့်က မော်လမြိုင်မြို့နယ် ဇေယျာမြိုင်ရပ်ကွက် သပြေလမ်းအမှတ်(၁၈၁)နေ မင်းမြင့်နိုင်၏ နေအိမ်သို့ ပူးပေါင်းအဖွဲ့က ဝင်ရောက်ရှာဖွေရာ နေအိမ်ရှေ့တွင် လိုင်စင်မဲ့မော်တော်ယာဉ်အမှတ် 7C/---- SURF အမျိုးအစား တစ်စီး၊ ၉မမ ပစ္စတိုတစ်လက်(ကျည်အိမ်နှင့် ယင်းကျည်ငါးတောင့်ပါ)၊ ပွိုင့် ၃၂ ပစ္စတိုတစ်လက်(ကျည်အိမ်နှင့် ယင်းကျည်ခုနစ်တောင့်ပါ)နှင့် အမ် ၁၆ တစ်လက်(ကျည်အိမ်နှင့် ယင်းကျည်အတောင့် ၂၀ ပါ)တို့ကို တွေ့ရှိသိမ်းဆည်းရမိခဲ့သည်။

ဆက်လက်၍ ပူးပေါင်းအဖွဲ့သည် နေအိမ်မြေအောက်ခန်းအတွင်းမှ ရေအနက်နှစ်ပေခန့်တွင် ဝှက်သိမ်းထားသည့် အမ် ၂၂ အမျိုးအစား သေနတ်တစ်လက်(ကျည်အိမ်ပါ)၊ အမ် ၁၆ အမျိုးအစား သေနတ်တစ်လက်(ကျည်အိမ်ပါ)၊ ဝင်ချက်စတာအမျိုးအစား သေနတ်နှစ်လက်(ကျည်အိမ်မပါ)၊ စတီဗင်အမျိုးအစား စနိုက်ပါတပ်လျက် လေသေနတ်တစ်လက်၊ ၉ မမကျည် ၇၅၃ တောင့်၊ ၁၂ ဗို့ကျည် အဝါရောင်အတောင့် ၅၀ နှင့် အနီရောင်အတောင့် ၂၀၀၊ ပွိုင့် ၂၂ ကျည်တောင့် ၉၅၀၀ တို့ကိုလည်းကောင်း၊ နေအိမ်ရှေ့ခန်းအတွင်း လက်ဆွဲအိတ်အတွင်းမှ ငွေစက္ကူရောရာကျပ် ၁၅၀၇၀၀၀၊ လက်ကိုင်အိတ်အသေးအတွင်းမှ ငွေစက္ကူရောရာကျပ် ၁၄၇၀၅၀ နှင့် နားကပ်တစ်ရန်နှင့် မင်းမြင့်နိုင်ကိုင်ထားသည့် လက်ကိုင်အိတ်အတွင်းမှ ငွေစက္ကူရောရာ ၁၈၆၀၀၀၊ ရွှေဆွဲသီးတစ်ခုတို့ကိုလည်းကောင်း တွေ့ရှိသဖြင့် သိမ်းဆည်းခဲ့သည်။

အဆိုပါဖမ်းဆီးရမိမှုနှင့်ပတ်သက်၍ မင်းမြင့်နိုင်အား မော်လမြိုင်မြို့နယ် ဇေယျာသီရိနယ်မြေရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

ကျော်သန်း(မော်လမြိုင်)

ထူးခြားသည့် ညအပူချိန်များ

နေပြည်တော် ဇန်နဝါရီ ၃၀ ထူးခြားသည့်ညအပူချိန်များမှာ လွိုင်လင်မြို့နှင့် ဟားခါးမြို့တို့တွင် ၁ ဒီဂရီစင်တီဂရိတ်စီ၊ ပူတာအိုမြို့၊ လားရှိုးမြို့၊ နမ့်စန်မြို့၊ ပင်လောင်းမြို့၊ ဟဲဟိုးမြို့၊ ခန္တီးမြို့၊ ပြင်ဦးလွင်မြို့နှင့် မိုးကုတ်မြို့တို့တွင် ၄ ဒီဂရီ စင်တီဂရိတ်စီတို့ ဖြစ်ကြသည်။ **(မိုး/ဇလ)**

ဖောင်းကြွပျောက်
လျှောက်ထားခြင်း

ယာဉ်အမှတ် 7I/5173 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)

သွေးသည် အသက်

သနိုးဌေးနှင့်ဈောင်းရင်းများ ၅ ကျိုက်ထီးရိုး/ချောင်းသာ(ဖနုစ်)
✿ မန်းရွှေစက်တော် ပါဒခြေတော်ရာပူဇော်ပွဲသို့ ...(11-2-2016) ထွက်မည်
✿ မြတ်မော်တင်ဆွန်း ဘုရားပွဲတော်သို့ ....(21-2-2016) ထွက်မည်
✿ ရွှေစက်တော်၊ စက္ကိန်းတဲ၊ နဂါးပွက်၊ ကျောင်းတော်ရာ၊ မကွေးမြသလွန် (၃)ရက်။
✿ ရွှေစက်တော်၊ ပုဂံ-ညောင်ဦး၊ ပုပ္ပါး၊ စွယ်တော်လေးဆူ (၅)ရက်။
✿ ရွှေစက်တော်၊ အလောင်းတော်ကဿပ၊ ဖိုလ်ဝင်တောင်၊ ရွှေဘတောင် (၅)ရက်။
✿ ရွှေစက်တော်၊ ရခိုင်-မြောက်ဦး၊ ကျောက်တော်၊ စစ်တွေ၊ ငပလီ၊ ကမ်းသာယာ(၈)ရက်။
✿ စစ်ကိုင်း၊ မုံရွာ၊ အလောင်းတော်ကဿပ (၄)ရက်။ မန္တလေး၊ ပြင်ဦးလွင် ပါ (၅)ရက်။
✿ တောင်ကြီး၊ အင်းလေး၊ ပင်းတယ၊ ကုံလုံ၊ ထမ့်စမ်း (၄)ရက်။ လွိုင်ကော် ပါ(၅)ရက်။
✿ မန္တလေး၊ ပြင်ဦးလွင်၊ လားရှိုး၊ မူဆယ်၊ ရွှေလီ၊ ဝမ်တိန် (၇)ရက်။
✿ ထားဝယ် ရှင်ကိုးရှင်၊ မောင်းမကန်ကမ်းခြေ၊ ကျိုက္ခမီ (၅)ရက်။
✿ မော်လမြိုင်၊ ကျိုက္ခမီ၊ စက်စဲ၊ (ကျိုက်ထီးရိုး)ပါ (၃)ရက်။
✿ ဇလွန်ပြည်တော်ပြန် ✿ နေပြည်တော် ✿ ပြည်-အကောက်တောင် ✿ မဲလဲဆံတော်ရှင် (စနေ၊ တနင်္ဂနွေ)
Feb 5,12,19,26
အမှတ်(၄၂၄)၊ ရွှေဘုံသာလမ်း Ph: 01-380141, 01-241863, 09-43043109, 09-73251422

ပြည်ထဲရေးဝန်ကြီးဌာန
မန္တလေးတိုင်းဒေသကြီး၊ အကျဉ်းဦးစီးဌာန
ရိက္ခာဆန်ဝယ်ယူရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြည်ထဲရေးဝန်ကြီးဌာန၊ အကျဉ်းဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး ဦးစီးမှူးရုံးကွပ်ကဲမှုအောက်ရှိ အကျဉ်းထောင်/စခန်းများရှိ အကျဉ်းသား/အချုပ်သားများအား ၂၀၁၆-၂၀၁၇ ခု ဘဏ္ဍာရေးနှစ်အတွင်း ကျွေးမွေးရန်လိုအပ်သော ရိက္ခာဆန်များကို သက်ဆိုင်ရာ အကျဉ်းထောင်/စခန်းများအရောက် မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ မြန်မာနိုင်ငံသား တိုင်းရင်းသားလုပ်ငန်းရှင်များအနေဖြင့် အိတ်ဖွင့်တင်ဒါများပေးသွင်းရန် ခေါ်ယူအပ်ပါသည်။
၂။ အိတ်ဖွင့်တင်ဒါပုံစံများကို တစ်စောင်လျှင်(၁၅၀၀၀/-)နှုန်းဖြင့် ၁-၂-၂၀၁၆ရက်မှ ၇-၂-၂၀၁၆ရက်အထိ မန္တလေးတိုင်းဒေသကြီးဦးစီးမှူးရုံးတွင် ရုံးချိန်အတွင်း လာရောက်ဝယ်ယူနိုင်ပါသည်။
၃။ အိတ်ဖွင့်တင်ဒါများကို ၈-၂-၂၀၁၆ရက် (တနင်္လာနေ့) ၁၀နာရီ နောက်ဆုံးထား၍ ပေးသွင်းရန်ဖြစ်ပါသည်။
၄။ တင်ဒါဖွင့်လှစ်မည့်အချိန်မှာ ၈-၂-၂၀၁၆ရက် (တနင်္လာနေ့) ၁၁နာရီဖြစ်ပါသည်။
၅။ အသေးစိတ်အချက်အလက်များသိရှိလိုပါက ဖုန်း-၀၂-၃၉၆၃၅ တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံး၊ မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့နှင့် ဖုန်း-၀၂-၃၄၄၄၁/၀၂-၃၉၂၀၄ အကျဉ်းဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီးဦးစီးမှူးရုံးတို့သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

တင်ဒါစိစစ်ရေးအဖွဲ့
မန္တလေးတိုင်းဒေသကြီး
ပြည်ထဲရေးဝန်ကြီးဌာန

ဖောင်းကြွပျောက်
လျှောက်ထားခြင်း

ယာဉ်အမှတ် ၄ဂ/၆၂၄၇ ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)

CLAIMS DAY NOTIC
M.V MORNING NINNI VOY:NO (12)

Consignees of cargo carried by M.V MORNING NINNI VOY:NO (12) are here by notified that the vessel will arrive on about 2-2-16 and cargo will be discharged into the premises of Yangon port.

Damaged cargo will be surveyed daily from 08:00 AM to 11:20 AM and 12:00 NOON to 4:00 PM to claims day now declared as the third day after final discharge of cargo from the vessel.

No claims against this vessel will be admitted after the Claims Day.

မော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် သင်္ဘောမှချပြီးချိန်တွင် မိမိတို့၏ မော်တော်ယာဉ်ပါပစ္စည်းများကို ORIGINAL BILLS OF LADING များ ယူဆောင်လျက် လာရောက်ကြည့်ရှုစစ်ဆေးရန် အသိပေးအပ်ပါသည်။

သင်္ဘောဆိုက်ကပ်မည့်အချိန်နှင့် တံတားနေရာတို့ကို အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါဖုန်းနံပါတ်သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်-

ဖုန်း-၂၃၀၁၁၉၁၊ ၂၃၀၁၁၇၈

ကိုယ်စားလှယ်လုပ်ငန်းဌာန
မြန်မာ့ဆိပ်ကမ်းအာဏာပိုင်

လုပ်ငန်းခွင်၌ တိုက်ရိုက်အသုံးချနိုင်မည့် Project Management သင်တန်း

Professional Project Mangement Training

* ပြည်တွင်းပြည်ပကုမ္ပဏီများ၌ Engineering and Construction Project နယ်ပယ်အသီးသီးတွင် တာဝန်ထမ်းဆောင်နေသူများအတွက် Project Planning and Control Skills များကို နိုင်ငံတကာစံချိန်စံညွှန်းနှင့်အညီ Real Project Data များဖြင့် လက်တွေ့သင်ကြားပေးမည်။
* ပြည်တွင်းပြည်ပစီမံကိန်းများ၌ လုပ်ငန်းခွင်အတွေ့အကြုံများစွာရှိသော ဝါရင့်ဆရာကိုယ်တိုင်မှ Project Management Institute (PMI) ၏ နည်းနာနိဿယများကို အခြေခံ၍ Project Management Software နှင့်အတူ စာတွေ့လက်တွေ့ သင်ကြားပေးမည်။

ကုမ္ပဏီများ၊ အဖွဲ့အစည်းများအတွက်လည်း Corporate Training များ စီစဉ်ပေးပါသည်။

UGC Asia Co., Ltd. No. 499, C 3, Pyay Road, Kamaryut Tsp, Yangon.
Ph:0979 3199 298, 09 960 747 990. www.ugc-asia.com
မေတ္တာဦးမျက်မှန်ဆိုင်အပေါ်ထပ်၊ လှည်းတန်းကုန်းတံတားနှင့် Diamond Codominium အနီး။

အက်ဖ်အေဖလား စတုတ္ထအဆင့် အနိုင်/အရှုံးရလဒ်

ကိုချက်စတာ	၁-၄	စပါး
ဗီလာ	၀-၄	မန်စီးတီး
အာဆင်နယ်	၂-၁	ဘန်လေ
ပဲလော့စ်	၁-၀	စတုတ်
ပို့စ်မောက်	၁-၂	ဘုန်းမောက်
နော်တင်ဟမ်	၀-၁	ဝက်ဖို့ဒ်
ဝက်စ်ဘရွန်း	၂-၂	ပီတာဘရော့
ဘူရီ	၁-၃	ဟားလ်
ရီးဒင်း	၄-၀	ဝါဆော
ဘော်လ်တန်	၁-၂	လိဒ်
အောက်စဖို့ဒ်	၀-၃	ဘလက်ဘန်း
ရှုရီဘူရီ	၃-၂	ရှက်ဖီးဝမ်းနက်စ်ဒေး

လာလီဂါ ပွဲစဉ် ၂၂

ဘာစီလိုနာ	၂-၁	အက်သလက်

ရတနာပုံဆက်လက်ဦးဆောင် ဇွဲကပင်နှင့် ဟံသာဝတီနိုင်ပွဲဆက်

ရန်ကုန် ဇန်နဝါရီ ၃၀

၂၀၁၆ ရာသီ MNLအမှတ်ပေးပြိုင်ပွဲ ပွဲစဉ်(၄)ဒုတိယနေ့ပွဲစဉ်များကို ယနေ့ညနေပိုင်းကဆက်လက်ကျင်းပရာ ရတနာပုံ၊ ဟံသာဝတီနှင့် ဇွဲကပင်အသင်းတို့နိုင်ပွဲများ ရရှိခဲ့သည်။ ဗထူးကွင်း၌ ကစားသည့်ပွဲတွင် ရတနာပုံအသင်းက ရခိုင်အသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

ရတနာပုံအသင်းသည် ပုံမှန်ခြေစွမ်းပြနေသည့် ဝါရင့်ကစားသမား ရန်ပိုင်ကို ပွဲထွက်လူစာရင်းတွင် ဆက်လက်အသုံးပြုခဲ့ပြီး အမာခံကစားသမားအစုံအလင်ဖြင့် ပွဲထွက်ခဲ့သည်။ ရခိုင်အသင်းမှာ လူစုံအသုံးပြုပြီး အဝေးကွင်း၌ အမှတ်ရရန်ကြိုးပမ်းခဲ့ရာ ရတနာပုံအသင်းအိမ်ကွင်း၌ ရုန်းကန်ခဲ့ရသည်။ ၂၉ မိနစ်တွင် ရတနာပုံအသင်း ပယ်နယ်တီရခဲ့ပြီး တိုက်စစ်မှူး မာတူနာက အများအယွင်းမရှိသွင်းယူခဲ့သည်။ ဂိုးရပြီးနောက်ပိုင်းတွင် ရတနာပုံအသင်းကစားပုံပိုကောင်းလာပြီး တစ်မိနစ်အကြာတွင် ဝင်းနိုင်စိုးက ဒုတိယဂိုးထပ်မံသွင်းယူခဲ့သည်။ ဒုတိယပိုင်းတွင် ရခိုင်အသင်းမှာချေပဂိုးရရှိရန် တိုက်စစ်အားမြှင့်လာခဲ့ပြီး ရတနာပုံအသင်းဘက်သို့ ဖိအားပေးနိုင်ခဲ့သည်။ ရတနာပုံနောက်တန်း အများအယွင်းမရှိခဲ့သလို ရခိုင်တိုက်စစ်မှာလည်း အားနည်းချက်များရှိခဲ့၍ ချေပဂိုးပြန်မရခဲ့ပေ။ ရတနာပုံအသင်းမှာ ဂိုးထပ်မံမသွင်းနိုင်သော်လည်း အနိုင်ရလဒ်ကိုထိန်းကာ တတိယမြောက်နိုင်ပွဲ ရယူနိုင်ခဲ့ခြင်းဖြစ်သည်။

ဇွဲကပင်အသင်းသည် တန်းတက် Southern အသင်းကို အောင်မိုး၊ ကင်မ်နှင့် ဇီကိုဗစ်တို့သွင်းယူသည့်ဂိုးများဖြင့် သုံးဂိုးပြတ်အနိုင်ရခဲ့သည်။ ဟံသာဝတီအသင်းမှာ ပွဲပြီးခါနီး သွင်းယူသည့်ဂိုးဖြင့် ချင်းယူနိုက်တက်ကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ ယခုပွဲအပြီးတွင် ရတနာပုံအသင်းနှင့် ဟံသာဝတီအသင်းတို့က ၁၀ မှတ်စီ၊ ဇွဲကပင်အသင်းက ကိုးမှတ်ရရှိထားသည်။

ယနေ့ပွဲ

(မုံရွာကွင်း) ဇေယျာရွှေမြေ - ရှမ်းယူနိုက်တက်
(သုဝဏ္ဏကွင်း) မကွေး - Horizon

သတင်း-ညီမြတ်သော်တာ

နွားနို့တိုက်ပါ

ကိုယ်ခန္ဓာဖွံ့ဖြိုးစေဖို့
ကျန်းမာသန်စွမ်းစေဖို့
ဉာဏ်ရည်ဉာဏ်သွေး
ကောင်းစေဖို့
အသားအရေလှပစေဖို့
ကျောင်းနေအရွယ်
သင့်ကလေးကို
နွားနို့တိုက်ပါစို့

○ *ကျော့ဖုံးမှ*

ယင်းပွဲတွင် ဒါဘီအသင်းသည် ၄-၁-၄-၁ ကစားကွက်ဖြင့် မာတင်၊ ဂွန်ဆင်၊ ဘက်တာဖီးလ်၊ သောမတ်စ်အင်ဆီ၊ သော်နီ၊ ဘလက်မန်း၊ ရှက်ကဲလ်၊ ရစ်ချတ်ကော့၊ ခရစ္စတီး၊ ဝါးနော့စ်နှင့် ဂိုး-စကော့ကာဆန်တို့ ပါဝင်ခဲ့သည်။ ဖိအားများဖြင့် ရင်ဆိုင်နေရသည့် နည်းပြဗန်ဟားလ်၏ မန်ယူအသင်းသည် ၄-၂-၃-၁ ကစားကွက်ဖြင့် ပွဲထွက်လာခဲ့သည်။ ပွဲထွက်လူစာရင်းတွင် ရွန်းနီ၊ မာတာ၊ လင်ဂတ်၊ ဖယ်လိုင်နီ၊ ရှနိုက်ဒါလင်၊ မာရှယ်၊ ဘလိုင်း၊ စမောလင်း၊ ဗာရီလာ၊ ဂျက်ဆန်နှင့် ဂိုး-ဒီဂီယာတို့ ပါဝင်ခဲ့သည်။

ပွဲချိန် ၁၆ မိနစ်တွင် တိုက်စစ်မှူး ရွန်းနီက မန်ယူအတွက် ဦးဆောင်ဂိုး သွင်းယူခဲ့သည်။ ပွဲချိန် ၃၇ မိနစ်တွင် သော်နီက ဒါဘီအတွက် ချေပဂိုး သွင်းယူခဲ့သည်။ ဒုတိယပိုင်း၌ မန်ယူအတွက် အနိုင်ဂိုးများကို ၆၅ မိနစ်တွင် နောက်တန်းကစားသမား ဘလိုင်းက သွင်းယူခဲ့ပြီး ၈၃ မိနစ်တွင် ကွင်းလယ်ကစားသမား မာတာက သွင်းယူပေးခဲ့သည်။ ပွဲပြီးချိန်တွင် မန်ယူအသင်းသည် သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရကာ အက်ဖ်အေဖလား နောက်တစ်ဆင့်သို့ တက်ရောက်သွားပြီဖြစ်သည်။

အက်ဖ်အေဖလားကို အများဆုံး ရရှိထားသည့် အာဆင်နယ်က ၁၂ ကြိမ်၊ မန်ယူ ၁၁ ကြိမ်၊ စပါး ၈ ကြိမ်၊ လီဗာပူး၊ ချယ်လ်ဆီးနှင့် အက်စ်တွန်ဗီလာတို့က ၇ ကြိမ်စီဖြင့် အစဉ်လိုက်ရပ်တည်နေသည်။ အက်ဖ်အေဖလား ဗိုလ်လုပွဲကို မေ ၂၁ ရက်တွင် လန်ဒန်မြို့ ဝင်ဘလေကွင်း၌ ယှဉ်ပြိုင်မည်ဖြစ်ကြောင်း သိရသည်။

ရတနာပုံတက္ကသိုလ် ဘာသာရပ်ပေါင်းစုံဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲကျင်းပမည်

မန္တလေး ဇန်နဝါရီ ၃၀

ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန ရတနာပုံတက္ကသိုလ် ဘာသာရပ်ပေါင်းစုံအမျိုးသား ဘောလုံးပြိုင်ပွဲ ပထမအကြိုဗိုလ်လုပွဲကို ဇန်နဝါရီ ၂၉ ရက် နံနက် ၈ နာရီက မန္တလေးချမ်းမြသာစည်မြို့နယ် မန္တလာသီရိအားကစားလေ့ကျင့်ရေးကွင်း၌ အားကစားပညာအသင်းနှင့်ကုန်ထုတ်ဓာတုအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ အားကစားပညာအသင်းက သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိပြီး ဗိုလ်လုပွဲသို့တက်ရောက်သွားပြီဖြစ်သည်။ ဒုတိယအကြိုဗိုလ်လုပွဲကို ယင်းနေ့ညနေ ၃ နာရီက အဆိုပါကွင်း၌ကျင်းပရာ ရူက္ခဗေဒအသင်းက ဓာတုဗေဒအသင်းကိုအနိုင်ရရှိပြီး ဗိုလ်လုပွဲသို့ တက်ရောက်သွားပြီဖြစ်ပြီး ဗိုလ်လုပွဲကိုဖေဖော်ဝါရီ ၁ ရက် ညနေ ၃နာရီတွင် မန္တလာသီရိအားကစားကွင်း၌ ရူက္ခဗေဒအသင်းနှင့် အားကစားပညာအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

တင်မောင်(မန္တလေး)

မြန်မာ့ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲ ဖိုးကေက စိုးထက်ဦးအား အနိုင်ရ

မန္တလေး ဇန်နဝါရီ ၃၀

မြန်မာနိုင်ငံ ရိုးရာလက်ဝှေ့အဖွဲ့ချုပ်ကကြီးမှူး၍ Victory Myanmar Group Co.,Ltd. T&T Group နှင့် Naing Moe Entertainment က စီစဉ်၍ Mandalay Challenge Fight Mandalay ၏ ကူညီထောက်ပံ့မှုဖြင့် မြန်မာ့ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲကြီးကို ဇန်နဝါရီ ၂၉ ရက် ညနေ ၆ နာရီက မန္တလေးမြို့အောင်မြေ မန္တလာမိုးလုံလေလုံ အားကစားရုံ၌ ကျင်းပခဲ့သည်။

ပွဲစဉ်များတွင် သုံးချီပွဲ၊ လေးချီပွဲ၊ ငါးချီပွဲများ ပါဝင်သည်။ သုံးချီပွဲများတွင် မျိုးမင်းထွန်း(ကောလင်း)နှင့် ကျောက်ပုတီး(စစ်ကိုင်း)တို့ ပွဲသရေရလဒ် ထွက်ပေါ်ခဲ့သည်။ မင်းထက်သာ (ကျော်ကြီး) က သိန်းရာဇာ(စဥ့်ကိုင်)ကို တတိယအချီတွင်လည်းကောင်း၊ အောင်ထက် (ယူနိုက်တက်-မန္တလေး)က ဇာနည်(အမရပူရ)ကို ပထမအချီတွင်လည်းကောင်း အနိုင်ရရှိသည်။

လေးချီပွဲများတွင် သိန်းနိုင်ထွန်း (ယူနိုက်တက်-မန္တလေး)နှင့် အံဘွား (ကောလင်း)တို့ အကြိတ်အနယ် ဆိုင်ထိုး၊ ပြိုင်ထိုးပြီး သရေရလဒ် ထွက်ပေါ်ခဲ့သည်။ ဗျူဋ္ဌ(ကျားဖြူ)က ရှမ်းညီ (T&T) ကို ဒုတိယအချီတွင်လည်းကောင်း အနိုင်ရရှိသည်။ ကျော်စွာဝင်း (ယူနိုက်တက်-မန္တလေး) နှင့်ဖိုက်တာ(အဖြူရောင်သွေးသစ်)တို့ သရေရလဒ်ထွက်ပေါ်ခဲ့ပြီး ကျော်စွာဝင်း အသာစီးသရေဖြစ်ခဲ့သည်။

ငါးချီစိန်ခေါ်ပွဲများတွင် ဖိုက်ကေ (ကျားဖြူ)နှင့် သိန်းညီညီ(အလင်းရောင်) ရှမ်းကို(T&T) နှင့် ရဲတံခွန် (အဖြူရောင်သွေးသစ်)တို့ သရေရလဒ်ထွက်ပေါ်ခဲ့သည်။ နိုင်ဘို (T&T)က မဲကြီး(ရွှေလက်သီး)ကို တတိယအချီတွင် လည်းကောင်း၊ ဖိုးကေ (T&T)က စိုးထက်ဦး (အဖြူရောင်သွေးသစ်)ကို စတုတ္ထအချီတွင်လည်းကောင်း အနိုင်ရရှိသည်။ စိုးထက်ဦးသည် အမှတ်စဉ်လေးကြိမ် ရေတွက်ခံရ၍ ရှုံးရခြင်းဖြစ်သည်။

ဖိုးကေသည် ယခုပွဲအတွက် အပြင်းအထန်လေ့ကျင့်ထားပြီး အနိုင်ကစားမည်ဟု ကြိုတင်ပြောထားသလို အပြောနှင့်အလုပ် တစ်ထပ်တည်းကျအောင် လုပ်ပြသွားသည်။ ပရိသတ်အားပေးမှုကလည်း တစ်ခဲနက်ပင်။ ဖိုးကေနှင့်စိုးထက်ဦးတို့ပွဲကို မြန်မာနိုင်ငံ ရိုးရာလက်ဝှေ့အဖွဲ့ချုပ်မှ ဒိုင်တစ်ဦးဖြစ်သည့် ဦးဇမ္ဗူကျော်က ဆောင်ရွက်ပြီး ယခုပွဲတွင် လက်ဝှေ့ကျော်များ စုံလင်စွာ လာရောက်ကြသည်။ ဖိုးကေသိက္ခာတက်သည့်ပွဲဟု ဆိုရမည့်ပွဲပင်။ စိုးထက်ဦးကလည်း မာသည်။ ဖိုးကေ၏ ကြိုးပမ်းမှုက ရှေ့ဆက်ရမည့်လမ်းဖြစ်သည်။

ခင်ခင်ဝင်း(ပညာရေး)

GOLDEN STAR Travels & Tours
❖ ပုဂံ(စွယ်တော်လေးဆူ)-ပုပ္ပါး-ပခုက္ကူ Feb-11
❖ မန္တလေး-ပြင်ဦးလွင်-အလောင်းတော်ကဿပ Feb-11
❖ တောင်ကြီး-အင်းလေး-ပင်းတယ-ကက္ကူ Feb-11
ကျိုက်ထီးရိုး၊ ချောင်းသာ၊ ငွေဆောင် (နေ့စဉ်)
Ph;703448, 09-5081580, 09-5036640, 09-5080860

ရွှေကြေးစည် မှ (ကျိုက်ထီးရိုး-နေ့စဉ်) (မြတ်မော်တင်စွန်း)
▲ ရွှေစက်တော်နှင့် ဘုရားစုံ ခရီးစဉ်များ၊ (ဖွင့်ပွဲအလှူနှန်း Feb 11)နှင့် အပတ်စဉ် အင်္ဂါ-သောကြာ
▲ အလောင်းတော်ကဿပ၊ မုံရွာ၊ စစ်ကိုင်း-သီးသန့်၊ ဆက်၍ မန္တလေး၊ ပြင်ဦးလွင်အနှံ့။
▲ မြတ်မော်တင်စွန်းဘုရားပွဲ (Feb 21)နှင့် အပတ်စဉ် အင်္ဂါ၊ သောကြာ ထွက်မည်။
▲ အင်းတော်ကြီး ရွှေမဥ္ဇူဘုရားပွဲ၊ မြစ်ကြီးနား၊ မြစ်ဆုံ၊ မန္တလေး၊ ပြင်ဦးလွင်၊ မိုးကုတ် ခရီးစဉ်။
▲ ပုဂံ၊ ညောင်ဦး၊ ပုပ္ပါး၊ စွယ်တော်လေးဆူ-သီးသန့်၊ ဆက်၍ မန္တလေး၊ ပြင်ဦးလွင် အနှံ့။
▲ မန္တလေး၊ ပြင်ဦးလွင် အနှံ့၊ ဒီးဒုတ်ရေပြောအိုင်၊ ဂုတ်ထိပ်တံတား၊ ကျောက်စိမ်းဘုရား ခရီးစဉ်။
▲ ကျိုက္ခမီ၊ မော်လမြိုင်၊ စက်စဲ၊ နွားလပို့တောင်ခရီးစဉ်နှင့် ဆက်၍ (ထားဝယ်ရှင်ကိုးရှင်၊ မောင်းမကန်)
ဖုန်းဆက်ရန်: ☎01-240860/01-372290 ဒေါ်မိ 09-49282825, 09421029191

ရန်ကုန်မြို့၊ မဟာစည်သာသနာ့ရိပ်သာ
ဘဝနတ်ထံပုံလွန်တော်မူသော
မဟာစည်သြဝါဒါစရိယဆရာတော်ကြီး
ဒေါက်တာဘဒ္ဒန္တဇဋိလမဟာထေရ်
(သာသနာဓဇ သီရိပဝရ ဓမ္မာစရိယ ဝိနယပါဠိပါရဂူ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ) (Ph.D)
အန္တိမဈာပန ည ဓမ္မပူဇာ
အစီအစဉ်

၁။ ၁၃၇၇ -ခုနှစ်၊ ပြာသိုလပြည့်ကျော် (၆) ရက်နေ့ည
(၃၀. ၁. ၂၀၁၆)(စနေနေ့)
(၆း၀၀)နာရီမှ (၈း၀၀)နာရီထိ
ဒေါက်တာ ဘဒ္ဒန္တကောဝိဒ (ဓမ္မကထိက ဗဟုဇနဟိတဓရ)
(သဒ္ဓမ္မဇောတိကဓဇ) (မဟာသဒ္ဓမ္မဇောတိကဓဇ)
(သာသနာ့တက္ကသိုလ ဓမ္မာစရိယ) (BA, M.A,Ph.D) (မဉ္ဇိမဂုဏ်ရည်)
မဉ္ဇိမဂုဏ်ရည်မဟာစည်သာသနာ့ရိပ်သာရိပ်သာကျောင်းတိုက်၊ သာကေတ။

၂။ ၁၃၇၇-ခုနှစ်၊ ပြာသိုပြည့်ကျော် (၇) ရက်နေ့ည
(၃၁. ၁. ၂၀၁၆) (တနင်္ဂနွေနေ့)
(၆း၀၀)နာရီမှ (၈း၀၀)နာရီထိ
ဘဒ္ဒန္တဝါသဝ (ပြည်တွင်း-ပြည်ပ မဟာစည်ရိပ်သာများ ဥသျှောင် သြဝါဒါစရိယ) (အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက၊ ဓမ္မကထိက ဗဟုဇနဟိတဓရ) (မြစ်သားဆရာတော်)

တို့မှ တရားဓမ္မများဟောကြားတော်မူပါမည်။

ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ချုပ်
မဟာစည်သာသနာ့ရိပ်သာ

ကန့်ကွက်နိုင်ပါကြောင်း

မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် ၁၉/သမိုင်း၊ မြေကွက်အမှတ် ၃/ဃ၂+၄/ဃ၁၊ မြေကွက်တည်နေရာ အမှတ် Villa D-5၊ မင်းဓမ္မအဆင့်မြင့်အိမ်ရာ၊ မင်းဓမ္မလမ်း၊ (၃)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ် ဦးတေဇ ထူးထရေးဒင်း ကုမ္ပဏီလီမိတက်) အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက်ဦးတေဇ (ထူးထရေးဒင်း ကုမ္ပဏီလီမိတက်)တို့၏ S/P (အထူးကိုယ်စားလှယ်လွှဲစာ) ၁၉၁၉၀/၂၀၁၄ (၁၅-၇-၂၀၁၄) ရရှိသူ ဦးအောင်သိန်းဝင်း(၅/ဆလက(နိုင်) ၀၄၈၈၆၃)မှ နှစ် ၆၀ ဂရန် ကုမ္ပဏီမှတ်ပုံတင်အထောက်အထား၊ ဒါရိုက်တာအဖွဲ့အစည်းအဝေးမှတ်တမ်း၊ Form (6) (26) အထောက်အထား၊ S/P အထောက်အထား၊ S/P အတွက် ပြန်လည်ရုပ်သိမ်းခြင်း မရှိကြောင်းနှင့် ပေးသူသက်ရှိထင်ရှားရှိကြောင်း ကျမ်းကျိန်လွှာ၊ ၂၀၁၄ ခုနှစ်တွင် ထုတ်ယူထားသည့် အရောင်းအဝယ်စာချုပ်ချုပ်ရန် မြေပုံမြေရာဇဝင်မူရင်းမှာ ပျောက်ဆုံးသွားပါသဖြင့် ၁၅၈/၂၀၁၆(၇-၁-၂၀၁၆) ရက်စွဲပါ ကျမ်းကျိန်လွှာမူရင်းတို့ တင်ပြ၍ အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁ ထုပါရုံ၊ မြေကွက်အမှတ် (၇၉၂)၊ မြေကွက်တည်နေရာ အမှတ် (၇၉၂)၊ ထုပါရုံ ၁၆ လမ်း၊ အနောက်၊ ၁ ထုပါရုံရပ်ကွက်၊ သာကေတမြို့နယ်၊ (၁) ဦးခင်စိန် J/RGN 000606(၂) ဒေါ်အိ BF 020880 အမည်ပေါက် နှစ် (၆၀) ဂရန်မြေအား အမည်ပေါက် ဦးခင်စိန်၊ ဒေါ်အိ နှစ်ဦးအနက် အမည်ပေါက်တစ်ဦးဖြစ်သူ ဒေါ်အိ (ဇနီး) ကွယ်လွန်သဖြင့် ကျန်အမည်ပေါက် ခင်ပွန်းဖြစ်သူ ဦးခင်စိန် (J/RGN 000606) ထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် (၇၂၉၅/၂၀၁၅) ရသူ ဦးမောင်မောင်မင်းဇော် (၁၂/သကတ(နိုင်)၀၉၉၄၄၂) မှ သေစာရင်း၊ ကျမ်းကျိန်လွှာတင်ပြ၍ ပိုင်ဆိုင်ကြောင်းနှင့် အရောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇) ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဌာနမှူး
မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်း အများသိစေရန်

ကလေးခရိုင်၊ ကလေးမြို့နယ်၊ ကံပုလဲကျေးရွာအုပ်စု၊ ကွင်းအမှတ်-၆၇၊ ကံပုလဲကွင်း၊ ဧရိယာ (၀. ၆၄၃) ဧက၊ မြေအမျိုးအစား-ရွာမြေ၊ ဒေါ်လှကြည် (၅/ကလထ (နိုင်) ၀၀၃၆၄၇) အမည်ပေါက်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အဦနှင့် အကျိုးခံစားခွင့်အရပ်ရပ် အားလုံးတို့ကို တရားဝင်လက်ဝယ်ပိုင်ဆိုင်ပြီး လွှဲပြောင်း ရောင်းချပိုင်ခွင့် ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုသူ ဒေါ်လှကြည် မှတ်ပုံတင်အမှတ်-၅/ကလထ (နိုင်) ၀၀၃၆၄၇ ကိုင်ဆောင်သူထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက အပြီးအပိုင် ဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသ ကို ပေးချေပြီးဖြစ်ပါ၍ ကန့်ကွက်မည့်သူ မည်သူမဆို ခိုင်လုံသော ပိုင်ဆိုင်မှုအထောက်အထားမူရင်းများနှင့် ကျွန်ုပ်တို့ထံသို့ ကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူ မရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက် ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေငြာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -

ဦးဇော်သိန်းထွန်း (LL.B,C.B.L)
အထက်တန်းရှေ့နေ (စဉ်-၃၈၂၄၂)
အမှတ်-၂၂၊ သီရိမွန်လုံးချင်းအိမ်ရာ၊ ဘုရင့်နောင်လမ်းမကြီး၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၉၄၂၂၄၄၉၅၄၊ ၆၈၂၁၄၇၊ ၆၈၂၁၅၇ လိုင်းခွဲ - ၈၁၇၊ ၈၃၃

ပျောက်ဆုံးကြောင်း

ကျွန်တော်ထွန်းထွန်းမင်း ၅/ကလထ(နိုင်)၁၃၄၀၂၉ ၏ Passport နံပါတ်(မမှတ်မိ) ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၉၅၂၆၉၈၇၇

ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 8G/2504၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်တောင်ပိုင်း)
သန်လျင်မြို့

ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 6F/3798 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန(ရွာသာကြီး)

ငွေရေးကြေးရေးအဖွဲ့အစည်းများဥပဒေပြဋ္ဌာန်း

ယမန်နေ့မှအဆက်

၃၅။ (က) ဘဏ်သည် သီးသန့်ရန်ပုံငွေတစ်ရပ်ထားရှိရမည်။ နှစ်စဉ် အသားတင်အမြတ်ငွေ၏၂၅ ရာခိုင်နှုန်းကို အထွေထွေသီးသန့်ငွေစာရင်းသို့ လွှဲပြောင်းပေးရမည်။ ထိုသို့လွှဲပြောင်းပေးခြင်းကို ထည့်ဝင်ပြီးမတည်ငွေရင်း၏ ၁၀၀ ရာခိုင်နှုန်းနှင့် ညီမျှသည်အထိ ဆောင်ရွက်ရမည်။

(ခ) ပုဒ်မခွဲ (က)တွင် မည်သို့ပင်ပါရှိစေကာမူ ဗဟိုဘဏ်သည် ဘဏ်၏ နှစ်စဉ် အသားတင်အမြတ်ငွေမှ ယင်း၏ သီးသန့်ရန်ပုံငွေသို့ လွှဲပြောင်းပေးရန် မတူညီသော အချိုးတစ်ရပ်ကို အခါအားလျော်စွာ သတ်မှတ်နိုင်သည်။

၃၆။ ဘဏ်သည် ငွေဖြစ်လွယ်သောရရန်ပိုင်ခွင့်များ အနည်းဆုံး သို့မဟုတ် ပျမ်းမျှအနည်းဆုံးပမာဏကို အမြဲတမ်းဖြစ်စေ၊ သတ်မှတ်ကာလတစ်ရပ်အတွက်ဖြစ်စေ ဗဟိုဘဏ်ကသတ်မှတ်ထားသည့် စည်းမျဉ်းအတိုင်းထားရှိရမည်။

၃၇။ ဘဏ်သည် ဗဟိုဘဏ်ကစည်းမျဉ်းဖြင့် သတ်မှတ်ထားသည့်အတိုင်း ရရန်ပိုင်ခွင့်များအနည်းဆုံးပမာဏကို အမြဲထားရှိရမည်။

၃၈။ (က) နိုင်ငံခြားဘဏ်သည် ယင်း၏ဘဏ်ခွဲအတွက် သတ်မှတ်ထားသော အနည်းဆုံးမတည်ရင်းနှီးငွေထားရှိရမည်။ ယင်းပမာဏမှာ နိုင်ငံခြားဘဏ်ခွဲကို ပြည်တွင်းဘဏ်တစ်ခုအဖြစ်တည်ထောင်၍ လိုင်စင်ပေးရာတွင်ထားရှိရမည့် အနည်းဆုံးကနဦးမတည်ငွေရင်းပမာဏအတိုင်း ထားရှိရမည်။

(ခ) နိုင်ငံခြားဘဏ်က မိမိ၏ဘဏ်ခွဲအတွက် ထိန်းသိမ်းထားရှိရမည့် သတ်မှတ်ထားသော မတည်ငွေရင်းကို ဗဟိုဘဏ်ကသတ်မှတ်သည့် ပုံစံနှင့် နည်းလမ်းအတိုင်း ထိန်းသိမ်းထားရှိရမည်။

၃၉။ ဘဏ်သည်-

(က) အမြတ် သို့မဟုတ် အရှုံးတစ်ခုခုကို ကြေညာခြင်းမပြုမီ ထုတ်ချေးငွေများ၊ ကြိုတင်ထုတ်ချေးငွေများနှင့် အခြားရရန်ပိုင်ခွင့်များအတွက် ဆုံးရှုံးနိုင်မှုကိုကာမိစေရန် ကြိုတင်လျာထားချက်များ ပြုလုပ်ရမည်။

(ခ) ပုဒ်မခွဲ(က)အရ ပြုလုပ်သည့်ထုတ်ချေးငွေများ၊ ကြိုတင်ထုတ်ချေးငွေများနှင့် အခြားရရန်ပိုင်ခွင့်များအတွက် ကြိုတင်လျာထားချက်များကို ဗဟိုဘဏ်က သတ်မှတ်ထားသော စည်းမျဉ်းများနှင့်အညီ လုံလောက်စွာထားရှိရမည်။

အမြတ်ဝေစုခွဲဝေခြင်း

၄၀။ (က) ဘဏ်သည် ၎င်း၏အစုရှယ်ယာဝင်များသို့ ၎င်းရရှိသော အမြတ်ငွေများမှ အစုပေါ်အမြတ်ငွေပေးခြင်း သို့မဟုတ် နည်းလမ်းတစ်မျိုးမျိုးဖြင့် ခွဲဝေခြင်းကိုသာပြုလုပ်ရမည်။

(ခ) ဘဏ်သည် ၎င်း၏အစုရှယ်ယာဝင်များအား အစုပေါ် အမြတ်ငွေပေးခြင်း သို့မဟုတ် အမြတ်ခွဲဝေမှုနည်းလမ်းတစ်မျိုးမျိုးကို အောက်ပါအခြေအနေများတွင် ဆောင်ရွက်ခြင်းမပြုရ-

(၁) ရုပ်ဝတ္ထုပုံသဏ္ဌာန်ဖြင့်ရရန်ပိုင်ခွင့်များ၊ မသက်ဆိုင်သည့် ကြိုတင်အသုံးစရိတ်များနှင့် အခြားအသုံးစရိတ်များ အပါအဝင် ၎င်း၏ငွေလုံးငွေရင်းအသွင်ပြောင်း အသုံးစရိတ်များအားလုံးကို လုံးဝပယ်ဖျက်မှုမရှိသေးခြင်း၊

(၂) ၎င်း၏ ရရန်ပိုင်ခွင့်များ တန်ဖိုးစုစုပေါင်းသည် ပေးရန်တာဝန်စုစုပေါင်းတန်ဖိုးနှင့် မတည်ရင်းနှီးငွေ စုစုပေါင်းတန်ဖိုးထက် လျော့နည်းနေခြင်း၊

(၃) ဘဏ်သည် ဤဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကိုဖြစ်စေ၊ ဤဥပဒေပါပြဋ္ဌာန်းချက်တစ်ရပ်ရပ်အရ သတ်မှတ်ချက်ကိုဖြစ်စေချိုးဖောက်ခြင်း။

ရရန်ပိုင်ခွင့်၊ ပေးရန်တာဝန်နှင့် လျာထားချက်များသတ်မှတ်ခြင်း

၄၁။ ဗဟိုဘဏ်သည် အောက်ပါတို့ကို သတ်မှတ်နိုင်သည်-

(က) ဘဏ်၏ ကွဲပြားခြားနားသောအတန်းအစားအလိုက် သို့မဟုတ် အမျိုးအစားအလိုက် အနည်းဆုံးထားရှိရမည့် ရရန်ပိုင်ခွင့်ပမာဏအမျိုးမျိုး၊

(ခ) ဘဏ်၏ ကွဲပြားခြားနားသောအတန်းအစား သို့မဟုတ် အမျိုးအစားများအလိုက် ရရန်ပိုင်ခွင့်များနှင့်ပေးရန်တာဝန်များ၊

(ဂ) ဘဏ်၏ ကွဲပြားခြားနားသော အတန်းအစားနှင့် အမျိုးအစားများအလိုက် ဤဥပဒေပြဋ္ဌာန်းချက်တစ်ရပ်ရပ်နှင့်စပ်လျဉ်း၍ ထားရှိရမည့် လျာထားချက်များ။

အကျိုးစီးပွားများရယူပိုင်ဆိုင်ခြင်း

၄၂။ (က) ဘဏ်တစ်ခုခု၏ အဓိကကျသည့် အကျိုးစီးပွားရယူလိုသူသည် ဗဟိုဘဏ်က သတ်မှတ်သည့်အတိုင်း အခြားအထောက်အထား၊ စာတမ်းအမှတ်အသားများပူးတွဲ၍ ဗဟိုဘဏ်သို့ လျှောက်ထားရမည်။

(ခ) ဗဟိုဘဏ်သည် ပုဒ်မခွဲ(က)တွင် ပူးတွဲတင်ပြထားသည့် အထောက်အထားများနှင့် လျှောက်ထားသူ၏ နောက်ကြောင်းကိုစစ်ဆေးပိုင်ခွင့်ရှိသည်။ထပ်မံလိုအပ်သည့် စာတမ်းအမှတ်အသားများနှင့် သတင်းအချက်အလက်များကို တောင်းဆိုနိုင်သည်။

(ဂ) ဗဟိုဘဏ်သည် ပုဒ်မခွဲ (က)နှင့်(ခ)တို့အရ တင်သွင်းသည့် လျှောက်လွှာတွင် အောက်ပါအခြေအနေတစ်ရပ်ရပ် သို့မဟုတ် တစ်ရပ်ထက်ပိုကြောင်း တွေ့ရှိပါက အတည်ပြုချက် ထုတ်ပေးခြင်း မပြုရန် ဆုံးဖြတ်နိုင်သည် -

(၁) လျှောက်ထားသူမှာ ပုဂ္ဂိုလ်ရေးအရ သင့်မြတ်လျော်ကန်သူမဟုတ်ခြင်း၊

(၂) လျှောက်ထားသူသည် ဥပဒေအရ ဖွဲ့စည်းထားသည့် အဖွဲ့အစည်းဖြစ်ပါက ယင်း၏တစ်ဦး သို့မဟုတ် တစ်ဦးထက်ပိုသည့် ဒါရိုက်တာများ သို့မဟုတ် အမှုဆောင်အရာရှိများမှာ သင့်မြတ်လျော်ကန်သူများ မဟုတ်ခြင်း၊

(၃) လျှောက်ထားသူသည် ဘဏ်အပေါ် သိသိသာသာသြဇာလွှမ်းမိုး၍ ဆောင်ရွက်ခြင်းကြောင့် ဘဏ်၏စီမံခန့်ခွဲမှုကို ထိခိုက်နိုင်ကြောင်း ဗဟိုဘဏ်က သိရှိထားခြင်း။

(ဃ) ဗဟိုဘဏ်သည် ပုဒ်မခွဲ(က)အရ လျှောက်ထားချက်တစ်ရပ်ရပ်ကို အတည်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုပိုင်ခွင့်ရှိသည်။

၄၃။ ဘဏ်၏ အဓိကအစုရှယ်ယာဝင်ဖြစ်သူ မည်သူမဆို ဤဥပဒေ စတင်အာဏာတည်သည့်နေ့မှ ခြောက်လအတွင်း အဆိုပါ အဓိက အစုရှယ်ယာဝင်အဖြစ် ဆက်လက်တည်ရှိရေးအတွက် ဗဟိုဘဏ်၏ သဘောတူအတည်ပြုချက်ရရှိရန် လျှောက်ထားခြင်းပြုရမည်။ ဗဟိုဘဏ်၏ သဘောတူအတည်ပြုချက်ရရှိမှသာလျှင် အဆိုပါ အဓိကအစုရှယ်ယာဝင်အဖြစ် ဆက်လက်တည်ရှိရမည်။

၄၄။ ဘဏ်အသီးသီးသည် ဘဏ်တွင် အဓိကကျသည့်အကျိုးစီးပွားရှိသည့် အစုရှယ်ယာဝင်များ၏ အမည်နှင့်နေရပ်လိပ်စာ၊ အဆိုပါအစုရှယ်ယာဝင်များက မဲပေးပိုင်ခွင့်အရေအတွက်တို့ပါဝင်သည့် နှစ်စဉ်အစီရင်ခံစာကို ဗဟိုဘဏ်သို့ တင်ပြရမည်။

၄၅။ ပုဂ္ဂိုလ်တစ်ဦးချင်းကဖြစ်စေ၊ တစ်ဦးထက်ပိုသူများက ပူးပေါင်း၍ဖြစ်စေ ဘဏ်တစ်ခုခုမှအဓိကကျသည့် အကျိုးစီးပွားများရယူရန် သဘောတူစာချုပ်ချုပ်ဆိုခြင်း သို့မဟုတ် စီစဉ်ဆောင်ရွက်ခြင်းပြုလုပ်လိုလျှင် ဗဟိုဘဏ်၏စာဖြင့် ကြိုတင်ခွင့်ပြုချက်ရယူရမည်။

၄၆။ (က) ပုဒ်မ၄၃နှင့်ပုဒ်မ ၄၅တို့ပါ ပြဋ္ဌာန်းချက်များသည် အောက်ပါတို့နှင့် သက်ဆိုင်ခြင်းမရှိစေရ -

(၁) အောက်ပါကိစ္စရပ်များအတွက် ဘဏ်ကပိုင်ဆိုင်ရရှိသည့် မဲပေးပိုင်ခွင့်ရှိသော အစုရှယ်ယာများ-

(ကက) မိမိရရန်ရှိသော ကြွေးမြီအတွက် လက်ခံရရှိသည့် အစုရှယ်ယာများ၊

(ခခ) တာဝန်ခံ၍ ရောင်းချပေးခြင်းအစီအစဉ်အရ ဘဏ်က တစ်နှစ်အတွင်း သို့မဟုတ် ဗဟိုဘဏ်က ခြွင်းချက်ဖြင့် တစ်နှစ်ထက်ပို၍ ခွင့်ပြုပေးသည့်ကာလအတွင်း ထုတ်ရောင်းမည့် အစုရှယ်ယာများ၊

(၂) ကိုယ်စားလှယ်၊ ယုံမှတ်အပ်နှံသူ သို့မဟုတ် ထိန်းသိမ်းစောင့်ရှောက်သူအဖြစ် မဲပေးနိုင်သည့် အစုရှယ်ယာများရယူခြင်း။

(ခ) ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၁)၊ ပုဒ်မခွဲငယ်စိတ် (ကက)အရ ဘဏ်တစ်ခု၏ မဲပေးနိုင်သည့် အစုရှယ်ယာများကိုရယူသော အခြားဘဏ်သည် အဆိုပါမဲပေးသည့် အစုရှယ်ယာများကို ရယူကြောင်း ဗဟိုဘဏ်သို့ အကြောင်းကြားရမည်။

၄၇။ (က) ဗဟိုဘဏ်သည် ပုဂ္ဂိုလ်တစ်ဦးဦးက ပုဒ်မ၄၂၊ ၄၃၊ ၄၄ နှင့် ၄၅ တို့ပါ ပြဋ္ဌာန်းချက်ကို ဖြစ်စေ၊ ပုဒ်မ၅၀အရ ထုတ်ပြန်သည့် သတ်မှတ်ချက်များကိုဖြစ်စေ မလိုက်နာကြောင်းတွေ့ရှိလျှင် အောက်ပါစီမံခန့်ခွဲရေးနည်းလမ်းတစ်ရပ်ရပ်ဖြင့် အရေးယူဆောင်ရွက်နိုင်သည်-

(၁) ဖောက်ဖျက်သူ၏ မဲပေးသည့်အစုရှယ်ယာများနှင့် စပ်လျဉ်း၍အဆိုပါ အစုရှယ်ယာကို လွှဲပြောင်းခြင်း သို့မဟုတ် အစုရှယ်ယာလွှဲပြောင်းရန် သဘောတူညီချက် သို့မဟုတ် အစီအစဉ်ကို လွှဲပြောင်းခြင်းမပြုရန် တားမြစ်ခြင်း၊

(၂) အဆိုပါ အစုရှယ်ယာနှင့်စပ်လျဉ်း၍ မဲပေးပိုင်ခွင့်အား တားမြစ်ခြင်း၊

(၃) အစုရှယ်ယာများ ထပ်မံထုတ်ခြင်းကိုတားမြစ်ခြင်း သို့မဟုတ် ၎င်းအစုရှယ်ယာများ ကိုင်ထားသူအား ရောင်းချရန် ကမ်းလှမ်းခြင်းကို တားမြစ်ခြင်း၊

(၄) စာရင်းရှင်းလင်းဖျက်သိမ်းခြင်းမှအပ အဆိုပါအစုရှယ်ယာအပေါ် ဘဏ်ထံမှ ပေးချေမှုကို တားမြစ်ခြင်း၊

(၅) ဖောက်ဖျက်သူနှင့်စပ်လျဉ်း၍ ဗဟိုဘဏ်က အဆိုပါ အစုရှယ်ယာများကို အများပြည်သူအားလေလံတင်၍ ရောင်းချရန် အဆိုပါပုဂ္ဂိုလ်အား ညွှန်ကြားခြင်း။

(ခ) ဗဟိုဘဏ်သည် ပုဒ်မခွဲ(က)အရ ထုတ်ပြန်သည့် ညွှန်ကြားချက်ကို ဖောက်ဖျက်သူထံသို့ ဖြစ်နိုင်သမျှ ချက်ချင်းပေးပို့ရမည်ဖြစ်ပြီး သင့်လျော်သည့်နည်းလမ်းဖြင့် အများသိစေရန်ကြေညာရမည်။

(ဂ) ပုဒ်မခွဲ (က)အရ ညွှန်ကြားချက် ထုတ်ဆင့်ခံရသော ဖောက်ဖျက်သူတစ်ဦးဦးသည် ထိုညွှန်ကြားချက်ကို လက်ခံရရှိသည့်နေ့မှ ၁၄ ရက်အတွင်း ဗဟိုဘဏ်သို့ အဆိုပါအမိန့်ကို ပယ်ဖျက်ပေးရန် သို့မဟုတ် ပြင်ဆင်ပေးရန် စာဖြင့်လျှောက်ထားနိုင်သည်။

(ဃ) ဗဟိုဘဏ်သည် ပုဒ်မခွဲ (ဂ)အရ လျှောက်ထားချက်ကို စိစစ်ပြီးနောက် အဆိုပါညွှန်ကြားချက်ကို အတည်ပြုခြင်း၊ ပယ်ဖျက်ခြင်း သို့မဟုတ် ပြောင်းလဲခြင်းတစ်ခုခုကို ပြုလုပ်နိုင်သည်။

(င) ဗဟိုဘဏ်သည် ဘဏ်၏ ဒါရိုက်တာများ သို့မဟုတ် အရာရှိများထံသို့ ပုဒ်မခွဲ(က)အရ ထုတ်ဆင့်သည့် ညွှန်ကြားချက်တစ်ရပ်ရပ်ကို အကျိုးသက်ရောက်မှုရှိစေရန်လိုအပ်သလို ညွှန်ကြားနိုင်သည်။

ဘဏ်များပေါင်းစည်းခြင်း

၄၈။ (က) ဘဏ်သည် ဗဟိုဘဏ်၏စာဖြင့် ကြိုတင်ခွင့်ပြုချက်ရရှိမှသာ အောက်ပါတို့ကို ဆောင်ရွက်နိုင်သည်-

(၁) ဘဏ်တစ်ခုက အခြားဘဏ်တစ်ခု၏ လုပ်ငန်းကိုဖြစ်စေ၊ လုပ်ငန်း၏ အဓိကအစိတ်အပိုင်းကိုဖြစ်စေရယူခြင်း သို့မဟုတ် မိမိ၏ ကိုယ်ပိုင်လုပ်ငန်းအားလုံးကိုဖြစ်စေ၊ အဓိက အစိတ်အပိုင်းကိုဖြစ်စေ ရောင်းချခြင်း၊

(၂) ဘဏ်တစ်ခုက အခြားဘဏ်တစ်ခုနှင့်ပေါင်းစပ်ခြင်း သို့မဟုတ် ပူးပေါင်းခြင်း၊

(၃) နိုင်ငံခြားဘဏ်က နိုင်ငံတော်ရှိ ဘဏ်၏လုပ်ငန်းကိုဖြစ်စေ၊ အဓိကအစိတ်အပိုင်းကိုဖြစ်စေရယူခြင်း သို့မဟုတ် နိုင်ငံတော်ရှိ ၎င်း၏ကိုယ်ပိုင်လုပ်ငန်းအားလုံးကိုဖြစ်စေ၊ အဓိက အစိတ်အပိုင်းကိုဖြစ်စေ ရောင်းချခြင်း၊

(၄) ဘဏ်၏ သို့မဟုတ် ၎င်း၏ ဦးပိုင်ကုမ္ပဏီ၏ ထိန်းချုပ်ကွပ်ကဲမှုပြောင်းလဲခြင်း။

(ခ) ပုဒ်မခွဲ(က)ပါ ဗဟိုဘဏ်၏စာဖြင့် ကြိုတင်ခွင့်ပြုချက်ရရှိရန်အတွက် လျှောက်လွှာကို အဆိုပြုသဘောတူစာချုပ်မိတ္တူနှင့် အခြားသက်ဆိုင်ရာ သတင်းအချက်အလက်နှင့် စာတမ်းအမှတ်အသားများကိုပူးတွဲ၍ ဗဟိုဘဏ်သို့ တင်ပြရမည်။

(ဂ) ဗဟိုဘဏ်သည် လျှောက်လွှာကို လက်ခံရရှိပြီးနောက် လျှောက်ထားသူထံသို့ဖြစ်စေ၊ အခြားပုဂ္ဂိုလ်တစ်ဦးဦးထံသို့ဖြစ်စေ နောက်ထပ်သတင်းအချက်အလက်နှင့် စာတမ်းအမှတ်အသားများ ထပ်မံလိုအပ်ပါကတောင်းခံနိုင်သည်။

(ဃ) ဗဟိုဘဏ်သည် ဤပုဒ်မပါပြဋ္ဌာန်းချက်များနှင့်အညီ စိစစ်ပြီး လျှောက်လွှာကို အတည်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်းပြုနိုင်သည်။ လျှောက်လွှာကို အတည်ပြုရာတွင် လိုအပ်သောပြင်ဆင်ခြင်းကိုဖြစ်စေ၊ စည်းကမ်းချက်များ သတ်မှတ်ခြင်းကိုဖြစ်စေ ဆောင်ရွက်နိုင်သည်။

(င) ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၄)နှင့်စပ်လျဉ်း၍ ထိန်းချုပ်ကွပ်ကဲခြင်းတွင် အောက်ပါတို့ပါဝင်သည်-

(၁) ကုမ္ပဏီ သို့မဟုတ် တရားဝင်ဖွဲ့စည်းထားသည့် အခြားအဖွဲ့အစည်းတစ်ခုခု၏ ဒါရိုက်တာအဖွဲ့၏ ပါဝင်မှုကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ သြဇာလွှမ်းမိုးမှုရှိခြင်း၊

(၂) ကုမ္ပဏီများ သို့မဟုတ် လက်အောက်ခံကုမ္ပဏီများ သို့မဟုတ် ဦးပိုင်ကုမ္ပဏီမှတစ်ဆင့်ဖြစ်စေ၊ ပုဂ္ဂိုလ်တစ်ဦးချင်းပိုင်ဆိုင်မှုအရ တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ကုမ္ပဏီတစ်ခု သို့မဟုတ် လုပ်ငန်းအဖွဲ့အစည်းတစ်ခု၏ စုစုပေါင်း ဆန္ဒမဲပေးပိုင်ခွင့်၂၀ ရာခိုင်နှုန်း သို့မဟုတ် ၂၀ ရာခိုင်နှုန်းထက်ပို၍ ပိုင်ဆိုင်ထားခြင်း။

၄၉။ (က) ဗဟိုဘဏ်က ပုဒ်မ ၄၈ အရ စာဖြင့် ကြိုတင်ခွင့်ပြုချက်နှင့် စပ်လျဉ်း၍ လျှောက်ထားမှုကို အတည်ပြုချက်ထုတ်ပေးသည့် အခါမိမိ၏လုပ်ငန်းကို အခြားပုဂ္ဂိုလ်သို့လွှဲပြောင်းပေးရမည့် အဖွဲ့အစည်းနှင့်လုပ်ငန်းကိုလွှဲပြောင်းရယူမည့်သူတို့သည် သဘောတူစာချုပ်ကို အကျိုးသက်ရောက်မှုရှိစေရေးအတွက် လိုအပ်သည့် အမိန့်ထုတ်ပေးရန် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော်သို့ ပူးတွဲလျှောက်လွှာကို တင်သွင်းနိုင်သည်။

(ခ) ပုဒ်မခွဲ(က)အရ လျှောက်လွှာအပေါ် ကြားနာရာတွင် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော်သည် ကိစ္စရပ်အခြေအနေအရ သင့်လျော်မျှတမည်ဟု ထင်မြင်သည့်အတိုင်း အကျိုးသက်ရောက်မှုရှိသည့် စည်းကမ်းချက်ဖြင့် အမိန့်ချမှတ်ပေးခြင်း၊ အဆိုပါအမိန့်ကိုပြုပြင်ခြင်း သို့မဟုတ် ပြောင်းလဲခြင်းပြုနိုင်သည်။

(ဂ) ပုဒ်မခွဲ(ခ)အရ သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော်က ချမှတ်သည့်အမိန့်ကို လွှဲပြောင်းပေးခြင်းခံရသူသည်အများပြည်သူသိရှိနိုင်ရန် ထုတ်ပြန်ကြေညာရမည်။

(ဃ) လွှဲပြောင်းပေးသူသည် ပုဒ်မခွဲ(ခ)အရ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော်က အမိန့်ချမှတ်သည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း အဆိုပါအမိန့်မှန်ကန်ကြောင်းအတည်ပြုထားသည့် အမိန့်မိတ္တူကို ဗဟိုဘဏ်က မှန်ကန်ကြောင်း အတည်ပြုထားသည့် သဘောတူညီချက် သို့မဟုတ် အစီအစဉ်မိတ္တူပူးတွဲ၍-

(၁) ကုမ္ပဏီများမှတ်ပုံတင်အရာရှိထံနှင့်

(၂) ရွှေ့ပြောင်းနိုင်သောပစ္စည်းနှင့် ဆက်စပ်ဆောင်ရွက်လျက်ရှိသော သို့မဟုတ်အမိန့်အရလွှဲပြောင်းပေးသည့် ရွှေ့ပြောင်းနိုင်သောပစ္စည်းတွင် အကျိုးသက်ဆိုင်သည့်သက်ဆိုင်ရာမှတ်ပုံတင် သို့မဟုတ် မှတ်တမ်းအာဏာရှိသူထံ(ရှိလျှင်) တင်သွင်းရမည်။

(င) သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော်သည် ပုဒ်မခွဲ (က)အရ လွှဲပြောင်းရောင်းချနိုင်သော မြေကိုဖြစ်စေ၊ အစုရှယ်ယာတစ်ခုခုကိုဖြစ်စေ၊ လွှဲပြောင်းရောင်းချနိုင်သော မြေတွင် အကျိုးအမြတ်ကိုဖြစ်စေ လွှဲပြောင်းပေးခြင်းခံရသူသို့ အမိန့်ဖြင့် အပြီးအပိုင်အပ်နှင်းသည့်အခါ အဆိုပါအမိန့်ချမှတ်ပြီးနောက် မြေစီမံခန့်ခွဲသူက ဤပုဒ်မပါပြဋ္ဌာန်းချက်များကို အကျိုးသက်ရောက်မှုရှိစေရန် အလို့ငှာ အဆိုပါအမိန့်မိတ္တူကိုမြေ စီမံခန့်ခွဲသူထံ ချက်ချင်းပေးပို့စေရမည်။

(စ) ပုဒ်မခွဲ(ခ)အရ ချမှတ်သည့် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော်၏အမိန့်သည် နိုင်ငံတော်ပြင်ပ၌ရှိသော လွှဲပြောင်းပေးသူ၏ပစ္စည်း သို့မဟုတ် လုပ်ငန်းနှင့် သက်ဆိုင်နိုင်သည်။ ထိုသို့သက်ဆိုင်မှုရှိနေလျှင် အကျိုးသက်ရောက်မှုရှိစေရန် အဆိုပါပစ္စည်း သို့မဟုတ် လုပ်ငန်းတည်ရှိသည့် နိုင်ငံနှင့်နိုင်ငံတော်အကြား တရားရုံးစီရင်ချက်များကို အတည်ပြုရန်ကိစ္စနှင့် စပ်လျဉ်း၍ အပြန်အလှန်အစီအစဉ်များရှိလျှင် ထိုအစီအစဉ်အတိုင်းလုပ်ရမည်။ ထိုကဲ့သို့အစီအစဉ်မရှိလျှင် အဆိုပါနိုင်ငံ၏ သက်ဆိုင်ရာဥပဒေနှင့်အညီ ဆောင်ရွက်နိုင်သည်။

အစုရှယ်ယာအများဆုံးပိုင်ဆိုင်မှုကို ကန့်သတ်ခြင်း

၅၀။ ဗဟိုဘဏ်သည် အောက်ပါတို့ကို သတ်မှတ်နိုင်သည်-

(က) ပုဂ္ဂိုလ်တစ်ဦးဦးက အများဆုံးကိုင်ဆောင်ထားနိုင်သည့် ဘဏ်၏ မဲပေးနိုင်သည့် အစုရှယ်ယာရာခိုင်နှုန်းနှင့်၊

(ခ) ကုမ္ပဏီ၊ လုပ်ငန်းအဖွဲ့အစည်း သို့မဟုတ် လူပုဂ္ဂိုလ်တစ်ဦးချင်း၏ အတန်းအစားအလိုက် ပုဒ်မခွဲ (က)အရ အများဆုံး ပိုင်ဆိုင်နိုင်သည့် အစုရှယ်ယာရာခိုင်နှုန်း။

အခန်း(၉)

လုပ်ကိုင်ခွင့်ပြုသည့် ဘဏ်လုပ်ငန်းများ

၅၁။ ဘဏ်သည် ဤဥပဒေအရ လုပ်ကိုင်ခွင့်ပြုသည့် လုပ်ငန်းများကို ၎င်း၏ သင်းဖွဲ့မှတ်တမ်း၊ သင်းဖွဲ့စည်းမျဉ်းနှင့် လိုင်စင်တွင်ပါရှိသော စည်းကမ်းချက်နှင့် ကန့်သတ်ချက်များနှင့်အညီဆောင်ရွက်နိုင်သည်။

စာမျက်နှာ ၁၆ သို့

စာမျက်နှာ ၁၅ မှ

၅၂။ ကူးသန်းရောင်းဝယ်ရေးဘဏ်သည် အောက်ပါလုပ်ငန်းအားလုံးကိုဖြစ်စေ၊ တစ်ခုခုကိုဖြစ်စေ လိုင်စင်ပါ စည်းကမ်းချက်များနှင့်အညီ ဆောင်ရွက်နိုင်သည်-

(က) အပ်နှံငွေလက်ခံခြင်းလုပ်ငန်း၊
(ခ) ချေးငွေထုတ်ချေးခြင်းလုပ်ငန်း၊
(ဂ) အငှားချသည့်လုပ်ငန်း၊
(ဃ) ကြွေးမြီများဝယ်ယူကောက်ခံသည့် လုပ်ငန်း၊
(င) ငွေကြေးဝန်ဆောင်မှုလုပ်ငန်း၊
(စ) ချေးငွေတိုကင်လုပ်ငန်း၊
(ဆ) နိုင်ငံခြားသုံးငွေလုပ်ငန်း၊
(ဇ) အကြွေးဝယ်ကတ်၊ ခရီးသွားချက်လက်မှတ်နှင့် ဘဏ်ငွေလွှဲလက်မှတ် (ငွေပေးအမိန့်လက်မှတ်) အစရှိသည့် ငွေပေးချေမှုစာချုပ်စာတမ်းများ ထုတ်ပေးခြင်းနှင့် စီမံခန့်ခွဲခြင်းလုပ်ငန်း၊
(ဈ) အာမခံများနှင့် တာဝန်ခံချက်များ ထုတ်ပေးခြင်းလုပ်ငန်း၊
(ည) မိမိ၏ ကိုယ်ပိုင်ငွေစာရင်းအတွက်ဖြစ်စေ၊ ဘဏ်နှင့် ဆက်သွယ်ဆောင်ရွက်သူများ၏ ငွေစာရင်းအတွက်ဖြစ်စေ ချက်လက်မှတ်၊ ငွေတောင်းခံလွှာများနှင့် အပ်နှံငွေသက်သေခံလက်မှတ်များ၊ နိုင်ငံခြားသုံးငွေလဲလှယ်ရေး၊ ငွေကြေးကြိုတင်ရောင်းခြင်းနှင့် လက်ငင်းရောင်းချခြင်းဆိုင်ရာလုပ်ငန်းများ၊ နိုင်ငံခြားသုံးငွေလဲလှယ်ရောင်းဝယ်ရေးလုပ်ငန်းများ၊ ပေါက်ဈေးဖြင့် အတိုးနှုန်းဆိုင်ရာ စာချုပ်စာတမ်းများ၊ စာချုပ်စာတမ်းများနှင့် လွှဲပြောင်းနိုင်သော ငွေချေးသက်သေခံလက်မှတ်များအစရှိသည့် ငွေကြေးဈေးကွက်စာချုပ်စာတမ်းများ ရောင်းဝယ်ဖောက်ကားသည့်လုပ်ငန်း၊
(ဋ) စီးပွားရေးလုပ်ငန်းကြီးများကို အကြံဉာဏ်ပေးခြင်းလုပ်ငန်း၊
(ဌ) ငွေကြေးပွဲစားလုပ်ငန်း၊
(ဍ) ရင်းနှီးမြှုပ်နှံမှုအစုအဝေးစီမံခန့်ခွဲမှုနှင့် အကြံပေးလုပ်ငန်းဝန်ဆောင်မှုလုပ်ငန်း၊
(ဎ) ယုံကြည်အပ်နှံမှု ဝန်ဆောင်မှုလုပ်ငန်း၊
(ဏ) ချေးငွေထုတ်ချေးရန်ထိုက်တန်သူ ရည်ညွှန်းပေးသည့် ချေးငွေသတင်းအချက်အလက် အထောက်အကူပြုလုပ်ငန်း၊
(တ) အီလက်ထရွန်နစ်နည်းဖြင့် ဘဏ်လုပ်ငန်း ဆောင်ရွက်ခြင်းလုပ်ငန်း၊
(ထ) မိုဘိုင်းဘဏ်လုပ်ငန်း၊
(ဒ) အပ်နှံမှုလုံခြုံရေးဝန်ဆောင်မှုလုပ်ငန်း၊
(ဓ) ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ချေးငွေဖြည့်ဆည်းသည့်လုပ်ငန်း၊
(န) အပေါင်လက်ခံ၍ ချေးငွေဖြည့်ဆည်းသည့်လုပ်ငန်း၊
(ပ) ဗဟိုဘဏ်ကသတ်မှတ်သည့် အခြားဘဏ်လုပ်ငန်းများ။

၅၃။ ဘဏ်သည် အောက်ပါလုပ်ငန်းတို့ကို သီးခြားဖွဲ့စည်းသည့်လက်အောက်ခံကုမ္ပဏီထူထောင်၍ ဆောင်ရွက်နိုင်သည်-

(က) အာမခံလုပ်ငန်း၊
(ခ) ငွေချေးသက်သေခံလက်မှတ်များ ပွဲစားလုပ်ငန်း၊
(ဂ) ဗဟိုဘဏ်က ခွင့်ပြုသည့်ဘဏ်လုပ်ငန်းနှင့် ဆက်စပ်နေသည့် လုပ်ငန်းတစ်ရပ်ရပ်။

၅၄။ ဖွံ့ဖြိုးရေးဘဏ်သည် အောက်ပါလုပ်ငန်းအားလုံးကိုဖြစ်စေ၊ တစ်ခုခုကိုဖြစ်စေ လိုင်စင်ပါ စည်းကမ်းချက်များနှင့်အညီ ဆောင်ရွက်နိုင်သည်-

(က) ကာလရှည် ငွေကြေးဖြည့်ဆည်းသည့်လုပ်ငန်း၊
(ခ) အာမခံချက်နှင့် ကတိဝန်ခံချက်များ ထုတ်ပေးခြင်းလုပ်ငန်း၊
(ဂ) ဗဟိုဘဏ်က သတ်မှတ်သော အခြားဘဏ်လုပ်ငန်းများ။

၅၅။ ဘဏ်၏ လက်အောက်ခံကုမ္ပဏီများသည် ဘဏ်တစ်ခုအားစစ်ဆေးသည့် နည်းလမ်းနှင့်အညီ ဗဟိုဘဏ်၏ကြီးကြပ်စစ်ဆေးခြင်းကို ခံယူရမည်။ ဗဟိုဘဏ်သို့ အစီရင်ခံရမည့် ကိစ္စနှင့်စပ်လျဉ်း၍ဗဟိုဘဏ်က အဆိုပါဘဏ်နှင့် ယင်း၏ လက်အောက်ခံကုမ္ပဏီအသီးသီး၏ သတင်းအချက်အလက်တစ်ရပ်ရပ်ကို သီးခြားဖြစ်စေ၊ စုပေါင်း၍ဖြစ်စေ တင်ပြရန် တောင်းဆိုနိုင်သည်။

၅၆။ မည်သည့်ဘဏ်မျှ အောက်ပါကိစ္စရပ်များမှအပ ဘဏ်၏ငွေစာရင်းကို အသုံးပြု၍လည်းကောင်း၊ ကော်မရှင်ခယူ၍လည်းကောင်း ပို့ကုန်သွင်းကုန်လုပ်ငန်းများအပါအဝင် လက်ကား သို့မဟုတ် လက်လီကုန်သွယ်မှုလုပ်ငန်းများ မဆောင်ရွက်ရ-

(က) ဘဏ်၏ လက်ဝယ်ရှိအာမခံပစ္စည်းများ ထုခွဲရောင်းချခြင်း၊
(ခ) ဘဏ်က ရွှေ သို့မဟုတ် နိုင်ငံခြားငွေကို ဝယ်ယူခြင်း သို့မဟုတ် ရောင်းချခြင်း။

၅၇။ မည်သည့်ဘဏ်မျှ ဗဟိုဘဏ်ကသတ်မှတ်သည့် ၎င်း၏ မတည်ရင်းနှီးငွေ၏ အချိုးအစားတစ်ရပ်ထက်ပို၍ အောက်ပါကိစ္စရပ်များမှအပ မရွှေ့မပြောင်းနိုင်သော ပိုင်ဆိုင်ပစ္စည်းများ ဝယ်ယူခြင်း သို့မဟုတ် အခြားနည်းဖြင့်ရယူခြင်း မပြုရ-

(က) ဘဏ်လုပ်ငန်းဆောင်ရွက်ခြင်းအတွက်သော်လည်းကောင်း၊ ၎င်း၏ ဝန်ထမ်းများအတွက်အိမ်ရာ သို့မဟုတ် အခြားခံစားခွင့်များ ပံ့ပိုးပေးရန်အတွက်သော်လည်းကောင်း ရယူခြင်း၊
(ခ) ချေးငွေအတွက် အာမခံအဖြစ် မရွှေ့မပြောင်းနိုင်သောပစ္စည်းများ လက်ခံရယူခြင်း။

ချေးငွေအမျိုးမျိုးထုတ်ချေးခြင်းနှင့်သက်ဆိုင်သောသတ်မှတ်ချက်များ

၅၈။ (က) ဘဏ်သည် အောက်ပါတို့ကို ဆောင်ရွက်ထားရှိရမည်-
  (၁) ချေးငွေထုတ်ချေးခြင်း၊ ရင်းနှီးမြှုပ်နှံမှုပြုခြင်းနှင့် ချေးငွေနှင့်ရင်းနှီးမြှုပ်နှံမှုအား စီမံခန့်ခွဲခြင်းတို့နှင့်စပ်လျဉ်း၍ လုံလောက်သော ဌာနတွင်းမူဝါဒများ၊ ကျင့်သုံးသည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများ၊
  (၂) ရရန်ပိုင်ခွင့်များ၏ အရည်အသွေးဆန်းစစ်အကဲဖြတ်ခြင်း၊ ချေးငွေဆုံးရှုံးမှုအတွက် လျာထားခြင်းနှင့် သီးသန့်ငွေလုံလောက်စွာထားရှိခြင်းတို့နှင့်စပ်လျဉ်း၍ လုံလောက်သော မူဝါဒများ၊ ကျင့်စဉ်များနှင့် လုပ်ထုံးလုပ်နည်းများ သတ်မှတ်ထားရှိခြင်း။
(ခ) ဘဏ်၏ဒါရိုက်တာ၊ အမှုဆောင်အရာရှိချုပ် သို့မဟုတ် အရာရှိသည် ဘဏ်နှင့်ချေးငွေရယူသူတို့ ချုပ်ဆိုထားသည့် သဘောတူညီချက်တစ်ရပ်ရပ်နှင့် ချေးငွေရယူသူအပေါ် သတ်မှတ်ထားသည့် ချေးငွေကန့်သတ်ချက်အတွင်းမှသာ ငွေချေးခြင်းပြုရမည်။
(ဂ) ဘဏ်သည် ဗဟိုဘဏ်သို့ အောက်ပါတို့ကို တင်ပြရမည်-
  (၁) ချေးငွေပမာဏတစ်ရပ်ရပ်ထုတ်ပေးရေးအတွက် ၎င်း၏မူဝါဒများ၊ လုပ်ထုံးလုပ်နည်းများနှင့်စပ်လျဉ်းသည့် သတင်းအချက်အလက်များ၊
  (၂) ချေးငွေခွင့်ပြုခြင်းနှင့်စပ်လျဉ်း၍ ဘဏ်၏ ဒါရိုက်တာ၊ အမှုဆောင်အရာရှိချုပ် သို့မဟုတ် အရာရှိများအတွက် ထားရှိသည့်ပမာဏကန့်သတ်ချက် သို့မဟုတ် စည်းကမ်းချက်များဆိုင်ရာ အစီရင်ခံစာ။
(ဃ) ဗဟိုဘဏ်သည် သက်ဆိုင်ရာဘဏ်က တင်ပြသည့်ချေးငွေမူဝါဒများ သို့မဟုတ် လုပ်ထုံးလုပ်နည်းများကိုလိုအပ်ပါက ပြင်ဆင်နိုင်သည်။

ပမာဏကြီးမားသောကြွေးမြီများ

၅၉။ (က) ဘဏ်သည် ပုဂ္ဂိုလ်တစ်ဦးဦး သို့မဟုတ် စီးပွားရေးလုပ်ငန်း အုပ်စုတစ်ခုခု သို့မဟုတ် ဆက်နွှယ်နေသည့် မိတ်ဖက်အဖွဲ့အစည်း အုပ်စုတစ်ခုခုသို့ ချေးငွေထုတ်ချေးရာတွင် မိမိ၏အဓိကမတည်ငွေရင်း၏ ၂၀ရာခိုင်နှုန်းထက်ပို၍ ထုတ်ချေးခြင်းမပြုရ။ ယင်းကန့်သတ်ချက်သည် နိုင်ငံတော်ပိုင်ဘဏ်များ၏ အစိုးရမူဝါဒဆိုင်ရာ ချေးငွေများနှင့် သက်ဆိုင်ခြင်းမရှိစေရ။
(ခ) ပုဒ်မခွဲ(က)ပါကန့်သတ်ချက်သည် ဗဟိုဘဏ်က သီးသန့်ဖော်ပြသတ်မှတ်ခြင်းမရှိပါက ဘဏ်များအကြား ဆောင်ရွက်ချက်များအတွက် အကျုံးဝင်ခြင်းမရှိစေရ။
(ဂ) ဗဟိုဘဏ်သည် ဘဏ်တစ်ခု၏ အာမခံဖြင့်ချေးသော ချေးငွေ၊ အာမခံမဲ့ချေးငွေ သို့မဟုတ် တစ်စိတ်တစ်ပိုင်းအာမခံဖြင့် ချေးငွေတို့အတွက် ထပ်တိုးကန့်သတ်ချက်များ သတ်မှတ်နိုင်သည်။
(ဃ) ဘဏ်သည် မိမိ၏ပမာဏကြီးမားသော ကြွေးမြီတစ်ခုစီ၏ အချက်အလက်များကို ဗဟိုဘဏ်သို့ သတ်မှတ်ချက်များနှင့်အညီ ပေးပို့တင်ပြရမည်။
(င) ဗဟိုဘဏ်သည် ဆက်နွှယ်နေသည့် မိတ်ဖက်အဖွဲ့အစည်းအုပ်စု၊ စုစုပေါင်းကြွေးမြီပမာဏ၊ ထပ်တိုးကန့်သတ်ချက်နှင့် အခြားလိုအပ်ချက်များကို လိုအပ်သလို သတ်မှတ်ဖော်ပြနိုင်သည်။
(စ) ဤပုဒ်မပါအလို့ငှာ ကြွေးမြီ ဆိုသည်မှာ ဘဏ်က ပုဂ္ဂိုလ်တစ်ဦးဦးသို့ဖြစ်စေ၊ ပုဂ္ဂိုလ်တစ်ဦးဦး၏ ကိုယ်စားလှယ်သို့ဖြစ်စေ ချေးငွေအမျိုးမျိုးထုတ်ချေးခြင်းလုပ်ငန်းကိုဆိုသည်။ ယင်းစကားရပ်တွင် ချေးငွေ၊ ကြိုတင်ထုတ်ပေးငွေ၊ စာရင်းပိုထုတ်ငွေ၊ ငှားရမ်းမှုအတွက် ချေးငွေ၊ ချေးငွေဆိုင်ရာ စာရွက်စာတမ်းများလက်ခံခြင်း၊ အာမခံချက်ပေးခြင်း၊ ဘဏ်ငွေလွှဲစာတမ်း၊ ဘဏ်အာမခံစာချုပ်၊ နိုင်ငံခြားသုံးငွေဆိုင်ရာ သဘောတူစာချုပ်နှင့် ဘဏ်၏ လက်ကျန်ရှင်းတမ်းတွင် မပါဝင်သောချေးငွေတစ်ခုခုအပါအဝင် ဆက်သွယ်ဆောင်ရွက်သူက တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ဘဏ်တစ်ခုသို့ ငွေရေးကြေးရေးပေးရန်တာဝန်များလည်း ပါဝင်သည်။

ရင်းနှီးမြှုပ်နှံမှုအပေါ် ကန့်သတ်ချက်များ

၆၀။ (က) ဘဏ်တစ်ခုသည် အောက်ပါကုမ္ပဏီ သို့မဟုတ် လုပ်ငန်းအမျိုးအစားတစ်ခုခု၏ အစုရှယ်ယာများကို ရယူခြင်း သို့မဟုတ် လက်ဝယ်ထားရှိခြင်းမပြုရ-
  (၁) အများနှင့်သက်ဆိုင်သော ကုမ္ပဏီမဟုတ်သည့်အပြင် ဗဟိုဘဏ်၏ သတ်မှတ်ချက်များနှင့် ကိုက်ညီမှုမရှိသော ကုမ္ပဏီ သို့မဟုတ် လုပ်ငန်း၊
  (၂) ဗဟိုဘဏ်က လုပ်ကိုင်ခွင့်မရှိဟု ကြေညာထားသော လုပ်ငန်းအမျိုးအစားကို လုပ်ကိုင်နေသော ကုမ္ပဏီ သို့မဟုတ် လုပ်ငန်း။
(ခ) ဘဏ်တစ်ခုသည် အခြားကုမ္ပဏီတစ်ခု သို့မဟုတ် လုပ်ငန်းတစ်ခုတွင် အစုရှယ်ယာရယူခြင်းသို့မဟုတ် လက်ဝယ်ထားရှိခြင်းပြုလျှင် မိမိဘဏ်၏ မတည်ရင်းနှီးငွေ၏ ၁၀ ရာခိုင်နှုန်းထက် မပိုသော ပမာဏကိုသာ ဝယ်ယူနိုင်ခွင့်ရှိသည်။

၆၁။ (က) ဘဏ်တစ်ခုသည်အခြားကုမ္ပဏီတစ်ခု သို့မဟုတ် လုပ်ငန်းတစ်ခုတွင် အောက်ပါအတိုင်း အစုရှယ်ယာရယူခြင်း သို့မဟုတ် လက်ဝယ်ထားရှိခြင်း ပြုနိုင်သည်-
  (၁) အခြားဘဏ်တစ်ခုတွင် အဆိုပါဘဏ်၏ မတည်ရင်းနှီးငွေ၏ ငါးရာခိုင်နှုန်းအထိတန်ဖိုးရှိသော အစုရှယ်ယာ၊
  (၂) ဘဏ်မဟုတ်သော ငွေရေးကြေးရေးအဖွဲ့အစည်းလုပ်ငန်း ဆောင်ရွက်သည့်လုပ်ငန်း သို့မဟုတ် ကုမ္ပဏီတစ်ခုခုတွင် အဆိုပါကုမ္ပဏီ သို့မဟုတ် လုပ်ငန်းမတည်ရင်းနှီးငွေ၏ ငါးရာခိုင်နှုန်းအထိ တန်ဖိုးရှိသောအစုရှယ်ယာ။
(ခ) ပုဒ်မ ၆၀၊ ပုဒ်မခွဲ(ခ)ပါ ကန့်သတ်ချက်တွင် အောက်ပါတို့ အကျုံးမဝင်-
  (၁) တာဝန်ခံ၍ရောင်းချခြင်း သို့မဟုတ် တစ်ဆင့်တာဝန်ခံ၍ ရောင်းချခြင်း စာချုပ်တစ်ရပ်ရပ်အရ အလုပ်လုပ်ရက် ခုနစ်ရက်ထက်မပိုသော ကာလအတွက် သို့မဟုတ် ဗဟိုဘဏ်က အတည်ပြုသည့် အခြားထပ်တိုးကာလတစ်ခုခုအတွက် ဘဏ်က ကုမ္ပဏီ သို့မဟုတ် လုပ်ငန်းတစ်ခုခု၏ ရှယ်ယာတစ်ရပ်ရပ်ကို လက်ဝယ်ထားရှိခြင်း သို့မဟုတ် ရယူခြင်း၊
  (၂) ဘဏ်၏ လက်အောက်ခံကုမ္ပဏီတစ်ခု၏ အစုရှယ်ယာ သို့မဟုတ် ဤဥပဒေအခန်း (၁၄)နှင့်(၁၅)တို့အရ အခြားဘဏ်တွင် ဗဟိုဘဏ်က အတည်ပြုပေးသည့်ရှယ်ယာကို လက်ဝယ်ထားရှိခြင်း သို့မဟုတ် ရယူခြင်း၊
  (၃) ဘဏ်တစ်ခုသို့ ပေးရန်စေ့ရောက်သည့် ကြွေးမြီတစ်ရပ်ရပ်အတွက် ပေးချေသည့် ရှယ်ယာအား လက်ဝယ်ထားရှိခြင်း သို့မဟုတ် ရယူခြင်းတစ်ရပ်ရပ်ရှိပါက အဆိုပါရယူခြင်း၊ လက်ဝယ်ထားရှိခြင်းကို ဗဟိုဘဏ်သို့ စာဖြင့်အကြောင်းကြားရန်ဖြစ်ပြီး အဆိုပါရယူသည့်နေ့မှစ၍ နှစ်နှစ်အတွင်း ရောင်းချရမည်။
(ဂ) ဤပုဒ်မအရ အစုရှယ်ယာများကို ရယူသော သို့မဟုတ် လက်ဝယ်ထားရှိသော ဘဏ်တစ်ခုခုသည် သက်ဆိုင်ရာတို့က အချိန်မရွေးစစ်ဆေးနိုင်ရန် အဆိုပါရယူထားသော သို့မဟုတ် လက်ဝယ်ထားရှိသော ရှယ်ယာများကို သီးခြားမှတ်တမ်းဖြင့် ထိန်းသိမ်းရမည်။
(ဃ) ဤပုဒ်မအလို့ငှာ ဗဟိုဘဏ်သည် အောက်ပါတို့အတွက် စည်းမျဉ်းများဖြင့် သတ်မှတ်နိုင်သည်-
  (၁) ဘဏ်ကစီးပွားရေးလုပ်ငန်းတစ်ခုတွင် အစုရှယ်ယာပါဝင်ခြင်း၊ ရယူခြင်း၊ လက်ဝယ်ထားရှိခြင်း၊
  (၂) အဆိုပါဘဏ်တစ်ခုက ရယူထားသော၊ လက်ဝယ်ရှိသော စုစုပေါင်းအစုရှယ်ယာများ၏ တန်ဖိုးပမာဏနှင့် ပုဂ္ဂိုလ်တစ်ဦးဦးထံမှရယူပိုင်ဆိုင်နိုင်သော သဘောသဘာဝနှင့် အများဆုံးတန်ဖိုးပမာဏ။
(င) ဤပုဒ်မ၏ ပြဋ္ဌာန်းချက်များကိုဖြစ်စေ၊ စည်းမျဉ်းများကိုဖြစ်စေ ဘဏ်တစ်ခုခုကဖောက်ဖျက်လျှင် ဗဟိုဘဏ်သည် အောက်ပါတို့ကို ဆောင်ရွက်နိုင်သည်-
  (၁) အဆိုပါဘဏ်အား ကုမ္ပဏီတစ်ခုတွင်ဖြစ်စေ၊ စီးပွားရေးလုပ်ငန်းတစ်ခုတွင်ဖြစ်စေ အစုရှယ်ယာများပမာဏ တိုးမြှင့်မှုကို တားမြစ်ခြင်း၊
  (၂) ဘဏ်အား ကုမ္ပဏီတစ်ခု သို့မဟုတ် လုပ်ငန်းတစ်ခု လက်ဝယ်ရှိသည့် အစုရှယ်ယာများပမာဏကို သတ်မှတ်ထားသည့်အချိန်အတွင်းလျှော့ချရန် သို့မဟုတ် သတ်မှတ်ထားသည့် ကန့်သတ်ချက်ပမာဏအထိထားရှိရန် ညွှန်ကြားခြင်း။

၆၂။ ပုဒ်မ ၆၀ နှင့် ၆၁ပါ ပြဋ္ဌာန်းချက်များသည် နိုင်ငံခြားဘဏ်များ၊ ယင်းတို့၏ နိုင်ငံခြားဘဏ်ခွဲများနှင့် သက်ဆိုင်ခြင်းမရှိစေရ။

၆၃။ (က) မည်သည့်ဘဏ်မျှ မိမိဘဏ်ကပိုင်ဆိုင်သော ရှယ်ယာများ ရယူခြင်းဆောင်ရွက်ရန် သို့မဟုတ် စည်းကမ်းချက်သတ်မှတ်မထားသော သို့မဟုတ် အရေးပေါ်ပေးရန် တာဝန်ပေါ်ပေါက်နေသောဘဏ်ကထုတ်ဝေသည့် ကြွေးမြီဆိုင်ရာသက်သေခံလက်မှတ်များ၊ စာချုပ်များကို ဝယ်ယူခြင်းဆောင်ရွက်ရန် ချေးငွေထုတ်ချေးခြင်းမပြုရ။
(ခ) မည်သည့်ဘဏ်မျှ မိမိပိုင်အစုရှယ်ယာများကို အာမခံထား၍လည်းကောင်း၊ မိမိဘဏ်တွင် အကျိုးစီးပွားများစွာရှိသော ကုမ္ပဏီတစ်ခု၏ အစုရှယ်ယာများကို အာမခံထား၍လည်းကောင်း ချေးငွေထုတ်ချေးခြင်းမပြုရ။
(ဂ) ပုဒ်မခွဲ (က) နှင့် ပုဒ်မခွဲ (ခ)ပါ ပြဋ္ဌာန်းချက်များသည် သက်ဆိုင်ရာဘဏ်ဝန်ထမ်းများက ဘဏ်၏ အစုရှယ်ယာများအား ပိုင်ဆိုင်နိုင်သည့်အစီအစဉ်အတွက် ကိုယ်ပိုင်အစုရှယ်ယာများကို အာမခံထား၍ ချေးငွေပေးခြင်းနှင့် သက်ဆိုင်ခြင်းမရှိစေရ။ ယင်းသို့ ချေးငွေပေးခြင်းသည် ဘဏ်၏ထည့်ဝင်ပြီး မတည်ရင်းနှီးငွေ၏ ငါးရာခိုင်နှုန်းထက်မပိုရ။

ဆက်နွှယ်နေသူများအား ချေးငွေပေးခြင်း

၆၄။ (က) မည်သည့်ဘဏ်မျှ ၎င်း၏ဒါရိုက်တာများ၊ မန်နေဂျာများ သို့မဟုတ် ဘဏ်၏ ငါးရာခိုင်နှုန်းထက်ပိုသည့်မဲပေးနိုင်သော အစုရှယ်ယာများကိုကိုင်ဆောင်ထားသူ အစုရှယ်ယာဝင်များအား ချေးငွေထုတ်ချေးခြင်းမပြုရ။
(ခ) မည်သည့်ဘဏ်ကမျှ တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်သောနည်းဖြင့်ဖြစ်စေ ငွေရေးကြေးရေးအဖွဲ့အစည်းနှင့် ဆက်နွှယ်နေသူနှင့် ဈေးကွက်စည်းကမ်းသတ်မှတ်ချက်များထက် လျော့နည်းသော စည်းကမ်းချက်များဖြင့် မည်သည့်လွှဲပြောင်းဆောင်ရွက်ခြင်းကိုမျှ မပြုလုပ်ရ။
(ဂ) အောက်ပါအခြေအနေများရှိမှသာ ဘဏ်သည် ဆက်နွှယ်နေသူများနှင့် ဆောင်ရွက်ချက်များပြုလုပ်နိုင်သည်-
  (၁) ဘဏ်၏ ဒါရိုက်တာအဖွဲ့အစည်းအဝေးတွင် အဆိုပါကိစ္စနှင့်ပတ်သက်သည့် ဒါရိုက်တာမှအပ ကျန်ဒါရိုက်တာအဖွဲ့ဝင် သုံးပုံနှစ်ပုံအောက်မနည်းသည့် ဆန္ဒမဲအရ ဒါရိုက်တာအဖွဲ့အစည်းအဝေးက အတည်ပြုထားပြီးဖြစ်ခြင်း၊
  (၂) အဆိုပါ ဆောင်ရွက်ချက်အတွက် အာမခံပစ္စည်းတင်သွင်းထားခြင်း။
(ဃ) မည်သည့်ဘဏ်မျှ ဆက်နွှယ်နေသူအားဗဟိုဘဏ်က သတ်မှတ်ထားသော ပမာဏထက်ကျော်လွန်၍ ချေးငွေတစ်ရပ်ရပ်ကို ထုတ်ချေးခြင်းမပြုရ။
(င) ဗဟိုဘဏ်သည် အောက်ပါတို့ကို သတ်မှတ်နိုင်သည်-
  (၁) ချေးငွေ၏ အရင်းပမာဏ၊
  (၂) ချေးငွေအားလုံးအတွက် စုစုပေါင်းအရင်းငွေ ပမာဏလက်ကျန် သို့မဟုတ် ဘဏ်တစ်ခုက ဆက်နွှယ်နေသော စီးပွားရေးလုပ်ငန်းအုပ်စုကိုဖြစ်စေ၊ ယင်းအုပ်စု၏အဖွဲ့ဝင်တစ်ဦးဦးကိုဖြစ်စေ ထုတ်ချေးသည့် ချေးငွေအမျိုးအစားတစ်ရပ်ရပ်။
(စ) ဆက်နွှယ်နေသူနှင့် ပတ်သက်နေသည့်ပေးရန်ရှိသည့် ချေးငွေများအားလုံးကို ချေးငွေအပြည့်အဝပေးပြီးသည့်အချိန်အထိ ဘဏ်၏ လက်ရှိဘဏ္ဍာရေးနှစ်နှင့် လာမည့်ဘဏ္ဍာရေးနှစ်များအတွက် ရေးဆွဲသော ငွေရေးကြေးရေးစာရင်းများတွင် ဖော်ပြရမည်။
(ဆ) ဘဏ်သည် ၎င်းတို့နှင့်ဆက်နွှယ်နေသူများက ဤပုဒ်မတွင် ဖော်ပြထားသော စည်းမျဉ်းစည်းကမ်းများကို ချိုးဖောက်ကြောင်း တွေ့ရှိပါက ဗဟိုဘဏ်သို့ ဖောက်ဖျက်သူများကိုဖော်ပြ၍ ချက်ချင်းသတင်းပို့ရမည်။
(ဇ) ဘဏ်သည် ဤပုဒ်မပါစည်းကမ်းချက်များအား ချိုးဖောက်ခြင်းနှင့် စပ်လျဉ်း၍ စီမံဆောင်ရွက်ခြင်းမပြုပါက ဗဟိုဘဏ်သည်ချေးငွေများ ပြန်လည်ရရှိရေးအတွက်ရက်ပေါင်း ၃၀ အတွင်း ညွှန်ကြားချက်ထုတ်ခြင်း သို့မဟုတ် လိုအပ်သလို သတ်မှတ်ချက်များ ချမှတ်ဆောင်ရွက်နိုင်သည်။

စာမျက်နှာ ၁၇ သို့

စာမျက်နှာ ၁၆ မှ

(ဈ) ဤပုဒ်မပါပြဋ္ဌာန်းသည့် ချေးငွေထုတ်ချေးခြင်းသည် အဆိုပါဘဏ်၏ ဝန်ထမ်းများသို့ ထုတ်ချေးသည့် ချေးငွေအစီအစဉ်တစ်ရပ်ဖြစ်ပါက ဘဏ်၏ ဝန်ထမ်းတစ်ဦးဖြစ်သော ဒါရိုက်တာတစ်ဦး သို့မဟုတ် အရာရှိတစ်ဦးနှင့် အကျိုးဝင်သက်ဆိုင်ခြင်းမရှိစေရ။

၆၅။ ဗဟိုဘဏ်သည် ဘဏ်များအတွက် နိုင်ငံခြားငွေဖြင့်ချေးငွေအမြင့်ဆုံးကန့်သတ်ချက်များကို နိုင်ငံခြားငွေကြေးတစ်မျိုးဖြင့်ဖြစ်စေ၊ နိုင်ငံခြားငွေအမျိုးမျိုးဖြင့်ဖြစ်စေ စည်းမျဉ်းထုတ်ပြန်၍ သတ်မှတ်နိုင်သည်။

၆၆။ (က) ဗဟိုဘဏ်သည် ကြပ်မတ်ကွပ်ကဲရေးနှင့်စပ်လျဉ်း၍ ဘဏ်များလိုက်နာရမည့်လိုအပ်ချက်များကို သတ်မှတ်ရန် ဤဥပဒေ၏ ပြဋ္ဌာန်းချက်များနှင့်အညီ စည်းမျဉ်းများကိုအသေးစိတ် သတ်မှတ်ထုတ်ပြန်ရမည်။

(ခ) ယင်းသို့ ထုတ်ပြန်ရာတွင် ဘဏ်အားလုံးအတွက်ဖြစ်စေ၊ အမျိုးအစားကွဲပြားသည့် ဘဏ်များအတွက်ဖြစ်စေ ထုတ်ပြန်သောစည်းမျဉ်းများသည် အဆိုပါဘဏ်၏ မတူညီသောရည်ရွယ်ချက်၊ သဘောသဘာဝ၊ လုပ်ငန်းပမာဏနှင့် အဆိုပါဘဏ်၏ ငွေကြေးရရှိရာရင်းမြစ်တို့အပေါ်တွင်မူတည်၍ သတ်မှတ်နိုင်သည်။

(ဂ) ဗဟိုဘဏ်က ဤပုဒ်မအရ သတ်မှတ်ထားသည့် လိုအပ်ချက်များကို လိုက်နာရန်ပျက်ကွက်သည့် ဘဏ်တစ်ခုခုသည် ဗဟိုဘဏ်က သတ်မှတ်သည့် အချိန်ကာလအတွင်း ဗဟိုဘဏ်၏ စည်းမျဉ်းတွင်သတ်မှတ်သည့်နှုန်းထားဖြင့် ဗဟိုဘဏ်သို့ ဒဏ်ငွေပေးဆောင်ရမည်။

လုပ်ငန်းဆောင်ရွက်ချက်နှင့် ကတိကဝတ်များအတွက် မှတ်တမ်းများ

၆၇။ (က) ဘဏ်သည် ၎င်း၏ ဆက်သွယ်ဆောင်ရွက်ချက်နှင့် ကတိကဝတ်များ အသီးသီးအတွက် သက်ဆိုင်သောစာရွက်စာတမ်းများကို စာတွဲပြုစုထားရှိရမည်။ အဆိုပါစာတွဲသည် တရားရုံးတွင် သက်သေခံဝင်သော စာတမ်းအမှတ်အသားများ ဖြစ်စေရမည်။

(ခ) ဗဟိုဘဏ်သည် အောက်ပါတို့အပါအဝင် မှတ်တမ်းပြုစုခြင်းနှင့် ထိန်းသိမ်းခြင်းဆိုင်ရာ သတ်မှတ်ချက်များကို စည်းမျဉ်းထုတ်ပြန်သတ်မှတ်နိုင်သည်-

(၁) စာတမ်းအမှတ်အသား အမျိုးအစားများ၊

(၂) ထိန်းသိမ်းထားရှိသည့်ပုံစံ၊ နည်းစနစ်၊

(၃) ထိန်းသိမ်းထားရှိရမည့် သက်တမ်းကာလ၊

(၄) ဤပုဒ်မနှင့်သက်ဆိုင်သော အခြားလိုအပ်သည့်စာတမ်းအမှတ်အသားများ။

ငွေကြေးခဝါချမှုနှင့် သံသယရှိသောငွေလွှဲပြောင်းပေးပို့မှု သတင်းပေးပို့ခြင်းများ

၆၈။ ဗဟိုဘဏ်သည် ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေနှင့် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပါကိစ္စရပ်များနှင့် ပြည်ထောင်စုလွှတ်တော်က ပြဋ္ဌာန်းသည့်ဥပဒေများအရ သက်ဆိုင်ရာသို့ သတင်းပို့ရန် ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ငွေရေးကြေးရေးအဖွဲ့အစည်းများက လုပ်ဆောင်ရမည့် လုပ်ထုံးလုပ်နည်းများကို သီးခြားသတ်မှတ်ထားရှိရမည်။

လက်အောက်ခံအဖွဲ့အစည်းများတည်ထောင်ခြင်း သို့မဟုတ် ပိုင်ဆိုင်မှုရယူခြင်းအား ထိန်းချုပ်ကွပ်ကဲခြင်း

၆၉။ ဘဏ်တစ်ခုသည် အောက်ပါကိစ္စရပ်များအတွက် ဗဟိုဘဏ်၏ ကြိုတင်ခွင့်ပြုချက်ရယူရမည်-

(က) ပြည်တွင်း သို့မဟုတ် ပြည်ပတွင် လက်အောက်ခံအဖွဲ့အစည်းများဖွဲ့စည်းခြင်း သို့မဟုတ် ပိုင်ဆိုင်မှုရယူခြင်း၊

(ခ) ပြည်တွင်း၌ဖြစ်စေ၊ ပြည်ပ၌ဖြစ်စေ ၎င်း၏ရုံးတစ်ခုခု ဖွင့်လှစ်ခြင်း။

အဆက်အသွယ်ဘဏ်လုပ်ငန်း တည်ထောင်ခြင်း

၇၀။ (က) ဘဏ်သည် ပြည်ပရှိ မည်သည့်ဘဏ်နှင့်မဆို အဆက်အသွယ်ဘဏ်လုပ်ငန်းအား ထူထောင်ခွင့်ရှိသည်။

(ခ) ဗဟိုဘဏ်သည် မြန်မာနိုင်ငံပြင်ပရှိ ငွေရေးကြေးရေးအဖွဲ့အစည်းနှင့် အဆက်အသွယ်ဘဏ်လုပ်ငန်းကို ထူထောင်ခြင်းနှင့်စပ်လျဉ်း၍ စည်းမျဉ်းသတ်မှတ်ချက်များကို ထုတ်ပြန်သတ်မှတ်နိုင်သည်။

ငွေရေးကြေးရေးဆိုင်ရာ ဝန်ဆောင်မှုရယူသူများကို အကာအကွယ်ပေးခြင်း

၇၁။ (က) ဗဟိုဘဏ်သည် ဘဏ်များ၏ ငွေရေးကြေးရေးဆိုင်ရာဝန်ဆောင်မှုရယူသူများကို အကာအကွယ်ပေးခြင်းနှင့် ငွေရေးကြေးရေးဆိုင်ရာစွမ်းဆောင်ရည်မြှင့်တင်ရန် တာဝန်ရှိသည်။

(ခ) ပုဒ်မခွဲ(က)ပါတာဝန်များကို အကောင်အထည်ဖော်ဆောင်ရွက်ရန်အတွက် အောက်ပါတို့ကို ဆောင်ရွက်ရမည်-

(၁) နိုင်ငံတော်တွင် ငွေရေးကြေးရေးဆိုင်ရာ ဝန်ဆောင်မှုရယူသူများကို ကာကွယ်ရေးအတွက် မဟာဗျူဟာအစီအစဉ်ကို စီမံချက်ရေးဆွဲရန်နှင့် အကောင်အထည်ဖော်ရန်၊

(၂) အခြားငွေရေးကြေးရေးကဏ္ဍ ကြပ်မတ်ကွပ်ကဲသူများနှင့် ပူးပေါင်း၍ ဝန်ဆောင်မှုရယူသူများကို အကာအကွယ်ပေးရေးအစီအမံများ ညှိနှိုင်းဆောင်ရွက်ရန်၊

(၃) အခြားငွေရေးကြေးရေးအဖွဲ့အစည်းများနှင့် ငွေရေးကြေးရေးကဏ္ဍကြပ်မတ်ကွပ်ကဲသူများထံမှ လိုအပ်သည့် သတင်းအချက်အလက်များရယူရန်၊

(၄) အခြားသော ငွေရေးကြေးရေးကဏ္ဍ ကြပ်မတ်ကွပ်ကဲသူများက ကြီးကြပ်ကွပ်ကဲခြင်းမပြုသည့်ကဏ္ဍများ၊ လစ်လပ်နေသောကဏ္ဍများအတွက် ညွှန်ကြားချက်များ ထုတ်ပြန်ရန်၊

(၅) ငွေရေးကြေးရေးအဖွဲ့အစည်းနှင့် ၎င်းနှင့်ဆက်ဆံသူများအကြားတွင် ပေါ်ပေါက်သည့် အငြင်းပွားမှုများကို တရားရုံးပြင်ပတွင် ဖြေရှင်းသောစနစ်တစ်ရပ်အား တိုးမြှင့်ဆောင်ရွက်ရန်၊

(၆) ငွေရေးကြေးရေးဆိုင်ရာ ဝန်ဆောင်မှုရယူသူများကို သုတေသနပြုခြင်းနှင့် ကိန်းဂဏန်းစုဆောင်းခြင်းကိစ္စများကို အားကောင်းစေရေးအတွက် ဆောင်ရွက်ရန်၊

(၇) အဓိကပါဝင်သူများ၏ ငွေရေးကြေးရေးအသိပညာဆိုင်ရာစာပေကွန်ရက်ကို တည်ထောင်ရန်၊

(၈) ငွေရေးကြေးရေးဆိုင်ရာ ဝန်ဆောင်မှုရယူသူများကို ကာကွယ်ရေးနယ်ပယ်နှင့်စပ်လျဉ်းသည့် လုပ်ငန်းဆောင်ရွက်ချက်များ၊ ပြဿနာရပ်များကို အစိုးရနှင့် အများပြည်သူတို့သိရှိစေရန် အစဉ်တစိုက် အသိပေးဖော်ပြရန်။

(ဂ) ဗဟိုဘဏ်သည် ပုဒ်မခွဲ(က)နှင့်(ခ)အား အကျိုးသက်ရောက်စေရန် အလို့ငှာ လိုအပ်သည့်စည်းမျဉ်းများကို ထုတ်ပြန်နိုင်သည်။

မမျှတသည့်ယှဉ်ပြိုင်လုပ်ကိုင်မှုများအား တိုက်ဖျက်ရေး

၇၂။ ဘဏ်သည် အောက်ပါတို့ကို ဆောင်ရွက်ခြင်းမပြုရ-

(က) ငွေရေးကြေးရေးဈေးကွက်များတွင် ထိန်းချုပ်လွှမ်းမိုးနိုင်သည့်အနေအထားကိုရရှိစေမည့်ပဋိညာဉ်စာချုပ်များ သို့မဟုတ် သဘောတူညီချက်များကိုချုပ်ဆိုခြင်း သို့မဟုတ် လုပ်ဆောင်မှုများကို ဆောင်ရွက်ခြင်း၊

(ခ) မိမိအတွက်လည်းကောင်း၊ အခြားပုဂ္ဂိုလ်များအတွက်လည်းကောင်း မမျှတသည့် အခွင့်အလမ်းရရှိစေမည့် မမှန်ကန်သောလုပ်ဆောင်မှုများ ဆောင်ရွက်ခြင်း။

အခန်း (၁၀)

ဘဏ်များ၏ဒါရိုက်တာအဖွဲ့၊ အမှုဆောင်အရာရှိချုပ်

၇၃။ (က) ဘဏ်သည် အစုရှယ်ယာရှင်များသင်းလုံးကျွတ်အထွေထွေအစည်းအဝေးမှ ရွေးချယ်ခြင်းခံရသူ ဒါရိုက်တာငါးဦးအောက်မနည်းသော ဒါရိုက်တာအဖွဲ့ ဖွဲ့စည်းထားရှိရမည်။

(ခ) ဘဏ်၏ ဒါရိုက်တာအဖွဲ့အစည်းအဝေးတွင် အစည်းအဝေးအထမြောက်ရန် တက်ရောက်ရမည့် အဖွဲ့ဝင်ဒါရိုက်တာဦးရေ ပြည့်မီစွာတက်ရောက်သော်လည်း အမှုဆောင်မဟုတ်သော သီးခြားလွတ်လပ်သောဒါရိုက်တာ အနည်းဆုံးတစ်ဦးတက်ရောက်မှသာ ထိုအစည်းအဝေးအထမြောက်သည်။

(ဂ) ဤပုဒ်မပါ ပြဋ္ဌာန်းချက်သည် နိုင်ငံခြားဘဏ်ခွဲများနှင့် သက်ဆိုင်ခြင်းမရှိစေရ။

၇၄။ (က) အစုရှယ်ယာဝင်များ၏ သင်းလုံးကျွတ် အထွေထွေအစည်းအဝေးမှ ဆောင်ရွက်ရန် ပေးအပ်သည့် လုပ်ငန်းတာဝန်များအပြင် ဘဏ်က ဆောင်ရွက်ရမည့် လုပ်ပိုင်ခွင့်နှင့်လုပ်ငန်းတာဝန်များအားလုံးကို ဤဥပဒေအရဒါရိုက်တာအဖွဲ့သည် ကျင့်သုံးဆောင်ရွက်ရမည်။

(ခ) ပုဒ်မခွဲ (က)အရ လုပ်ငန်းတာဝန်များကို စနစ်တကျဆောင်ရွက်ရန် အလို့ငှာ ဒါရိုက်တာအဖွဲ့သည် လိုအပ်သောစည်းကမ်းများကို ချမှတ်ထားရမည်။

(ဂ) ဒါရိုက်တာအဖွဲ့၏ တာဝန်များတွင် စီမံခန့်ခွဲရေးကိစ္စရပ်များကို ကြီးကြပ်ကွပ်ကဲခြင်းအပြင် အောက်ပါတို့ပါဝင်သည်-

(၁) ပြည့်စုံသောဆုံးရှုံးနိုင်ခြေ စီမံခန့်ခွဲရေးလုပ်ငန်းစဉ်ချမှတ်ခြင်းနှင့် သုံးသပ်ခြင်း၊

(၂) ဆုံးရှုံးနိုင်ခြေစီမံခန့်ခွဲရေး၊ ထိန်းချုပ်ကွပ်ကဲမှုစနစ်နှင့် လုပ်ထုံးလုပ်နည်းများ သတ်မှတ်ခြင်းနှင့်သုံးသပ်ခြင်း၊

(၃) လုပ်ပိုင်ခွင့်နှင့်တာဝန်များကိုပေးအပ်ရန် အဖွဲ့အစည်းဆိုင်ရာအစီအစဉ်များအတွက် မူဝါဒများချမှတ်ခြင်း၊

(၄) ကျင့်ဝတ်နှင့်ကျွမ်းကျင်မှုစံများ မြှင့်တင်ပေးမည့် အဖွဲ့အစည်းအတွင်း လက်တွေ့ကျင့်သုံးမှုနှင့် လုပ်ထုံးလုပ်နည်းများ ချမှတ်ခြင်း၊

(၅) ဘဏ်၏ ဌာနတွင်းထိန်းချုပ်ကွပ်ကဲမှုစနစ်ကို ချမှတ်ခြင်းနှင့် သုံးသပ်ခြင်း၊

(၆) ဘဏ်၏ ဥပဒေနှင့်ထုတ်ပြန်သည့်နည်းဥပဒေများ၊ ညွှန်ကြားချက်များနှင့် လမ်းညွှန်ချက်များလိုက်နာမှုကို သေချာစေခြင်း။

၇၅။ (က) ဒါရိုက်တာအဖွဲ့သည် အောက်ဖော်ပြပါ ကော်မတီများအပါအဝင် သီးသန့်ရည်ရွယ်ချက်များဖြင့် ကော်မတီနှင့် ဆပ်ကော်မတီများကို တစ်ခုဖြစ်စေ၊ တစ်ခုထက်ပို၍ဖြစ်စေ ဖွဲ့စည်းနိုင်သည်-

(၁) ဆုံးရှုံးနိုင်ခြေစီမံခန့်ခွဲမှုကော်မတီ၊

(၂) ချေးငွေကော်မတီ၊

(၃) လစာချီးမြှင့်ရေးကော်မတီ၊

(၄) စာရင်းစစ်ကော်မတီ၊

(၅) ပေးရန်တာဝန်နှင့် ရရန်ပိုင်ခွင့်များ စီမံခန့်ခွဲရေးကော်မတီ။

(ခ) ပုဒ်မခွဲ(က)အရ ဖွဲ့စည်းသည့် ကော်မတီနှင့်ဆပ်ကော်မတီတို့၏ လုပ်ငန်းတာဝန်များ၊ လုပ်ပိုင်ခွင့်များနှင့် လုပ်ငန်းဆိုင်ရာလုပ်ထုံးလုပ်နည်းများသည်လည်းကောင်း၊ ၎င်းတို့အဖွဲ့ဝင်များကို ပေးရမည့် လစာနှင့်ချီးမြှင့်ငွေများသည်လည်းကောင်း ဒါရိုက်တာအဖွဲ့က သတ်မှတ်သည့်အတိုင်း ဖြစ်စေရမည်။

၇၆။ (က) ရာထူးတာဝန်ယူရန် သင့်မြတ်လျော်ကန်မှုရှိခြင်းနှင့် ဤဥပဒေအရ ရာထူးတာဝန်ထမ်းဆောင်ရန် တားမြစ်ပိတ်ပင်ခြင်းမရှိပါက မည်သူမဆို ဘဏ်တစ်ခု၏ဒါရိုက်တာ၊ အမှုဆောင်အရာရှိချုပ် သို့မဟုတ် မန်နေဂျာအဖြစ်ခန့်အပ်ပိုင်ခွင့်၊ ရွေးချယ်တင်မြှောက်ခံပိုင်ခွင့် သို့မဟုတ် အမည်စာရင်းတင်သွင်းခွင့်ရှိသည်။

(ခ) ဤဥပဒေအရ ရာထူးတာဝန်နှင့်သင့်မြတ်လျော်ကန်သူ ဟုတ်မဟုတ် ဆုံးဖြတ်ရာတွင်ဗဟိုဘဏ်ကသတ်မှတ်နိုင်သည့် အခြားကိစ္စရပ်များအပြင် အောက်ပါအချက်များကို ထည့်သွင်းစဉ်းစားရမည် -

(၁) ငွေကြေးနှင့်ဘဏ်လုပ်ငန်း၊ စီမံခန့်ခွဲမှု၊ စီးပွားရေးလုပ်ငန်း သို့မဟုတ် သက်ဆိုင်ရာကဏ္ဍတစ်ခုခုတွင် ပညာအရည်အချင်း သို့မဟုတ် အသက်မွေးဝမ်းကျောင်းနှင့်ဆိုင်သော အရည်အချင်းများ သို့မဟုတ် ထိရောက်သည့်အတွေ့အကြုံများ၊

(၂) အဆိုပါ ပုဂ္ဂိုလ်သည် လိမ်လည်လှည့်ဖြားမှု၊ မရိုးမဖြောင့်မှု သို့မဟုတ် အခြားမလျော်မကန်ပြုမူကြောင်း ကြပ်မတ်ကွပ်ကဲသည့်အဖွဲ့အစည်းကဖြစ်စေ၊ ပြည်တွင်း ပြည်ပတွင် ဖွဲ့စည်းထားသည့် အသက်မွေးဝမ်းကျောင်းအသင်းအဖွဲ့ သို့မဟုတ် ဥပဒေအရဖွဲ့စည်းထားသည့် အခြားအဖွဲ့အစည်းတစ်ခုခုကဖြစ်စေ စုံစမ်းစစ်ဆေးခြင်း သို့မဟုတ် စုံစမ်းခြင်းခံရခြင်း၊

(၃) အဆိုပါပုဂ္ဂိုလ်သည် ငွေရေးကြေးရေးစီမံခန့်ခွဲမှုနှင့်စပ်လျဉ်း၍ ပြည်တွင်းပြည်ပရှိ တရားရုံးတစ်ခုခုက ပြစ်ဒဏ်ချမှတ်ခြင်းခံရခြင်း ရှိမရှိ၊

(၄) အဆိုပါပုဂ္ဂိုလ်သည် ပြည်တွင်းတွင်ဖြစ်စေ၊ ပြည်ပတွင်ဖြစ်စေ လူမွဲစာရင်းခံယူသူအဖြစ် ကြေညာခံရခြင်းရှိ မရှိ၊

(၅) အဆိုပါ ပုဂ္ဂိုလ်သည် ကြွေးမြီပြန်လည်ပေးဆပ်မှုအပါအဝင် ပြည်တွင်းတွင်ဖြစ်စေ၊ပြည်ပတွင်ဖြစ်စေ တရားရုံးတစ်ခုခု၏ဆုံးဖြတ်ချက် သို့မဟုတ် အမိန့်တစ်ခုခုကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်သူ ဟုတ်မဟုတ်၊

(၆) အဆိုပါပုဂ္ဂိုလ်သည် ပြည်တွင်းတွင်ဖြစ်စေ၊ ပြည်ပတွင်ဖြစ်စေ တရားရုံးတစ်ခုခုကသော် လည်းကောင်း၊ နိုင်ငံတော်တွင် အစိုးရဆေးဘုတ်အဖွဲ့ကသော်လည်းကောင်း စိတ်မနှံ့သူဖြစ်သည်ဟု ကြေညာထားခြင်းခံရသူ ဟုတ်မဟုတ်၊

(၇) အဆိုပါပုဂ္ဂိုလ်သည် ပြည်တွင်းတွင်ဖြစ်စေ၊ ပြည်ပတွင်ဖြစ်စေ ကြပ်မတ်ကွပ်ကဲခြင်းစည်းမျဉ်းအရ အရေးယူခြင်းကြောင့်သော်လည်းကောင်း၊ ဗဟိုဘဏ်က သော်လည်းကောင်း ငွေရေးကြေးရေးအဖွဲ့အစည်း သို့မဟုတ် ဥပဒေအရဖွဲ့စည်းသည့်အဖွဲ့အစည်းတစ်ခုခုတွင် ဒါရိုက်တာ သို့မဟုတ် အရာရှိအဖြစ် ထမ်းဆောင်ခြင်းမှ ထုတ်ပယ်ခြင်း သို့မဟုတ် ရာထူးရပ်ဆိုင်းခြင်းခံရသူ ဟုတ်မဟုတ်၊

(၈) အဆိုပါပုဂ္ဂိုလ်သည် နိုင်ငံတော်တွင်ဖြစ်စေ၊ အရပ်ဒေသတစ်ခုခုတွင်ဖြစ်စေ လိုင်စင်အားခေတ္တရပ်စဲခြင်းသို့မဟုတ် ရပ်စဲခြင်းခံထားရသည့် ငွေရေးကြေးရေးအဖွဲ့အစည်းတစ်ခုခု၏ အဓိကအစုရှယ်ယာရှင်၊ ဒါရိုက်တာ၊ အမှုဆောင်အရာရှိချုပ်တစ်ဦး ဟုတ်မဟုတ်။

(ဂ) ပုဒ်မခွဲ (ခ)ကို မထိခိုက်စေဘဲ ဘဏ်၏ ဒါရိုက်တာ၊ အမှုဆောင်အရာရှိချုပ် သို့မဟုတ် မန်နေဂျာသည် ယင်းဘဏ်၏ လက်အောက်ခံအခြားအဖွဲ့အစည်း သို့မဟုတ် ဦးပိုင်ကုမ္ပဏီမှအပ အခြားဘဏ် သို့မဟုတ် ငွေရေးကြေးရေးအဖွဲ့အစည်းများ၏ ဒါရိုက်တာ သို့မဟုတ် အရာရှိအဖြစ် တစ်ချိန်တည်း တာဝန်ထမ်းဆောင်ခြင်းမပြုရ။

(ဃ) မည်သူ့ကိုမျှ ၎င်း၏ ဒါရိုက်တာအဖြစ် ခန့်အပ်ရန် ရည်ရွယ်ကြောင်း ဗဟိုဘဏ်သို့ အကြောင်းကြားစာပေးပို့ပြီး ရက်ပေါင်း ၃၀ မပြည့်မီ ဒါရိုက်တာအဖြစ် အမည်စာရင်းတင်သွင်းခြင်း၊ ခန့်အပ်ခြင်း၊ ရွေးချယ်တင်မြှောက်ခြင်းမပြုရ။

(င) အကြောင်းကြားစာကို ဗဟိုဘဏ်၏ သတ်မှတ်သည့်ပုံစံဖြင့် ပေးပို့ရမည်ဖြစ်ပြီး ဗဟိုဘဏ်ကတောင်းခံသည့် သက်ဆိုင်သော စာတမ်းအမှတ်အသားများနှင့် သတင်းအချက်အလက်များ ပူးတွဲပါရှိရမည်။

(စ) ပုဒ်မခွဲ (ခ)၊ (ဂ)နှင့်(ဃ)တို့တွင် ရည်ညွှန်းဖော်ပြသော ကိစ္စတစ်ရပ်ရပ်ကို သေချာစေရန် လိုအပ်သလို စဉ်းစားချင့်ချိန်ပြီး နောက်ကြောင်းစုံစမ်းစစ်ဆေးခြင်းတစ်ရပ်ရပ် ဆောင်ရွက်ရန် ဗဟိုဘဏ်သည် ဤဥပဒေအရ အခွင့်အာဏာရှိသည်။

အမှုဆောင်အရာရှိချုပ် ခန့်ထားခြင်းနှင့် ဝန်ဆောင်မှုစည်းကမ်းချက်များ

၇၇။ (က) ဒါရိုက်တာအဖွဲ့သည် ဤဥပဒေနှင့် သင်းဖွဲ့မှတ်တမ်း၊ သင်းဖွဲ့စည်းမျဉ်းများနှင့်အညီ ဘဏ်၏ အမှုဆောင်အရာရှိချုပ်ကို ခန့်အပ်ရမည်။

(ခ) ဘဏ်က ပုဒ်မ၇၆၊ ပုဒ်မခွဲ(ဃ)ကို လိုက်နာမှုမရှိဘဲ မည်သူ့ကိုမျှ အမှုဆောင်အရာရှိချုပ်အဖြစ် အမည်စာရင်းတင်သွင်းခြင်း သို့မဟုတ် ခန့်အပ်ခြင်းမပြုရ။

(ဂ) ဗဟိုဘဏ်သည် ဘဏ်ကအမှုဆောင်အရာရှိချုပ်ခန့်အပ်ရန် ရည်ရွယ်ကြောင်းအကြောင်းကြားစာ လက်ခံရရှိသည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း ဘဏ်၏ ဆုံးဖြတ်ချက်ကို အတည်ပြုခြင်း သို့မဟုတ် အတည်ပြုရန်ငြင်းပယ်ခြင်းပြုနိုင်သည်။

(ဃ) ပုဒ်မခွဲ (ဂ)အရ ဗဟိုဘဏ်၏ အတည်ပြုရန် ငြင်းပယ်ကြောင်း အကြောင်းကြားချက်ကို မကျေနပ်သူတစ်ဦးဦးသည် ထိုအကြောင်းကြားစာ လက်ခံရရှိသည့်နေ့မှ ၁၅ ရက်အတွင်း ဗဟိုဘဏ်သို့ အယူခံနိုင်သည်။

(င) ပုဒ်မခွဲ (ဃ) အရ အယူခံမှုကို လက်ခံရရှိသည့်အခါ ဗဟိုဘဏ်သည် လက်ခံရရှိသည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း အမည်စာရင်းတင်သွင်းခြင်း သို့မဟုတ် ခန့်အပ်ခြင်းကို အတည်ပြုခြင်း သို့မဟုတ် အယူခံကိုပယ်ချခြင်းပြုနိုင်သည်။

(စ) ဗဟိုဘဏ်၏ ဆုံးဖြတ်ချက်သည် အတည်ဖြစ်စေရမည်။

ဒါရိုက်တာများနှင့် အရာရှိများ အရည်အချင်းပျက်ယွင်းခြင်းနှင့် ရာထူးတာဝန်မှ ထုတ်ပယ်ခြင်း

၇၈။ (က) ပုဂ္ဂိုလ်တစ်ဦးဦးသည် အောက်ပါအချက်တစ်ရပ်ရပ်နှင့် ငြိစွန်းလျှင် ဒါရိုက်တာ သို့မဟုတ် အမှုဆောင်အရာရှိချုပ်အဖြစ် တာဝန်ထမ်းဆောင်ရန် အရည်အချင်းမရှိစေရ-

(၁) ရာထူးတာဝန်တွင် ဆက်လက်တာဝန်ထမ်းဆောင်ရန် သင့်မြတ်လျော်ကန်မှုမရှိသူဖြစ်ခြင်း၊

(၂) ပုဒ်မ၇၆၊ ပုဒ်မခွဲ(ဃ)အရ ဗဟိုဘဏ်သို့ နည်းလမ်းတကျ အကြောင်းကြားခြင်းမရှိဘဲ ခန့်အပ်ထားသူ၊ ရွေးချယ်တင်မြှောက်ထားသူ သို့မဟုတ် အမည်စာရင်းတင်သွင်းထားသူဖြစ်ခြင်း၊

(၃) ခန့်အပ်ခြင်း သို့မဟုတ် အမည်စာရင်းတင်သွင်းခြင်းအား ဗဟိုဘဏ်က ပုဒ်မ ၇၇၊ ပုဒ်မခွဲ(ဂ)အရ အတည်ပြုရန် ငြင်းပယ်ခြင်းခံရသူဖြစ်ခြင်း၊

(၄) ဘဏ်၏ လုပ်ငန်းတာဝန်များဆောင်ရွက်ရန် အရည်အချင်း မပြည့်သူ၊ အမြဲတမ်းမစွမ်းဆောင်နိုင်သူဖြစ်ခြင်း၊

(၅) ဘဏ်၏ရည်ရွယ်ချက်များနှင့် ငွေအပ်နှံသူများ၏ အကျိုးစီးပွားကို တစ်နည်းနည်းဖြင့် သိသာထင်ရှားစွာ ဆန့်ကျင်မှုများ ပြုလုပ်လာသူဖြစ်ခြင်း။

(ခ) ဘဏ်သည် ၎င်း၏ဒါရိုက်တာများ သို့မဟုတ် အမှုဆောင်အရာရှိချုပ်က ရာထူးတာဝန်ထမ်းဆောင်ရန် အရည်အချင်းပျက်ယွင်းလာကြောင်း သိရှိသည့်နေ့မှ ၁၅ ရက်အတွင်း ထိုဒါရိုက်တာ

ဆက်လက်ဖော်ပြပါမည်

ရန်ကုန်မြို့ ပြအမွေအနှစ်များရဲ့ ရာဇဝင်

သတင်းဆောင်းပါး - ခင်ရတနာ၊
ဓာတ်ပုံ-မေဦးမိုး

အနာဂတ်အတွက် လူချွန်လူကောင်းများ မွေးဖွားပေးလျက် ယနေ့တိုင် အကျိုးပြုဆဲ စိန့်ပေါလ် သို့မဟုတ် ၁၅၆ နှစ်သက်တမ်းရှိ အထက(၆) ဗိုလ်တထောင်

ရိုမန်ကက်သလစ် ခရစ်ယာန်ဘာသာဝင်တွေအတွက် ရေကြည်ရာမြက်နုရာ ပြောင်းရွှေ့နေထိုင်ကြတဲ့အခါ အများစုဟာ မိမိတို့ ရင်သွေးတွေကို ယုံကြည်ကိုးကွယ်ခြင်းနဲ့ဆိုင်တဲ့ သင်ကြားမှုတွေ၊ ဘာသာစကားနဲ့ဆိုင်တဲ့ သင်ကြားမှုတွေအတွက် အလွန်စိတ်ပူတတ်ကြတယ်လို့ ၁၈၂၀ ဝန်းကျင်မှာ မော်လမြိုင်မြို့ကိုရောက်ခဲ့ပြီး ပထမဆုံးသော အင်္ဂလိပ်အထက်တန်းကျောင်းကို တည်ထောင်ထားခဲ့တဲ့ ဘုန်းတော်ကြီး ဖာသာ ဂျဖရီက ပြောခဲ့တာကို မော်လမြိုင်မြို့ သမိုင်းစာအုပ်မှာ ရေးသားဖော်ပြထားပါတယ်။

စိန့်ပေါလ်ဆိုတာက ခရစ်ယာန်ဘာသာ ကိုးကွယ်ယုံကြည်သူတိုင်း လေးစားကြည်ညိုရတဲ့ သာသနာ့အာဇာနည် သူတော်စင်တစ်ဦးရဲ့ အမည်ဖြစ်ပါတယ်။ ဗြိတိန်အပါအဝင် နိုင်ငံအသီးသီးမှာ ဘာသာရေးဆိုင်ရာကျောင်းများကို စိန့်ပေါလ်ရဲ့အမည်ကို ဂုဏ်ယူဝင့်ကြွားစွာ ပေးတတ်ကြလေ့ရှိပြီး စိန့်ပေါလ်ကျောင်းများကနေ အင်္ဂလိပ်စာ၊ အခြေခံပညာနဲ့ ဘာသာရေးဆိုင်ရာ အဆုံးအမတွေကို ခရစ်ယာန်ဘုန်းတော်ကြီးတွေနဲ့ ပညာရှင်ကြီးတွေကဦးစီးပြီး သင်ကြားပေးကြတာ ဖြစ်ပါတယ်။

အင်္ဂလိပ်တို့ မြန်မာနိုင်ငံ အောက်ပိုင်းကို သိမ်းပိုက်ချိန်မတိုင်မီက မြန်မာနိုင်ငံအောက်ပိုင်းဒေသတွေဖြစ်တဲ့ မြစ်ဝကျွန်းပေါ်၊ မွန်ပြည်နယ်နဲ့ တနင်္သာရီတိုင်းတွေမှာ အင်္ဂလိပ်လူမျိုး၊ ဒတ်ချ်လူမျိုး၊ အိန္ဒိယလူမျိုး ဘာသာခြားတွေ ရောက်ရှိနေထိုင်ကြတာကို ကုန်းဘောင်မင်းဆက်အစ အလောင်းဘုရားလက်ထက် သမိုင်းဆိုင်ရာ အထောက်အထားတွေအရ သိရှိနိုင်ပါတယ်။

ရိုမန်ကက်သလစ် ခရစ်ယာန်ဘာသာဝင်တွေအတွက် ရေကြည်ရာမြက်နုရာပြောင်းရွှေ့နေထိုင်ကြတဲ့အခါ အများစုဟာ မိမိတို့ရင်သွေးတွေကို ယုံကြည်ကိုးကွယ်ခြင်းနဲ့ဆိုင်တဲ့ သင်ကြားမှုတွေ၊ ဘာသာစကားနဲ့ဆိုင်တဲ့ သင်ကြားမှုတွေအတွက် အလွန်စိတ်ပူတတ်ကြတယ်လို့ ၁၈၂၀ ဝန်းကျင်မှာ မော်လမြိုင်မြို့ကိုရောက်ခဲ့ပြီး ပထမဆုံးသော အင်္ဂလိပ်အထက်တန်းကျောင်းကို တည်ထောင်ထားခဲ့တဲ့ ဘုန်းတော်ကြီးဖာသာဂျဖရီက ပြောခဲ့တာကို မော်လမြိုင်မြို့သမိုင်း စာအုပ်မှာ ရေးသားဖော်ပြထားပါတယ်။

အောက်မြန်မာနိုင်ငံတစ်ခုလုံးကို သိမ်းပိုက်ပြီးတဲ့ အင်္ဂလိပ်တွေဟာ စတင်သိမ်းပိုက်ပြီးချိန် ၁၈၅၂ခုနှစ်က စတင်လို့ ရန်ကုန်မြို့ပြအခင်းအကျင်းတွေကို စတင်ဖွဲ့စည်းခဲ့ပြီး စနစ်တကျတည်ထောင်ခဲ့ပါတယ်။ စီးပွားရေး ဦးမော့လာချိန် ကုန်သွယ်မှုကလည်း အားကောင်းလာတဲ့အချိန်မှာ လူမျိုးခြားတို့ ရန်ကုန်ဆိပ်ကမ်းကနေ အုံနဲ့ကျင်းနဲ့ ဝင်ရောက်လာခဲ့ကြပါတယ်။ တစ်နွယ်ငင်တစ်စင်ပါ ဆိုသကဲ့သို့ လူမျိုးခြားများရဲ့ သားသမီးတွေအတွက် လိုအပ်တဲ့သင်ကြားမှုတွေ ရရှိနိုင်ဖို့ စီစဉ်ကြတဲ့အခါ ယနေ့တိုင် အောင်မြင်ခံ့ညားစွာနဲ့ ကျက်သရေရှိစွာ ရပ်တည်နေခဲ့တဲ့ စိန့်ပေါလ် အထက်တန်းကျောင်းကြီး ပေါ်ထွက်လာခဲ့တာဖြစ်ပါတယ်။

မြန်မာနိုင်ငံရောက် နိုင်ငံခြားသား စိန့်ပေါလ်ကျောင်းသားဟောင်းများ စုစည်းတည်ထောင်တဲ့ကျောင်းဖြစ်လို့ စိန့်ပေါလ်အင်္ဂလိပ် အထက်တန်းကျောင်းလို့ ခေါ်ဆိုခဲ့ကြပြီး ၁၈၆၀ ပြည့်နှစ်မှာ စတင်တည်ထောင်ခဲ့တာ ဖြစ်ပါတယ်။ ရိုမန်ကက်သလစ် ဘုန်းတော်ကြီးများက အုပ်ချုပ်စီမံခန့်ခွဲပြီး ကျောင်းကြီးကို အိန္ဒိယလူမျိုး အင်ဂျင်နီယာများက တည်ဆောက်ခဲ့တာဖြစ်တယ်လို့ သိရပါတယ်။

အထက(၆) ဗိုလ်တထောင်လို့ ယနေ့ခေါ်ဆိုနေတဲ့ စိန့်ပေါလ်ကျောင်းကြီးဟာ အနော်ရထာလမ်းမကြီး၊ သိမ်ဖြူလမ်းမကြီးနဲ့ ဗိုလ်အောင်ကျော် လမ်းမကြီးတွေရဲ့ စုံရပ်မှာတည်ရှိတဲ့အပြင် ထင်ရှားတဲ့ စိန့်မေရီဘုရားကျောင်း၊ ဗိုလ်ချုပ်အောင်ဆန်းနဲ့တကွ အာဇာနည်ခေါင်းဆောင်ကြီးတွေ ကျဆုံးခဲ့တဲ့ သမိုင်းဝင်နေရာတစ်ခုဖြစ်တဲ့ အတွင်းဝန်ရုံးနဲ့လည်း မျက်နှာချင်းဆိုင် တည်ရှိပါတယ်။

ကျယ်ပြန့်လှတဲ့ ကျောင်းတော်ကြီးရဲ့ ပရိဝုဏ်ဟာ စိန့်ပေါလ်ကျောင်းသားဟောင်းတွေအဖို့တော့ တစ်သက်မမေ့စရာ အမှတ်တရတွေကို ပေးစွမ်းနိုင်တယ်လို့ စိန့်ပေါလ် ကျောင်းသားဟောင်းတစ်ဦးလည်းဖြစ် ကမ္ဘာ့အတော်ဆုံး သိပ္ပံပညာရှင်အယောက်တစ်ရာ စာရင်းဝင်သူလည်းဖြစ်တဲ့ ပါမောက္ခ ဒေါက်တာစောဝေလှုက ဆိုပါတယ်။

မူလတည်ဆောက်ထားတဲ့ အဆောက်အအုံဟာ ယနေ့မြင်ရတဲ့ အဆောက်အအုံကြီးတော့ မဟုတ်ခဲ့ပါဘူး။ ယနေ့မြင်တွေ့ရတဲ့ ကြီးမားခံ့ညားတဲ့ အဆောက်အအုံ အနီရောင်ကြီးကို တည်ဆောက်တဲ့ခုနှစ်ကတော့ မြန်မာလူမျိုးတိုင်းသိနိုင်တဲ့ ကုန်းဘောင်မင်းဆက် နောက်ဆုံးမျိုးဆက်ဖြစ်တဲ့ ဘုရင်သီပေါရဲ့ ပါတော်မူတဲ့ ၁၈၈၅ ခုနှစ်ပဲဖြစ်ပါတယ်။

ကျောင်းရဲ့ ထူးခြားချက်ကတော့ အဆောက်အအုံတွေ၊ မြက်ခင်းနေရာနဲ့ ကျယ်ပြန့်တဲ့ ဘောလုံးကွင်းအားလုံးဟာ စတုရန်းကို အခြေခံထားပြီး တည်ဆောက်တဲ့ လေးထောင့်ကွက်တွေဖြစ်နေပြီး သင်္ချာသဘောတရားအရ ၇၅ ရာခိုင်နှုန်းဟာ လေးထောင့်စပ်စပ်ကျခဲ့တာဖြစ်တယ်လို့ သိရပါတယ်။ ထုထည်ကြီးမားတဲ့ သုံးထပ်ကျောင်းကြီးဟာ လေဝင်လေထွက်ကောင်းမွန်မှု၊ ခိုင်ခံ့မှုနဲ့ တည်ငြိမ်မှုအသွင်ကို ဆောင်နေပြီး ပင်မသုံးထပ်ဆောင်ကြီးအပြင် အခုနောက်ပိုင်းမှာ အောင်ကျော်ဆောင်နဲ့ အောင်ဆန်းဆောင်တို့လည်း ရှိပါတယ်။

စိန်ပန်းပင်နဲ့ ကုက္ကိုပင်ကြီးတွေက ရန်ကုန်ရဲ့ ရှားပါးလာတဲ့ သစ်ပင်ကြီးတွေအဖြစ် စိန့်ပေါလ်ကျောင်းဝင်းအတွင်းမှာ ပေါပေါများများ မြင်တွေ့ ရတာကြောင့် ကျောင်းနဲ့သက်ဆိုင်တဲ့ ရိုက်ကူးရေးလုပ်ငန်းတွေနဲ့ ကျောင်းပိတ်ရက်ရှည်တွေမှာလည်း စည်ကားနေတတ်ပြီး အားကစားကွင်းတွေ ရှားပါးလာတဲ့ ရန်ကုန်မှာ စိန့်ပေါလ်ဘောလုံးကွင်းကြီးက လူငယ်တို့ရဲ့ ကွန်းခိုရာတစ်ခုအနေနဲ့ နေ့စဉ်စည်ကားနေတာကိုလည်း မြင်တွေ့ရပါတယ်။

သမိုင်းကြောင်းကို ပြန်ကောက်ရမယ်ဆိုရင် အင်္ဂလိပ်လူမျိုးတွေ၊ အင်္ဂလိပ်သွေးနှောတဲ့ အိန္ဒိယနွယ်ဖွားတွေနဲ့ ဘိုကပြားမြန်မာတွေရဲ့ အားထားရာကျောင်းတော်ကြီးတစ်ခုဖြစ်ခဲ့ပြီး အင်္ဂလိပ်စာအပြင် လက်တင်ဘာသာ၊ ပန်းချီ၊ ပန်းပု စတဲ့ လက်မှုပညာတွေ၊ သင်္ချာ၊ သိပ္ပံနဲ့ နိုင်ငံရေး၊ လူမျိုးရေး အတွေးအခေါ်တွေ၊ ဘာသာရေး ဆိုင်ရာ အဆုံးအမတွေနဲ့ လူမှုရေးသိပ္ပံဆိုင်ရာတွေရဲ့ လက်ဦးသင်ကြားမှုတွေကို ကျောင်းတော်ကြီးက သင်ကြားပေးခဲ့တယ်လို့ သမိုင်းမှတ်တမ်းများအရ သိရပါတယ်။

အားကစားကိုလည်း ကျန်းမာကြံ့ခိုင်မှုအတွက် မဖြစ်မနေ သင်ကြားကြရသလို ဘောလုံး၊ ဘတ်စကက်ဘောနဲ့ ဘော်လီဘောဟာ စိန့်ပေါလ်ကျောင်းသားဟောင်းတွေ အဓိကတတ်ကျွမ်းတဲ့ အားကစားနည်းတွေဖြစ်ပါတယ်။ ယောကျ်ားလေးတွေကိုသာ လက်ခံသင်ကြားပေးတဲ့ ကျောင်းဖြစ်တာမို့ လူငယ်သဘာဝ ဂီတထူးချွန်သူများစွာရဲ့ စတူဒီယိုအဖြစ်လည်း ကျောင်းဆောင်များထဲက အခန်းတွေက အဖြည့်ခံ အသုံးတော်ခံခဲ့ရပါတယ်။

စိန့်ပေါလ်ကျောင်းကြီးဟာ ရန်ကုန်မြို့မှာ စတင်တည်ထောင်တဲ့ အထက်တန်းကျောင်းတွေရဲ့ ပထမဆုံးသော ကျောင်းတော်ကြီးဖြစ်ခဲ့ပေမယ့် မြန်မာနိုင်ငံတစ်ခုလုံးရဲ့ ပထမဆုံးအထက်တန်းကျောင်းတော့ မဟုတ်ခဲ့ဘဲ ဒုတိယအနေနဲ့သာ ကျေနပ်ခဲ့ရတာပါ။ ပထမဆုံး မြန်မာနိုင်ငံရဲ့ အထက်တန်းကျောင်းဟာ မော်လမြိုင်မြို့မှာရှိခဲ့ပြီး ၁၈၆၀ ပြည့်နှစ်မှာ တည်ဆောက်ခဲ့တဲ့ စိန့်ပတ်ထရစ်ကျောင်းကြီး ဖြစ်ပါတယ်။

ကျောင်းတော်ကြီးရဲ့ အဓိကသုံးစွဲရတဲ့ ဘာသာစကားဟာ အင်္ဂလိပ်စကားဖြစ်ခဲ့ပြီး လွတ်လပ်ရေးရပြီးချိန်မှာလည်း အင်္ဂလိပ်စကားကို ကျောင်းသုံးစကားအဖြစ် ဆက်လက် သတ်မှတ်ထားခဲ့တယ်လို့ သိရပါတယ်။ တော်လှန်ရေးကောင်စီအစိုးရလက်ထက် ၁၉၆၅ခုနှစ်မှာ ပြည်သူပိုင်အဖြစ် သိမ်းဆည်းခဲ့ပြီး အထက (၆) ဗိုလ်တထောင်အဖြစ် ပြောင်းလဲဖွင့်လှစ်ခဲ့ပါတယ်။

ကျောင်းသုံးဘာသာစကားကို မြန်မာဘာသာအဖြစ် ပြောင်းလဲသတ်မှတ်ခဲ့ပြီး ကျောင်းအိပ်ကျောင်းစားခွင့်ကိုလည်း ပိတ်ခဲ့တယ်လို့ သိရပါတယ်။ သို့သော်လည်း ယခင်ကထားရှိမြဲ ယောကျ်ားလေးများကိုသာ လက်ခံသင်ကြားပေးတဲ့ကျောင်းအဖြစ် ဆက်လက်ခွင့်ပြုပေးခဲ့ပြီး သူငယ်တန်းကနေ တက္ကသိုလ်ဝင်တန်းအထိ ပညာသင်နှစ်တစ်နှစ်စီမှာ ကျောင်းသား ၅၀၀၀ ကျော် လက်ခံသင်ကြား ပေးနေခဲ့တာ အခုဆိုရင် ကျောင်းတော်ကြီးရဲ့ သက်တမ်းဟာ ၁၅၆ နှစ်ခန့်ရှိပြီ ဖြစ်တယ်လို့ သိရပါတယ်။

၁၉၆၅ခုနှစ်ကနေ စလို့ ကျောင်းအုပ်ကြီးများကို ပညာရေးမှ ခန့်အပ်ထားခဲ့ပြီး ပထမဆုံး ကျောင်းအုပ်ဆရာကြီးက ဦးသန့်ကြီးဖြစ်ပါတယ်။ အခုဆိုရင် ကျောင်းအုပ်ပေါင်း ၁၆ ဦးအထိ အဆင့်ဆင့်ပြောင်းလဲအုပ်ချုပ်လို့ စည်းကမ်းကြီးမားပြီး အစဉ်အလာကောင်းတဲ့ အောင်ချက်ရာခိုင်နှုန်းကိုလည်း ထိန်းထားဆဲပင်ဖြစ်ပါတယ်။

အာဇာနည်ခေါင်းဆောင်ကြီး တစ်ဦးဖြစ်တဲ့ ဒီးဒုတ်ဦးဘချိုက အစပြုလို့ ဦးဘခင်၊ ဒေါက်တာဘမော်၊ ဦးဘဖေနဲ့ ပထမဆုံးသော မြန်မာလူမျိုး တရားသူကြီးချုပ် ဦးမောင်ခင်၊ စာရေးဆရာမင်းလူစတဲ့ နိုင်ငံရေး၊ အားကစားနဲ့ အနုပညာရှင်၊ စာပေပညာရှင်များစွာကို မွေးထုတ်ပေးခဲ့ပြီး လက်ရှိမှာလည်း မွေးထုတ်လျက်ရှိဆဲပင် ဖြစ်တယ်လို့ သိရပါတယ်။ စိန့်ပေါလ်ကျောင်းသားဟောင်းတွေ စုပေါင်းပြီး ကျောင်းကြီး ရေရှည်တည်တံ့ခိုင်မြဲဖို့အတွက် ကြိုးစားထိန်းသိမ်းကြသလို သက်တမ်းများစွာ ရှည်လျားလာပြီဖြစ်တဲ့ ကျောင်းတော်ကြီးဟာ ရန်ကုန်မြို့ရဲ့ ရှေးဟောင်းယဉ်ကျေးမှု အဆောက်အအုံများ စာရင်းမှာ ဂုဏ်ယူဖွယ်ပါဝင်နေတာကြောင့် ရှာဖွေဖော်ထုတ် တင်ပြလိုက်ရပါကြောင်း။

အထက(၆) ဗိုလ်တထောင်၏ စင်္ကြံလမ်းတစ်နေရာ။

နိုင်ငံတကာရေးရာဆောင်းပါး

မြန်မာ့အလင်းသတင်းစာဖတ်ပရိသတ်များ မျက်မှောက်နိုင်ငံတကာရေးရာဖြစ်ရပ်များကို ဖတ်ရှုလေ့လာ ဗဟုသုတရရှိစေရန်အတွက် ဘာသာပြန်စာရေးဆရာများက နိုင်ငံတကာသတင်းများမှ ရှာဖွေစုစည်းပြန်ဆိုသော သတင်းဆောင်းပါးများကို အပတ်စဉ်ဖော်ပြပေးလျက်ရှိပါကြောင်း။ (စာတည်းအဖွဲ့)

အဖြေရှာမရသေးသည့် ဒုက္ခသည်ပြဿနာ

ချိုးစန္ဒီနွေး

ဥရောပသို့ ပြောင်းရွှေ့ အခြေချနေထိုင်သည့် ဒုက္ခသည်ပြဿနာသည် ၂၀၁၅ ခုနှစ်မှ စတင်ကာ လူအများစိတ်ဝင်တစား ဆွေးနွေးဝေဖန်လာကြသည့် အရေးကိစ္စတစ်ခုဖြစ်လာခဲ့သည်။ အရှေ့အလယ်ပိုင်းဒေသမှ စစ်ဘေးဒဏ်နှင့် နိုင်ငံအတွင်း ပဋိပက္ခများကြောင့် လုံခြုံစိတ်ချရသည့် ခိုလှုံရာနေရာကောင်းကို ရှာဖွေနေကြသည့် ဒုက္ခသည်များအတွက် ဥရောပ၌ပြောင်းရွှေ့အခြေချနေထိုင်ခွင့် ရရှိခြင်းသည် ၄င်းတို့အတွက် မဟာအခွင့်အရေး တစ်ရပ်ပင်ဖြစ်သည်။ ၂၀၁၅ ခုနှစ်တွင် မြေထဲပင်လယ်ကိုဖြတ်၍ ဥရောပသို့ဝင်ရောက်ခဲ့သည့် ဒုက္ခသည်အရေအတွက်မှာ အဆမတန်များပြားလာခဲ့သည်။ ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံးမှ ထုတ်ပြန်ချက်အရ မြေထဲပင်လယ်ကိုဖြတ်၍ ဥရောပသို့ ဝင်ရောက်သည့် ဒုက္ခသည်အရေအတွက်မှာ ၂၀၁၅ ခုနှစ်၌ ဆီးရီးယားလူမျိုး၄၉ ရာခိုင်နှုန်း၊ အာဖဂန်လူမျိုး ၂၁ ရာခိုင်နှုန်းနှင့် အီရတ်လူမျိုး ၈ ရာခိုင်နှုန်းတို့ဖြစ်ကြသည်။

အာရပ်နွေဦး တော်လှန်ရေးမှတစ်ဆင့် ပေါ်ပေါက်ခဲ့သော နိုင်ငံရေးပဋိပက္ခများနှင့် ပြည်တွင်းစစ်ပွဲများကြောင့် အရှေ့အလယ်ပိုင်းရှိ နိုင်ငံများမှ ဒုက္ခသည် အမြောက်အမြား ပေါ်ထွက်လာခဲ့သည်။ လူသားချင်း စာနာထောက်ထားမှုအနေဖြင့် ဥရောပနိုင်ငံအများစုက လက်ခံခဲ့သည်။

၂၀၁၄ ခုနှစ်တွင် ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများ၌ လက်ခံထားသည့် ဒုက္ခသည်အရေအတွက်မှာ ၆၂၆၀၀၀ ရှိခဲ့ပြီး ၂၀၁၅ ခုနှစ်တွင် ၁၂၂၁၈၅၅ ဦးထိ လက်ခံခဲ့သည်။ နှစ်ဆနီးပါး တိုးမြှင့်လက်ခံခဲ့ခြင်းဖြစ်သည်။

ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံအသီးသီးက လက်ခံထားသည့် ဒုက္ခသည်အရေအတွက်၏သုံးပုံနှစ်ပုံမှာ ဂျာမနီ၊ ဆွီဒင်၊ အီတလီနှင့် ပြင်သစ်နိုင်ငံတို့တွင် နေထိုင်လျက်ရှိသည်။

ဂျာမနီ

ဂျာမနီနိုင်ငံသည် ဒုက္ခသည်များအရေးကိစ္စနှင့်ပတ်သက်၍အဓိကအခန်းကဏ္ဍမှ ကမ္ဘာ့နိုင်ငံရေးဇာတ်ခုံပေါ်တွင် ပါဝင်လာသည်။ ဂျာမနီနိုင်ငံသည် အရှေ့အလယ်ပိုင်းဒေသမှ စစ်ဘေးကြောင့် ထွက်ပြေးတိမ်းရှောင်လာသူ အရေအတွက် အမြောက်အမြားကို လက်ခံခဲ့သည်။ ၂၀၁၅ ခုနှစ် ဧပြီလက ပြောင်းရွှေ့အခြေချနေထိုင်သူ ၂၀၀၀ ကို သယ်ဆောင်လာသော ရေယာဉ်ငါးစင်း မြေထဲပင်လယ်အတွင်း နစ်မြုပ်ခဲ့ပြီး လူပေါင်း ၁၂၀၀ ကျော်အသက်ဆုံးရှုံးခဲ့ရသည်။

အလားတူ အဖြစ်အပျက်မျိုးများသည် ၂၀၁၅ ခုနှစ်အတွင်း မကြာခဏဖြစ်ပွားခဲ့သည်။ ထို့ကြောင့် လူသားချင်းစာနာထောက်ထားမှုဟူသော စကားရပ်ဖြင့် ဂျာမနီဝန်ကြီးချုပ် အိန်ဂျလာမာကယ်သည် ဒုက္ခသည်အမြောက်အမြားကို လက်ခံခဲ့သည်။ ထိုသို့လက်ခံပြီးနောက် ပြဿနာများစွာနှင့်ရင်ဆိုင်ခဲ့ရသည်။ ဂျာမနီနိုင်ငံက လက်ခံထားသည့် ဒုက္ခသည်များထဲကမှ အီရတ်နှင့် ဆီးရီးယားနိုင်ငံသားများက မြူးနစ်မြို့ရှိ ဘူတာရုံတွင် အသေခံဗုံးခွဲရန်စီစဉ်ခဲ့ကြောင်း အာဏာပိုင်များက သတင်းရခဲ့သည်။ ထို့အပြင် နှစ်သစ်ကူးညက ကိုလိုဂျင်မြို့တွင် အမျိုးသမီးများကို ပစ်မှတ်ထား၍ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများ၊ လုယက်တိုက်ခိုက်မှုများ ဖြစ်ပွားခဲ့သည်။ လုယက်တိုက်ခိုက်မှုများ ကျူးလွန်ခဲ့သူအမျိုးသား ၁၀၀၀ ဝန်းကျင်၌ သုံးပုံနှစ်ပုံမှာ စစ်ဘေးကြောင့် ပြောင်းရွှေ့လာသည့် ဒုက္ခသည်များဖြစ်သည်။ ဂျာမနီအာဏာပိုင်များကလည်း ဤကဲ့သို့သော အကြမ်းဖက်မှုများသည် ဥရောပသို့ ထောင်နှင့်ချီ၍ဝင်ရောက်လာသည့် အရှေ့အလယ်ပိုင်းမှ စစ်ပြေးဒုက္ခသည်များက ကျူးလွန်ခဲ့သည်ဟု အတည်ပြုသည်။ ဒါ့အပြင် နိုဝင်ဘာ ၁၃ ရက် ပါရီမြို့၌ တိုက်ခိုက်မှုပြုလုပ်ရာတွင် ပါဝင်ခဲ့သူနှစ်ဦးမှာလည်း နှစ်သစ်ကူးညက အကြမ်းဖက် လုယက်မှုများတွင် ပါဝင်နေကြောင်း တွေ့ရသည်။

ဤအဖြစ်အပျက်များသည် ဂျာမနီဝန်ကြီးချုပ် အိန်ဂျလာမာကယ်အတွက် ကြီးမားသောထိုးနှက်ချက်များပင်ဖြစ်သည်။ ဂျာမန်ပြည်သူတို့ကလည်း နိုဝင်ဘာ ၁၃ ရက်က ပြင်သစ်နိုင်ငံတွင်ဖြစ်ပွားခဲ့သည့် အဖြစ်အပျက်မျိုး ဂျာမနီနိုင်ငံ၌ဖြစ်ပွားမည်ကို စိုးရိမ်ထိတ်လန့်နေကြသည်။

ဒုက္ခသည်ပဋိပက္ခများ ကြီးထွားလာသည်နှင့်အမျှ ဂျာမနီနိုင်ငံ၏ နိုင်ငံရေးဇာတ်ခုံပေါ်တွင် အိန်ဂျလာမာကယ်၏ ဒုက္ခသည်များလက်ခံရေးကို ထောက်ခံသူများကတစ်ဖက်၊ ဆန့်ကျင်သူများကတစ်ဖက် အငြင်းပွားမှုများ တစ်စတစ်စကြီးထွားလာသည်။

အမေရိကန်

၂၀၁၅ ခုနှစ် စက်တင်ဘာ ၁၀ ရက်တွင် အမေရိကန်သမ္မတက လာမည့်နှစ်အတွင်း ဆီးရီးယားမှ စစ်ဘေးဒုက္ခသည် ၁၀၀၀၀ ထက် မနည်းလက်ခံသွားမည်ဖြစ်ကြောင်း ၄င်း၏အစိုးရအဖွဲ့ကိုပြောခဲ့သည်။ အမေရိကန်သမ္မတသည် ဥရောပနိုင်ငံများနည်းတူ ဒုက္ခသည်များ အမေရိကန်နိုင်ငံအတွင်း အခြေချနေထိုင်ခွင့်ပြုခဲ့ခြင်းအတွက် ဖိအားများနှင့် ရင်ဆိုင်နေရသည်။

ပြင်သစ်နိုင်ငံ၌ ကြောက်မက်ဖွယ်ရာ အကြမ်းဖက်တိုက်ခိုက်မှုဖြစ်ပွားခဲ့ပြီး အဆိုပါတိုက်ခိုက်မှုတွင် ဆီးရီးယားမှ ဒုက္ခသည်တစ်ဦး ပါဝင်ခဲ့သော်လည်း အိုဘားမားအစိုးရသည် ဆီးရီးယားဒုက္ခသည်ထောင်ပေါင်းများစွာကို လက်ခံရန်စီစဉ်ဆဲဖြစ်သည်။ အိမ်ဖြူတော်မှ အမျိုးသားလုံခြုံရေးအကြံပေး ဘန်ရိုဒတ်စ်က ဒုက္ခသည်များတွင် အမျိုးသမီးများ၊ ကလေး သူငယ်များ၊ စစ်ကြောင့် မိဘမဲ့ဖြစ်ရသူများပါဝင်ပြီး ၄င်းတို့သည် စစ်ကြောင့် အမှန်တကယ် ထိခိုက်နစ်နာရသူများဖြစ်သည်ဟု ပြောသည်။ သို့သော် ၂၀၁၆ ခုနှစ် ဇန်နဝါရီလအစောပိုင်းက အမေရိကန်နိုင်ငံ၌ အီရတ် နှင့် ဆီးရီးယားနိုင်ငံများမှ ဒုက္ခသည်အဖြစ် ဝင်ရောက် လာသူနှစ်ဦးကို စစ်သွေးကြွအုပ်စုများအား ထောက်ပံ့ကူညီသည်ဟူသော စွဲချက်ဖြင့် အာဏာပိုင်များက ဖမ်းဆီးခဲ့သည်။

ထို့ကြောင့် အမေရိကန်ရှိပြည်နယ်အချို့က ၄င်းတို့ပြည်နယ်အတွင်း ဒုက္ခသည်များဝင်ရောက်လာမည်ကို စိုးရိမ်ကြသည်။ ရီပက်ဘလစ်ကန်ခေါင်းဆောင် အချို့ကလည်း သမ္မတအိုဘားမားအား ဒုက္ခသည်များလက်ခံရေးနှင့်ပတ်သက်၍ ဂရုပြုဆောင်ရွက်ရန်သတိပေးထားသည်။

တူရကီ

တူရကီနိုင်ငံသည်လည်း ဂျာမနီနိုင်ငံနည်းတူ ဒုက္ခသည်ပဋိပက္ခနှင့်ပတ်သက်၍ အဓိကအခန်းကဏ္ဍမှပါဝင်လာသည်။ တူရကီနိုင်ငံသည် ဆီးရီးယားနိုင်ငံ၏ အဓိကစစ်ဖြစ်ပွားရာနေရာများနှင့် ထိစပ်လျက်ရှိသည့်အတွက် ဆီးရီးယားနိုင်ငံဘက်မှ ထွက်ပြေးလာသည့် ဒုက္ခသည်များစွာတို့အတွက် အဓိက ဝင်ပေါက်သဖွယ်ဖြစ်နေသည်။ နိုဝင်ဘာလနှောင်းပိုင်းတွင် ဥရောပကော်မရှင်က တူရကီနှင့်အတူပူးပေါင်း၍ ထိပ်သီးဆွေးနွေးပွဲတစ်ခုပြုလုပ်ခဲ့သည်။ ဆွေးနွေးပွဲတွင် တူရကီကနိုင်ငံအတွင်းမှ ဒုက္ခသည်များ ဥရောပသို့ဝင်ရောက်ခြင်းကို တားဆီးကာကွယ်ပေးမည်ဖြစ်ပြီး ဥရောပနိုင်ငံများကလည်း ဘဏ္ဍာရေးဆိုင်ရာ အထောက်အပံ့များနှင့် ဥရောပသမဂ္ဂနှင့်ဆွေးနွေးပွဲများပြုလုပ်ရန် အပြန်အလှန် သဘောတူခဲ့သည်။ ဂျာမနီနိုင်ငံကလည်း ၂၀၁၆ ခုနှစ် ဒုက္ခသည်ပဋိပက္ခကို ၄၀ ရာခိုင်နှုန်းထိလျှော့ချနိုင်ရေး တူရကီနိုင်ငံကို ငွေကြေးဆိုင်ရာ ထောက်ပံ့ကူညီမှုများ ပိုမိုပေးအပ်ရန် စီစဉ်ထားသည်ဟု စီးပွားရေးပူးပေါင်းဆောင်ရွက်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးက ပြောသည်။

အမေရိကန်နိုင်ငံကလည်း တူရကီနယ်စပ်တစ်လျှောက် ဒုက္ခသည်များဝင်ရောက်မှုကိုတားဆီးနိုင်ရန် နည်းပညာပိုင်းဆိုင်ရာ အကူအညီများပေးအပ်ရန် ကမ်းလှမ်းခဲ့သည်။ ဂျာမနီဝန်ကြီးချုပ်အနေဖြင့် ၂၀၁၅ ခုနှစ်က ဂျာမနီနိုင်ငံသို့ ဝင်ရောက်ခိုလှုံသူဒုက္ခသည် ၁ ဒသမ ၁ သန်းရှိလာပြီးနောက် နောက်ထပ်ရောက်ရှိလာမည့် ဒုက္ခသည်အရေအတွက်ကို လျှော့ချရန် တောင်းဆိုမှုများနှင့်ရင်ဆိုင်နေရသည်။

ဩစတြီးယား

ဩစတြီးယားနိုင်ငံသည် ၄င်းတို့နိုင်ငံအတွင်း ရွှေ့ပြောင်းအခြေချနေထိုင်သူများ လျှော့ချရေးအတွက် နယ်စပ်တစ်လျှောက် စစ်ဘေးကြောင့် မဟုတ်ဘဲ စီးပွားရေးအရ ပြောင်းရွှေ့အခြေချနေထိုင်သူများကို နိုင်ငံအတွင်းသို့ မဝင်ရောက်စေရေး တင်းကျပ်ဆောင်ရွက်ခဲ့သည်။ ဩစတြီးယားနိုင်ငံအတွင်းလူပေါင်း ၉၀၀၀၀ ဝန်းကျင် ဝင်ရောက်ခိုလှုံခဲ့ပြီး ၂၀၁၅ ခုနှစ်တွင် ၈ ဒသမ ၅ သန်းထိရှိလာသည်။ လွန်ခဲ့သောလများကလည်း စီးပွားရေးအရပြောင်းရွှေ့လာသူများကို နိုင်ငံအတွင်းမှ နှင်ထုတ်ရန်ဩစတြီးယားမှ ဆိုရှယ်ဒီမိုကရက်တစ်တစ်ဦးဖြစ်သူ ဒေမန်းကပြောသည်။

ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများသည် ဒုက္ခသည်ပဋိပက္ခနှင့်ပတ်သက်၍ ကိုင်တွယ်ဖြေရှင်းရန် သဘောထားကွဲလွဲမှုများလည်းရှိနေသည်။ ဩစတြီးယားနိုင်ငံကမူ နိုင်ငံအတွင်း ဝင်ရောက်လာသည့် ရွှေ့ပြောင်းအခြေချနေထိုင်သူများကို အကန့်အသတ်ဖြင့် ထိန်းသိမ်းဆောင်ရွက်ရန် ဆုံးဖြတ်ခဲ့သည်။

ပြင်သစ်

ဒုက္ခသည်အရေအတွက် အမြောက်အမြားကို လက်ခံထားသည့် နိုင်ငံထဲတွင် ပြင်သစ်နိုင်ငံလည်း အပါအဝင်ဖြစ်သည်။ အိုင်အက်စ်အဖွဲ့နှင့် စစ်ဖြစ်ပွားနေသည့် အီရတ်နှင့် ဆီးရီးယားနိုင်ငံရှိ ဒေသအချို့မှ ဒုက္ခသည်များ ပြင်သစ်နိုင်ငံအတွင်းသို့ အလုံးအရင်းနှင့် ဝင်ရောက်လာပြီးနောက် နိုဝင်ဘာ ၁၃ ရက်က ကြောက်မက်ဖွယ် အကြမ်းဖက်တိုက်ခိုက်မှုတစ်ခုဖြစ်ပွားခဲ့သည်။ အဆိုပါ တိုက်ခိုက်မှုကြောင့် လူပေါင်း ၁၃၀ ကျော်သေဆုံးခဲ့ပြီး ၃၆၈ ဦး ဒဏ်ရာရရှိခဲ့သည်။ ဤအဖြစ်အပျက်သည် ပြင်သစ်နိုင်ငံ၌ အကြီးမားဆုံး တိုက်ခိုက်ခံရမှုပင် ဖြစ်သည်။ ယင်းသို့ အကြမ်းဖက်တိုက်ခိုက်ခံရပြီးနောက် ပြင်သစ်သမ္မတက တိုင်းပြည်၏ နယ်စပ်ဂိတ်များကို ပိတ်၍ လုံခြုံရေးတင်းကျပ်ရန် အမိန့်ပေးခဲ့သည်။ ၂၀၁၅ ခုနှစ် ဇန်နဝါရီလက ပြင်သစ်နိုင်ငံရှိ ချာလီဟက်ဒိုမဂ္ဂဇင်းတိုက်နှင့် ဈေးဝယ်စင်တာတစ်ခု အကြမ်းဖက်တိုက်ခိုက်ခံရကာ လူ ၁၇ ဦးသေဆုံးခဲ့ပြီး ၂၂ ဦး ဒဏ်ရာရရှိခဲ့သည်။ ထို့နောက် ပြင်သစ်နိုင်ငံ၌ လုံခြုံရေးကို အမြင့်ဆုံးပြုလုပ်ခဲ့သည်။ ဥရောပမှ လူပေါင်း ၆၀၀၀ ခန့်သည် စစ်သွေးကြွအုပ်စုများနှင့် ဆက်သွယ်လျက်ရှိပြီး ၄င်းတို့၌ ပြင်သစ်နိုင်ငံမှ အိုင်အက်စ်ထိန်းချုပ်ရာနယ်မြေများသို့ သွားရောက်နိုင်မည့် ပတ်စ်ပို့များ ကိုင်ဆောင်ထားကြောင်း ဥရောပသမဂ္ဂက ခန့်မှန်းထားသည်။

ဥရောပနိုင်ငံများက ဒုက္ခသည်များကို လူသားချင်းစာနာထောက်ထားမှုကြောင့် လက်ခံလိုသော်လည်း အကြမ်းဖက်သမားများက ဒုက္ခသည်အယောင်ဆောင်ကာ ဝင်ရောက်လာမည်ကိုလည်း စိုးရိမ်ကြောက်ရွံ့နေကြသည်။ ထို့ကြောင့်အမေရိကန်နိုင်ငံနှင့် ဥရောပတစ်လွှားရှိ နိုင်ငံများမှ နိုင်ငံသားများသည် ဒုက္ခသည်များ ဝင်ရောက်မှုကို ဆန့်ကျင်ကန့်ကွက်လျက်ရှိပြီး အစိုးရများကလည်း ၄င်းတို့၏ နယ်စပ်ဂိတ်များကို ပိတ်ဆို့တားဆီးကာကွယ်နိုင်ရေးကြိုးပမ်းလျက်ရှိသည်။ ဒုက္ခသည်များ ကလည်း အသက်အန္တရာယ် လုံခြုံရေးပိုမိုကောင်းမွန်သည့် ဘဝတစ်ခုပိုင်ဆိုင်နိုင်ရေးအတွက် အန္တရာယ်များပြားလှသည့် မြေထဲပင်လယ်ကိုဖြတ်၍ ဥရောပသို့ဝင်ရောက်နိုင်ရေး ကြိုးပမ်းနေဆဲဖြစ်သည်။ ဒုက္ခသည်များကို သယ်ဆောင်၍ မြေထဲပင်လယ်ကို ဖြတ်သန်းလာသည့် ရေယာဉ်များမှာ မကြာခဏဆိုသလို တိမ်းမှောက်လေ့ရှိပြီး လူပေါင်းများစွာ အသက်ဆုံးရှုံးနေရသည်။ သို့ဖြစ်၍ ဥရောပနိုင်ငံများနှင့် ဒုက္ခသည်ပြဿနာမှာအဖြေရှာ၍ မရသေးဘဲကြေကွဲ ဖွယ်ရာအဖြစ်အပျက်များသာ ကြုံတွေ့နေရသည်။

-Ref : Reuters, Wikipedia, The New Yorks Times

ခ ရီး သွ ား ဆေ ာ င် း ပါ း

ရွှေမုဋ္ဌော ပုသိမ်ထီးနှင့် ဟာလဝါ

သတင်းဆောင်းပါး-မောင်မောင်မြင့်ဆွေ
ဓာတ်ပုံ-မောင်ချစ်ကြည်

ပုသိမ်မြို့ရှိ ရွှေမုဋ္ဌောစေတီတော်ကို ရေယာဉ်ပေါ်မှ ဖူးမြင်ရစဉ်။

ထူးထူးခြားခြား ဒီနှစ်ဇန်နဝါရီလမှာ မိုးရွာသည်။ တစ်နိုင်ငံလုံး လေအေးများတိုက်ခတ်နေပြီး အေးမြသောလေထုကြောင့် လူတိုင်းနီးပါး အနွေးထည်ကိုယ်စီဖြစ်နေသည်။ ပုံမှန်မဟုတ်သော အအေးဓာတ်က တစ်နိုင်ငံလုံးလွှမ်းခြုံနေချိန်တွင် ရန်ကုန်မှ နံနက်စောစော မော်တော်ယာဉ်ဖြင့် ထွက်ခွာလာခဲ့သည်။

မြူနှင်းတို့ဝေနေသော ကားလမ်းတစ်လျှောက် မော်တော်ယာဉ်များက အဆက်မပြတ် သွားလာနေသည်ကို မြင်တွေ့ရသည်။ ကျွန်တော်တို့ခရီးစဉ်က ပုသိမ်ထီးနှင့် ပုသိမ်ဟာလဝါတို့ဖြင့် နာမည်ကျော်သော ပုသိမ်မြို့ဆီသို့။ ရန်ကုန်မြို့မှ ထွက်လာကတည်းက ကားလမ်းဘေးဝဲယာတွင် စိမ်းစိုသောသစ်ပင်များ၊ ကျေးရွာများနှင့် လုပ်ငန်းခွင်ဝင်နေကြသူများကို တွေ့ရသည်။ ဧရာဝတီတိုင်းဒေသကြီးက မြစ်ချောင်း၊ အင်းအိုင်ပေါများပြီး ရာသီဥတုလည်းကောင်းမွန်သဖြင့် မြန်မာနိုင်ငံတွင် စပါးအထွက်ဆုံးဒေသလည်းဖြစ်သည်။ ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသလည်းဖြစ်ရာ လယ်ယာစိုက်ပျိုးရေးအပြင် ဥယျာဉ်ခြံလုပ်ငန်းများ၊ သားငါးမွေးမြူရေးလုပ်ငန်းများလည်း အောင်မြင်ဖြစ်ထွန်းသည်။

ကားလမ်းဘေးဝဲယာ မြင်ကွင်းများက စိမ်းလန်းစိုပြည်နေသော်လည်း အချိန်အခါမဟုတ် ရွာသွန်းသောမိုးကြောင့် စိုက်ပျိုးသီးနှံခင်းများ ရိတ်သိမ်းပြီးသီးနှံများ ထိခိုက်ပျက်စီးမှု ရှိမည်ဟု တွေးမိသည်။ ရန်ကုန်-ပုသိမ်က မိုင် ၁၂၀ ခန့် ဝေးသော်လည်း ကားလမ်းကောင်းမွန်သဖြင့် အချိန်လေးနာရီကျော် မောင်းနှင်သည်နှင့် ပုသိမ်မြို့သို့ ရောက်ရှိလာသည်။ ပုသိမ်မြို့က ဧရာဝတီတိုင်းဒေသကြီး၏ မြို့တော်။ မြန်မာနိုင်ငံ၏စတုတ္ထမြောက် အကြီးဆုံးမြို့။

ပုသိမ်မြို့အဝင်ဆိုင်းဘုတ်ကို ခံ့ညားသပ်ရပ်စွာ တွေ့မြင်ရသည်။ အလှစိုက်အပင်များနှင့် ပန်းပွင့်များက ဧည့်သည်များကို ဆီးကြိုနေသည့်အလား။ တဖြည်းဖြည်း မြို့တွင်းဝင်ရောက်လာရာ ပြည့်အင်အားသည် ပြည်တွင်း၌သာရှိသည်ဟု စာတန်းရေးထိုးထားသော ရုပ်တုများနှင့် ကျောက်တိုင်အဝိုင်းကိုလည်း ခံ့ထည်စွာ တွေ့မြင်ရသည်။ ပုသိမ်မြို့တွင်းရောက်ရှိလာရာ ကားများ၊ ဆိုင်ကယ်များကို မပြတ်တမ်းတွေ့ရသည်။ လမ်းဘေးဝဲယာတွင် တိုက်တာအိမ်ခြေသစ်များကို တွေ့မြင်ရသဖြင့် ပုသိမ်မြို့သည် အရှိန်အဟုန်ဖြင့် တိုးတက်ဖွံ့ဖြိုးလာနေပြီဟု မှန်းဆမိသည်။

ပုသိမ်မြို့က ဧရာဝတီမြစ်အနောက်ဘက် ငဝန်မြစ်ကမ်းပေါ်တွင် တည်ရှိသည်။ ရန်ကုန်ဆိပ်ကမ်းပြီးလျှင် ပုသိမ်ဆိပ်ကမ်းသည်လည်း အရေးပါသည့် ဆိပ်ကမ်းတစ်ခုအဖြစ် ယခင်က ရပ်တည်နိုင်ခဲ့သည်။ ပင်လယ်ကူးသင်္ဘောများ ဝင်ရောက်ဆိုက်ကပ်နိုင်ခဲ့သည်အထိ ရှိခဲ့သော်လည်း ယခုအခါ ပြည်တွင်းသင်္ဘောများသာ ဝင်ရောက်ဆိုက်ကပ်နိုင်သည်ဟု သိရသည်။ ပုသိမ်ဆိပ်ကမ်းကို တိုးချဲ့ပြုပြင်မှုများ၊ အဆင့်မြှင့်တင်မှုများ ပြုလုပ်ရန်ရှိကြောင်း ပုသိမ်မြို့သား ကိုခိုင်မွန်က ပြောသည်။

"ပုသိမ်မြို့ရဲ့ကျက်သရေဆောင် ရွှေမုဋ္ဌောဘုရားကို အရင်သွားဖူးရအောင်" ဟု ကိုခိုင်မွန်က ပြောသဖြင့် ရွှေမုဋ္ဌောဘုရားသို့ သွားခဲ့သည်။ လမ်းတစ်လျှောက် ကားများ၊ ဆိုင်ကယ်များ၊ လမ်းသွားလမ်းလာများအပြင် ဈေးဆိုင်များကို မပြတ်တမ်းတွေ့မြင်ရသည်။ ပုသိမ်မြို့က စည်ကားသော၊ လူနေများသောမြို့အဖြစ် ရောက်ရှိလာလေပြီ။ ရွှေမုဋ္ဌော စေတီပေါ်သို့ အနောက်ဘက်စောင်းတန်းအတိုင်း တက်လာခဲ့သည်။ အနောက်ဘက်စောင်းတန်းက ရှည်လျားပြီး ကမ်းနားလမ်းအထိတိုင် ရောက်ရှိလေသည်။ ကျွန်တော်တို့ ရွှေမုဋ္ဌောစေတီရင်ပြင်တော်အပေါ် တက်ရောက်ပြီး လက်ယာရစ်လှည့်ကာ ဖူးမြော်နေမိသည်။

ကိုယ်လုံးတော်အပြည့်ရွှေချထားသော ရွှေမုဋ္ဌောစေတီကို သပ္ပာယ်စွာဖူးမြော်ရသည်။ ရွှေမုဋ္ဌောစေတီ ကို အာသောကဘုရင်ကဘီစီ ၃၀၅ တွင် ဉာဏ်တော် ခုနစ်ပေခွဲနှင့် လုံးပတ်တော် လေးပေခွဲအရွယ်အစားဖြင့် ပထမဆုံး တည်ထားခဲ့ခြင်းဖြစ်သည်။ ထို့နောက် အလောင်းစည်သူဘုရင်က ခရစ်နှစ် ၁၁၁၅ ခုနှစ်တွင် မူလစေတီအပေါ် အမြင့် ၃၆ ပေရှိသော စေတီကို တည်ထားကိုးကွယ်ခဲ့ပြီး သမုဒ္ဒဃောသဘုရင်နှင့် မိဖုရားဥမ္မာဒန္တီတို့ကခရစ်နှစ် ၁၂၆၃ ခုနှစ်တွင် အမြင့်ပေ ၁၃၀ ရှိသည့် ရွှေမုဋ္ဌောစေတီကို တည်ထားကိုးကွယ်ခဲ့ခြင်းဖြစ်သည်ဟု မှတ်တမ်းများ၌ ဖတ်ရှုခဲ့ဖူးသည်။ ကျယ်ဝန်းသန့်ရှင်းသော ရင်ပြင်တော်ပေါ် လှည့်ပတ်ဖူးမြော်ရင်း စုလစ်မွမ်းချွန်တို့ဖြင့် တည်ဆောက်ထားသော အာရုံခံတန်ဆောင်းများကို လေ့လာမိသည်။ ပြည်တွင်းဘုရားဖူးများနှင့် ကမ္ဘာလှည့်ခရီးသွားအချို့ကို တွေ့မြင်ရသည်။ ရွှေမုဋ္ဌောဘုရားသည် ရာသီမရွေးဘုရားဖူးမပြတ်တမ်း ရှိနေတတ်သည်ဖြစ်ရာ ကမ္ဘာလှည့်ခရီးသွားများ စိတ်ဝင်စားစွာ လာရောက်လေ့လာကြကြောင်း သိရသည်။ ရင်ပြင်တော်ပေါ် လှည့်လည်ပြီး ကြာသပတေးထောင့်၌ ဘုရားရှိခိုးကာ ခေတ္တထိုင်ရင်း ဘုရားဖူးလာသူများကို ကြည့်ရှုနေမိသည်။ နိုင်ငံတစ်ဝန်းနေရာအသီးသီးမှ လာရောက်ဖူးမြော်ကြသည့် ဘုရားဖူးများဖြစ်ပေမည်။ "ရွှေမုဋ္ဌောဘုရားမှာ. . . လပြည့်လကွယ်နံနက်တိုင်း. . ." အစရှိသည့် အဆိုတော် သန်းထွန်းလေး၏ " မမပုသိမ်သူ" သီချင်းကို နားထဲကြားယောင်နေမိသည်။ ဧရာဝတီတိုင်းဒေသကြီးတွင် ရွှေမုဋ္ဌောဘုရား၊ မော်တင်စွန်းဘုရားနှင့် ဇလွန်ပြည်တော်ပြန်ဘုရားများက တန်ခိုးကြီးပြီး အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးများမပြတ်တမ်း လာရောက်ဖူးမြော်ကြသော စေတီများပင်ဖြစ်သည်။

ကျွန်တော်တို့ ရွှေမုဋ္ဌောဘုရားရင်ပြင်မှ ပြန်ဆင်းလာခဲ့သည်။ မွန်းလွဲ ၁ နာရီခန့်ရှိပြီဖြစ်ရာ ပုသိမ်မြို့လယ်ရှိ ထမင်းဆိုင်တစ်ဆိုင်သို့ ဝင်ရောက်ခဲ့သည်။ ဆိုင်ကြီးမဟုတ်သော်လည်း သပ်ရပ်သန့်ရှင်းကာ စားသုံးသူများကြောင်း တွေ့ရသည်။ ပုသိမ်မြို့တွင် ထမင်းဆိုင်တိုင်းဆန်ကောင်းကောင်းဖြင့် ချက်တတ်ပြီး အသားထက် ငါးမျိုးစုံဟင်းများကို အမယ်များစွာ ရောင်းချလေ့ရှိသည်။ ပုသိမ်ပေါ်ဆန်းမွှေးထမင်း၊ ငါးရံ့အူဟင်း၊ ပဲဟင်းချို၊ ငါး ငါးပိချက်၊ တို့စရာ အသီးအရွက်အစုံအလင်ဖြင့် စားသောက်ရသည်မှာ ခေါင်းမဖော်နိုင်အောင် မြိန်လှသည်။ ထမင်းဟင်းချက် လက်ရာကောင်းသော ဆိုင်အဖြစ် အသိအမှတ်ပြုရသည်။

ထမင်းစားပြီးနောက် ဆိုင်မှပြန်ထွက်လာရာ "ပုသိမ်ထီးလုပ်တဲ့နေရာသွားရအောင်" ဟု ကိုခိုင်မွန်က ပြောသဖြင့် ကားဖြင့်ထွက်ခဲ့သည်။ ပုသိမ်ထီးလုပ်ငန်းက ပုသိမ်မြို့၏ ထင်ရှားသော လက်မှုလုပ်ငန်းတစ်ခုဖြစ်ပြီး ပြည်တွင်းမှာသာမက ပြည်ပနိုင်ငံများကပါ စိတ်ဝင်စားသော လက်မှုလုပ်ငန်းဖြစ်သည်။ မြန်မာလူငယ်မျိုးဆက်သစ်များက ပုသိမ်ထီးကို မေ့စပြုလာပြီဖြစ်သည်။ မဖြစ်သင့်။ မြန်မာမှုလက်ရာစစ်ဖြစ်သော ပုသိမ်ထီးသည် ပုသိမ်မြို့မှထွက်ရှိသော ထုတ်ကုန်များအနက် နာမည်ကျော်ကြားမှုအရှိဆုံး ပစ္စည်းတစ်ခုလည်းဖြစ်သည်။ ပုသိမ်မြို့မြောက်ပိုင်း ၃ ရပ်ကွက် တောရကျောင်းလမ်းအတွင်းရှိ ရွှေစာထီးလုပ်ငန်းသို့ ရောက်ရှိခဲ့သည်။

ပုသိမ်ထီးများကို မူလဒီဇိုင်းမပျက်ဘဲ ဝါးဖြင့် အဓိကပြုလုပ်ထားသော ခေတ်မီပုသိမ်ထီးများအဖြစ် ပုံသဏ္ဌာန်ပြောင်းကာ အသစ်ထုတ်လုပ်နေသည်ကို တွေ့ရသည်။ ပုသိမ်ထီးခေတ်က မကုန်သေး။ လူကြိုက်များဆဲ။ အထူးသဖြင့် ပြည်တွင်းသာမက ပြည်ပနိုင်ငံများသို့လည်း တင်ပို့ ရောင်းချနေပြီဖြစ်သည်။ ပုသိမ်ထီးပြုလုပ်ပုံအဆင့်ဆင့်ကို တွေ့ရှိခဲ့ရသည်။ စိတ်ဝင်စားဖွယ်လည်းကောင်းသည်။ ပုသိမ်ထီး၏ အဓိက လက်ကိုင်ထီးရိုးအတွက် ပုသိမ်ဒေသအနောက်ရိုးမပေါ်မှ ခုတ်ယူရရှိသော ဝါးများအနက် "သရကူ" အမျိုးအစားဝါးက ပိုမိုသင့်တော်ပြီး ပေါ့ပါးကာကြာရှည်ခံကြောင်း သိရသည်။

ပုသိမ်ထီးပြုလုပ်ပုံအဆင့်ဆင့်ကိုလည်း မျက်မြင်တွေ့ရှိခဲ့ရသဖြင့် ခေတ်မီနည်းပညာများ အသုံးပြုထုတ်ကုန်များပေါ်များလာသည့် ယနေ့ခေတ်တွင် သဘာဝပစ္စည်းကုန်ကြမ်းများ အသုံးပြုကာ လက်ဖြင့်ပြုလုပ်သော လက်မှုထုတ်ကုန် ပစ္စည်းများက တန်ဖိုးကြီးနေဆဲ၊ အလေးထားမြတ်နိုးနေကြဆဲက ကမ္ဘာတစ်ဝန်းလုံးပင်ဖြစ်သည်။ လက်မှုပစ္စည်းစစ်စစ်များက ခံစားမှုပါသည်။ စေတနာပါသည်။ ပြုလုပ်ဖန်တီးသူ၏ နှလုံးသားနှင့် အတတ်ပညာကို နားလည်စာနာမှုစိတ်ဖြစ်ရသည်။ ယင်းကြောင့် လက်မှုထုတ်ကုန်များ တန်ဖိုးကြီးနေခြင်းဖြစ်သည်။ ယခု ပုသိမ်ထီးပြုလုပ်ရာတွင်လည်း အနောက်ရိုးမမှ ထွက်ရှိသော သရကူဝါးအမျိုးအစားကို နှစ်စဉ်ပြာသို၊ တပို့တွဲလများ၌ ဝယ်ယူစုဆောင်းရသည်။ ဝါးများကို ပိုးမစားရန် သို့မဟုတ် ကြာရှည်ခံရန် ရွှံ့ပုပ်၊ နွံပုပ်အတွင်း ခြောက်လခန့် ပစ်ထားရသည်။ ယင်းသို့ ပြုလုပ်ခြင်းမှာ ရိုးရာနည်းပင်ဖြစ်ပြီး ထီးရိုးအဖြစ် အသုံးပြုရာတွင် တာရှည်ခံပြီး ပိုးမစားကြောင်း သိရသည်။ ထီးရွက်အဖြစ် အသုံးပြုသော ပိတ်စတွင် တယ်ရည်ကို သုတ်လိမ်းပေးရသည်။ တယ်ရည်ဆိုသည်မှာ တယ်ပင်မှ ရသော အသီးကို ကျိုချက်ပြီးရသော သဘာဝဆေးရည်တစ်မျိုးဖြစ်သည်။ တယ်ရည်သုတ်ပေးခြင်းဖြင့် မိုးရေခံပြီး ထီးရွက်ကို တာရှည်ခံစေကြောင်း သိရသည်။ ထီးအလုပ်ရုံတစ်ရုံသည် အလုပ်သမားအင်အား၊ ကုန်ကြမ်းပစ္စည်းများ အရန်သင့်ရှိပါက တစ်နေ့လျှင် ပုသိမ်ထီးအရေ အတွက် ၂၀၀၀ ခန့် ထုတ်လုပ်နိုင်ကြောင်း ကိုခိုင်မွန်က ပြောပြသည်။ အလုပ်ရုံအတွင်းသို့ ကမ္ဘာလှည့်ခရီးသွား ဧည့်သည်အချို့ ဝင်ရောက်လာသည်ကို တွေ့ရသည်။ လက်လုပ်ပစ္စည်းဖြစ်သော ပုသိမ်ထီးကို စိတ်ဝင်စားကြခြင်းမှာ မဆန်းတော့။ သဘာဝဝါးနှင့် အခြေခံပစ္စည်းများကို ရိုးရာလက်မှုပညာဖြင့် ထုတ်လုပ်ပြီး တာရှည်ခံခြင်းများက ဆွဲဆောင်မှုရှိနေခြင်းပင်ဖြစ်သည်။

စာမျက်နှာ ၂၁ သို့

ရွှေမုဋ္ဌောစေတီကို အာသောကဘုရင်က ဘီစီ ၃၀၅ တွင် ဉာဏ်တော် ခုနစ်ပေခွဲနှင့် လုံးပတ်တော် လေးပေခွဲ အရွယ်အစားဖြင့် ပထမဆုံး တည်ထားခဲ့ ခြင်းဖြစ်သည်။ ထို့နောက် အလောင်းစည်သူဘုရင်က ခရစ်နှစ် ၁၁၁၅ ခုနှစ်တွင် မူလစေတီအပေါ် အမြင့် ၃၆ ပေရှိသော စေတီကို တည်ထားကိုးကွယ်ခဲ့

ရွှေမုဋ္ဌောစေတီတော်သို့ လာရောက်ဖူးမြော်ကြသည့် ဘုရားဖူးရေယာဉ်များကို တွေ့ရစဉ်။

စာမျက်နှာ ၂၀ မှ

ပုသိမ်မြို့ရှိ နာရီစင်အား တွေ့ရစဉ်။

ပုသိမ်ထီးများမှာ ယခုအခါ အမျိုးသမီးများ ဆောင်းစရာအဖြစ်သာမက အိမ်တွင်းအလှဆင်စားပွဲတင်အရွယ် အစားမှသည် ပန်းခြံနှင့် ဟိုတယ်သုံးအပြင် အပန်းဖြေကမ်းခြေများအထိပါ အသုံးတွင်ကျယ်လာသည်မှာ ဂုဏ်ယူစရာပင်ဖြစ်သည်။ ပုသိမ်မြို့အတွက်သာမက မြန်မာနိုင်ငံအတွက်ပါ ဂုဏ်ယူဖွယ်ရာ လက်မှုပစ္စည်းတစ်ရပ်ဖြစ်သဖြင့် ရေရှည်ထိန်းသိမ်းရန်လိုအပ်ကြောင်း၊ လိုအပ်သည့်အကူအညီများ ပံ့ပိုးဖြည့်ဆည်းပေးသင့်ကြောင်း တွေးနေမိသည်။ ယခုအခါ ပုသိမ်ထီးများကို ပြင်သစ်၊ ဆွစ်ဇာလန်၊ ဂျာမနီနှင့် အမေရိကန်နိုင်ငံများအထိ အမှတ်တရပစ္စည်းများအဖြစ် တင်ပို့နေကြောင်းသိရသဖြင့် ဂုဏ်ယူဝမ်းသာစိတ် ဖြစ်မိသည်ကအမှန်ပင်။

ကျွန်တော်တို့ ပုသိမ်ထီးအလုပ်ရုံမှ ပြန်ထွက်လာခဲ့သည်။ ပုသိမ်မြို့မှ နာမည်ကြီး ပုသိမ်ဟာလဝါထုတ်လုပ်သည့်လုပ်ငန်းသို့ ဆက်လက်ထွက်ခွာလာခဲ့ရာ ပုသိမ်မြို့ ကုသိန္နာရုံလမ်းရှိ ရွှေမြင်းပျံဟာလဝါထုတ်လုပ်သည့်စက်ရုံသို့ ရောက်ရှိခဲ့သည်။ ပုသိမ်မြို့က ပုသိမ်ဟာလဝါနှင့် ပုသိမ်ထီးတို့နှင့် ခွဲခြား၍မရ။ ပုသိမ်ရောက်ဧည့်သည်များက အပြန်လက်ဆောင်အဖြစ် ပုသိမ်ဟာလဝါကို ဝယ်ယူကြစမြဲဖြစ်သည်။ ပုသိမ်ဟာလဝါက အနံ့ အရသာတို့တွင် နာမည်ကြီးပြီး နိုင်ငံတစ်ဝန်း ကျော်ကြားလေသည်။

ဟာလဝါပြုလုပ်သည့်စက်ရုံအတွင်း အလုပ်သမားများက ကိုယ်စီတာဝန်ထမ်းဆောင်ရင်း အလုပ်ရှုပ်နေကြသည်ကို တွေ့ရသည်။ ဟာလဝါပြုလုပ်ရာတွင် ပုသိမ်ပေါ်ဆန်းမွှေးဆန်၊ ကောက်ညှင်းဆန်၊ သကြား၊ အုန်းသီး၊ မြေပဲဆီစစ်စစ်၊ ထောပတ်နှင့်နှမ်းတို့ကို ကုန်ကြမ်းအရည်အသွေးကောင်းကောင်း ရွေးချယ်ရသည်။ ဆန်၊ ကောက်ညှင်း၊ သကြားနှင့် အုန်းသီးတို့ကို ပထမဦးစွာ တစ်ဝက်တစ်ပျက် ကုန်ကြမ်းအဖြစ်ပြောင်းလဲပြီး ဆန်နှင့်ကောက်ညှင်းတို့ကို သတ်မှတ်စံနှုန်းအတိုင်း ရောနှောကြိတ်ကာ မုန့်နှစ်အသွင် ပြောင်းရသည်။ သကြားကို သကြားရည်အဖြစ်ပြုလုပ်ပြီး အုန်းသီးအသားကို အုန်းနို့ကျိုခြင်းများပြုလုပ်ကာ မီးဖိုပေါ်ရှိ သန့်ရှင်းသောဒယ်အိုးအတွင်း သကြားရည်၊ အုန်းနို့ရည်၊ မုန့်နှစ်၊ မြေပဲဆီနှင့်ထောပတ်တို့ကို အစီအစဉ်အတိုင်း ထည့်သွင်းကျိုချက်မွှေပေးပြီးနောက် ဟာလဝါအဖြစ် ရောက်လာခြင်းဖြစ်သည်။ ဟာလဝါများကို ပလတ်စတစ်ဘူးများဖြင့် ပြည်တွင်းသာမက နိုင်ငံခြားအထိပါ သယ်ယူသွားနိုင်ရန် ပြုလုပ်ထားကြသည်။

ပုသိမ်ဟာလဝါပြုလုပ်သည့် စက်ရုံအတွင်း လာရောက်လေ့လာနေကြသည့် ပြည်တွင်းဧည့်သည်အချို့ကို တွေ့ရသည်။ ပုသိမ်မြို့ထွက် ဟာလဝါလုပ်ငန်းက လေ့လာစရာကောင်းသည့် နေရာတစ်ခုဖြစ်ပြီး အပြန်လက်ဆောင်ဝယ်ရာတွင်လည်း မမေ့သင့်သည့်မုန့်ပင် ဖြစ်သည်။ ဟာလဝါပြုလုပ်သည့်စက်ရုံမှ ကျွန်တော်တို့ ပြန်ထွက်လာခဲ့သည်။ ဟာလဝါမုန့်ရနံ့က မွှေးပျံ့ ရစ်ဝဲနေဆဲ။

ပုသိမ်မြို့ ကန်သုံးဆင့်ဘက် ရောက်ရှိခဲ့သည်။ သစ်ပင်ပန်းမန်တို့ စိမ်းစိုဝေဆာနေသော ပန်းခြံနှင့် ဆက်လျက်ကန်သုံးဆင့်တည်ရှိနေမှုက စိတ်အေးချမ်းမှုကို အပြည့်ပေးလေသည်။ လျှောက်လမ်းများကို စနစ်တကျ သပ်ရပ်သန့်ရှင်းစွာ ပြုလုပ်သဖြင့် လမ်းလျှောက်ရသည်မှာ လွတ်လပ်ကာ အနှောင့်အယှက်ကင်းကင်းဖြင့် စိတ်ခံစားမှုအပြည့်ရရှိသည်။ ကန်သုံးဆင့်အတွင်း ကြည်လင်နေသော ရေပြင်ကြောင့် မြင်တွေ့ရသည်မှာ ပန်းချီကားတစ်ချပ်ကဲ့သို့ပင်။

ကန်သုံးဆင့်မှ ကျွန်တော်တို့ ပြန်ထွက်လာခဲ့သည်။ ပုသိမ်ဆိပ်ကမ်းဘက်သို့ကားဖြင့်လာခဲ့ပြီး ကားပေါ်မှ ပင်ကြည့်ရှုလေ့လာမိသည်။ စက်လှေများ၊ ရေယာဉ်များဖြင့် စည်ကားစွာတွေ့မြင်ရသည်။ ငါးဖမ်းရေယာဉ် အချို့နှင့် ခရီးသည်တင် စက်လှေအချို့ ဆိုက်ကပ်၊ ထွက်ခွာနေကြမှုကြောင့် ပုသိမ်ဆိပ်ကမ်းသည် သက်ဝင်လှုပ်ရှားလျက်ရှိသည်။ ပုသိမ်ဆိပ်ကမ်းအနီး ကိုလိုနီခေတ် ဆိပ်ကမ်းအဆောက်အအုံကိုလည်း တွေ့မြင်ရသည်။ ရှေးဟောင်းအဆောက်အအုံအဖြစ် ထိန်းသိမ်းထားကြောင်း သိရသည်။

ညနေစောင်းပြီဖြစ်ရာ ပုသိမ်မြို့မှ ကျွန်တော်တို့ ပြန်လာခဲ့သည်။ လည်ပတ်စရာ၊ လေ့လာစရာပေါများသော ပုသိမ်သို့ ခရီးသွားဧည့်သည်များလာရောက်မှု တဖြည်းဖြည်းများလာခဲ့ပြီဖြစ်သည်။ ပုသိမ်မြို့ ရွှေမုဋ္ဌောဘုရား၊ ပုသိမ်ထီးနှင့် ပုသိမ်ဟာလဝါတို့က အပြန်ခရီးလမ်းတစ်လျှောက် အတွေးအာရုံထဲမှ တော်တော်နှင့်မပျောက်ပျက် ရစ်ဝဲလျက်ရှိနေဆဲ။ ။

ဝါးဖြင့်ပြုလုပ်ထားသော ပုသိမ်ထီးများကို တွေ့ရစဉ်။

ပုံတိုပတ်စများသည် ရင်သွေးတို့အတွက် စိတ်အာဟာရ

ဘာသာပြန်-ကလျာမိုးမြင့်

ပုံပြင်တွေဟာ ကလေးငယ်များရဲ့ ကြီးထွားဖွံ့ဖြိုးမှုအပိုင်းမှာ အရေးပါတဲ့ကဏ္ဍကနေ ပါဝင်နေပါတယ်။ ကလေးငယ်များ ဖတ်ရှုတဲ့ ပုံပြင်စာအုပ်များနဲ့ ပုံပြင်ထဲကဇာတ်ကောင်တွေဟာ သူတို့အတွက် မိတ်ဆွေသဖွယ်ဖြစ်လာကြပါတယ်။ ထို့အတူပဲ ကလေးငယ်များကို ပုံပြင်များပြောပြခြင်းဟာလည်း ၄င်းတို့ကို စိတ်ပိုင်းဆိုင်ရာ၊ လူမှုဆက်ဆံရေးဆိုင်ရာနဲ့ သင်ယူတတ်မြောက်မှုပိုင်းဆိုင်ရာ အကျိုးဖြစ်ထွန်းမှုများစွာရှိနေတဲ့ အနုပညာတစ်ရပ်ဖြစ်ပါတယ်။ ယနေ့ခေတ်အခါမှာ မိဘများဟာ စားဝတ်နေရေးအတွက် နေ့စဉ်ပြုဖွယ်ရာ ဗာဟီရကိစ္စတွေများပြားလာတာနဲ့အမျှ ရင်သွေးငယ်တွေကို အချိန်ပေးနိုင်စွမ်း နည်းပါးလာကြပြီး ပုံပြောခြင်းဆိုတဲ့ အနုပညာဟာလည်း တစ်စတစ်စနဲ့ တိမ်မြုပ်ပျောက်ကွယ်လာနေပါပြီ။

ပုံပြင်များပြောခြင်းဟာ ကလေးများရဲ့ သင်ယူလေ့လာမှုအတွက် ကောင်းမွန်တဲ့လုပ်ဆောင်မှုတစ်ခုပါ။ ပုံပြင်တစ်ပုဒ်ကို ဇာတ်ကွက်အဆင့်ဆင့်တိုင်းမှာ ကလေးတွေဟာ မေးခွန်းတွေမေးပါတယ်။ ပုံပြောကောင်းသူတွေဟာ ဇာတ်လမ်းတစ်ပုဒ်ကို အလှည့်အပြောင်းလေးတွေနဲ့ တန်ဆာဆင်ပြီး ကလေးတွေ သိချင်စိတ်ထက်သန်လာအောင် မေးခွန်းတွေမေးလာအောင် တွန်းအားပေးပါတယ်။ ကလေးများရဲ့ ပညာသင်ကြားရေးအတွက် အခြေခံလေ့ကျင့်မှုလို့ ဆိုနိုင်ပါတယ်။

ပုံဝတ္ထုဇာတ်လမ်းတွေကို ကောင်းစွာ ဖတ်နိုင်တဲ့ ကလေးတွေဟာ ကိုယ့်ကိုယ်ကို ယုံကြည်ကိုးစားမှုလည်း ပိုရှိလာကြပါတယ်။ ယုံကြည်မှုရှိလာတာနဲ့အမျှ ကျောင်းတွင်းလှုပ်ရှားဆောင်ရွက်မှုတွေမှာလည်း အပြည့်အဝပါဝင်လာနိုင်ကြပါတယ်။

အသစ်အဆန်းများကို သင်ယူလေ့လာနိုင်

ကလေးငယ်တွေရဲ့ ဘာသာစကားဆီသို့ စကားလုံးအသစ်တွေနဲ့ အတွေးအခေါ်သစ်၊ အယူအဆသစ်တွေကို မိတ်ဆက်ထိတွေ့ပေးတဲ့နည်းလမ်းကတော့ ပုံပြင်တွေပဲ ဖြစ်ပါတယ်။ ကလေးအရွယ်မှာ ရုပ်ပုံပြစာအုပ်တွေ စတင်ဖတ်ရှုရာကနေ ဆယ်ကျော်သက်အရွယ်ရောက်လာတဲ့အခါ ပိုမိုရှုပ်ထွေးနက်နဲတဲ့ ဝတ္ထုရှည်များကို ဖတ်ရှုလာနိုင်မှာ ဖြစ်ပါတယ်။ ပုံပြင်တွေက ကလေးငယ်တွေကို ပုံသဏ္ဌာန်၊ အရွယ်အစား၊ နေရာလွတ်၊ အရောင်၊ အတက်နဲ့အဆင်း၊ အတွင်းနဲ့အပြင်၊ ကိန်းဂဏန်းအရေအတွက်များနဲ့ အရာဝတ္ထုတွေရဲ့ အမည်နာမတွေကို သဘောပေါက်စေဖို့၊ တွေးခေါ်ကြံဆမှုတွေကို သင်ယူလေ့လာနိုင်စေဖို့ အကူအညီပေးပါတယ်။

မျှဝေခံစားခြင်း၊ အချိန်ကုန်ဆုံးခြင်းနဲ့ အခြားသူများကို ကိုယ်ချင်းစာသနားခြင်း စတဲ့ပိုမိုနက်နဲသော အယူအဆများကို သင်ကြားရာမှာ ပုံပြင်ဇာတ်လမ်းတွေဆင်ပြီး သင်ကြားပေးခြင်းဟာ သိပ်ကိုထိရောက်ပါတယ်။

နှမ်းနယ်မှုများကို ဖြေလျှော့ပေး

ပုံပြင်နားထောင်ခြင်း (သို့မဟုတ်) ပုံပြင်စာအုပ်ဖတ်ခြင်းဟာ ကလေးတို့ရဲ့ အိပ်ရာဝင်ခါနီးအချိန်မှာ စိတ်အပန်းပြေစေဖို့ အကူအညီပေးပါတယ်။ တစ်နေ့တာ ပင်ပန်းနွမ်းနယ်မှုနဲ့ စိတ်တင်းကျပ်နေတာတွေကို မေ့ပျောက်သွားစေကာ စိတ်ကူးယဉ်ကမ္ဘာလေးထဲမှာ ခဏတာမွေ့လျော်စေပါတယ်။ မေတ္တာကို ဖော်ကျူးပေးထားတဲ့ သရုပ်ဖော်ဇာတ်လမ်းတွေ၊ ရုပ်ပြစာအုပ်ထဲက အကြိမ်ကြိမ်ရွတ်ဆိုမှုတွေနဲ့ ပုံပြင်တစ်ပုဒ်ကို အတူတကွဖတ်နေတဲ့ အချိန်အတွင်း စိတ်ထဲမှာ ဖြစ်ပေါ်ခံစားရတဲ့ လုံခြုံမှုတွေအားလုံးဟာ ကလေးငယ်ကို စိတ်အပန်းပြေအောင် ပံ့ပိုးပေးပါတယ်။

စိတ်ကူးစိတ်သန်းများကို တိုးတက်စေ

ပုံပြင်တစ်ပုဒ်နားထောင်လိုက်ရတဲ့အချိန်မှာ ရင်သွေးငယ်လေးတွေရဲ့ ကမ္ဘာထဲကို အတွေးအခေါ်သစ်တွေဝင်ရောက်လာပြီး စိတ်ကူးစိတ်သန်းတွေကောင်းမွန်လာကာ တီထွင်ဖန်တီးနိုင်စွမ်းကို ဖြစ်ပေါ်လာစေပါတယ်။ ကလေးငယ်များဟာ သူတို့ဆန္ဒရှိတဲ့ အရာတွေကို စိတ်ကူးယဉ် ပုံဖော်ကြည့်နိုင်တယ်ဆိုတာကို ပုံပြင်တွေကနေတစ်ဆင့် နားလည်သဘောပေါက်သွားကြလို့ပါ။ ပုံပြင်တွေရဲ့ အထင်ရှားဆုံး ကောင်းကျိုးကတော့ ကလေးများကို အသိဉာဏ်ဗဟုသုတ တိုးပွားစေတယ်ဆိုတဲ့ အချက်ပါပဲ။ ဇာတ်လမ်းအများစုဟာ လူဆိုးနဲ့ လူကောင်းဆိုတဲ့ ဇာတ်ကောင်တွေနဲ့ ခြယ်မှုန်းထားပြီး သင်ခန်းစာတွေပါဝင်နေတာကြောင့် ကလေးများအဖို့ အမှားနဲ့အမှန်၊ အဆိုးနဲ့အကောင်းခွဲခြားသိမြင်လာစေတဲ့အပြင် ဘယ်လိုအပြုအမူကို ရှောင်ကြဉ်ရမယ်ဆိုတာကိုပါ သိလာမှာ ဖြစ်ပါတယ်။

ယနေ့လို သတင်းအချက်အလက်နဲ့ နည်းပညာခေတ်ကြီးထဲမှာ ကလေးငယ်တွေဟာ ရုပ်သံ channel များစွာနဲ့ ဖျော်ဖြေရေးအစီအစဉ်တွေ၊ ကာတွန်း channel တွေနဲ့သာ နာရီများစွာ ကုန်ဆုံးနေရပါတယ်။ ရုပ်သံအစီအစဉ်တော်တော်များများဟာ လူကြီးတွေအတွက် ပုံစံထုတ်ဖန်တီးထားခြင်းသာဖြစ်တဲ့အတွက် ကြိမ်ဖန်များစွာ ထိတွေ့ရတဲ့ကလေးတွေအဖို့ တွေးခေါ်နိုင်စွမ်းနဲ့ ဆင်ခြင်ပိုင်းခြားနိုင်စွမ်းတွေ ပျောက်ကွယ်လာကာ စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုကို အဟန့်အတားဖြစ်လာစေပါတယ်။ ရင်သွေးငယ်များရဲ့မှတ်ဉာဏ်နဲ့ စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးမှုများအတွက် အိပ်ရာဝင်ပုံပြင်ပြောခြင်း (သို့) ပုံပြင်များ ဖတ်စေခြင်းဟာ အကောင်းဆုံးသော စိတ်အာဟာရဖြည့်စွက်မှုဖြစ်ပါတယ်။

ရုပ်သံအစီအစဉ် တော်တော်များများဟာ လူကြီးတွေအတွက် ပုံစံထုတ်ဖန်တီးထားခြင်းသာဖြစ်တဲ့အတွက် ကြိမ်ဖန်များစွာ ထိတွေ့ရတဲ့ကလေးတွေအဖို့ တွေးခေါ်နိုင်စွမ်းနဲ့ ဆင်ခြင်ပိုင်းခြားနိုင်စွမ်းတွေ ပျောက်ကွယ်လာ

ဂုဏ်မြောက်သောအရေးအသား (၁)

မောင်ခင်မင်(ဓနုဖြူ)

"ကဲ. . ငါ့တူရေ၊ ဒီတစ်ခေါက်ရော မင်းကိုဘာရှင်းပြပေးရဦးမလဲ"

"ဟာ. . . ဦးလေးက ကျွန်တော့်စိတ်ကူးကိုကြိုပြီးသိနေပါကလား။ အရင်အခေါက်တွေတုန်းက ဦးလေးရှင်းပြတဲ့ စာရေးရာမှာရှောင်ဖို့ လိုအပ်တဲ့ အပြစ်ဒေါသတွေ အကြောင်းတော့ သဘောပေါက်ပါပြီ"

"ဒါဖြင့်. . . ဘာကိုတော့ သဘောမပေါက်သေးဘူးလဲကွ"

"စာထဲမှာကျွန်တော်ဖတ်ဖူးတာတစ်ခုက စာရေးတဲ့အခါ ဒေါသမသင့်ရင် ဂုဏ်မြောက်တယ်လို့ ရေးထားတာပါဦးလေး။ ဒါကြောင့် ရှင်းပြတဲ့လက်စနဲ့ အလင်္ကာကျမ်းထဲက ဂုဏ်အကြောင်းရှင်းပြပေးပါ ဦးလေးရယ်"

"ငါထင်သားပဲ။ ဒေါသအကြောင်းပြီးရင် ဂုဏ်အကြောင်းဆက်တော့မယ်ဆိုတာလေ။ အလင်္ကာကျမ်းထဲမှာ စာအရေးအဖွဲ့ကောင်းတွေမှာတွေ့ရတဲ့ ဂုဏ်ဆယ်ပါးကို အကျယ်တဝင့်ပြထားတယ်မဟုတ်လား"

"ဟုတ်ပါတယ်ဦးလေး။ တချို့အပိုင်းတွေကျတော့ ကိုယ့်ဘာသာကိုယ်ဖတ်တာ သဘောမပေါက်လို့ပါ"

"ကဲ. . . ထားပါတော့။ ဩော်. . . တစ်ခုမေးရဦးမယ်။ အဲဒီဂုဏ်ဆယ်ပါးကို သဒ္ဒါလင်္ကာရလို့ခေါ်တာ မင်းသိပါတယ်နော်"

"သိပါတယ် ဦးလေး"

"ဒါဆိုရင် အဲဒီသဒ္ဒါလင်္ကာရရဲ့ အဓိပ္ပာယ်ကဘာပါလိမ့်"

"ဟုတ်ကဲ့၊ သဒ္ဒါလင်္ကာရဆိုတာ 'အသံတန်ဆာ'ပါ ဦးလေး။ အသံကို တန်ဆာဆင်ထားတဲ့ အဆင်တန်ဆာပါ"

"အေး. . . . အခုမင်းပြောသလိုပဲ'သဒ္ဒါလင်္ကာရ'ကို 'အသံတန်ဆာ'လို့ မြန်မာလိုခေါ်ကြတယ်။ ကျောင်းတွေမှာလည်း အဲဒီလိုသင်ကြတယ်ထင်ပါရဲ့။ ကဲ. . . မင်းကို တစ်ခုမေးမယ်။ ဂုဏ်ဆယ်ပါးမှာ ပထမဆုံးတွေ့ရတဲ့ 'ပသာဒဂုဏ်'ဆိုတာ ဘယ်လိုဂုဏ်မျိုးလဲ။ ဒီလောက်တော့သိမှာပေါ့"

"ဟုတ်ကဲ့. . . ပသာဒဂုဏ်ဆိုတာ အရေးအသားရှင်းလင်းတဲ့ဂုဏ်ပါ ဦးလေး"

"ဟုတ်တယ်။ စာရေးရာမှာ အဓိပ္ပာယ်ရှင်းအောင်၊ သိလွယ်အောင်ရေးရင် အဲဒီစာဟာ ပသာဒဂုဏ်မြောက်တယ်လို့သတ်မှတ်ကြတယ်၊ သမာဓိဂုဏ်ဆိုတာကရော ဘယ်လိုဂုဏ်ပါလိမ့်"

"သမာဓိဂုဏ်ဆိုတာက သက်မဲ့ပစ္စည်းကို သက်ရှိအဖြစ် ထင်ရှားတာလို့ မှတ်ဖူးပါတယ် ဦးလေး"

"ဟုတ်ပါတယ်။ 'သစ်ရွက်ကလေးတွေ တေးဆိုနေကြတယ်'ဆိုတာမျိုးပေါ့။ အသက်မရှိတဲ့သစ်ရွက်ကို သက်ရှိအဖြစ် တင်စားတာလေ"

"ဟုတ်ကဲ့ပါ"

"ကဲ. . . . ဒီလိုဆိုရင် စဉ်းစားကြည့်စမ်း။ မင်းခုနပြောတဲ့ ပသာဒဂုဏ်ဆိုတဲ့ အရေးအသားရှင်းလင်းတဲ့ဂုဏ်နဲ့ သမာဓိဂုဏ်ဆိုတဲ့ သက်ရှိအဖြစ် တင်စားတဲ့ ဂုဏ်တွေဟာ အသံနဲ့ဆိုင်ရဲ့လား"

"ဟင်. . . . အင်း . . . ဟုတ်ကဲ့၊ အသံနဲ့မဆိုင်ပါဘူး ဦးလေး"

"ဒါနဲ့ မင်းခုနပြောတော့ ဂုဏ်ဆယ်ပါးဟာ သဒ္ဒါလင်္ကာရဆိုတဲ့ အသံအဆင်တန်ဆာတွေဆို"

"ဟုတ်ကဲ့. . . ဒီလိုပဲ မှတ်ထားတာမို့ သေသေချာချာမစဉ်းစားမိပါဘူး ဦးလေး"

"အဲဒါပြောချင်လို့ပါ။ သဒ္ဒါလင်္ကာရကို 'အသံတန်ဆာ'လို့ အဓိပ္ပာယ်ဖွင့်တာကိုက မှားနေတယ်ကွဲ့"

"ဟင်. . . . ဟုတ်လား ဦးလေး"

"ဟုတ်တယ်လေ။ မင်းပြောတဲ့ ပသာဒဂုဏ်နဲ့ သမာဓိဂုဏ်က အသံနဲ့မှ မဆိုင်တာ။ 'သဒ္ဒါလင်္ကာရ'ဘယ်ဟုတ်မှာလဲ"

"ကျွန်တော်တော့ နားမလည်တော့ဘူး ဦးလေးရယ်"

"သဒ္ဒါလင်္ကာရကို 'အသံတန်ဆာ'လို့ ဘယ်အလင်္ကာကျမ်းမှာမှ ပြမထားပါဘူး။'သဒ္ဒါလင်္ကာရ'ကို 'သဒ္ဒါတန်ဆာ'လို့ပဲ တညီတညွတ်တည်း ပြတယ်ကွဲ့။ 'သဒ္ဒါ'ဆိုတဲ့ ဒီနေရာမှာ 'စကား၊ ဝေါဟာရ' လို့ အဓိပ္ပာယ်ရတယ်။ 'ဂရမ္မာ' ဆိုတဲ့ သဒ္ဒါကို ဆိုလိုတာမဟုတ်ဘူး"

"ဩော်. . . ဟုတ်ကဲ့ပါ"

"ပါဠိမှာသုံးတာလေ။ သာဓကပြရရင် 'ကုသဒ္ဒါသည် ရေလို့တောင်' ဆိုတာမျိုးသုံးတယ်။ 'ကု'ဆိုတဲ့ ပါဠိစကားဟာ ရေလို့ အဓိပ္ပာယ်ရတယ်လို့ ဆိုလိုတာလေ"

"ဟုတ်ကဲ့ပါ"

"ဒီတော့ 'သဒ္ဒါလင်္ကာရ' ဆိုတာ 'စကားတန်ဆာ'ပါ။ စကားတန်ဆာလို့ ခေါ်မှ မင်းပြောတဲ့ဂုဏ်နှစ်ပါးနဲ့လည်း ကိုက်မှာပေါ့"

"ဒါဖြင့် 'အသံတန်ဆာ'လို့ ဘာကြောင့်ခေါ်ကြတာလဲ ဦးလေး"

"အေး. . . 'သဒ္ဒါလင်္ကာရ'မှာပါတဲ့ 'သဒ'ဟာ 'အသံ'ကို ဆိုလိုတာလို့ထင်ပြီး 'အသံတန်ဆာ'လို့ မှားပြီးအဓိပ္ပာယ်ဖွင့်ကြတာပါ။ တကယ်က သဒ္ဒါဆိုတာ စကား၊ အလင်္ကာရဆိုတာ အဆင်တန်ဆာ၊ အဲဒီစကားနှစ်ခုပေါင်းလိုက်တော့ 'စကားတန်ဆာ'လို့အဓိပ္ပာယ်ရတာပေါ့ကွာ"

"နားလည်ပါပြီ ဦးလေး"

"တစ်ခုတော့ရှိတယ်။ အဲဒီဂုဏ်တွေထဲမှာ အသံနဲ့ပတ်သက်တဲ့ဂုဏ်တွေလည်း ပါပါတယ်။ ဒါပေမယ့် အသံနဲ့မပတ်သက်တဲ့ ဂုဏ်တွေလည်းပါနေတော့ 'စကားတန်ဆာ' လို့ခေါ်လိုက်ရင် အသံနဲ့ဆိုင်တာတွေလည်း အကျုံးဝင်တာပေါ့ကွယ်"

"ဟုတ်ကဲ့ပါ"

"ကဲ ဒီတော့ ခုနပြောတဲ့ ပသာဒဂုဏ်ကစရအောင်။ ဆရာကြီး ဦးဖိုးစိန်ကတော့ ပသာဒဂုဏ်ကို 'စကားရှင်းအနက်လွယ်ဂုဏ်' လို့နာမည်ပေးတယ်။ စာရေးရာမှာ စကားရှင်းလင်းပြီး အနက်အဓိပ္ပာယ်လွယ်အောင်ရေးရင် အဲဒီဂုဏ်မြောက်တာပေါ့ကွယ်"

"ဒီလိုဆိုရင် စာရေးရာမှာ ရှင်းရှင်းလွယ်လွယ်ရေးတာဟာ ကောင်းတဲ့လက္ခဏာလို့ဆိုရမှာပေါ့နော် ဦးလေး"

"ဟုတ်ပါတယ်။ စာရေးတဲ့အခါ ရှင်းရှင်းလွယ်လွယ်ရေးဖို့ဆိုတာ ပြောသလောက်လွယ်တဲ့ကိစ္စတော့မဟုတ်ဘူး။ ဝါကျဖွဲ့ရာမှာအဆက်အစပ်မရှင်းမလင်းဖြစ်နေတာပေါ့၊ စကားကိုလွယ်လွယ်မသုံးဘဲ ခက်ခက်ကြီးတွေသုံးတာတို့ဟာ ဒီဂုဏ်နဲ့ ဆန့်ကျင်တာပေါ့ကွယ်"

"ဘယ်လိုကြောင့် အဲဒီလိုဖြစ်တာလဲဦးလေး"

"အရေးမရှင်းတာက အကြောင်းအမျိုးမျိုးရှိမှာပေါ့။ 'အတွေးရှင်းမှ အရေးရှင်းမယ်' ဆိုတဲ့စကားရှိသားပဲ။ ရေးမယ့်အကြောင်းအရာအတွေးထဲမှာ ရှင်းနေရင် ရေးတဲ့အခါလည်း ရှင်းတာပေါ့။ ကိုယ်ကိုယ်တိုင်တောင် သိပ်မရှင်းတဲ့ အကြောင်းအရာကို ရေးရင် ဖတ်တဲ့သူလည်း ဘယ်ရှင်းပါ့မလဲ၊ စာရေးတဲ့ အလေ့အကျင့်နည်းလို့ အရေးမရှင်းတာလည်းရှိတာပဲ။

"စာရေးတယ်ဆိုတာ အလေ့အကျင့်လိုတယ်လေ။ အလေ့အကျင့်များလာရင် ရှင်းရှင်းလင်းလင်းရေးနိုင်လာမှာပါ။ စာရေးရင် ကိုယ့်ကိုယ်ကိုယ်စာဖတ်တဲ့သူနေရာကနေပြီး ရေးပါလို့လမ်းညွှန်တာတွေလည်းရှိတယ်"

"ဘာဖြစ်လို့စာဖတ်တဲ့သူနေရာကနေ ခိုင်းတာလဲဦးလေး"

"ဩော်. . . . စာရေးတယ်ဆိုတာ ဖတ်ဖို့ရေးတာမဟုတ်လား။ ဒီတော့ စာရေးသူ ရှင်းရှင်းလင်းလင်းနားလည်ဖို့လိုတာပေါ့။ ဒါကြောင့် ကိုယ်ရေးတဲ့စာကို ကိုယ်တိုင်စာဖတ်သူနေရာကနေ ကြည့်ပြီးဖတ်ကြည့်ရင်ရှင်းသလား၊ မရှင်းဘူးလားဆိုတာ သိနိုင်တာပေါ့ကွယ်"

"ဟုတ်ကဲ့ပါ"

"စာရေးတဲ့အခါ ရှင်းရှင်းလင်းလင်းရေးနိုင်အောင် စာအရေးကောင်းတဲ့ စာတွေကိုလည်း များများစွာဖတ်ဖို့လိုတာပေါ့။ 'သူ့စာက ဘာကြောင့်ရှင်းခန့်နေပါလိမ့်' လို့ အဖြေရှာကြည့်ရင် အဲဒီအဖြေဟာ ကိုယ်စာရေးရာမှာလည်း အထောက်အကူအများကြီးဖြစ်တာပေါ့ကွယ်"

"ဟုတ်ကဲ့ပါ"

"ဒီတော့ စကားသုံးပုံ၊ ဝါကျဖွဲ့ပုံ၊ ဝါကျချင်းဆက်စပ်ပုံတွေ ရှင်းရှင်းလင်းလင်း ရှိရင် အဲဒီစာကို ဖတ်လိုက်တာနဲ့ရှင်းခန့်ထင်ရှားသွားမှာပဲလေ။ အဲဒီစာမျိုးဟာ ပသာဒဂုဏ်မြောက်တဲ့စာပေါ့ကွယ်။"

"ကဲ. . . နားကြဦးစို့"

"ကျေးဇူးတင်ပါတယ်ဦးလေး"

ကွမ်းဓလေ့၊ ကွမ်းစားဆေးနှင့် ကွမ်းတံတွေး

မောင်သာ(ရှေးဟောင်းသုတေသန)

ကျွန်တော့်အိမ်တွင် ကြေးကွမ်းအစ်တစ်လုံးရှိသည်။ ကျွန်တော့်အဘွားမကွယ်လွန်မီက သုံးစွဲခဲ့သော ကွမ်းအစ်ဖြစ်ပါ၏။ အဘွားက ထိုကွမ်းအစ်ကို သူမကွယ်လွန်မီအချိန်အထိ သုံးစွဲခဲ့ရာ မန်ကျည်းနှစ်ဖြင့် မကြာမကြာတိုက်ပေးသဖြင့် ကြေးရောင် ပြောင်လက်နေခဲ့သည်။ ကျွန်တော့်လက်ထက်တွင်မူ ယင်းကွမ်းအစ်အား အဘွားသုံးခဲ့သော ပစ္စည်းတစ်ခုအဖြစ် သိမ်းဆည်းထားပြီး လုံးဝအသုံးမပြုတော့သဖြင့် ကွမ်းအစ်က ကြေးရောင်မပြောင်တော့ဘဲ ဗီရိုထဲတွင် နှစ်ကာလရှည်ကြာစွာရှိနေခဲ့သည်။ တိုက်ချွတ်ပေးခြင်းလည်း မရှိသဖြင့် ကြေးရောင်က မှိန်နေပါပြီ။

ကွမ်းအစ်တွင် အံသုံးဆင့်ရှိသည်။ အပေါ်ဆုံးအံတွင် အဘွားက ကွမ်းသီးစိတ်များ၊ ကြေးထုံးဘူးလေးနှင့် ကွမ်းညှပ်တစ်ခုကို တင်ထားလေ့ရှိသည်။ ကွမ်းသီးခြောက်များကို အလုံးလိုက် လေးငါးလုံးတင်ထားသကဲ့သို့ ကွမ်းသီးစိမ်းများကိုလည်း အခွံမခွာဘဲ နှစ်လုံးသုံးလုံးတင်ထားလေ့ရှိသည်။ စမုံစပါးများနှင့်ညှပ်ထားသော ဂမုန်းတို့ကိုလည်းထည့်ထားသည်။ အဘွားကိုယ်တိုင် ကွမ်းစားလျှင်ဖြစ်စေ၊ ဧည့်သည်ကို ကွမ်းအစ်တည်လျှင်ဖြစ်စေ၊ ကွမ်းသီးစိမ်းနှင့် ကွမ်းသီးခြောက်ကို စိတ်ကြိုက်စားနိုင်အောင် စီစဉ်ထားခြင်းဖြစ်ပေသည်။ ညှပ်ပြီးသားကွမ်းသီးစိတ်များကို စားနိုင်သကဲ့သို့ ကွမ်းသီးကို ကွမ်းညှပ်ဖြင့် မိမိစိတ်ကြိုက်ညှပ်၍စားနိုင်သည်။ကွမ်းအစ်၏ ဒုတိယအံတွင် ဗမာဆေးရွက်ကြီးများကို အချပ်လိုက်ထည့်ထားသည်။ အောက်ဆုံးအံက အမြင့်ဆုံးဖြစ်ပြီး ထိုအံတွင် စိမ်းစိုနုဖတ်သော ကွမ်းရွက်များကို ရေဆွတ်ထားသော လက်ကိုင်ပဝါလေးဖြင့်အုပ်ကာ ထည့်ထားသည်။ ကွမ်းအစ်အနီးတွင် ထွေးခံတစ်လုံးကိုလည်း အမြဲချထားပေးလေ့ရှိသည်။

ထိုခေတ်က ကွမ်းစားသူများသည် ဗမာဆေးကိုထည့်၍ စားလေ့ရှိကြသည်။ အဘွားက ဗမာဆေးသည် ဝမ်းထဲမှ ပိုးများကို သေစေနိုင်ကြောင်း ပြောပြလေ့ရှိသည်။ အချို့က ကွမ်းယာတွင် စမုံစပါးများ၊ ဂမုန်းပွင့်များ၊ လေးညှင်းပွင့်များကို ခံတွင်းနံ့သင်းရန် ထည့်စားကြသည်။ အဘွားက အိမ်သို့ ဧည့်သည်လာလျှင် ကွမ်းဖြင့်ဧည့်ခံလေ့ရှိရာ အလွန်ရင်းနှီးသော ဧည့်သည်များနှင့် လူကြီးလူကောင်းများလာလျှင် ရုပ်စုံယွန်းကွမ်းအစ်တည်ပေးလေ့ရှိသည်။ ရုပ်စုံကွမ်းအစ်သည် ယွန်းဖြင့်ပြုလုပ်ထားပြီး ကွမ်းအစ်၏ အပြင်နံရံများတွင် အရုပ်များကို လှပစွာရောင်စုံရေးဆွဲထားပါသည်။ ယွန်းကွမ်းအစ်များတွင် အများအားဖြင့် ဗုဒ္ဓဝင်၊ နိပါတ်တော်ထဲမှ ဇာတ်ကွက်များကို ရေးဆွဲထားလေ့ရှိသည်။ အဘွားကွယ်လွန်သောအခါ အဘိုးက ထိုရုပ်စုံကွမ်းအစ်ကို ဘုန်းတော်ကြီးကျောင်းသို့လှူဒါန်းခဲ့သည်။

ကွမ်းစားသည့်ဓလေ့သည် မြန်မာနိုင်ငံတွင် ရှေးဘုရင်များလက်ထက်ကတည်းကရှိခဲ့သော ရိုးရာယဉ်ကျေးမှုတစ်ရပ်ဖြစ်သည်။ ရှေးမြန်မာတို့သည် မိမိတို့ အိမ်ဦးခန်းတွင် ကျက်သရေရှိစွာ ခံ့ခံ့ထည်ထည် နေရာယူထားလေ့ရှိသည့် ကွမ်းအစ်ကြီးဖြင့် ဧည့်သည်များကို ဧည့်ဝတ်ပြုလေ့ရှိကြသည်။ မြန်မာလူမျိုးတို့၏ အလှူမင်္ဂလာပွဲများတွင် ရုပ်ရွာထဲမှ ပြစ်မျိုးမဲ့မထင်၊ အယဉ်ဆုံး အလှဆုံး သမီးပျိုကလေးတွေကို ကွမ်းတောင်ကိုင်၊ ပန်းတောင်ကိုင်အဖြစ် ပွဲထုတ်လေ့ရှိကြသည်။

မြန်မာတို့၏ မြတ်နိုးဖွယ်ကောင်းလှသော ရှေးရိုးအစဉ်အလာ ဓလေ့ထုံးစံများသည် ခေတ်မီတိုးတက်လာသော လူနေမှုစနစ်များကို မလိုက်နိုင်တော့ဘဲ တစ်စတစ်စ ပျောက်ကွယ်သွားခဲ့ကြသော်လည်း ကွမ်းစားသည့်ဓလေ့မှာမူ မပျောက်ပျက်သွားသည့်အပြင် ပိုမိုတွင်ကျယ်လာခဲ့ပြီး ယနေ့ခေတ်ကို ကွမ်းယာယဉ်ကျေးမှုခေတ်ဟုပင် ဆိုနိုင်ပေသည်။ ကွမ်းစားကြသူအချင်းချင်း တစ်ယောက်နှင့်တစ်ယောက်ဆုံကြလျှင် ကွမ်းထုပ်ကလေးများကမ်းပေးကြခြင်းသည် ထုံးတမ်းစဉ်လာတစ်ခုသဖွယ် ဖြစ်နေပါပြီ။

ကွမ်းယာဆိုသည်မှာ ကွမ်းရွက်၊ ထုံး၊ ကွမ်းသီးတို့ကို စုစည်းထားခြင်းသာဖြစ်ပြီး ကွမ်းယာဝါးသောဓလေ့ကို မြန်မာအပါအဝင် အရှေ့တောင်အာရှနှင့်တောင်ပစိဖိတ်ကျွန်းဒေသနိုင်ငံများတွင် တွေ့ရသည်။ ကွမ်းယာဝါးခြင်းသည် လွန်ခဲ့သော နှစ်၂၀၀၀ ဝန်းကျင်ခန့်က အိန္ဒိယဒေသမှ ပြန့်ပွားလာခဲ့ခြင်း ဖြစ်သော်လည်း မြန်မာတို့၏ ဓလေ့တစ်ခုအဖြစ် ကာလကြာရှည်ကတည်းက လက်ခံခဲ့ ကြသည်။ ကွမ်းယာတွင် ကွမ်းရွက်၊ ကွမ်းသီး၊ ထုံး၊ ဆေးရွက်ကြီး (ဗမာ ဆေး)တို့အဓိကပါဝင်ပြီး နောက်ပိုင်းတွင် ပြည်ပမှလာသော အာမွှေး၊ နိုင်တီနိုင်း စသည့်အမွှေးအကြိုင်မျိုးစုံထည့်သွင်းကာ ဝါးလာကြပါသည်။

မည်သည့်ရည်ရွယ်ချက်ဖြင့်ပင် ဝါးဝါး၊ ကွမ်းယာဝါးခြင်းသည် သွားနှင့် ခံတွင်းပြဿနာမှစ၍ အသက်အန္တရာယ်ဆုံးရှုံးနိုင်သည်အထိ ဒုက္ခပေးနိုင်ကြောင်း ကျန်းမာရေးပညာပေးမှုများ အများအပြားရှိနေသော်လည်း ကွမ်းယာစားသူအရေအတွက်ကား လျော့မသွားပါချေ။ အပျင်းပြေဝါးကြရာမှ စွဲလမ်းသွားသူတွေလည်း နည်းလှမည်မဟုတ်ပါချေ။

ကွမ်းယာဆိုင်များကလည်း စားသုံးသူများစွဲလမ်းပြီး ပိုမိုအားပေးဝယ်ယူစေရန် ကွမ်းယာကိုအမျိုးမျိုးအဖုံဖုံ ပြုပြင်မွမ်းမံကြသည်။ နို့မှုန့်ကိုကျဲပြီး ကွမ်းစားထုံးထဲတွင် ရောမွှေလိုက်လျှင် နို့ရနံ့မွှေးလာသည်။ အချို့က ပိုပြီးကောင်းသည်ထက်ကောင်းစေရန် ပျားရည်၊ သံပုရာရည် စသည်တို့ကို ထပ်ထည့်ထားသည်ဟု ဆိုပါသည်။ ထို့ထက် ပိုပြီးစွဲလမ်းစေရန်အတွက်ကား ဓာတုဗေဒဆေးများကိုပါ ထည့်သွင်းခြင်းဖြစ်ပါသည်။

အင်းဝခေတ်တွင် ဖိုးသူတော်ဦးမင်း စပ်ဆိုခဲ့သော "တံတားဦးက ကွမ်းနုဝါ၊ ငန်းမြာကဆေး၊ ကွမ်းသီးတောင်ငူနဲ့ ကိုင်းထုံးဖြူပြည်ရှား၊ သာဝါးလို့ထွေး" ဟူသည့် မြန်မာ့ရိုးရာ ကွမ်းကဗျာတွင် ရေးသားဖွဲ့ဆိုထားသည့်အတိုင်း ကွမ်းတစ်ယာ၏အင်္ဂါရပ်များဖြစ်သော ကွမ်းရွက်၊ ဆေး၊ ကွမ်းသီး၊ ထုံးနှင့် ရှားစေးတို့ကိုသာ စားသုံးမည်ဆိုပါက အန္တရာယ်ရှိနိုင်မည် မဟုတ်သော်လည်း ယနေ့ခေတ်ကွမ်းယာများက မူးယစ်ရီဝေစေသော ဆေးများမပါလျှင် ကွမ်းယာပင်မမည်တော့မည်လားဟု ထင်ရပေသည်။

မြန်မာ့ရိုးရာကွမ်းတစ်ယာတွင် ထည့်သွင်းစားသုံးကြသော ဆေးရွက်ကြီး၏ အာနိသင်က ပိုးမွှားများကို သေစေနိုင်သည်။ ယခုခေတ် ဓာတုဗေဒ ကွမ်းစားဆေးများက မြန်မာ့ဆေးရွက်ကြီးထက် အာနိသင်ပိုမိုပြင်းထန်သည့်အတွက် ကွမ်းစားသူများ၏ ကျန်းမာရေးကို ထိခိုက်ဆုံးရှုံးစေနိုင်သော ဆိုးကျိုးရလဒ်များ ရှိနေပေသည်။

ရှေးဟောင်းကွမ်းအစ်တစ်လုံးကို တွေ့ရစဉ်။

အရှေ့တောင်အာရှ ၁၀ နိုင်ငံတွင် အမျိုးသား ၆၀ ရာခိုင်နှုန်းနှင့် အမျိုးသမီး ၁၅ ရာခိုင်နှုန်းသည် ဆေးရွက်ကြီးသုံးစွဲသူ သို့မဟုတ် ဆေးလိပ်သောက်သူများဖြစ်သည်ဟု ဆိုပါသည်။ ယင်းတို့အနက် ဆေးရွက်ကြီးပါဝင်သော ကွမ်းယာစားသုံးမှုတွင် မြန်မာနိုင်ငံက ထိပ်ဆုံးဖြစ်ပါသည်။ မြန်မာနိုင်ငံ၏ လူငယ် ၁၀ ရာခိုင်နှုန်းသည် ဆေးလိပ်သောက်ကြသူများဖြစ်ကာ ၅ ရာခိုင်နှုန်းသည် ကွမ်းစားကြသူများဖြစ်ကြောင်း စစ်တမ်းတစ်ခုတွင် ဖတ်ရှုရပါသည်။

တစ်ခါက ကာတွန်းတစ်ပုဒ်တွင် မြန်မာလူမျိုးတို့ ကွမ်းယာအလွန်ကြိုက်နှစ်သက်ကြပုံကို ဖော်ညွှန်းထားသည်ကို ဖတ်ရပါသည်။ လမ်းဘေးတစ်နေရာမှ ကြီးမားသော တိုက်ကြီးတစ်တိုက်ရှေ့ဝယ် ခုံပုလေးပေါ်တွင် ဗန်းလေးတင်ကာ ကွမ်းယာရောင်းနေသည့် လူတစ်ယောက်ကို အခြားမြို့မှလာဟန်ရှိသောသူတစ်ယောက်က ကွမ်းယာဝယ်စားစဉ် ကွမ်းယာရောင်းသူ၏ ပုံပန်းကိုကြည့်၍ "ဘယ်ကနေများ ကွမ်းယာလာရောင်းစားနေရပါလဲဗျာ" ဟုမေးရာ ကွမ်းယာရောင်းသူက သူ့နောက်မှ တိုက်ကို လက်ညှိုးထိုးပြပြီး "ဒါကျွန်တော့်တိုက်ပါပဲ"ဟု ပြန်ပြောလိုက်ပုံကို ရေးဆွဲထားပါသည်။

မြန်မာတို့သည် ကွမ်းယာကြောင့် ချမ်းသာကြသည်။ ကွမ်းယာကြောင့် ညစ်ပတ်ကြသည်။ ကွမ်းယာကြောင့် အသက်တိုကြပေလိမ့်မည်။

မည်သို့ပင်ဖြစ်စေ ကွမ်းယာစားကြသူများသည် မူးယစ်ရီဝေစေသော ဓာတုဗေဒဆေးများကို လျှော့စားသင့်ကြသကဲ့သို့ ကွမ်းတံတွေးကိုလည်း စည်းကမ်းတကျစွန့်ပစ်ခြင်းဖြင့် မြန်မာတို့၏ကွမ်းဓလေ့ကို ထိန်းသိမ်းသင့်သည်ဟု ယူဆမိပါသည်။

အနာဂတ်ကြယ်ပွင့်များ ကျယ်ဝန်းလွတ်လပ်စွာ စာပေပညာရပ်များဆည်းပူးနိုင်ရန် ရန်ကုန်တက္ကသိုလ်နယ်မြေ၌ သင်ကြားရေးဆောင်များ တိုးချဲ့တည်ဆောက်

သတင်းဆောင်းပါး - မြင့်မြတ်သစ္စာ
ဓာတ်ပုံ-မောင်သင်းပျို့

ရန်ကုန်မြို့တွင် ပြာသိုလ၏ အအေးဓာတ်သိသာစွာလျော့သွားသည်မှာ ငါးရက်ရှိပြီဖြစ်၍ အပူရှိန်ပုံမှန်ပြန်တက်လာပြီ ဖြစ်သည်။ နံနက် ၉ နာရီခွဲတွင် မိုးတစ်ပေါက်နှစ်ပေါက် ကျဆင်းလာသည့်အတွက် ရန်ကုန်တက္ကသိုလ် ဘွဲ့နှင်းသဘင်ရှေ့တွင်ရှိသော ကျောင်းသူတစ်သိုက် သစ်ပင်အောက်သို့အပြေးဝင်ရောက်သွားကြသည်။ အဓိပတိလမ်းပေါ်တွင်လေရူးတို့မှာ တသုန်သုန် တိုက်ခတ်နေသည့်အတွက် ပိတောက်၊ခရေ၊ စိန်ပန်း၊ ကုက္ကိုရွက်ခြောက်တို့မှာ လမ်းပေါ်တွင် ပြေးလွှားလျက်ရှိရာ ရန်ကုန်တက္ကသိုလ်သည် အုံ့တုံ့တုံ့ မိုးရိပ်အောက်တွင် တည်တည်ငြိမ်ငြိမ်ဖြင့် ခံ့ထည်လျက်ရှိသည်။

တစ်နှစ်ထက်တစ်နှစ် ကျောင်းသားဦးရေတိုးလာသည်နှင့်အမျှ ကျောင်းဆောင်တိုးချဲ့မှု လိုအပ်လာသည့်အတွက် တက္ကသိုလ်ရေကူးကန်နှင့်ကပ်လျက်နေရာတွင် ရန်ကုန်တက္ကသိုလ် မဇ္ဈိမဒေသနသုတေသနဌာနအဆောက်အအုံကို တည်ဆောက်နေသကဲ့သို့ ဂျပ်ဆင်နှင့် ကပ်လျက်တွင်လည်း ကျောင်းသားများ ပညာသင်ကြားနိုင်ရန် ငါးထပ်ဆောင်သစ်ကို တည်ဆောက်လျက်ရှိသည်။စစ်ကိုင်းလမ်းပေါ်တွင်လည်း မိခင်တက္ကသိုလ်ရင်ခွင်၌ ပညာရင်နို့သောက်စို့နေကြသော ကျောင်းသားကျောင်းသူများ အပြုံးကိုယ်စီဖြင့် လွတ်လပ်ပေါ့ပါးစွာ သွားလာနေကြသည်မှာ တိုင်းပြည်၏အနာဂတ်ခေါင်းဆောင်များအတွက် အားရဖွယ်ပုံရိပ်တို့ပင်ဖြစ်သည်။

ရန်ကုန်တက္ကသိုလ် ကျောင်းဝင်းအပြင်ဘက် အင်းလျားလမ်းကို ဖြတ်ကူးသည်နှင့် တက္ကသိုလ်ရေကူးကန်နံဘေးတွင် မဇ္ဈိမဒေသနသုတေသနအဆောက်အအုံကို တည်ဆောက်လျက်ရှိရာ တည်ဆောက်ရေးလုပ်ငန်းခွင်တွင် ဆောက်လုပ်ရေးအလုပ်သမားတို့ဖြင့် စည်ကားလျက်ရှိသည်။ **(အပေါ်ယာပုံ)** အင်းလျားရေပြင်ကို ဖြတ်သန်းတိုက်ခတ်လာသည့် လတ်ဆတ်သောလေနှင့် တိုက်ရိုက်ထိတွေ့မှုရသော အဆောက်အအုံဖြစ်သောကြောင့် တည်ဆောက်ပြီးစီးချိန်တွင် အင်းလျားကန်အလှကိုခံစားလျက် ဆရာ ဆရာမ၊ ကျောင်းသား ကျောင်းသူများကိုအများဆုံး ဆွဲဆောင်မှုပေးနိုင်မည့် နေရာတစ်ခုဆိုလျှင်လည်း မှားမည်မထင်ပါ။

ထိုသုတေသနဌာန၏ ဒီဇိုင်းပုံစံသည် ရန်ကုန်တက္ကသိုလ်မှ ဒုတိယအကြိမ်မြောက် ထုတ်လုပ်ပေးခြင်းဖြစ်ပြီး လှပဆန်းကြယ်သော သုတေသနအဆောက်အအုံပုံစံဖြစ်သည့်အတွက် လှပတင့်တယ်နေပါသည်။ အဆောက်အအုံမှာ ခြောက်ထပ် RC အဆောက်အအုံဖြစ်ပြီး သံကူကွန်ကရစ်ဖြင့် တည်ဆောက်ထားခြင်းဖြစ်၍ စာသင်ဆောင်၊ စာကြည့်ခန်း၊ နားနေဆောင်နှင့် သီရေတာအပါအဝင် ကျောင်းသား ၄၀၀ ခန့် ပညာသင်ကြားနိုင်သော သုတေသန အဆောက်အအုံဖြစ်ကာ ယာဉ်ရပ်နားနိုင်ရန် စီမံထားသည့်အတွက် အင်းလျားလမ်းနှင့် ကပ်လျက်ရှိသောကြောင့် ဝင်ထွက်သွားလာမှု အဆင်ပြေစေပါသည်။

ထိုသုတေသနအဆောက်အအုံသည် သမိုင်းအဆက်ဆက်ကိုဖြတ်သန်းခဲ့သည့် ရန်ကုန်တက္ကသိုလ်၏ ဂုဏ်ရောင်ကို အလင်းရောင်ပေးဆောင်မည်မှာ အမှန်ပင်ဖြစ်သည်။ အမိတက္ကသိုလ်သည် နိုင်ငံ့ခေါင်းဆောင်များ၊ ပညာတတ်များကို မွေးထုတ်ပေးခဲ့သည့်နည်းတူ လွမ်းမောဖွယ်ရာ အမှတ်ရစရာများဖြင့် ရစ်ပတ်မှုတွင် ဂျပ်ဆင်၏ အရိပ်သည်လည်း ယနေ့တိုင်ပုံရိပ်များ ထင်ကျန်နေလျက်ရှိသည်။ ထိုဂျပ်ဆင်၏ညာဘက်တွင် ကျောင်းသားများ ကျယ်ဝန်းလွတ်လပ်စွာ ပညာသင်ကြားနိုင်ရန် RC ငါးထပ်ဆောင်ကြီးကို ဝင့်ဝင့်ကြွားကြွား တည်ဆောက်လျက်ရှိသည်။

နိုင်ငံတော်မှ ရန်ကုန်တက္ကသိုလ်တွင် ပညာသင်ကြားနေသော ကျောင်းသား ကျောင်းသူများ လွတ်လပ်ပျော်ရွှင်စွာပညာသင်ကြားနိုင်ရန် ကျောင်းဆောင်များ၊ သုတေသနအဆောင်များ လိုအပ်ချက်နှင့်အညီ တည်ဆောက်ပေးလျက်ရှိပြီး ကျောင်းသားဦးရေတိုးလာသည့်အပြင် ပြည်ပနိုင်ငံများဖြစ်သော ဩစတြေးလျ၊ ဂျာမနီ၊ ဂျပန်၊ ကိုရီးယား၊ တရုတ်၊ ထိုင်းနိုင်ငံတို့မှ လာရောက်သင်ကြားကြသော ကျောင်းသားများရှိသကဲ့သို့ ကိုရီးယား၊ ဂျပန်နိုင်ငံတို့တွင်လည်း မာစတာနှင့်ထူးချွန်ကျောင်းသားများ ပညာသင်ကြားလျက်ရှိသည်။ တက္ကသိုလ်၏ စာကြည့်တိုက်တိုးချဲ့တည်ဆောက်ခြင်း၊ စာအုပ်၊ စာပေများ ရေရှည်ထိန်းသိမ်းနိုင်ရန် ပြုပြင်ဆောင်ရွက်ခြင်းတို့ လိုအပ်လျက်ရှိပြီး ကျောင်းသား ကျောင်းသူများ Online Library ကြည့်ရှုနိုင်ရန် တစ်ကျောင်းလုံးတွင် ဝိုင်ဖိုင်ဖြင့် ADSL လိုင်း ၂၀ အင်တာနက်သုံးနိုင်ကာ ဝိုင်ဖိုင် ၇၆ နေရာ အသုံးပြုလျက်ရှိကြောင်း ဒုတိယပါမောက္ခချုပ် ဒေါက်တာအောင်ကျော်က ဆိုသည်။

တက္ကသိုလ်များ ဗဟိုစာကြည့်တိုက် ဝင်ပေါက်အနီးရှိ ခုံတန်းတို့တွင် ကျောင်းသူလေးများ ဝိုင်ဖိုင်ဖွင့်၍ စာအုပ်စာပေဖတ်ရှုလျက်ရှိပြီး ဆရာဇော်ဂျီ၏ အငွေ့အသက်များ ကျန်ရှိနေသော တက္ကသိုလ်စာကြည့်တိုက်အတွင်း၌လည်း ကျောင်းသား ကျောင်းသူများ တိတ်ဆိတ်ငြိမ်သက်စွာ အင်တာနက်မှ စာအုပ်စာပေများကို ဖတ်ရှုလေ့လာလျက်ရှိသည်။ ထိုစာကြည့်တိုက်ကိုလည်း အတွင်းပိုင်းပြုပြင်မွမ်းမံမှုများ ဆောင်ရွက်လျက်ရှိနေသည်ကို တွေ့ရသည်။

အဓိပတိလမ်းပေါ်တွင် လူအနည်းငယ်ရှင်းလျက်ရှိသည်။ ကောင်းကင်သည် ဝင်းတစ်လှည့်မှုန်တစ်လှည့်ဖြင့် ရန်ကုန်တက္ကသိုလ်တစ်ဝိုက်ကို အုပ်မိုးထားလျက်ရှိသည်။ နေရောင်လင်းလာချိန်တွင် သစ်ပုတ်ပင်ကြီး၏ သံဆန်ခါခြံဝင်းလေးကို ကိုင်ကာ မှတ်တမ်းဓာတ်ပုံတို့ဖြင့် အတိတ်၏ပုံရိပ်တို့အတွက် ဘဝမှတ်တမ်းတို့ကို စုဆောင်းလျက်ရှိသည်။ အင်းလျားလမ်းရှိ တက္ကသိုလ်ရေကူးကန်နံဘေးမှ မဇ္ဈိမဒေသနသုတေသနအဆောင် တည်ဆောက်ရေးလုပ်ငန်းခွင်မှ စက်ပစ္စည်းသံ၊ လူသံတို့သည် ကျောင်းဝင်းအတွင်းရှိ စစ်ကိုင်းလမ်းဆီသို့ တိုးဝင်ပြေးလွှားလာသကဲ့သို့ ဂျပ်ဆင်အနီးမှ ငါးထပ်ဆောင်ကြီး၏ လုပ်ငန်းခွင် စက်ယန္တရားတို့ မောင်းနှင်သံတို့ဖြင့် ကျောင်းဆောင်သစ်တွင် အမိနိုင်ငံ၏ ခေါင်းဆောင်ကောင်းများပေါ်ထွန်းလာမည့် အနာဂတ်၏ကြယ်ပွင့်များ ပညာသင်ကြားနိုင်ရန် အဆိုပါကျောင်းဆောင်များက လက်ကမ်းကြိုဆိုနေမည်မှာ အမှန်ပင်ဖြစ်သည်။

ရန်ကုန်တက္ကသိုလ် မဇ္ဈိမဒေသနသုတေသနအဆောက်အအုံပုံစံကို တွေ့ရစဉ်။

နိုင်ငံတော်မှ ရန်ကုန်တက္ကသိုလ်တွင် ပညာသင်ကြားနေသော ကျောင်းသား ကျောင်းသူများ လွတ်လပ်ပျော်ရွှင်စွာ ပညာသင်ကြားနိုင်ရန် ကျောင်းဆောင်များ၊ သုတေသနအဆောင်များ လိုအပ်ချက်နှင့်အညီ တည်ဆောက်ပေးလျက်ရှိပြီး ကျောင်းသားဦးရေ တိုးလာသည့်အပြင် ပြည်ပနိုင်ငံများဖြစ်သော ဩစတြေးလျ၊ ဂျာမနီ၊ ဂျပန်၊ ကိုရီးယား၊ တရုတ်၊ ထိုင်းနိုင်ငံတို့မှ လာရောက်သင်ကြားကြသော ကျောင်းသားများရှိသကဲ့သို့ ကိုရီးယား၊ ဂျပန်နိုင်ငံတို့တွင်လည်း မာစတာနှင့်ထူးချွန် ကျောင်းသားများ ပညာသင်ကြားလျက်ရှိ

ရန်ကုန်မြို့တောင်ဒဂုံအိတ်ချိန်းနယ်မြေအတွင်းအော်တိုတယ်လီဖုန်းနံပါတ်များအား ခေတ်မီအိတ်ချိန်းစက်များနှင့်ပြောင်းလဲမည်ဖြစ်ပါကြောင်း အများပြည်သူသို့ အသိပေးအကြောင်းကြားခြင်း

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ အော်တိုတယ်လီဖုန်းဝန်ဆောင်မှုများအား ပိုမိုကောင်းမွန်သည့်အရည်အသွေးနှင့် ခေတ်မီဝန်ဆောင်မှုများအား ဖြည့်စွမ်းပေးနိုင်ရန်ရည်ရွယ်လျက် IP စနစ်သုံး NGN (Next Generation Network) အမျိုးအစား အလုံ (SoftSwitch) အိတ်ချိန်း၏ MSAN (Multi Service Access Node) များနှင့် ပြောင်းလဲအစားထိုးတပ်ဆင်မည်ဖြစ်ပါ၍ တောင်ဒဂုံ KY အိတ်ချိန်းမှ (၅၉၅×××) ဖြင့်စသော တယ်လီဖုန်းနံပါတ်များအား အလုံ ZX-SS10SS1B SoftSwitch အိတ်ချိန်း၏ (၂၃၄-၈×××)ဖြင့်စသော တယ်လီဖုန်းနံပါတ်များဖြင့် (၁၉-၂-၂၀၁၆) ရက်နေ့တွင် အစားထိုးပြောင်းလဲမည် ဖြစ်ပါကြောင်းနှင့် အသစ်ပြောင်းလဲအသုံးပြုမည့် တယ်လီဖုန်းနံပါတ်များသည် တယ်လီဖုန်းခေါ်ဆိုမှုသာမက အင်တာနက်ဝန်ဆောင်မှု ADSL စနစ်ပါ လျှောက်ထားသုံးစွဲနိုင်မည်ဖြစ်ပါကြောင်း လေးစားစွာ အသိပေးကြေညာအပ်ပါသည်။

အဆိုပါ တောင်ဒဂုံKY အိတ်ချိန်းနယ်မြေတွင် လက်ရှိ ADSL သုံးစွဲသူများအနက် Static IP သုံးစွဲသူများအနေနှင့် Static IP Range (172.x.x.x) Network သို့ ပြောင်းလဲမည်ဖြစ်ပါ၍ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ သတင်းအချက်အလက်နည်းပညာဌာန၊ ADSL ဌာနစိတ်၊ တယ်လီဖုန်းအမှတ် (၀၁-၆၅၀၈၇၀၊ ၀၁-၆၆၂၇၀၇) တို့သို့ ဆက်သွယ်၍ ကြိုတင်ပြင်ဆင်နိုင်ပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း

ရန်ကုန်မြို့ထောက်ကြန့်အိတ်ချိန်းနယ်မြေအတွင်း အော်တိုတယ်လီဖုန်းနံပါတ်များအား ခေတ်မီအိတ်ချိန်းစက်များနှင့် ပြောင်းလဲမည်ဖြစ်ပါကြောင်း အများပြည်သူသို့ အသိပေးအကြောင်းကြားခြင်း

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ အော်တိုတယ်လီဖုန်းဝန်ဆောင်မှုများအား ပိုမိုကောင်းမွန်သည့်အရည်အသွေးနှင့် ခေတ်မီဝန်ဆောင်မှုများအား ဖြည့်စွမ်းပေးနိုင်ရန် ရည်ရွယ်လျက် IP စနစ်သုံး NGN (Next Generation Network) အမျိုးအစား မရမ်းကုန်း (SoftSwitch) အိတ်ချိန်း၏ MSAN (Multi Service Access Node) များနှင့် ပြောင်းလဲအစားထိုးတပ်ဆင်မည်ဖြစ်ပါ၍ ထောက်ကြန့် KY အိတ်ချိန်းမှ (၆၀၀×××)ဖြင့်စသော တယ်လီဖုန်းနံပါတ်များအား မရမ်းကုန်း Soft-X3000 (SoftSwitch) အိတ်ချိန်း၏ (၉၄၃-၇×××)နှင့် စသည့် တယ်လီဖုန်းနံပါတ်များဖြင့် (၁၂-၂-၂၀၁၆)ရက်နေ့တွင် အစားထိုးပြောင်းလဲမည် ဖြစ်ပါကြောင်းနှင့် အသစ်ပြောင်းလဲအသုံးပြုမည့် တယ်လီဖုန်းနံပါတ်များသည် တယ်လီဖုန်းခေါ်ဆိုမှုသာမက အင်တာနက်ဝန်ဆောင်မှု ADSL စနစ်ပါ လျှောက်ထားသုံးစွဲနိုင်မည်ဖြစ်ပါကြောင်း လေးစားစွာ အသိပေးကြေညာအပ်ပါသည်။

အဆိုပါ ထောက်ကြန့် KY အိတ်ချိန်းနယ်မြေတွင် လက်ရှိ ADSL သုံးစွဲသူများအနက် Static IP သုံးစွဲသူများ အနေနှင့် Static IP Range (172.x.x.x) Network သို့ ပြောင်းလဲမည်ဖြစ်ပါ၍ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ သတင်းအချက်အလက် နည်းပညာဌာန၊ ADSL ဌာနစိတ်၊ တယ်လီဖုန်းအမှတ် (၀၁-၆၅၀၈၇၀၊ ၀၁-၆၆၂၇၀၇) တို့သို့ ဆက်သွယ်၍ ကြိုတင်ပြင်ဆင်နိုင်ပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း

2016 FEBRUARY
SAMSUNG DAY
Samsung smart phones နှင့် Tablets
တွေဝယ်ယူပြီး ချစ်သူများနေ့ကို ကြိုဆိုကြရအောင်....
ဖေဖော်ဝါရီလ (၁)ရက် (၂)ရက် (၃)ရက်...
ကျပ် ၅၀၀,၀၀၀ အထက် ဝယ်ယူသူတိုင်းအတွက်
နှစ်သက်ရာ GIORDANO ဖက်ရှင်နှင့်အသုံးအဆောင်များ ဝယ်ယူနိုင်မည့်
ကျပ် ၅၀,၀၀၀ တန်ဖိုးရှိ ကူပွန်လက်ဆောင်
SAMSUNG DAY GIFT VOUCHER worth of 50,000Ks
GIORDANO 50,000Ks
ကျပ် ၂၀၀,၀၀၀ မှ ၅၀၀,၀၀၀ အထိ ဝယ်ယူသူတိုင်းအတွက်
နှစ်သက်ရာ GIORDANO ဖက်ရှင်နှင့်အသုံးအဆောင်များ ဝယ်ယူနိုင်မည့်
ကျပ် ၃၀,၀၀၀ တန်ဖိုးရှိ ကူပွန်လက်ဆောင်
SAMSUNG DAY GIFT VOUCHER worth of 30,000Ks
GIORDANO 30,000Ks
ကျပ် ၂၀၀,၀၀၀ အောက် ဝယ်ယူသူတိုင်းအတွက်
နှစ်သက်ရာ GIORDANO ဖက်ရှင်နှင့်အသုံးအဆောင်များ ဝယ်ယူနိုင်မည့်
ကျပ် ၂၀,၀၀၀ တန်ဖိုးရှိ ကူပွန်လက်ဆောင်
SAMSUNG DAY GIFT VOUCHER worth of 20,000Ks
GIORDANO 20,000Ks
လက်ဆောင်အရေအတွက် ကန့်သတ်ထားပါသည်။
ပရိုမိုးရှင်းအစီအစဉ်၏ စည်းကမ်းများသည် Samsung Myanmar နှင့် Giordano တို့မှ သတ်မှတ်ထားသည့်အတိုင်းသာ ဖြစ်သည်။
samsungmobilemyanmar
samsungmyanmar
samsungmyanmar
Call Center 01 2399 888 (Mon-Sun) 8AM to 6PM
အမြို့မြို့အနယ်နယ်ရှိ Samsung Brand Shops များနှင့် ကိုယ်စားလှယ် အရောင်းဆိုင် များတွင် ဝယ်ယူနိုင်ပါသည်။
SAMSUNG

မွေးနေ့ မင်္ဂလာဆုတောင်းလွှာ

မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးကိုကိုအေး၏ (၃၁. ၁. ၂၀၁၆) ရက်နေ့တွင်ကျရောက်သော ရွှေရတု မွေးနေ့မင်္ဂလာ ရက်မြတ်မှသည် နောင်နှစ်ပေါင်းများစွာတိုင်အောင် စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်း၊ လိုအင်ဆန္ဒ မှန်သမျှပြည့်ဝပြီး ချစ်သော မိသားစုနှင့်အတူ ပျော်ရွှင်ချမ်းမြေ့စွာ ဘာသာ၊ သာသနာအကျိုး၊ တိုင်းပြည်အကျိုး ဆတက်ထမ်းပိုး ဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ် မှ
အဖွဲ့ဝင်များ၊ မိတ်ဆွေများနှင့် ဝန်ထမ်းများ

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁၃ယ/၆၆၇၂၃ ဟွန်ဒါဝေ့ဖ် 100 ယာဉ်လက်ဝယ်ရှိသူ ဒေါ်နန်းခမ်းလှမြတ် ၁၀/မလမ(နိုင်)၁၄၀၉၉၃ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ပြည်နယ်ဦးစီးမှူးရုံး (မော်လမြိုင်မြို့)

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁-အနော်မာ)၊ မြေကွက်အမှတ် (၁၇၃၂/က)၊ မြေကွက်တည်နေရာအမှတ် (၁၇၃၂/က)၊ ရွှေမေတ္တာအပြင်လမ်း၊ ၁-အနော်မာရပ်ကွက်၊ သာကေတမြို့နယ် ဒေါ်အေး ၁၂/သကတ(နိုင်) ၁၁၁၄၃၀ အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား သာကေတမြို့နယ်တရားရုံး၌ ဦးမောင်လှ(ခ) ဦးအာတာအူလ္လာမှ ၂၀၁၅ခုနှစ် တရားမကြီးမှုအမှတ် ၃၄ဖြင့် ဒေါ်အေးအား ပဋိညာဉ်အတိုင်း မှတ်ပုံတင်အရောင်းအဝယ် စာချုပ်ချုပ်ဆိုပေးရန် တရားစွဲဆိုခဲ့ရာ အနိုင်ဒီကရီနှင့် ၂၀၁၅ခုနှစ် တရားမဇာရီမှုအမှတ် ၄၈အမိန့်တို့တင်ပြ၍ တရားရုံးကိုယ်စား ဘီလစ် ဒေါ်သင်းသင်းလှိုင် ၁၂/ဒလန(နိုင်)၀၃၆၉၄၄ မှ အရောင်းအဝယ်စာချုပ်ရန်မြေပုံကူး လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာ ပါသည့် ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

" လုပ်ငန်းအမှတ်တံဆိပ်သတိပေးကြေညာချက် "

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ကမ္ဘာအေးဘုရားလမ်း၊ ပုလဲကွန်ဒို၊ တိုက်အမှတ်-(ဒီ)၊ အခန်းအမှတ်- ၂-အက်ဖ်(၅၀)တွင် ရုံးခန်းဖွင့်လှစ်၍ လုပ်ငန်းဆောင်ရွက်လျက်ရှိသော **777 LUX GROUP CO., LTD.** သည် အောက်ဖော်ပြပါလုပ်ငန်းအမှတ်တံဆိပ်အမည်အမှတ်အသားကို ရန်ကုန်တိုင်းဒေသကြီး စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် ကုမ္ပဏီမူပိုင်လုပ်ငန်းအမှတ်တံဆိပ်အဖြစ် မှတ်ပုံတင်ခဲ့ပြီးဖြစ်ပါသည်။

777 LUX

(IV- ၁၂၃၅၄/၂၀၁၄)

အထက်တွင်ကပ်နှိပ်ဖော်ပြထားသော " **777 LUX** " လုပ်ငန်းအမှတ်တံဆိပ်အမည်အမှတ်အသားကို **777 LUX GROUP CO., LTD.** သည် အေဂျင်စီလုပ်ငန်းအမျိုးမျိုး၊ စီးပွားရေးနှင့်စီမံခန့်ခွဲရေးအကြံပေးဝန်ဆောင်မှုလုပ်ငန်းများ၊ ဆောက်လုပ်ရေးဆိုင်ရာဝန်ဆောင်မှုလုပ်ငန်းများ၊ အင်ဂျင်နီယာလုပ်ငန်းဆိုင်ရာဝန်ဆောင်မှုလုပ်ငန်းများ၊ ဟိုတယ်နှင့်ဟိုတယ်ဆက်စပ်လုပ်ငန်းဆိုင်ရာဝန်ဆောင်မှုလုပ်ငန်းများနှင့် အိမ် ၊ ခြံ ၊ မြေ ရောင်းဝယ်ရေးဆိုင်ရာဝန်ဆောင်မှုလုပ်ငန်းများတွင် ကုမ္ပဏီမူပိုင် လုပ်ငန်းအမှတ်တံဆိပ်အမည်အမှတ်အသားနှင့်ဝန်ဆောင်မှုအမှတ်တံဆိပ်အမည်အမှတ်အသားအဖြစ်အသုံးပြုသွားမည် ဖြစ်ပါသည်။

သို့ပါ၍ အဆိုပါ **777 LUX** လုပ်ငန်းအမှတ်တံဆိပ်အမည်အမှတ်အသား၏ တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ အစိတ်အပိုင်းကိုဖြစ်စေ ဆင်တူယိုးမှားပြုလုပ်၍သော်လည်းကောင်း၊ ထင်ယောင်ထင်မှားတုပပြုလုပ်၍သော်လည်းကောင်း၊ အတုအပပြုလုပ်၍ လုပ်ကိုင်ဆောင်ရွက်ခြင်း မပြုလုပ်ကြပါရန်နှင့် အကယ်၍ ပြုလုပ်ပါက တရားဥပဒေအရ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်း သတိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ ဦးအိနုစ်(တရားလွှတ်တော်ရှေ့နေ) (စဉ်-၅၃၄၁)
YE NOOS & ASSOCIATES (Law Firm)
အမှတ်-၁၇၆(ပထမထပ်)၊ မိဘရိပ်မွန်အိမ်ရာ၊ ဗိုလ်တထောင်ဘုရားလမ်း၊ ရန်ကုန်တိုင်းဒေသကြီး။
ဖုန်း- ၃၉၇၂၃၄ ၊ ၃၉၇၂၃၅ ၊ ၂၉၆၁၃၂ ။

ရန်ကုန်တိုင်း၊ မြောက်ဒဂုံမြို့နယ်၊ (၄၀)ရပ်ကွက်၊ အောင်မင်္ဂလာလမ်း၊ အမှတ်(၁၂၅၄)နေ ဦးထွန်းထွန်းနိုင်(၉/မလန(နိုင်)၁၁၆၉၆၄)နှင့် အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်း၊ လှိုင်သာယာမြို့နယ်၊ (၇)ရပ်ကွက်၊ ဗိုလ်အောင်ကျော်လမ်း၊ အမှတ်(၅၈၉)ရှိ UMG Co., Ltd ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ဦးထွန်းထွန်းနိုင်နှင့် အများသိစေရန် ကြေညာအပ်ပါသည်။

ရန်ကုန်တိုင်း၊ လှိုင်သာယာမြို့ UMG Co., Ltd (Winning Way Division II) (PGIS, Spare Part Department)မှ ဦးထွန်းထွန်းနိုင်သည် Junior (Sale Staff) ရာထူးဖြင့် လုပ်ကိုင်စဉ် ကုမ္ပဏီပိုင် စက်ယန္တရားအပိုပစ္စည်းများအား ရောင်းချခဲ့ပြီး ဝယ်ယူသူများထံမှ စက်ယန္တရားအပိုပစ္စည်းတန်ဖိုးငွေများ လက်ခံရယူသွားခဲ့သော်လည်း ကုမ္ပဏီသို့ စက်ယန္တရားအပိုပစ္စည်းဖိုးကျန်ငွေ စုစုပေါင်း USD - 1,030/- နှင့် ညီမျှသော မြန်မာငွေ ကျပ် - ၁,၃၃၅,၉၁၀/- (တစ်ဆယ့်သုံးသိန်းသုံးသောင်းငါးထောင်ကိုးရာ့တစ်ဆယ်ကျပ်တိတိ)ကို ပေးသွင်းခြင်းမရှိဘဲ ၎င်း၏ ကိုယ်ကျိုးအတွက် အလွဲသုံးစားပြုသုံးစွဲထားပါသည်။ သို့ဖြစ်၍ ဤကြေညာချက်ပါရှိသည့်နေ့ရက်မှ (၁၄)ရက်အတွင်း အမြန်ဆုံးလာရောက်ပေးသွင်းရန်နှင့် ပေးသွင်းခြင်းမရှိပါက တည်ဆဲဥပဒေများနှင့်အညီ တရားစွဲဆိုသွားလိမ့်မည်ဖြစ်ကြောင်း ဦးထွန်းထွန်းနိုင်နှင့် အများသိစေရန် ကြေညာအပ်ပါသည်။

UMG Co., Ltd ၏ လွှဲအပ်ညွှန်ကြားချက်အရ -

ဦးတင်အေး (ရေတာရှည်)၊ (H.G.P, LL.B., D.B.L.)၊ တရားလွှတ်တော်ရှေ့နေ (၅၃၈၈/၉၁)၊ (H.G.P, L.L.B, D.B.L)
ရုံး - အမှတ်(၅၀)၊ ပထမထပ်၊ အခန်းအမှတ်(C/3)၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ - ၄၂၀၀၈၇၃၄၀၊ ၀၉-၄၅၁၂၄၃၇၃၃။
အိမ် - အမှတ်(၁၈၄)၊ သုနန္ဒာ(၁၄)လမ်း၊ (ဆ)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်း။
ဖုန်း-၀၉-၄၂၀၀၈၇၃၄၀၊ ၀၁-၉၆၉၂၀၄၃။

အများသိစေရန် သတိပေးတားမြစ်ကြေညာခြင်း

ကျွန်ုပ်၏အမှုသည်ဖြစ်သူ ဦးမြင့်ဆွေ ၁၀/မလမ(နိုင်)၂၃၅၇၁၀ (မော်လမြိုင်မြို့၊ လှိုင်ရပ်ကွက်၊ မြို့ပတ်လမ်း၊ အုတ်ဖိုလမ်း၊ မာလာချမား(ခ)စရီမဟာလချမီးယမ္မာ ဘုရားကျောင်းဂေါပကအဖွဲ့ဥက္ကဋ္ဌ)၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် သတိပေးတားမြစ်ကြေညာအပ်ပါသည်။

မော်လမြိုင်မြို့၊ လှိုင်ရပ်ကွက်၊ မြို့ပတ်လမ်း၊ အုတ်ဖိုလမ်း၊ အကွက်အမှတ်၂၆၊ ဦးပိုင်အမှတ် ၈၊ မြေချိန်ဧရိယာ ၂ဒသမ၀၉၄ ဧကရှိ မြေကွက်မှာ ဟိန္ဒူဘုရားကျောင်း ဖြစ်သည့် မာလာချမား(ခ)စရီမဟာလချမီးယမ္မာဘုရားကျောင်း သာသနာပိုင်မြေကွက် ဖြစ်ပါသည်။

အဆိုပါ မြေကွက်ပေါ်တွင် ကျွန်ုပ်အမှုသည်၏သဘောတူညီချက် တစ်စုံတစ်ရာ မရရှိဘဲ ဝင်ရောက်ကျူးကျော်နေထိုင်ခြင်း၊ နေအိမ်ဆောက်လုပ်ခြင်း၊ ခြံစည်းရိုးကာရံခြင်း၊ တစ်စုံတစ်ရာမပြုလုပ်ပါရန်နှင့် မြေကွက်အားတစ်ဆင့် ခွဲစိတ်လွှဲပြောင်း ရောင်းချခြင်း၊ ပေးကမ်းခြင်း၊ စွန့်လွှတ်ခြင်း၊ တစ်နည်းနည်းလွှဲပြောင်းခြင်း လုံးဝ မပြုလုပ်ပါရန် သတိပေးတားမြစ်အပ်ပါသည်။

ဤသို့ တားမြစ်ထားပါလျက် လိုက်နာမှုမရှိ ဆောင်ရွက်ခဲ့ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ထပ်လောင်း သတိပေးတားမြစ်အပ်ပါသည်။

လွှဲအပ်ညွှန်ကြားသူ-
(ဦးမြင့်ဆွေ)
ဥက္ကဋ္ဌ
မာလာချမား(ခ)စရီမဟာလချမီးယမ္မာ
ဘုရားကျောင်း
ဂေါပကအဖွဲ့
မြို့ပတ်လမ်း၊အုတ်ဖိုလမ်း၊လှိုင်ရပ်ကွက်၊
မော်လမြိုင်မြို့

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးခင်အောင်
တရားလွှတ်တော်ရှေ့နေ
LL.B, H.G.P,D.B.L,
D.L.P,WIPO(Switzerland)
အမှတ် ၇၅၊ ၂လမ်း၊ ရဲဘော်ကုန်း၊
ရွှေတောင်ရပ်၊ မော်လမြိုင်မြို့၊
ဖုန်း-၀၉-၉၇၀၅၈၂၄၁၉၊
၀၉-၂၅၅၈၁၄၉၀၀

ကန့်ကွက်နိုင်ပါကြောင်း

လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃/၄၊(နဝဒေးအိမ်ရာ)၊ မြေကွက်အမှတ် ၃၉၉၊ဧရိယာ ၀ ဒသမ ၀၈၃ ဧကသည် နှစ် ၆၀ မြေငှားစာချုပ်ဖြစ်ပြီး အမည်ပေါက်မှာ ဦးယုမောင် ဖြစ်ပါသည်။ အဆိုပါမြေကွက်နှင့် အဆောက်အအုံအား ပိုင်ဆိုင်ကြောင်းကြေညာစာချုပ်(၁၉၈/၂၀၁၆)တင်ပြ၍ ဒေါ်ဆုကေခိုင် ၁၄/ဖပန(နိုင်)၁၃၇၃၁၄ အမည်သို့ ပြောင်းလဲခွင့်ပြုပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက အထောက်အထား(မူရင်း) အပြည့်အစုံတင်ပြ၍ ကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြေတိုင်းနှင့်မြေစာရင်းမှတ်တမ်းဌာနခွဲ
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

ကန့်ကွက်နိုင်ပါကြောင်း

လှိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၁၊ ၁၂(ကမာရွတ်၊ အေးရိပ်မွန်အိမ်ရာ)၊ မြေကွက်အမှတ် ၂၆၅၊ ဧရိယာ၀ဒသမ ၁၁၀ဧကသည် နှစ်(၆၀)မြေငှားစာချုပ်ဖြစ်ပြီး အမည်ပေါက်မှာ ဒေါ်ငွေငွေဝင်း(ခ) ဒေါ်အေမီဖြစ်ပါသည်။ အဆိုပါမြေကွက်အား အရောင်းအဝယ်စာချုပ်(၈၄၄၅/၂၀၁၅) တင်ပြ၍ ဦးသန်းထွန်း ၁၂/လသန(နိုင်) ၀၀၁၂၃၈၊ ဒေါ်သန်းသန်းမြင့် ၁၂/လသန(နိုင်) ၀၀၁၂၃၉ အမည်သို့ ပြောင်းလဲခွင့်ပြုပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက အထောက်အထား(မူရင်း) အပြည့်အစုံတင်ပြ၍ ကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြေတိုင်းနှင့်မြေစာရင်းမှတ်တမ်းဌာနခွဲ
မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံ/တောင်မြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်(၁၈)၊ မြေကွက်အမှတ်(၁၇၆၇/ခ)၊မြေကွက်တည်နေရာအမှတ်(၁၇၆၇/ခ)၊ကျွန်းရွှေမြိုင်(၂)လမ်း၊ဒဂုံ/တောင်၊ဦးစံရင်အမည်ပေါက်ပါမစ်မြေအားအမည်ပေါက်ဦးစံရင်ထံမှအရပ်စာချုပ်အဆက်အစပ်ဖြင့်ဝယ်ယူထားသူကိုသူရိန်ထွန်း(၁၁/တကန(နိုင်)၀၈၉၀၀၃)၊မထက်ထက်နိုင်(၁၂/ဥကမ(နိုင်)၂၃၄၄၇၄)တို့မှမြေချပါမစ်ပျောက်ဆုံးကြောင်းရဲစခန်းထောက်ခံချက်၊ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်၊တရားရုံးကျမ်းကျိန်လွှာ၊ကိုယ်တိုင်ဝန်ခံချက်များတင်ပြ၍ပါမစ်ပျောက်ဖြင့်နှစ်(၆၀)ဂရန်လျှောက်ထားခြင်းအားတင်ပြ၍လျှောက်ထားလာရာတရားဝင်ခိုင်လုံသောအထောက်အထားများဖြင့်ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါကလုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းအသိပေးကြေညာအပ်ပါသည်။

ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်(ဂ)၊ မြေကွက်အမှတ် ၆၉၅/က၊ မြေကွက်တည်နေရာအမှတ် ၆၉၅/က၊ ၁၂လမ်း၊(ဂ)ရပ်ကွက်၊တောင်ဥက္ကလာပမြို့နယ်။ ဒေါ်ကြည်အမည်ပေါက်နှစ်(၆၀)ဂရန်မြေအား အမည်ပေါက်မိခင်(ဒေါ်ကြည်)၊ ဖခင်(ဦးမောင်လေး)တို့ ကွယ်လွန်သဖြင့် ဦးတင်ဝင်း(၁၂/ဥကတ(နိုင်)၁၀၉၄၃၄)၊ ဒေါ်ခင်အုန်းမြင့်(၁၂/ဥကတ(နိုင်) ၁၀၃၄၄၈)၊ ဒေါ်အေးအေးချို(ခ)ဒေါ်ခင်အေးချို(၁၂/ဥကတ(နိုင်)၁၀၉၄၄၆)တို့က သားသမီးများတော်စပ်ကြောင်းကျမ်းကျိန်လွှာနှင့်သေစာရင်းတို့ကိုတင်ပြ၍ပိုင်ဆိုင်+စွန့်လွှတ်မြေပုံကူးလျှောက်ထားလာရာတရားဝင်ခိုင်လုံသောအထောက်အထားများဖြင့်ဤကြော်ငြာပါသည့်နေ့မှစ၍(ဂ)ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါကလုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းအသိပေးကြေညာအပ်ပါသည်။

ဌာနမှူး
မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

အင်းစိန်မြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ် မြို့သစ်(ဂ)၊မြေကွက်အမှတ်(၃၁၈/က)၊ဧရိယာ(၀.၀၂၇၅)ဧက၊မြေကွက်တည်နေရာအမှတ်-၃၁၈(က)၊သရဖီလမ်းသွယ်လမ်း၊မြို့သစ်(ဂ)ရပ်ကွက်၊အင်းစိန်မြို့နယ်၊ဦးရွှေဝင်းအမည်ပေါက်ပါမစ်မြေအားအမည်ပေါက်ဦးရွှေဝင်း(၁၂/အစန(နိုင်)၀၁၄၁၁၃)မှပါမစ်တွင်မိသားစုဓာတ်ပုံ(၁)ပုံ၊ရွှေ့ပြောင်းမည့်သူများ၏ရာဇဝင်အကျဉ်းချုပ်တင်ပြ၍အိမ်ရာဆောက်လုပ်နေထိုင်ခွင့်စာရွက်နှင့်မြေနေရာချထားပေးခြင်းခံရသူများ၏မိုခိုသူများစာရင်းစာရွက်တင်ပြနိုင်ခြင်းမရှိဘဲပါမစ်မစုံဖြင့်နှစ်(၆၀)မြေငှားစာချုပ်ဂရန်လျှောက်ထားလာရာတရားဝင်ခိုင်လုံသောအထောက်အထားများဖြင့်ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါကလုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းအသိပေးကြေညာအပ်ပါသည်။

ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (သကမ-၁၅)၊ မြေကွက်အမှတ် (၂၃/က)၊ မြေကွက်တည်နေရာ၊ အမှတ် (၂၃/က)၊ ဗိုလ်အောင်ကျော်လမ်း၊ လှိုင်သာယာမြို့နယ်၊ ဦးငွေမောင်း အမည်ပေါက် နှစ် (၆၀)ဂရန်မြေအား လှိုင်သာယာမြို့နယ်တရားရုံး တရားမကြီးမှုအမှတ်- ၂၀၈/၁၃ ဖြင့် ပဋိညာဉ်အတိုင်း မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ပြုလုပ်ချုပ်ဆိုပေးစေလိုမှု၏ (၇-၁၀-၁၄)ရက်စွဲပါ စီရင်ချက်နှင့် ဒီကရီတရားမဇာရီမှုအမှတ်၊ ၅၃/၂၀၁၄ ဖြင့် ဘီးလစ်ခန့်အပ်ကြောင်း အမိန့်ချမှတ်သည့် (၁၂-၆-၂၀၁၅)ရက်စွဲပါတရားရုံးနေ့စဉ်မှတ်တမ်း၊ နှစ် (၆၀)မြေငှားဂရန်မူရင်းတို့တင်ပြ၍ ဘီးလစ်နော်အောင်သိန်းကြွယ် (၁၂/လသယ(နိုင်)၀၀၂၃၂၂)မှ အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူး လျှောက်ထားလာရာ တရားဝင် ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက် အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှု မရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

ဌာနမှူး
မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မင်္ဂလာဒုံမြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်-ပတ္တမြားတောင်၊မြေကွက်အမှတ်(၁၁၄)၊ဧရိယာ(၂၉/၃၀×၅၀)၊မြေကွက်တည်နေရာအမှတ်(၂၃)၊စိန်သပြေလမ်း၊ပတ္တမြားမြို့သစ်၊မင်္ဂလာဒုံမြို့နယ်၊ဒေါ်တင်မြအမည်ပေါက်ပါမစ်မြေအားအမည်ပေါက်ထံမှအရောင်းအဝယ်ကတိစာချုပ်(၂၉-၁၂-၁၉၈၇)(၃၀-၇-၁၉၉၁)အဆင့်ဆင့်ဖြင့်ပိုင်ဆိုင်ခဲ့သူဦးသန်းဝင်း(၁၂/မဂဒ(နိုင်)၀၆၉၉၉၁)မှမိသားစုဓာတ်ပုံ၊ရွှေ့ပြောင်းသူများ၏ရာဇဝင်အကျဉ်းချုပ်အိမ်ရာဆောက်လုပ်နေထိုင်ခွင့်လက်မှတ်တို့သာပါရှိပြီးမြေနေရာချထားပေးခံရသူများ၏မိုခိုသူများစာရင်းမပါရှိသောပါမစ်မူရင်း(ပါမစ်မစုံ)တင်ပြ၍နှစ်(၆၀)မြေငှားစာချုပ်(ဂရန်)လျှောက်ထားလာရာတရားဝင်ခိုင်လုံသောအထောက်အထားများဖြင့်ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါကလုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းအသိပေးကြေညာအပ်ပါသည်။

ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်(၂၄)၊မြေကွက်အမှတ်(၆၇၄)၊မြေကွက်တည်နေရာအမှတ်(၆၇၄)၊မြရတနာ(၄)လမ်း၊(၂၄)ရပ်ကွက်၊ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ဦးထွန်းမြင့်(ခ)ဝူရှန်ချွန်(၁၂/လမတ(စည်)၀၀၀၂၀၃)အမည်ပေါက်၊နှစ်(၆၀)ဂရန်မြေအားအမည်ပေါက်ဦးထွန်းမြင့်(ခ)ဝူရှန်ချွန်ကွယ်လွန်သဖြင့်ဒေါ်စန်းစန်းဦး(၁၂/သဃက(နိုင်)၀၅၁၄၇၀)ကကွယ်လွန်သူ၏တစ်ဦးတည်းသောတရားဝင်ဇနီးတော်စပ်ကြောင်းကျမ်းကျိန်လွှာ၊သေစာရင်းများတင်ပြ၍ပိုင်ဆိုင်ကြောင်းစာချုပ်ချုပ်ဆိုရန်မြေပုံကူးလျှောက်ထားခဲ့ပြီးအရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်ထပ်တိုးမြေပုံကူးယူခွင့်ပြုပါရန်လျှောက်ထားလာရာတရားဝင်ခိုင်လုံသောအထောက်အထားများဖြင့်ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါကလုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းအသိပေးကြေညာအပ်ပါသည်။

ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

Name	Capacity	Size (LxWxH)	Price
Square Tank (လေးထောင့်) (New)	400L(89Gal)	3'x 2' x 2'	55000
	600L(134Gal)	3'x 3' x 2'	72000
	900L(200Gal)	4'x 4' x 2'	88000

မြေငှားဂရန်ပျောက်ဆုံး၍ ဂရန်သစ်လျှောက်ထားရန်ကြေညာခြင်း

ကျွန်ုပ်တို့၏မိတ်ဆွေ ဦးဝင်းမောင် ၁၂/တမန(နိုင်)၀၁၂၃၉၄၊ ခြောက်လွှာ၊ အမှတ် ၃၂၊ ၁၃၅ လမ်း၊ တာမွေမြို့နယ်နေသူ၏ လွှဲအပ်ညွှန်ကြားချက်အရ ကြေညာပါသည်။

ဦးဝင်းမောင်တို့မိသားစုပိုင် တာမွေမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၄/D)၊ မြေကွက်အမှတ် (၇၄)၊ ပဋ္ဌမတန်းစား (၂၅ ပေ× ၄၂ ပေ)၊ အကျယ်မြေကွက်သည် ဖခင်ဖြစ်သူ ဦးထွန်းသန်း (ကွယ်လွန်)အမည်ပေါက် မြေဂရန်မူရင်းသည် မည်သူ့ကိုမျှ လွှဲပြောင်းရောင်းချထားခြင်းမရှိဘဲ ပျောက်ဆုံးသွားပါသဖြင့် ဂရန်သစ်လျှောက်ထားရန် စီစဉ်ထားပြီးဖြစ်ပါသည်။ကန့်ကွက်လိုသူများရှိပါက ဤကြေညာချက်ပါရှိပြီး ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးမြင့်သောင်း (စဉ်-၄၀၄၄) **ဒေါ်ကျော့ကျော့ဝေ** (စဉ်-၇၈၉၂) **ဒေါ်ထူးထူးလှိုင်** (စဉ်-၃၁၅၃၅) **ဒေါ်အေးသီရိအောင်** (စဉ်-၄၆၃၇၃)

တရားလွှတ်တော်ရှေ့နေများ **အထက်တန်းရှေ့နေများ**

အမှတ် (၂၀၃) သုံးလွှာ၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

ကန့်ကွက်နိုင်ပါကြောင်း

လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၈၊ FMI အိမ်ရာ၊ မြေကွက်အမှတ် ၃၀၁၊ ဧရိယာ ၀ ဒသမ ၀၅၅ဧကသည့် နှစ်၆၀ မြေငှားစာချုပ်ဖြစ်ပြီး အမည်ပေါက်မှာ ဦးအောင်ငွေးဖြစ်ပါသည်။ အဆိုပါမြေကွက်နှင့်အဆောက်အအုံအား ပိုင်ဆိုင်ကြောင်း ကြေညာစာချုပ် ၁၂၅/၂၀၁၆ တင်ပြ၍ ဒေါ်အေးအေးမြတ် ၉/ကဆန(နိုင်)၀၁၀၄၃၁အမည်သို့ ပြောင်းလဲခွင့်ပြုပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက အထောက်အထား(မူရင်း) အပြည့်အစုံတင်ပြ၍ ကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြေတိုင်းနှင့်မြေစာရင်းမှတ်တမ်းဌာနခွဲ
မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၂၇/၂၊ ရွှေပင်လုံအိမ်ရာ)၊ မြေကွက်အမှတ်(၅၄)၊ ဧရိယာ ၀ဒသမ၀၂၈ဧကသည့် နှစ် ၆၀ မြေငှားစာချုပ်ဖြစ်ပြီး အမည်ပေါက်မှာ ဗိုလ်မှူးချုပ်ကျော်ကျော်ထွန်းဖြစ်ပါသည်။ အဆိုပါမြေကွက်နှင့်အဆောက်အအုံအား အရောင်းအဝယ်စာချုပ် (၇၄၂၅/၂၀၁၅) တင်ပြ၍ ဒေါ်နိုင်နိုင်ဦး ၁၂/ဗဟန(နိုင်) ၀၄၇၃၈၁၊ ဒေါ်နန္ဒာဝင့် ၁၂/ဗဟန(နိုင်) ၀၄၇၃၇၈ အမည်သို့ ပြောင်းလဲခွင့်ပြုပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက အထောက်အထား(မူရင်း)အပြည့်အစုံတင်ပြ၍ ကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြေတိုင်းနှင့်မြေစာရင်းမှတ်တမ်းဌာနခွဲ
မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၄/ကံဘဲ့၊ ပြည်သာယာအိမ်ရာ၊ မြေကွက်အမှတ်(၁၁၇/ခ-၃၈)၊ ဧရိယာ ၀ဒသမ၀၉၃ဧကသည့် နှစ် (၆၀) မြေငှားစာချုပ်ဖြစ်ပြီး အမည်ပေါက်မှာ ဦးဝင်းသိန်းဖြစ်ပါသည်။ အဆိုပါမြေကွက်နှင့် အဆောက်အအုံအား အရောင်းအဝယ်စာချုပ် (၅၇၉/၂၀၁၃)တင်ပြ၍ ဦးအင်ဒါယူးဆင်ဝါးလီ(ခ) ဆင်ဝါးလီ ၁/မကန(နိုင်) ၀၂၆၂၃၀ အမည်သို့ ပြောင်းလဲခွင့်ပြုပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက အထောက်အထား(မူရင်း) အပြည့်အစုံတင်ပြ၍ ကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြေတိုင်းနှင့် မြေစာရင်းမှတ်တမ်းဌာနခွဲ
မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မြောက်ဥက္ကလာပမြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်(၁)၊မြေကွက်အမှတ်(၃၀၅)၊မြေကွက်တည်နေရာအမှတ်(၃၀၅)၊သုမိတ္တာ(၉)လမ်း၊ဒေါ်ရွှေတင်(၁၂/ဥကမ(နိုင်)၀၃၇၂၄၉)အမည်ပေါက်၊နှစ်(၆၀)ဂရန်မြေအားအမည်ပေါက်မိခင်ဒေါ်ရွှေတင်၊ဖခင်ဦးယုန်ရှိန်တို့ကွယ်လွန်သဖြင့်ဦးစိန်လေး(၁၂/ဥကမ(နိုင်)၀၇၃၈၁၅)မှတစ်ဦးတည်းသောသားတော်စပ်ကြောင်းကျမ်းကျိန်လွှာ၊သေစာရင်းတင်ပြ၍ပိုင်ဆိုင်+အရောင်းမြေပုံကူးလျှောက်ထားလာရာတရားဝင်နိုင်လုံသောအထောက်အထားများဖြင့်ဤကြော်ငြာပါသည့်ရက်မှစ၍(၇)ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါကလုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းအသိပေးကြေညာအပ်ပါသည်။

ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၅၇ရှိ အကျယ်အဝန်း အနံပေ ၂၀၊ အလျားပေ ၆၀ရှိ မြေကွက်အမှတ် ၅၇၆/ခအား အမှတ်၉၇၁၊ နေခြည်လမ်း၊ (၅)ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်နေ [ဒေါ်သူဇာလှိုင် ၁၂/သလန(နိုင်)၀၀၈၆၃၃]ထံမှ ၂၀-၅-၂၀၁၁ ရက်တွင် ကျွန်တော်၏မိတ်ဆွေ ဒေါ်မာမာစိန်(ခ) မဇင်မာက အပြီးအပိုင်ဝယ်ယူထားပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ခိုင်လုံသော အထောက်အထားများနှင့်တကွ ကျွန်ုပ်ထံလာရောက် ကန့်ကွက်နိုင်ကြောင်း ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

ဦးစောနှင်း အထက်တန်းရှေ့နေ
လိုင်စင်အမှတ် ၁၆၁၇၅

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၅၆)၊ မေဃဝတီလမ်း၊ မြေကွက်အမှတ်(၆၂၄)၊ပေ ၄၀× ပေ ၆၀အကျယ်ရှိ မြေကွက်နှင့်စပ်လျဉ်း၍ ဒေါ်တင်စိန် ၁၂/ဥကတ(နိုင်)၁၆၀၀၃၁ နှင့် အများသိစေရန်

ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဦးဝင်းလှိုင် ၁၂/ပဘတ(နိုင်)၀၁၂၉၉၀ ၏ လွှဲအပ်ညွှန်ကြားချက်အရ

အထက်အကြောင်းအရာပါ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၁၅၆)၊ မေဃဝတီလမ်း၊ မြေကွက်အမှတ်(၆၂၄)၊ပေ ၄၀× ပေ ၆၀အကျယ်ရှိ မြေကွက်သည် မူလက ဒေါ်အုံးကြည်(ခ)ဒေါ်ဝင်းကြည် ၁၂/သဃက(နိုင်)၀၆၆၈၃၀ အမည်ပေါက် ရရှိထားသော ပါမစ်မြေအမျိုးအစားဖြစ်ပြီး ၁၉၉၇ ခုနှစ်တွင် မူလပိုင်ရှင် ဒေါ်အုံးကြည်(ခ)ဒေါ်ဝင်းကြည်က အဆင့်ဆင့်လက်ရောက်လွှဲပြောင်းပေးအပ်ရောင်းချခဲ့ရာ ကျွန်ုပ်တို့၏မိတ်ဆွေ ဦးဝင်းလှိုင်က အဆက်ဆက်သော အရောင်းအဝယ် ကတိစာချုပ်များနှင့်အတူ မြေချပါမစ်မူရင်းကိုပါ ရယူလျက် နောက်ဆုံးပိုင်ရှင်ဖြစ်သူ ဒေါ်စုမြတ်ဝင်းထံမှ ၁၁-၄-၂၀၁၃ ရက်စွဲပါ အရောင်းအဝယ်စာချုပ်ဖြင့် လွှဲပြောင်း ဝယ်ယူလက်ရောက်ရရှိခဲ့ပြီးဖြစ်ပါသည်။

ဦးဝင်းလှိုင်က မိမိလက်ဝယ်ရှိသော မြေချပါမစ်မူရင်းအပါအဝင် ဆက်စပ်စာချုပ်များဖြင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီသို့ မြေငှားဂရန်လျှောက်ထားခဲ့ပြီး တရားဝင်လုပ်ထုံးလုပ်နည်းများနှင့်အညီ အဆိုပါမြေကွက်အမှတ်(၆၂၄)နှင့် ပတ်သက်၍ ဦးဝင်းလှိုင်အမည်ပေါက် မြေငှားဂရန်စာချုပ်အမှတ်-ဒဂရ/ဂရသ(၇၅၄)/၁၅ ကို ရရှိထားပြီးဖြစ်ပါသည်။

အဆိုပါမြေကွက်အမှတ်(၆၂၄)၏ ထက်ဝက်(ပေ ၂၀×ပေ ၆၀)မြေကွက်ကို ဒေါ်တင်စိန်ဆိုသူက အထောက်အထားစာရွက်စာတမ်းများမပါရှိဘဲ တရားဝင်လွှဲပြောင်း ရောင်းချခွင့်မရှိသူ တစ်ဦးထံမှ လွှဲပြောင်းဝယ်ယူထားကြောင်းနှင့် ယခုအခါ ဒေါ်တင် စိန်က ယင်းမြေကွက်အရောင်းအဝယ်ကိစ္စနှင့်စပ်လျဉ်းပြီး ရောင်းချသူအပေါ် မြေကွက်တန်ဖိုးငွေအပါအဝင် ငွေကျပ်သိန်း ၁၂၀ ရရှိလိုကြောင်း ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး၌ တရားမကြီးမှုအမှတ် ၂၇၈/၂၀၁၄ ဖြင့် စွဲဆိုထားကြောင်းသိရှိရပါသည်။ထို့အပြင် ကျွန်ုပ်၏မိတ်ဆွေက တရားဝင်အမည်ပေါက် ဂရန်ရရှိထားသော အဆိုပါ မြေကွက်ရှေ့၌ လူအချို့က ဆိုင်းဘုတ်ထောင်ခြင်း၊မြေကွက်ကို ကိုယ်ထိလက်ရောက် ရယူရန် ကြိုးပမ်းခြင်းများပြုလုပ်လာပါသည်။ဦးဝင်းလှိုင်အနေဖြင့် မြေကွက်အမှတ် (၆၂၄)(ပေ ၄၀×ပေ ၆၀)မြေကွက်ကြီးတစ်ခုလုံးကို မြေချပါမစ်အပါအဝင် အထောက်အထားစာရွက် စာတမ်းများဖြင့် တရားဝင်မြေငှားဂရန် အမည်ပေါက်စာချုပ်ပြုလုပ်ပိုင်ဆိုင်ထားပြီးဖြစ်ရာ ဦးဝင်းလှိုင်၏ ပိုင်ဆိုင်မှုအပေါ် မည်သည့်နည်းလမ်းနှင့်မဆို ထိပါးကျူးလွန်လာမှုများကို ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေးကြေညာအပ်ပါသည်။

လွှဲအပ်ချက်အရ-

ဦးသန်းစိုး(ထွန်း)	**ဒေါ်မူယာ**	**ဦးဇော်ဇော်နိုင်အောင်**	**ဦးမိုးခိုင်**
B.A(Eco),H.G.P, R.L., D.B.L	**LL.B,Dip: in Business Law**	**LL.B**	**LL.B**
တရားလွှတ်တော်ရှေ့နေ(၅၄၉၃)	**တရားလွှတ်တော်ရှေ့နေ(၆၆၆၀)**	**အထက်တန်းရှေ့နေ (စဉ်-၂၅၄၇၄)**	**အထက်တန်းရှေ့နေ (စဉ်-၃၀၂၉၅)**

အမှတ် (၁၅၈/ဘီ)သုံးလွှာ၊ ၃၈ လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၁၊ မြေကွက်အမှတ် ၁၉၄/က၊ မြေကွက်တည်နေရာအမှတ် (၁၉၄/က)၊ (၅) လမ်း၊ (၁၁) ရပ်ကွက်၊ တောင်ဥက္ကလာပ (ဦးစိန်ဝင်း) (S/OKA-၀၅၂၁၅၈ အမည်ပေါက်နှစ် (၆၀) ဂရန်မြေအား အမည်ပေါက်ဦးစိန်ဝင်းထံမှ အရောင်းအဝယ်စာချုပ်-၄၉၉၄ (၈-၁၀-၉၇) ဖြင့် ဝယ်ယူထားသူ ဦးရွှေဘထွန်းနှင့် အမည်ပေါက်ဦးစိန်ဝင်းတို့ကို တရားပြိုင်ထား၍ ဦးအောင်မိုးကျော်မှ တောင်ဥက္ကလာပမြို့နယ် တရားရုံးတွင် တရားစွဲဆိုသောတရားမမှုအမှတ်-၃/၂၀၁၅၏ စီရင်ချက်၊ ဒီကရီမှုအမှတ်-၁၀/၂၀၁၅၏ အမိန့်နှင့် (၁၈-၃-၂၀၁၅) နေ့ရက်စွဲပါ ဘီးလစ်ခန့်စာတို့ကို တင်ပြပြီး တရားရုံးများကိုယ်စား ဘီးလစ်ဒေါ်နန့်ဆန်းသိန်း၊ (၁၂/မရက (နိုင်) ၀၄၇၆၁၆)မှ အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်နိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မရမ်းကုန်းမြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်(၂၂/သမိုင်း)၊မြေကွက်အမှတ်(၉)၏အစိတ်အပိုင်း၊မြေကွက်တည်နေရာအမှတ်(၉/က)၊ကိုက်ပိုင်းဘုရားလမ်း၊(၃)ရပ်ကွက်၊မရမ်းကုန်းမြို့နယ် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အမည်ပေါက်၊အဆိုးရမြေအားဒေါ်အေးကြည်(ခ) ဒေါ်ရန်ထံမှ၂၆-၃-၁၉၇၅ရက်စွဲပါအရပ်ကတိ အရောင်းအဝယ်စာချုပ်ဖြင့်ဝယ်ယူထားသူဦးနိုင်အောင်မှာ(၁၅-၄-၂၀၁၁)ရက်နေ့တွင်ကွယ်လွန်သွားပါသဖြင့်၎င်း၏ဇနီးဖြစ်သူဒေါ်ခင်နှင်းအေး (၁၂/မရက(နိုင်)၀၉၁၇၀၆)မှတစ်ဦးတည်းသော ဇနီးဖြစ်ကြောင်းကျမ်းကျိန်လွှာ၊အရပ်ကတိအရောင်းအဝယ်စာချုပ်၊သေစာရင်းတို့တင်ပြ၍အထူးဝန်ဆောင်ခနှုန်းဖြင့်နှစ်(၆၀)မြေငှားစာချုပ်(ဂရန်)လျှောက်ထားလာရာတရားဝင်နိုင်လုံသော အထောက်အထားများဖြင့်ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါကလုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၀/တောင်)မြေကွက်အမှတ်-၂၃၇၈/ခ၊ မြေကွက်တည်နေရာအမှတ်-၂၃၇၈/ခ၊ ဇေယျာဝတီ(၄) လမ်း၊ ၁၀/တောင် ရပ်ကွက်၊ သာကေတမြို့နယ် ဒေါ်တင်ကြည် ၁၂/သကတ(နိုင်)၀၆၄၇၇၉ အမည် ပေါက်နှစ် (၆၀)ဂရန်မြေအား အမည်ပေါက် ဒေါ်တင်ကြည်(မိခင်)နှင့် ဦးတင်လှ(ဖခင်)တို့ ကွယ်လွန်သဖြင့် သားသမီးများဖြစ်ကြသော (၁)ဒေါ်ကြည်ကြည်ဦး ၁၄/ဇလန(နိုင်) ၀၄၀၇၁၁ (၂) ဒေါ်ကြည်ကြည်လှ ၁၂/သကတ(နိုင်)၀၆၄၈၄၄ (၃) ဒေါ်ကြည်ကြည်မြ ၁၂/သကတ(နိုင်)၀၆၇၇၅၈ တို့ထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် (၁၀၈၇၈/၂၀၁၅)နှင့် (၁၀၉၉၇/၂၀၁၅) ရသူ ဦးသန်းစိုးအောင် ၁၄/ဇလန(နိုင်)၁၂၂၀၂၆ မှ သေစာရင်း၊ ကျမ်းကျိန်လွှာတင်ပြ၍ ပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ မြေစာရင်းမှတ်ချက်အရ ၂၀၀၅ ခုနှစ်တွင် ဒေါ်တင်ကြည်မှ ဘဏ်ချေးမြေပုံကူး ယူခဲ့ခြင်းနှင့်ပတ်သက်၍ ယင်းမြေပုံပျောက်ဆုံးကြောင်း ကျမ်းကျိန်လွှာတင်ပြလာသဖြင့် တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြောက်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၃၉/B)၊ မြေကွက်အမှတ်(၂၃၆)၊ မြေကွက်တည်နေရာ အမှတ်(၂၃၆)၊ မဟာဗန္ဓုလလမ်း၊ (၃၉/B)ရပ်ကွက်၊ ဒဂုံမြောက် (ဦးတင်လှိုင်(၅) (၁၂/မရက(နိုင်)၀၂၀၃၇၂)အမည်ပေါက် နှစ်(၆၀) ဂရန်မြေအား၊ အမည်ပေါက် ဦးတင်လှိုင် နှင့် ဒေါ်ကြူကြူ တို့အပေါ် တရားပြိုင်ထားကာ ဒေါ်သင်းသင်းမွေး မှ ပဋိညာဉ်အတိုင်း မှတ်ပုံတင် အရောင်းအဝယ်စာချုပ် ချုပ်ဆိုပေးစေလိုမှုဖြင့် တရားစွဲဆိုခဲ့ရာ အနိုင်ဒီကရီရရှိခဲ့သဖြင့် ဦးတင်လှိုင် (၅) တရားရုံး (ကိုယ်စား) ဒဂုံမြောက်မြို့နယ် တရားမရုံး၊ တရားမကြီးမှုအမှတ် (၁၅၄/၂၀၁၃) (၁၃-၁၂-၂၀၁၃)၊ တရားမဇာရီမှုအမှတ် (၆၇/၂၀၁၄) (၁၇-၆-၂၀၁၄)တို့ဖြင့် ဘီးလစ်ဒေါ်လဲ့လဲ့ခိုင် (၁၃/တကန(နိုင်)၀၀၃၄၁၉)မှ ဘီးလစ်ခန့်အပ်ကြောင်း စာတို့တင်ပြ၍ အရောင်းအဝယ်စာချုပ်၍ မြေပုံကူး လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့် နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း နှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်း အတိုင်း ဆက်လက် ဆောင်ရွက်ပေးမည်ဖြစ်ပါ ကြောင်း အသိပေးကြေညာအပ်ပါသည်။

ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

မွေးနေ့မင်္ဂလာ ဆုမွန်တောင်းလွှာ

မိသားစု၏ အားထားရသော မေတ္တာစေတနာအပြည့်ဖြင့် လုံခြုံနွေး ထွေးမှုကို ပေးသော သားသမီးဝတ္တရားကျေပွန်စွာ ပြုစုစွမ်းဆောင်ပေးသော ချစ်သမီးကြီး ဒေါ်ယမင်းကိုကို (MD - TYY Group of Companies)၏ ၃၁-၁-၂၀၁၆ ရက်တွင် ကျရောက်သော မွေးနေ့မှသည့် နောင်နှစ်ပေါင်း ၁၂၀ တိုင်အောင် စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ ကျန်းမာခြင်းနှင့် ပြီးပြည့်စုံပြီးအောင်မြင်မှု သရဖူဆောင်းနိုင်ပါစေ၊ ဆန္ဒနှင့်ဘဝ တစ်ထပ်တည်းကျပါစေ။

ချစ်ခင်ပွန်း – သုဓမ္မမဏိဇောတဓရ ဦးသက်ဆွေ
(Chairman - TYY Group of Companies)

ချစ်မေမေ – ဒေါ်နုနုသိန်း(Director -TYY Group of Companies)

ချစ်သမီးများ – မိုမိုကို၊ ဖြူဖြူကို (Director -TYY Group of Companies)

မွေးနေ့မင်္ဂလာ ဆုမွန်တောင်းလွှာ

TYY Group of Companies ၏ Managing Director ဒေါ်ယမင်းကိုကို ၏ ၃၁-၁-၂၀၁၆ ရက် မွေးနေ့မင်္ဂလာမှသည် နောင်နှစ်ပေါင်း ၁၂၀ တိုင်အောင် ချစ်ခင်ပွန်း၊ ချစ်မိသားစုနှင့် လက်တွဲ၍စိတ်ချမ်းသာ၊ ကိုယ်ကျန်းမာစွာဖြင့် ကုမ္ပဏီအကျိုးကို သယ်ပိုးနိုင်သောပုဂ္ဂိုလ် ဖြစ်ပါစေ။

TYY Group of Companies မှ ဝန်ထမ်းများ

အများသိစေရန်ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၇၊ လူနေရပ်ကွက်အမှတ် F.M.I အိမ်ရာစီမံကိန်း၊ မြေကွက်အမှတ် ၄၄၇၊ ဧရိယာ ၀ ဒသမ ၁၆၀ ဧကရှိ နှစ် ၆၀ ဂရန်မြေကွက်သည် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ မြို့မြေစာရင်းတွင် ဒေါ်ရင်ဖန် ၁၃/လရန(နိုင်)၀၀၅၀၂၅နှင့် ဒေါ်စုစုဝင်း ၁၃/လရန(နိုင်)၀၀၅၄၆၈ အမည်ဖြင့် မှတ်သားတည်ရှိပါသည်။ အမှတ် အို/၁၅၆၊ သစ်ခွလမ်း၊ F.M.I City ဟုခေါ်တွင်သော အကျိုးခံစားခွင့်များဖြစ်ပါသည်။ ၎င်းတို့ထံမှ ဦးအောင်ဇော်မိုး ၁၂/သလန(နိုင်)၀၇၂၈၁၆က ရန်ကုန်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် ၇၀၃၄/၂၀၀၈ကို ရယူထားပါသည်။ ဦးအောင်ဇော်မိုးထံမှ ဝယ်ယူရန် စရန်ငွေပေးချေထားပါသည်။ အကျိုး သက်ဆိုင်ခွင့်ရှိသူများသည် အထောက်အထားခိုင်လုံစွာဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးစိန်ရီ(တရားလွှတ်တော်ရှေ့နေ)
အမှတ် ၂၂၊ ဌာနာလမ်း၊ အလုံမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-၀၉-၅၀၃၀၃၇၄၊ ၀၁-၂၂၃၉၅၆

ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ ဦးဘဟန်လမ်းသွယ်၊ အမှတ်(၂၀)၊ မှန်ခန်း(ပထမထပ်)၊ ခေါင်းရင်းခန်း တိုက်ခန်းပိုင်ဆိုင်မှုနှင့် ပတ်သက်၍ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးကို ကန်ထရိုက်တာ ဦးအောင်ကိုဝင်း(၆/ကသန(နိုင်)၀၄၀၂၈၈) (နိုင်ကမ္ဘာ ဆောက်လုပ်ရေး)ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်စပ်လျဉ်း၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ကန့်ကွက်လိုပါက ခိုင်လုံသောစာချုပ်စာတမ်း အထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ရုံးချိန်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်အင်ကြင်းအောင်	ဒေါ်ပြည့်ဖြိုးလွင်
အထက်တန်းရှေ့နေ	အထက်တန်းရှေ့နေ
(စဉ်-၃၄၂၀၂)	(စဉ်-၄၂၃၉၄)
၀၉-၅၁၅၂၀၅၈	၀၉-၄၅၀၀၄၁၀၇၄

ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

သဃ်န်းကျွန်းမြို့နယ်၊ မလိခအိမ်ရာ၊ တိုက်အမှတ် ၁၂၊ အခန်းအမှတ် ၄၂၊ (စတုတ္ထထပ်)ကို မူလအမည်ပေါက်ပိုင်ရှင် ဒေါ်စန်းစန်းဌေးထံမှ စာချုပ်စာတမ်းအဆင့်ဆင့်ဖြင့် ဝယ်ယူထားသူ ဦးအောင်အောင်(ခ)ကိုကိုခိုင်မှ ပိုင်ရှင်အမည်ပြောင်းလဲခွင့်ပြုပါရန် လျှောက်ထားလာခြင်းအား ကန့်ကွက်ရန်ရှိပါက ကြော်ငြာသည့်ရက်မှ ၁၄ ရက်အတွင်း မူရင်းအထောက်အထားများတင်ပြ၍ လာရောက်ကန့်ကွက်နိုင်ပါသည်။

အိမ်ရာဖွံ့ဖြိုးရေးဌာနခွဲ
မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန

ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

တာမွေမြို့နယ်၊ မေတ္တာညွန့်အိမ်ရာ၊ တိုက်အမှတ် (၄၈၄)၊ အခန်းအမှတ် (၄၀၂)ကိုမူလအမည်ပေါက်ပိုင်ရှင် ဒေါ်မြတ်စိုးခိုင်ထံမှ စာချုပ်စာတမ်းအဆင့်ဆင့်ဖြင့် အပြီးအပိုင်ဝယ်ယူထားသူဒေါ်ဇင်မာတိုးမှ ပိုင်ရှင်အမည်ပြောင်းလဲခွင့်ပြုပါရန် လျှောက်ထားလာခြင်းအားကန့်ကွက်ရန်ရှိပါက ကြော်ငြာသည့်ရက်မှ၁၄ရက်အတွင်း မူရင်းအထောက်အထားများတင်ပြ၍ လာရောက်ကန့်ကွက်နိုင်ပါသည်။

အိမ်ရာဖွံ့ဖြိုးရေးဌာနခွဲ
မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ ၆ ရပ်ကွက်၊ ကေတုမတီလမ်း၊ အမှတ် (၇၈၅)၊ ခေါင်းရမ်းခြမ်းဟုခေါ်တွင်သော ဧရိယာ ပေ (၂၀×၆၀)အကျယ်အဝန်းရှိ မြေရှင် ဦးစိုးမင်းအမည်ပေါက် မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော ခြောက်ထပ်တိုက်သစ်၏ ပထမထပ်အခန်းအား မြေရှင်နှင့်ကန်ထရိုက်တာစာချုပ်အရ ကန်ထရိုက်တာပိုင်အခန်းဖြစ်ပြီး အဆိုပါတိုက်ခန်းအား လက်ရှိထားပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိကြောင်းအဆိုပြုသူ ကန်ထရိုက်တာ ဦးမော်မော်ထွန်း(ခ)ဦးကျော်ဦး ၁၂/ဥကတ(နိုင်)၁၃၁၅၆၅ထံမှ ကျွန်ုပ်၏ မိတ်ဆွေက အပိုင်လွှဲပြောင်းဝယ်ယူရန် တိုက်ခန်းဖိုး စရန်ငွေတစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါတိုက်ခန်းအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများသည် ခိုင်လုံသော အထောက်အထား စာချုပ်စာတမ်းမူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိက တိုက်ခန်းအရောင်းအဝယ်အား အပြီးသတ်ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်သင်းသင်းစိုး LL.B အထက်တန်းရှေ့နေ
အမှတ် (၆၉၃)၊ အောင်ဆုပန်လမ်း၊ ၈၇ ရပ်ကွက်၊
ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၄၃၀၇၈၀၁၂

EVER TOP ဘာသာစကားသင်တန်းများ Ph:09254903604 098770096 0973040610

အမှတ်(၆၆/၆ဓ)၊ ၅လွှာ၊ အင်းစိန်လမ်း၊ (စံရိပ်မြိမ်မှတ်တိုင်၊လှည်းတန်းအနီး)

ဂျပန်	တရုတ် / ကိုရီးယား	အင်္ဂလိပ်
ဦးအောင်ထွေဦး၊ ဦးဝေအေးသိန်း ဆရာမခင်ဝေလွင်၊ဆရာမသက်ထား	**တရုတ်:** ဆရာစိုင်းဆိုင်ခမ်းစ် တရုတ်စကားပြော လစဉ် (၀၀၀၀) (နိုင်ငံတကာသုံးအသံထွက်)	ဦးမိုးမြင့်မောင် (Top English) (a) Saya William ဆရာအောင်အောင်
ဂျပန်စကားပြော (ပုံမှန် / အမြန်) 4-Skills (အခြေခံ / အဆင့်မြင့်) အလုပ်ဝင်အင်တာဗျူးအမြန် N5,N4,N3,N2,N1 စာမေးပွဲ ဝေလုကျင့်မှုစာအုပ်များရောင်းသည်။	**ကိုရီးယား:** ဒေါ်ခင်ယုယုစမ်း EPS TOPIK / 4-Skills (မေးခွန်းသင်ရိုးသစ်စာအုပ်ရောင်းသည်)	4-Skills(General) (၅၀၀၀) Phonetics " Practical English " Grammar+Writing " စကားပြော ဥလပြတ် (၁၀၀၀၀) (ရုံးချိန်လွတ်တန်းခွဲများရှိသည်)

ကန့်ကွက်နိုင်ပါကြောင်း

မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနနှင့် ဣန္ဒြိတ်ကုမ္ပဏီတို့ အကျိုးတူပူးပေါင်းဆောင်ရွက်ခဲ့သော တောင်ဥက္ကလာပမြို့နယ်၊ သစ္စာဥယျာဉ်အိမ်ရာတွင် ကုမ္ပဏီမှရောင်းချထားသော တိုက် (Wing 2)၊ အခန်း ၂၀၂ကို ဒေါ်အေးအေးမြင့် ၁၂/ကမတ(နိုင်)၀၄၇၆၄၃ အမည်ဖြင့် အိမ်ပေါက်ရောက်နေထိုင်ခွင့်ထုတ်ပေးနိုင်ပါရန် ကုမ္ပဏီမှလျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ ၁၄ ရက်အတွင်း အထောက်အထားမူရင်းများတင်ပြ၍ လာရောက်ကန့်ကွက်နိုင်ပါသည်။ **အိမ်ရာဖွံ့ဖြိုးရေးဌာနခွဲ၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ရွှေလင်ပန်း (၂၂)၊ မြေကွက်အမှတ် ၁၀၇၄၊ အကျယ် (အလျား ပေ၄၀×အနံ ပေ၆၀)ရှိ ဗိုလ်ကြီးသိန်းလွင် ၇/ပခန(နိုင်)၀၆၈၃၉၅ အမည်ဖြင့် တည်ရှိနေသော ပါမစ်မြေနှင့်တကွ အကျိုးခံစားခွင့်အားလုံးတို့ကို အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ ဦးတင်ဦး ၁၄/ဝခမ(နိုင်)၁၈၅၇၉၀ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်အတွက် မြေကွက် တန်ဖိုးငွေ၏စရန်ငွေကို ပေးချေထားပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း ပိုင်ဆိုင်မှုမှတ်ပုံတင်စာချုပ်စာတမ်း မူရင်းနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်မြလဲ့ဝင်း LL.B, D.B.L အထက်တန်းရှေ့နေ
အမှတ် ၈၃၊ အထက်ဗဟိုလမ်း၊ (၂)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၁-၉၆၆၉၀၀၄၊ ၀၁-၇၀၅၄၄၅၊ ၀၉-၅၁၅၁၈၃၃

ပုံနှိပ်လုပ်ငန်းရှင်များအား အသိပေးကြေညာချက်

ကျွန်ုပ်၏အမှုသည်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ (၁၄)ရပ်ကွက်၊ မဟာဗောဓိလမ်း၊ အမှတ် (၃)နေ ဒေါ်နွယ်နွယ်အေး(ခ)ဒေါ်ခင်ဖြူလှ ၁၂/ရကန(နိုင်)၀၀၆၀၅၃ ၏လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြော်ငြာအပ်ပါသည်။

ကျွန်ုပ်အမှုသည်သည် **မြတ်ဘုန်းပွင့်** ကုန်အမှတ်တံဆိပ် အမည် အမှတ်အသားကို တစ်ဦးတည်းမူပိုင်အဖြစ်အသုံးပြု၍ အလှကုန်ပစ္စည်းအမျိုးမျိုး ထုတ်လုပ်ဖြန့်ဖြူးရောင်းချရန်အတွက် ရန်ကုန်မြို့ စာချုပ်စာတမ်းများမှတ်ပုံတင်ရုံးတွင် (၁၂-၇-၂၀၀၆)နေ့၌ မှတ်ပုံတင်ထားသော မှတ်ပုံတင်စာချုပ် အမှတ်-၄/၄၅၅၄/၂၀၀၆ အရလည်းကောင်း၊ လူကြိုက်များပြီး အရောင်း တွင်ကျယ်လာသဖြင့် အောက်ဖော်ပြပါ ကုန်အမှတ်တံဆိပ် အမည်အမှတ်အသား များကို မိမိတစ်ဦးတည်းမူပိုင် အဖြစ် သုံးစွဲရန် ရန်ကုန်မြို့ စာချုပ်စာတမ်းများ မှတ်ပုံတင်ရုံးတွင် (၁၇-၆-၂၀၀၈)နေ့၌ မှတ်ပုံတင်ထားသော မှတ်ပုံတင်စာချုပ် အမှတ်-၄/၃၇၃၇/၂၀၀၈ နှင့် ၄/၁၃၆၄၂/၂၀၁၄ စာချုပ်များအရလည်းကောင်း သီးခြားမှတ်ပုံတင်သွင်းပြီး **မြတ်ဘုန်းပွင့် (ဝက်ခြံပျောက်အသားဖြူ သနပ်ခါးနို့ရည်)** အလှကုန်ပစ္စည်းများကို ထုတ်လုပ်ဖြန့်ဖြူးရောင်းချလျက်ရှိပါသည်။

အထက်ဖော်ပြပါ **မြတ်ဘုန်းပွင့် (ဝက်ခြံပျောက်အသားဖြူသနပ်ခါးနို့ရည်)** ကုန်အမှတ်တံဆိပ်အား **Master Media Graphic Design** အမှတ် (၂၀၈)၊ ၃၇-လမ်း၊ကျောက်တံတားမြို့နယ်၊ရန်ကုန်မြို့ တစ်နေရာတည်းသာ ရိုက်နှိပ်ပါသည်။ အထက်ပါ ကုန်အမှတ်တံဆိပ်အား တိုက်ရိုက်ကူးယူပုံနှိပ်ခြင်း၊ ထင်ယောင်ထင်မှားဆင်တူယိုးမှား၊ တုပယူပြီး ရိုက်နှိပ်ပေးနေသူများအနေဖြင့် ချက်ချင်းရပ်ဆိုင်းပေးပါရန်နှင့် မရပ်ဆိုင်းပါက (၇)ရက်အတွင်း တရားဥပဒေအရ ထိရောက်စွာ အရေးယူမည်ဖြစ်ပါကြောင်း အသိပေးကြေ ညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -

ဦးတင်ယု၊ တရားလွှတ်တော်ရှေ့နေ (စဉ်-၁၆၉၈)
အမှတ်(၂၉)၊ (တထပ်)၊ (၃၅)လမ်း၊ အောက်လမ်း၊ ကျောက်တံတားမြို့နယ်၊
ရန်ကုန်မြို့။ ဖုန်း- ၀၁-၂၅၃၂၆၅

နီလာ ဗုဒ္ဓဂယာဘုရားဖူးအဖွဲ့

'ဖွားရာ ပွင့်ရာ စက်လှည့်ရာ စံရာဤလေးမည်၊ သံဝေဇနီယ လေးဌာန ဖူးကြအလီလီ၊ အပါယ်လေးဝပလားရ လားရာလှန့်ပြည်'

(၁၂)ရက်ခရီး-သံဝေဇနီယလေးဌာန+အဝိဇဟိတသုံးဌာန(အိန္ဒိယ+နီပေါ) Hotel 4 days →(၁၀)သိန်း
(၁၅)ရက်ခရီး-သံဝေဇနီယလေးဌာန+အဝိဇဟိတလေးဌာန+နယူးဒေလီ၊တပ်ချ်မဟာ Hotel 6 days →(၁၁.၅)သိန်း
သီရိလင်္ကာ စွယ်တော်+မူလဗောဓိပင်+ ဘန်ကောက်မြဘုရား (၇)ညအိပ် (၈)ရက်ခရီး →(၁၆)သိန်း စရိတ်ငြိမ်း
ဗုဒ္ဓဂယာတွင် ဓါတ်လှေကားပါဟိုတယ်၌ တည်းခိုပြီး၊ နယူးဒေလီ နှင့်အာဂရာတွင် 3 Star အဆင့်ရှိ ဟိုတယ်တွင် တည်းခိုပါမည်။
နိုင်ငံကူးလက်မှတ် သက်တမ်း (၆)လအထက် လက်ဝယ်ရှိသူများ အထက်ပါဈေးနှုန်းအတိုင်း ပို့ဆောင်ပေးနေပါပြီ။ AI နှင့် MAI Air Bus 320 (ရန်ကုန်-ဂယာ-ရန်ကုန်)
ညမောင်း၊ခရီးစဉ် လုံးဝမရှိပါ။ အသက်သာဆုံးဈေးနှုန်းဖြင့် ပို့ဆောင်ပေးနေပြီ၊ သတ်မှတ်ထားသောဈေးနှုန်းထက်ပို၍ လုံးဝကောက်ခံခြင်းမရှိပါ။
နေ့ရာစုံကို ရောက်မည် ဝန်ဆောင်မှုကောင်းကြောင်း အာမခံ ပို့ဆောင်ပေးနေပါသည်။
ခရီးစဉ်အသေးစိတ်သိရှိလိုပါက နီလာရုံးခန်းတွင် လက်ကမ်းကြော်ငြာနှင့် (DVD)ခွေများကိုအခမဲ့လာရောက်ယူနိုင်ပါသည်။
၁၂ ရက်ခရီး (Feb-22), (Mar-7,21),(April-12)၊ **၁၅ ရက်ခရီး** (Mar-1,15,29),(April-5,12)
အမှတ်-၂၇၆/၂၇၈(မြေညီ)၊ ပန်းဆိုးတန်းလမ်း(ခုံးတံတားအနီး)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
☎ ၀၁-၃၇၆၆၁၀၊ ၃၇၂၁၃၅၊ ၃၈၄၃၆၆၊ ၃၈၄၀၆၆၊ ၃၈၅၃၈၄၊ ၀၉-၅၁၂၀၅၂၉

ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 3H/2750 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)

"တိုးတက်လာမည့် ပညာရေးအတွက် ထူးချွန်ထက်မြက်သူများ ဆုံစည်းရာ"

မြို့မဂုဏ်

ကိုယ်ပိုင်အထက်တန်းကျောင်း နှင့် အဆင့်မြင့်ဘော်ဒါ

ပညာရေးဝန်ကြီးဌာန ခွင့်ပြုချက်မှတ်ပုံတင်အမှတ်-ကက-၁၃/၂၂/၂၃၆

သူငယ်တန်းမှ တက္ကသိုလ်ဝင်တန်းအထိ
၂၀၁၆ - ၂၀၁၇ ပညာသင်နှစ်အတွက်
ကျောင်းအပ်လက်ခံနေပြီ ....

အမှတ်(၂၉)၊ နီလာလမ်း၊ (၁)ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။
Ph: 01-530767, 01-530642, 09-781900186, 09-781900187

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
နယ်စပ်ရေးရာဝန်ကြီးဌာန
ဝန်ကြီးရုံး
ရုံးအမှတ်(၄၂)၊ နေပြည်တော်

ရေးဖြေစာမေးပွဲဖြေဆိုရန်အကြောင်းကြားခြင်း

၁။ နယ်စပ်ရေးရာဝန်ကြီးဌာန၊ ဝန်ကြီးရုံးနှင့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတွင် အငယ်တန်းစာရေးရာထူး(လစာနှုန်းကျပ် ၁၅၀၀၀၀-၂၀၀၀-၁၆၀၀၀၀)(၅၇)နေရာအတွက် လျှောက်လွှာခေါ်ယူပြီးဖြစ်ရာ သတ်မှတ်ထားသည့် အရည်အချင်းနှင့်ပြည့်စုံသူများအား အောက်ဖော်ပြပါ အစီအစဉ်အတိုင်း ရေးဖြေစာမေးပွဲကို ကျင်းပမည်ဖြစ်ပါသည်-

(က) **ရေးဖြေစာမေးပွဲကျင်းပမည့်ရက်** - ၇-၂-၂၀၁၆ရက်(တနင်္ဂနွေနေ့)
(ခ) **ကျင်းပမည့်နေရာ** - အထက(၁၁)၊ ဝဏ္ဏသိဒ္ဓိရပ်ကွက်၊ နေပြည်တော်
(ဂ) **ကျင်းပမည့်အချိန်** - နံနက် ၉နာရီမှ မွန်းတည့် ၁၂နာရီအထိ (မြန်မာစာ၊ အထွေထွေဗဟုသုတ)
- မွန်းလွဲ ၁နာရီမှ ညနေ ၃နာရီအထိ (အင်္ဂလိပ်စာ)

၂။ စာမေးပွဲဖြေဆိုခွင့်ရရှိသူများသည် စာမေးပွဲကျင်းပမည့်ရက်တွင် နိုင်ငံသားစိစစ်ရေးကတ်ပြားများ အား(မပျက်မကွက်)ယူဆောင်လာရမည်ဖြစ်ပါသည်။

၃။ ခုံအမှတ်စာရင်းများကို ၄-၁-၂၀၁၆ရက်မှစတင်၍ ရုံးချုပ်၊ တိုင်းဒေသကြီး/ပြည်နယ်ဒေသဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးများနှင့် ခရိုင်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး(ရန်ကုန်အရှေ့ပိုင်းခရိုင်)၊ ခရိုင်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး(မိတ္ထီလာ)တို့၏ကြော်ငြာသင်ပုန်းများတွင် ကပ်ထားမည်ဖြစ်ပြီး နယ်စပ်ရေးရာဝန်ကြီးဌာန၏ Website ဖြစ်သော http://www.mba.gov.mm တွင်လည်း ထည့်သွင်းဖော်ပြထားပါမည်။

၄။ အသေးစိတ်သိရှိလိုပါက လူကိုယ်တိုင်ဖြစ်စေ၊ တယ်လီဖုန်းအမှတ် ၀၆၇-၄၀၉၃၅၅၊ ၀၆၇-၄၀၉၄၀၀ တို့သို့ဖြစ်စေ စုံစမ်းမေးမြန်းနိုင်ပါသည်။

ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန၏ ကြီးကြပ်ဦးဆောင်မှုဖြင့် အောက်ဖော်ပြပါ ဟိုတယ်ဧည့်ဝန်ဆောင်မှုသင်တန်းများအား ဟိုတယ်နှင့်ခရီးသွားလုပ်ငန်း သင်တန်းဌာန (ရန်ကုန်)တွင် ဖွင့်လှစ်ပါမည်။

စဉ်	သင်တန်းအမျိုးအစား	အနည်းဆုံးပညာအရည်အချင်း
၁။	ခရီးသွားလုပ်ငန်းကျွမ်းကျင်မှုဆိုင်ရာ Travel Consultant နှင့် Tour Operator သင်တန်း (အဆင့် ၁)	- တက္ကသိုလ်ဒုတိယနှစ်၊ ဘွဲ့ရများ
၂။	ခရီးသွားလုပ်ငန်းကျွမ်းကျင်မှုဆိုင်ရာ Travel Agencies and Tour Operation သင်တန်း (အဆင့် ၂) (Senior Travel Consultant and Sales Services)	- ဟိုတယ်နှင့်ခရီးသွားသင်တန်းကျောင်းမှ ဖွင့်လှစ်သော Travel Consultant နှင့် Tour Operator သင်တန်း (အဆင့် ၁) အောင်မြင်ပြီးသူများ - တက္ကသိုလ်တစ်ခုခုမှဘွဲ့ရပြီးသူဖြစ်၍ ခရီးသွားသင်တန်းကျောင်းများမှ လက်မှတ်တစ်ခုခုဖြင့် အောင်မြင်ပြီးသူများ (သို့) ခရီးသွားလုပ်ငန်းအတွေ့အကြုံရှိသူများ
၃။	ဧည့်ကြိုလုပ်ငန်းသင်တန်း (အဆင့် ၁)	- တက္ကသိုလ်ဒုတိယနှစ်၊ ဘွဲ့ရများ
၄။	အိပ်ခန်းဆောင်ထိန်းသိမ်းရေးသင်တန်း (အဆင့် ၁)	- တက္ကသိုလ်ဝင်တန်း
၅။	အစားအစာနှင့် အဖျော်ယမကာဧည့်ခံကျွေးမွေးရေးသင်တန်း (အဆင့် ၁)	- တက္ကသိုလ်ဝင်တန်း
၆။	အစားအစာနှင့် အဖျော်ယမကာထုတ်လုပ်ရေးသင်တန်း (အဆင့် ၁)	- တက္ကသိုလ်ဝင်တန်း
၇။	အရှေ့တိုင်းအစားအစာထုတ်လုပ်ရေးသင်တန်း (အဆင့်၁)	- ဤသင်တန်းဌာနမှအခြေခံ (အဆင့် ၁) အစားအစာ ထုတ်လုပ်ရေးသင်တန်း တက်ရောက်ပြီးသူဖြစ်ရမည်။
၈။	ဟိုတယ်ဆိုင်ရာကြီးကြပ်ရေးသင်တန်း (အဆင့် ၂) (စီမံ/ဘဏ္ဍာ)	- စီးပွားရေးပညာဘွဲ့ရရှိပြီးသူ (သို့) ဘွဲ့တစ်ခုခုရပြီး စာရင်းကိုင်ပညာ အခြေခံကျွမ်းကျင်သူ။
၉။	ဟိုတယ်ဆိုင်ရာကြီးကြပ်ရေးသင်တန်း (အဆင့် ၂) (အခန်းဌာနကြီး)	- တက္ကသိုလ်ဘွဲ့တစ်ခုခုရရှိပြီး ဤသင်တန်းဌာနမှ သက်ဆိုင်ရာဌာန၏ အဆင့်(၁) သင်တန်းတစ်ခုအောင်မြင်ပြီးသူ (သို့) တစ်နှစ်လုပ်ငန်းအတွေ့အကြုံရှိသူဖြစ်ရပါမည်။
၁၀။	ဟိုတယ်ဆိုင်ရာကြီးကြပ်ရေးသင်တန်း (အဆင့် ၂) (အစားအစာဌာနကြီး)	- တက္ကသိုလ်ဘွဲ့တစ်ခုခုရရှိပြီး ဤသင်တန်းဌာနမှ သက်ဆိုင်ရာဌာန၏ အဆင့်(၁) သင်တန်းတစ်ခု အောင်မြင်ပြီးသူ (သို့) တစ်နှစ်လုပ်ငန်း အတွေ့အကြုံရှိသူ ဖြစ်ရပါမည်။

သင်တန်းကာလ ။ (၈-၂-၂၀၁၆) မှ (၁-၄-၂၀၁၆)
သင်တန်းဆိုင်ရာအချက်အလက်ဆက်သွယ်စုံစမ်းရန်
လျှောက်လွှာများကို ကန်တော်ကြီးဟိုတယ်ရှေ့ရှိ သင်တန်းဌာနတွင် ဝယ်ယူနိုင်ပြီး ဓာတ်ပုံ(၁)ပုံ၊ ပညာအရည်အချင်းမိတ္တူ၊ ကျန်းမာရေးထောက်ခံစာ၊ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံစာပူးတွဲတင်ရမည်။

ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းသင်တန်းဌာန
ကန်ရိပ်သာလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၃၉၄၈၃၆

အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊မြို့မ(၄)တိုးချဲ့ရပ်ကွက်၊အမှတ်(ခမ-၃၄)၊ အကျယ်အဝန်း(၆၀ပေ×၄၀ပေ)ရှိမြေကွက်သည် မှော်ဘီမြို့ ကိုယ်တူကိုယ်ထ အိမ်ယာချထားရေးကော်မတီမှ ဦးမောင်မြင့်အမည်ပေါက် ချထားပေးသောမြေကွက်ဖြစ်ပြီး အဆိုပါမြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်ကို ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူကာ လက်ဝယ်ထားရှိပိုင်ဆိုင်ထားသောမြေကွက်ဖြစ်ပါသည်။

အဆိုပါမြေကွက်ကိုကျွန်ုပ်တို့၏မိတ်ဆွေသိရှိသဘောတူညီခြင်းမရှိဘဲ မည်သူတစ်ဦးတစ်ယောက်ကမျှရောင်းချခြင်း၊ပေါင်နှံခြင်း၊ပေးကမ်းခြင်း၊ အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းတို့ မပြုလုပ်ရန်နှင့်ထိုသို့ပြုလုပ်လာပါကလည်း လက်ခံဆောင်ရွက်ခြင်းမပြုလုပ်ကြပါရန်သတိပေးကြေညာအပ်ပါသည်။ထိုသို့ပြုမှုဆောင်ရွက်သည်ကို သိရှိရပါက ဥပဒေနှင့်အညီအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်းအများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -
ဒေါ်နန်းမိုးစမ်းအောင်၊ ဒေါ်ထက်ထက်ဦးမြင့်၊ဒေါ်ကေသီလွင်
တရားလွှတ်တော်ရှေ့နေများ အထက်တန်းရှေ့နေ
အခန်းအမှတ် (A,18)၊ တိုက်(၅၀)၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉ ၂၅၄၄၈၂၆၈၁၊ ၀၉ ၅၁၈၆၉၂၃၊

အများသိစေရန်ကြေညာခြင်း

ရန်ကုန်တောင်ပိုင်းခရိုင်၊ သန်လျင်မြို့နယ်၊ အောင်ချမ်းသာ(၁)ရပ်ကွက်၊ သခင်ဖိုးလှကြီးလမ်း၊ အမှတ် (ခ/၂၂)အမည်တွင်သည့် ပေ(၁၅×၆၀)ရှိခြံမြေနှင့် ယင်းပေါ်ရှိ အဆောက်အအုံတို့အား ဦးကျော်မြင့် ၆/ပလန(နိုင်)၀၄၉၁၇၅ (၂၁-၇-၂၀၁၅)ရက်တွင် ဦးတင်ဝင်းထွန်း ၁၂/သလန(နိုင်)၀၇၅၂၇၉ထံမှ အပြီးအပိုင်ဝယ်၍ လက်ရောက်ရယူခဲ့ပြီးဖြစ်သည်။ ထို့ကြောင့် အဆိုပါအိမ်ခြံမြေအား ဦးကျော်မြင့်မှ ပိုင်ဆိုင်ပြီး စီမံခန့်ခွဲပိုင်ခွင့်ရှိကြောင်း မည်သူတစ်ဦးတစ်ယောက်မျှ ဟန့်တားနှောင့်ယှက်ပိုင်ခွင့်မရှိကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးကျော်မြင့်၏ လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်တင်တင်လှ LL.B
အထက်တန်းရှေ့နေ (စဉ်/၂၉၆၆၀/၀၉)
ဖုန်း-၀၉-၄၃၀၇၃၄၂၆

---

(၁)နှစ်ပြည့်လွမ်းဆွတ် သတိရခြင်း

ဗိုလ်ကြီး ထက်ခနထွန်း
D.S.A-(48), Bc.S.C(D.S.A)

"ထက်ထက်" ရေ.....
ဘွားဘွားကထင် စိတ်ဘဝင်
ညိုရဲ့မြေးလေး တာဝန်တွေနဲ့
ခရေမြေခြားနေ တနေ့ပြန်လာမလေး ။
ဖေဖေကဆို မေမေပြောတော့
စကွန့်မခြား မေ့မရခဲ့ဘူးတဲ့ ။ ။
အိပ်မက်တွေ ကာရံသီကာ
ကိုင်းကျွးဆက်ဖို့ စိတ်ကူးလို့
သံသရာဘဝကွေ့ကြုံခါတွေ့
ဖြစ်မြဲမှုတော ခွဲခွာခဲ့တာ
၁နှစ် တင်းတင်းပြည့်ခဲ့ပြီ ။
ပန်းမဝေ လွမ်းမပြေတဲ့ဘဝလမ်းမှာ
ပြုလုပ်ပြီးပြုလုပ်ဆဲ ကုသိုလ်ကောင်းမှုအစုစုကို
ရောက်လေရာ ဘုံဘဝမှ
ဗိုလ်ကြီးထက်ခနထွန်း သာဓုခေါ်နိုင်ပါစေ ။ ။

ဘွားဘွားဒေါ်ခင်ရီ၊ ဖေဖေ ဦးစိန်ဝင်း + မေမေ ဒေါ်ခင်ကြူလေး
သူငယ်ချင်း အားပေးပို

ဘဝနတ်ထံပျံလွန်တော်မူခြင်း
ပသီဆရာတော်ကြီး
ဘဒ္ဒန္တဂန္ဓသာရ မဟာထေရ်
သက်တော်(၉၇)နှစ် သိက္ခာတော်(၇၇)ဝါ

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ ပသီကျေးရွာ၊ အောင်တက်စိန်ဘုရားကြီးကျောင်းတိုက်ကြီး၏ ဦးစီးပဓာနနာယကဆရာတော် ဘဒ္ဒန္တဂန္ဓသာရ မဟာထေရ်မြတ်ကြီးသည် (၁၃၇၇ ခုနှစ် ပြာသိုလဆန်း ၇ ရက်) ၁၆-၁-၂၀၁၆ရက် (စနေနေ့) ည ၁၁း၃၇ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်အား (၁၃၇၇ ခုနှစ် ပြာသိုလပြည့်ကျော် ၁၄ရက်) ၇-၂-၂၀၁၆ရက် (တနင်္ဂနွေနေ့)တွင် အန္တိမ အဂ္ဂိစျာပနပူဇာကျင်းပမည်ဖြစ်ပါသောကြောင့် ဆရာတော်ကြီး၏ ရပ်ဝေးရပ်နီး တပည့်ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

စျာပနကျင်းပရေးကော်မတီအဖွဲ့

အထူးဝမ်းနည်းကြေကွဲခြင်း

၁၉၈၆ ခုနှစ် စက်မှုအင်ဂျင်နီယာဘွဲ့ရ ကိုစိုးသန်းဦး +ဒေါက်တာချိုနွယ်ဦး တို့၏ဖခင်၊အမှတ်(၂၈၈)၊ နဝဒေးလမ်း၊မရမ်းကုန်းမြို့နယ်နေ ဦးတင်ဦး(၈၄)နှစ် **B.Sc(Engg:,1956 Graduate)** (တိုင်းလျှပ်စစ်အင်ဂျင်နီယာ ,ငြိမ်း) သည် ဝိတိုရိယဆေးရုံ (၂၁. ၁. ၂၀၁၆ နေ့)တွင် ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် သူငယ်ချင်းမိသားစုနှင့်ထပ်တူ ကြေကွဲ ဝမ်းနည်းရပါသည်။

၁၉၈၆ စက်မှုအင်ဂျင်နီယာဘွဲ့ရ သူငယ်ချင်းများ

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
ဒေါ်သန်းစိန်
(ဦးစံ မိသားစု ထမင်းဆိုင်)
အသက်(၉၂)နှစ်

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊(၃)ရပ်ကွက်၊ ၇လမ်း၊ အမှတ်၄၅နေ (ဦးထွန်းခ-ဒေါ်အေးဖြူ)တို့၏သမီး၊ (ဦး ဖိုးလှိုင်-ဒေါ်ဆိတ်)တို့၏ချွေးမ၊ (ဦးသိန်း-ဒေါ်မြအေး)၊ဦးထွန်းရီ-ဒေါ်ခင်မြင့်၊ ဦးစိုးမြင့်၊ (ဦးအောင်ဆု-ဒေါ်ငွေးငွေး)၊ ဦးခင်မောင်စိုး-ဒေါ်မြင့်မြင့်အေး(မော်လမြိုင်ကျွန်း) တို့၏ချစ်လှစွာသောမိခင်၊ မြေး ၁၀ယောက်၊ မြစ်၁၁ယောက်တို့၏ ဘွားဘွားကြီးသည် ၂၉-၁-၂၀၁၆ ရက်(သောကြာနေ့)နံနက် ၄နာရီတွင် ရန်ကုန်အထွေထွေရောဂါကုဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၃၁-၁-၂၀၁၆ ရက် (တနင်္ဂနွေနေ့) နံနက် ၁၀နာရီတွင် ရန်ကုန်အထွေထွေရောဂါကုဆေးရုံကြီးမှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါ မည်။
(နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဝမ်းနည်းကြေကွဲခြင်း
ဦးအေကေမဇွန်းဒါး
ဦးစီးအရာရှိ(ငြိမ်း) ဆောက်လုပ်ရေး
အကြံပေးပုဂ္ဂိုလ် (ကကယ)၊ အကြံပေးပုဂ္ဂိုလ်(ပဆင)
အသက် (၈၃)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ သင်္ဃန်းကျွန်းမြို့နယ်၊ သုဝဏ္ဏမြို့၊ ၂၉ရပ်ကွက်၊ တောင်ထိပ်ပန်းလမ်း၊ အမှတ်(၁၆၃)နေ DR.J.K Mazumdar-Mrs.Mazumdar တို့၏သား၊ ဒေါ်ရူဘီ၏ခင်ပွန်း ဦးအေကေမဇွန်းဒါးသည် ၂၈-၁-၂၀၁၆ရက် (ကြာသပတေးနေ့) နံနက် ၅နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဦးစိုင်းအောင်သန့်-ဒေါ်နန်းသဲသဲအောင်မိသားစု

ဝမ်းနည်းကြေကွဲခြင်း
ဦးအေကေမဇွန်းဒါး
ဦးစီးအရာရှိ (ငြိမ်း) ဆောက်လုပ်ရေး
အကြံပေးပုဂ္ဂိုလ် (ကကယ)၊ အကြံပေးပုဂ္ဂိုလ် (ပဆင)၊ အသက် (၈၃) နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ သင်္ဃန်းကျွန်းမြို့နယ်၊ သုဝဏ္ဏမြို့၊ ၂၉ ရပ်ကွက်၊ တောင်ထိပ်ပန်းလမ်း၊ အမှတ် (၁၆၃) နေ (DR.J.K Mazumdar-Mrs. Mazumdar) တို့၏သား၊ ဒေါ်ရူဘီ၏ခင်ပွန်း ဦးအေကေမဇွန်းဒါးသည် ၂၈-၁-၂၀၁၆ (ကြာ သပတေးနေ့) နံနက် ၅း၀၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

အမှတ် (၁) ဆောက်လုပ်ရေးအင်ဂျင်နီယာတပ် တပ်မှူးကြီးနှင့်
အရာရှိ အရာခံ အကြပ်စစ်သည်မိသားစု

ဒေါ်မြမေ
ရုံးအဖွဲ့မှူး (ငြိမ်း)၊ လူမှုဝန်ထမ်းဝန်ကြီးဌာန
အသက် (၇၉)နှစ်

ရန်ကုန်မြို့၊ မေတ္တာညွန့်ရပ်ကွက်၊ နေမျိုးသူရလမ်း၊ တိုက်(၄/အေ)၊ အခန်း ၀၀၂နေ (ဦးစိန်-ဒေါ်စိန်တင်)တို့၏သမီး၊ (ဦးစံထွန်းအောင်- ဒေါ်မင်းဘူး) တို့၏ သမီးချွေးမ၊ (ဦးအေး၊ အကောက်အခွန်ဦးစီးမှူး-ငြိမ်း)၏ ဇနီး၊ (ဦးကိုကို ဦး)၊ ဦးမောင်မောင်လင်း၊ ဦးကျော်ညဏ်လင်း-ဒေါ်အေးသီတာ (AMAZING TREE Co.,Ltd.)၏ ချစ်လှစွာသောမိခင်၊ မမိုးမြတ်စုညဏ်(ခ)ပုံပုံ (Grade-6B၊ အထက-၂၊ စမ်းချောင်း)၏ အဘွားသည် ၂၉-၁-၂၀၁၆ ရက် (သောကြာနေ့) နံနက် ၅း၄၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၁-၁-၂၀၁၆ရက် (တနင်္ဂနွေနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၄-၂-၂၀၁၆ ရက် (ကြာသပတေးနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ **ကျန်ရစ်သူမိသားစု**

ဘဝနတ်ထံပျံလွန်တော်မူခြင်း
မဟာစည်သြဝါဒါစရိယဆရာတော်ကြီး
ဒေါက်တာဘဒ္ဒန္တဇဋိလမဟာထေရ်
(သာသနဓဇ သိရီပဝရ ဓမ္မာစရိယ ဝိနယပါဠိပါရဂူ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ)
(Ph.D.)
သက်တော်(၈၁)နှစ်၊ သိက္ခာတော်(၆၁)ဝါ

ရန်ကုန်မြို့၊ မဟာစည်သာသနာ့ရိပ်သာကြီး၏ သြဝါဒါစရိယ၊ ပြည်တွင်းပြည်ပ မဟာစည်ရိပ်သာများ နာယကအဖွဲ့အကျိုးတော်ဆောင်၊ မဟာစည်နယ်လှည့်ဓမ္မကထိကအဖွဲ့ချုပ်ကြီး၏ဥက္ကဋ္ဌ၊ နေပြည်တော်၊ ပျဉ်းမနားဆရာတော်ကြီး ဒေါက်တာဘဒ္ဒန္တဇဋိလ မဟာထေရ်မြတ်ကြီးသည် (၁၃၇၇ခုနှစ် ပြာသိုလပြည့်ကျော် ၄ရက် ၂၈-၁-၂၀၁၆ရက်(ကြာသပတေးနေ့) ည ၉နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သောဥတုဇရုပ်ကလာပ်တော်ကို(၁၃၇၇ခုနှစ် ပြာသိုလပြည့် ကျော် ၈ရက်)၁-၂-၂၀၁၆ရက်(တနင်္လာနေ့)ညနေ ၄နာရီတွင် ရေဝေးသုသာန်၌ အန္တိမအဂ္ဂိစျာပနပူဇော်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ တပည့်ဒါယကာ၊ ဒါယိကာမ အပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

(မဟာစည်သာသနာ့ရိပ်သာစ်ကျောင်းတော်ကြီး၌ စျာပနအခမ်းအနားကို မွန်းတည့် ၁၂နာရီတွင် ကျင်းပမည်ဖြစ်ပြီး မဟာစည်သာသနာ့ရိပ်သာကြီးမှ မော်တော်ယာဉ်များ မွန်းလွဲ ၂နာရီတွင် ထွက်ခွာပါမည်။)

ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ချုပ်
မဟာစည်သာသနာ့ရိပ်သာ

ဒေါ်ချွေးမ
အသက်(၉၂)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ တာမွေ လေးရပ်ကွက်၊ အမှတ် ၄၇B၊ သာယာရွှေပြည်လမ်းနေ (တန်ကျင်းဟုန်)၏ဇနီး၊ ဦးခင်မောင်တင့်-ဒေါ်ခင်မမကြီး၊ဒေါ်မြဝင်း၊ ဦးဟုတ်ကြည်-ဒေါ်ခင်ခင်လှ၊ ဦးအေးဝင်း(ဝက်စုတ်)-ဒေါ်ခင်သန်းနွယ်တို့၏မိခင်၊ မြေးကိုးယောက်၊ မြစ်နှစ်ယောက်တို့၏အဘွားသည် ၂၉-၁-၂၀၁၆ ရက် (သောကြာနေ့) နံနက် ၁၁း၂၅ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၃၁-၁-၂၀၁၆ ရက်(တနင်္ဂနွေနေ့)နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်း သင်္ဂြိုဟ်ပါမည်။
(နေအိမ်မှကားများ နံနက် ၉း၃၀ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

အထူးဝမ်းနည်းကြေကွဲခြင်း
ဒေါ်ခင်ခင်အေး (ပခုက္ကူ)
အသက်(၉၀)

ဦးသန်းအောင်-ဒေါက်တာခင်စန္ဒာအောင်(လက်ထောက်ညွှန်ကြားရေးမှူး၊ အခြေခံကျန်းမာ)တို့၏အဘွား ဒေါ်ခင်ခင်အေးသည် ၁၈-၁-၂၀၁၆ရက်တွင် ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

အခြေခံကျန်းမာရေးဌာနမိသားစု
ပြည်သူ့ကျန်းမာရေးဦးစီးဌာန

အထူးဝမ်းနည်းကြေကွဲခြင်း
ကန်တော့ခံ ဆရာမကြီး ပါမောက္ခဒေါက်တာမော်လီမောင်
ပါမောက္ခ၊ ဌာနမှူး (ငြိမ်း) သတ္တဗေဒဌာန၊ ရန်ကုန်တက္ကသိုလ်
အသက် (၈၀)

ဆရာမကြီး ဒေါက်တာ မော်လီမောင်သည် ၂၅-၁-၂၀၁၆ ရက် (တနင်္လာနေ့) နံနက်တွင် ခရစ်တော်၌ အိပ်ပျော်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

၁၉၇၅-၇၉ သတ္တဗေဒကျောင်းသူကျောင်းသားဟောင်းများ၊
မော်လမြိုင်ကောလိပ်

ဦးမျိုးမြင့် (ဦးတာ)
ကပ-၁၃၃၉၆ (ရေတာရှည်မြို့နယ် အသင်း)
ဒုအရာခံဗိုလ် တပ်မတော်ရေ (ငြိမ်း)
အသက် (၆၈)နှစ်

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ (က)ရပ်ကွက်၊ နှင်းဆီကုန်း၊ အမှတ် ၁၆၊ အောင်သပြေလမ်းနေ (ဦးဘစိန်-ဒေါ်ငွေရှင်)တို့၏သား၊ ဒေါ်စမ်းစမ်းမြင့်၏ခင်ပွန်း၊ (ဦးခင်မောင်ဝင်း-ဒေါ်သန်းလှ)၊ (ဦးဘသန်း-ဒေါ်ကြည်လှိုင်)၊ (ဦးကိုလေး-ဒေါ်ကျင်ရွှေ)၊ (ဦးရဲထွဋ်)-ဒေါ်လှလှသိန်းတို့၏ညီ/မောင်သည် ၂၉-၁-၂၀၁၆ရက် (သောကြာနေ့) နံနက် ၆း၄၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁-၂-၂၀၁၆ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 7E/8517, Mazda FamiliaS/Co(4x2)R ယာဉ်လက်ဝယ်ရှိသူ ဒေါ်ထားထားနွယ် ၁၂/ဥကတ(နိုင်)၁၁၈၇၈၃က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယကာကြီး
ဦးစိန်ကြည်(ခ)တေကြီးချမ်း
(Kaung Mah Kaung Co.,Ltd)
အသက်(၉၄)နှစ်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၇)ရပ်ကွက်၊ အမှတ်(၃၃-ဘီ၂)နေ (ဦးဝမ်ကိန်း-ဒေါ်စီမန်)တို့၏သား၊ (ဦးကျင်ရှောင်-ဒေါ်နု)တို့၏သားသမက်၊ ဒေါ်မြသန်း၏ချစ်လှစွာသောခင်ပွန်း၊ကိုသန်းဦး-မခင်ခင်လင်း၊ ကိုအောင်ကိုကို-မသင်းသင်းနိုင်၊ ကိုအောင်ညီညီ-မရွှေစင်သန့်၊ဒေါက်တာညီညီလွင်-ဒေါက်တာသင်းသင်းမော်၊ မဌေးဌေးနိုင်၊ ဒေါက်တာအေးအေးလွင်(ဆေးသုတေသန)၊ ဒေါက်တာနီနီဝင်းတို့၏ဖခင်၊ မြေးခုနစ်ယောက်တို့၏အဘိုးသည် ၂၉-၁-၂၀၁၆ ရက်(သောကြာနေ့) ညနေ ၅း၁၂နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂-၂-၂၀၁၆ ရက် (အင်္ဂါနေ့) နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၈နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ဝမ်းနည်းကြေကွဲခြင်း
ဗိုလ်ကြီးစိုးကြည် (ငြိမ်း)
အသက်(၇၁)နှစ်

သူငယ်ချင်း ဒေါက်တာခင်မျိုးဝင်း၏ခင်ပွန်း ဗိုလ်ကြီးစိုးကြည်(ငြိမ်း)သည် ၁၇-၁-၂၀၁၆ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် သူငယ်ချင်းနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

၁၉၆၄ခုနှစ် ဆေးတက္ကသိုလ်(၁)ဝင်
အတန်းဖော်သူငယ်ချင်းများ

ဒေါ်မာမာအေး (တောင်ငူ)
KMA Construction (GM)
အသက်(၅၇)နှစ်

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်အောင်ရပ်ကွက်၊ ဘဏ်ရိပ်သာလမ်းသွယ်၊ အမှတ် ၅နေ (ဦးသောင်းညွန့်)-ဒေါ်သောင်းကြည်တို့၏သမီး၊ (ဦးသိန်းဝင်း)၏ညီမ၊ ဒေါက်တာမာမာဌေး(ပုသိမ်ခရိုင် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး)၊ ဦးညီညီလွင်တို့၏အစ်မ၊ တူ/တူမ ခုနစ်ယောက်တို့၏အဒေါ်၊ မြေးသုံးယောက်တို့၏အဘွားသည် ၂၉-၁-၂၀၁၆ရက်(သောကြာနေ့)ည ၁၀း၄၅နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၃၁-၁-၂၀၁၆ရက် (တနင်္ဂနွေနေ့) နံနက် ၁၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ နံနက် ၇း၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ဝမ်းနည်းကြေကွဲခြင်း
ဒေါ်မာမာအေး(တောင်ငူ) အသက်(၅၇)နှစ်
KMA Construction (GM)

၂၉-၁-၂၀၁၆ရက် (သောကြာနေ့) ည ၁၀း၄၅နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

KMA Construction ဝန်ထမ်းမိသားစု

ဝမ်းနည်းကြေကွဲခြင်း
ဒေါ်မာမာအေး(တောင်ငူ) အသက်(၅၇)နှစ်
KMA Construction (GM)

၂၉-၁-၂၀၁၆ရက် (သောကြာနေ့) ည ၁၀း၄၅နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

K&L ဝန်ထမ်းမိသားစု

ဦးအောင်ခိုင်စိုး (B.Sc, Physics)
2nd Mate F/G East Win Co.,Ltd.
CDC-38616
အသက်(၄၄)နှစ်

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ လမ်း ၅၀၊ အမှတ် ၁၉၅၊ ပထမထပ်နေ (ဦးဘိုကေ-ဒေါ်သန်း)တို့၏မြေး၊ (ဦးမြသောင်း)-ဒေါ်ခင်အုန်းတို့၏သား၊ (ဦးသောင်းထိုက်စိုး)၊ ဦးအောင်ကျော်စိုး-ဒေါ်ချိုသက်နွယ်၊ ဒေါ်နှင်းရူပါတို့၏အစ်ကို၊ မမေဇွန်မြတ်မိုး၏ဦးကြီးသည် ၃၀-၁-၂၀၁၆ရက် (စနေနေ့) နံနက် ၁၁နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁-၂-၂၀၁၆ရက် (တနင်္လာနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ် ဒါယကာကြီး
ဦးသိန်းဝင်း (မိတ္ထီလာ)
အသက်(၆၂)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၄)ရပ်ကွက်၊ ဗိုလ်မင်းရောင်လမ်း၊ အမှတ် ၃၅၈နေ (ဦးအေးနိုင်-ဒေါ်စောရီ)တို့၏သား၊ ဦးခင်မောင်ဦး - (ဒေါ်စန်းစန်းအေး)တို့၏မောင်၊ ဦးဝင်းလွင်(ခ)ဦးဝင်းမြင့်-ဒေါ်နီလာလွင်တို့၏ညီ၊ ဦးကျော်ကျော်ဆွေ(ခ)ဦးပေါက်-ဒေါ်ခင်ညွန့်ဆွေ၊ ဒေါ်ဆွေဆွေဝင်း၊ ဒေါ်မြင့်မြင့်သန်းတို့၏အစ်ကိုသည် ၂၉-၁-၂၀၁၆ရက် (သောကြာနေ့) ညနေ ၄း၃၀နာရီတွင် ကွယ်လွန်သွားပါ၍ ၃၀-၁-၂၀၁၆ရက် (စနေနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

သင့်သွေးဖြင့် အသက်ကယ်ပါ

ကိုအာကာဦး(ခ)
ကိုအောင်အောင်(ညောင်လေးပင်)
B.Sc (Botany)
အသက်(၃၈)နှစ်

ပဲခူးတိုင်းဒေသကြီး၊ ညောင်လေးပင်မြို့နေ (ဦးကြည်-ဒေါ်ကြည်)၊ ပဲခူးမြို့နေ (ဦးစိန်ကြည်-ဒေါ်အုံးမြင့်)တို့၏မြေး၊ညောင်လေးပင်မြို့၊ဗိုလ်ချုပ်လမ်း၊ အမှတ် ၄၀နေ ဦးတင်ဦး-ဒေါ်ဝင်းဝင်းကြည်တို့၏သား၊ရန်ကုန်မြို့နေ(ဦးအေးသန်း-ဒေါ်လှလှမြင့်)၊ ညောင်လေးပင်မြို့နေ (ဦးသောင်းမြဟန် - ဒေါ်နုနုကြည်)တို့၏တူ၊ရန်ကုန်မြို့နေ(ဦးကျော်မြင့်သန်း)၊ ဒေါ်ဥမ္မာသန်း(မန်နေဂျင်းဒါရိုက်တာ၊ မြန်မာ-ဂျပန် ခရီးသွားကုမ္ပဏီ)၊ ညောင်လေးပင်မြို့နေ ဒေါ်အိအိမြတ်၊ ကိုလင်းထက်၊ ကိုဝေမင်းဦး (ငွေဇင်ယော်ကဖီး)-မဝေဝေထွန်းတို့၏ညီ/မောင်၊ သမစိတ္တလမ်းနေ ကိုအောင်ထွဋ်(ဒု-ဦးစီးမှူး၊ ငါးလုပ်ငန်းဦးစီးဌာန)-မနွဲ့ယဉ်ဝင်း၊ နေပြည်တော်နေ ဗိုလ်ကြီးကျော်သူထွန်း-မဇွန်ဇာကြည်ဦး၊ ညောင်လေးပင်မြို့နေ ကိုအောင်မျိုးဝင်း-မနှင်းနှင်းဦးတို့၏အစ်ကို၊ တူ၊ တူမ ၁၂ယောက်တို့၏ ဦးလေးသည် ၂၆-၁-၂၀၁၆ရက်(အင်္ဂါနေ့)ည ၈း၃၀နာရီတွင် ကွယ်လွန်သွားပါ၍ ၂၈-၁-၂၀၁၆ရက်(ကြာသပတေးနေ့)မွန်းတည့် ၁၂နာရီတွင် အရှေ့သုသာန်၌ ဂူသွင်းသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
ဒေါ်သိန်းဥ (အလုံမြို့နယ်)
အသက်(၉၁)နှစ်

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ အောက်ကြည့်မြင်တိုင်လမ်း၊ အမှတ် ၁၄၇နေ (ဦးဘဏ်ကြယ်-ဒေါ်အေးပို)တို့၏သမီး၊ (ဦးစိန်-ဒေါ်ရှင်လေး)တို့၏သမီးချွေးမ၊ (ဦးကျော်-ဒေါ်ဝင်းစိန်)၊ (ဦးအောင်တင်-ဒေါ်အုန်းကြည်)တို့၏ညီမ၊ ဒေါ်ခင်စိန်၏အစ်မ၊ (ဦးအောင်မြင့်-ဒေါ်တင်တင်အေး)၊ (ဦးမောင်မောင်)-ဒေါ်ခင်တီတီ (အောင်ဘုန်းမြတ် သင်္ကန်းတိုက်)၊ (ဗိုလ်ကြီးဦးသိန်းထွဋ်)-ဒေါ်သင်းသင်းလှ၊ ဦးရွှေဇံ-ဒေါ်ထွေးထွေးသိန်း၊(ဒေါ်ရင်ရင်ဇံ)၊ ဒေါ်ဝင်းဝင်းဇံ(အထက-၅၊ အလုံ)၊ (ဗိုလ်ကြီးမိုးမြင့်ဦး)-ဒေါ်ခင်မမ(အထက-၁၊ ပန်းဘဲတန်း၊ငြိမ်း)၊ ဦးလှထွေး-ဒေါ်အေးသက်ပိုင်တို့၏ချစ်လှစွာသောမိခင်၊ မြေး ၁၀ယောက်၊ မြစ်ရှစ်ယောက်တို့၏ဘွားဘွားကြီးသည် ၂၉-၁-၂၀၁၆ရက်(သောကြာနေ့) ညနေ ၅နာရီတွင် အထက်ပါနေအိမ်၌ကွယ်လွန်သွားပါသဖြင့် ၃၀-၁-၂၀၁၆ရက် မွန်းတည့် ၁၂နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၄-၂-၂၀၁၆ရက် (ကြာသပတေးနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
ဒေါ်သိန်းဥ (အလုံ)
အသက်(၉၁)နှစ်

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ အောက်ကြည့်မြင်တိုင်လမ်း၊ အမှတ် ၁၄၇နေ (ဦးဘဏ်ကြယ်-ဒေါ်အေးပို)တို့၏သမီး၊ (ဦးစိန်-ဒေါ်ရှင်လေး)တို့၏သမီးချွေးမ၊ (ဦးကျော်-ဒေါ်ဝင်းစိန်)၊ (ဦးအောင်တင်-ဒေါ်အုန်းကြည်)တို့၏ညီမ၊ ဒေါ်ခင်စိန်၏အစ်မ၊ (ကိုအောင်အောင်သာ)၊ ကိုသန်းနိုင်(Royal 5 Ocean Company Ltd.)-ဒေါ်ခင်မြတ်မြတ်အောင်(WONG SAMUT OCEAN SHIPPING, YANGON)၊ (ကိုအောင်ကျော်ကျော်သိန်း)-ဒေါ်ရီတာ၊ ကိုရန်လင်းမောင်-မစန္ဒီမောင်မောင်(ခေတ္တ-အင်္ဂလန်)၊ ကိုဖိုးသောကြာ-မသင်းသူသူဇံ(ခေတ္တ-ဂျာမနီ)၊ ကိုငြိမ်းချမ်းစိုး(Zydus Cadila)-မသွယ်သွယ်အောင်ထွဋ်(SBT, Car Japan Exporter)၊ ကိုကျော်ကိုကို(လက်ထောက်အင်ဂျင်နီယာ၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း)-မသဲသဲဇလပ်ဖြူမောင်(TEAK TRAVELS & TOURS CO., LTD)၊ မောင်ဇံဇာနည်ဗိုလ်(အထက-၅၊ အလုံ)၊ မမြတ်ပန်းပွင့်ဇံ၊ မစိမ့်သူသူဇံ (ထ-၆၊ အလုံ)တို့၏အဘွား၊ မောင်ဇွဲဘုန်းမြင့်ဇံ(ထ-၁၊ ဒဂုံ)၊ မောင်ပြည့်ဖုန်းမြင့်ဇံ [ထ-၃၊ စမ်းချောင်း၊ Henry, Edgar, (Network International School.)]၊ မရှင်ဖူး (Harry, Holly, Elsa)တို့၏ဘွားဘွားကြီးသည် ၂၉-၁-၂၀၁၆ရက် (သောကြာနေ့) ညနေ ၅နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၃၀-၁-၂၀၁၆ရက် မွန်းတည့် ၁၂နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၄-၂-၂၀၁၆ ရက် (ကြာသပတေးနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

ဒေါ်တင်တင်မြင့်
အလယ်တန်းပြ(ငြိမ်း)၊ အထက-ထန်းတပင်မြို့
အသက်(၆၆)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ ထန်းတပင်မြို့နယ်၊ ဘုရင့်နောင်လမ်း၊ (၃)ရပ်ကွက်၊ အမှတ် ၅၀၅နေ (ဦးတင်ညွန့်-ဒေါ်အုန်း)တို့၏သမီး၊ (ဦးသိန်းစိန်)၏ညီမ၊ ဦးသန်းဝင်း-ဒေါ်လှညွန့်၊ (ဗိုလ်မှူးမောင်မောင်အေး)-ဒေါ်စန်းစန်းဦး၊ (ဦးမြင့်စိန်)-ဒေါ်သန်းသန်းအေး၊ ဦးစိုးဝင်း-ဒေါ်ဝေဝေမြင့်၊ ဗိုလ်မှူးကြီးခင်မောင်ကြည်-ဒေါ်စုစုမာတို့၏အစ်မ၊ ဦးအောင်ကြီး(ကျန်းမာရေးမှူး၊ ငြိမ်း)၏ဇနီး၊ ဦးအဏ္ဏဝါအောင်(ထွေ/အုပ်၊ ကြံခင်း)-ဒေါ်အိအိထွန်း၊ ဦးဇေယျာအောင် (မြေစာရင်း) ဒေါ်ကြူကြူသန်း၊ဗိုလ်မှူးတေဇာအောင်တို့၏မိခင်သည် ၂၉-၁-၂၀၁၆ရက် (သောကြာနေ့) နံနက် ၁၀နာရီတွင် ကွယ်လွန်သွားပါ၍ ၃၁-၁-၂၀၁၆ရက်(တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် ထန်းတပင်မြို့သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ဒေါ်ချောစုစုမွန်(ခ)ဒေါ်အိမွန်သူ အသက်(၃၆)နှစ်
WFP- Yangon office

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၁၄)ရပ်ကွက်၊ မင်းရဲကျော်စွာလမ်း၊ အမှတ် (၁၉/B)နေ ဦးဝင်းဖေ-ဒေါ်မူမူအေးတို့၏သမီး၊ ဦးမြင့်ဦး-(ဒေါ်မြသိန်းကြူ)တို့၏သမီးချွေးမ၊ ကိုအေးလွင်-ဒေါက်တာဝင်းနွဲ့နွဲ့သူတို့၏ညီမ၊ မဖူးပြည့်ငြိမ်းချမ်း(ခ)ဘရဏီ(Grade-1, Horizon)၏အဒေါ်၊ မတူးတူးဝေ(Zifam Co.,Ltd)၊ မောင်ထွန်းနိုင်ဦး(Picasoft Computer)တို့၏အစ်မ၊ ကိုဖြိုးမောင်ဦး(Picasoft Computer)၏ချစ်လှစွာသောဇနီး၊ မောင်ရာဇာမင်းခန့်(ခ) Toum Toum (Grade-2, Horizon)၏မိခင်သည် ၂၇-၁-၂၀၁၆ရက်(ဗုဒ္ဓဟူးနေ့)ည ၁၀း၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၉-၁-၂၀၁၆ရက် (သောကြာနေ့) ညနေ ၅နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၂-၂-၂၀၁၆ရက် (အင်္ဂါနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

Capt; စိုးကျော်ဆန်း
C.D.C-9962
(EX.TOMOE SHIPPING CO.LTD)
M.E.H.S/ ဒဂုံ(၁)
ကျောင်းသားဟောင်း
B.Sc (Maths) M.Sc F.II
အသက်(၆၀)

ရန်ကုန်မြို့နေ ဒုဗိုလ်မှူးကြီးကျော်ဆန်း(ငြိမ်း) - ဒေါ်ခင်မြမြတို့၏သား၊ဒေါက်တာမိုးမိုးဆန်း-ဦးစွမ်းရည်တို့၏မောင်၊ (ဦးတိုးကျော်ဆန်း)၏အစ်ကို၊ မရဝေ၊ မယုယလိမ္မာတို့၏ဦးလေး၊ မြေးတစ်ယောက်၏ အဘိုး၊ (ဦးမောင်လှိုင် - ဒေါ်ကျင်မြင့်)တို့၏သားသမက်၊ ဒေါ်မြမြဝင်း၏ချစ်လှစွာသောခင်ပွန်းသည် ၂၆-၁-၂၀၁၆ရက်တွင် ထိုင်းနိုင်ငံ ဘန်ကောက်ဆေးရုံကြီး၌ကွယ်လွန်သွားပါသဖြင့် ၂၇-၁-၂၀၁၆ရက်တွင် ထိုင်းနိုင်ငံဘန်ကောက်မြို့၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၁-၂-၂၀၁၆ရက် (တနင်္လာနေ့) နံနက် ၈နာရီမှ ၁၁နာရီအထိ သာကေတမြို့နယ်၊ (၁၀)တောင်၊ (၁၁)ရပ်ကွက်၊ ရွှေသပြေရိပ်မွန်(၁) နဝရတ်လမ်း၊ အမှတ် ၃ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း ဒါယကာကြီး
လင်ကျန်ဝှက်(ခ)
ဦးအောင်ဝင်း (ပုသိမ်)
အသက်(၅၈)နှစ်

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ မိကျောင်းကန်အပိုင်း(၃)၊ သီရိရတနာ့ရိပ်သာ၊ ရတနာသိပ္ပံလမ်း၊ အမှတ် ၁၄ နေ ဦးမောင်ကျင်-ဒေါ်စန်းမြင့်တို့၏သား၊ ရွှေလောင်းမြို့နေ ဦးအမိုင်-(ဒေါ်စန်းရင်)တို့၏သားသမက်၊ ဒေါ်နီနီခိုင်၏ချစ်လှစွာသောခင်ပွန်း၊ မနှင်းယုအောင် (လသာ-၂၊ ကျောင်းသူဟောင်း)၊ မသီရိရွှေစင်(တတိယနှစ်၊ ဆေးတက္ကသိုလ်-၁)တို့၏ ဖခင်သည် ၃၀-၁-၂၀၁၆ရက် (စနေနေ့) နံနက် ၅နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁-၂-၂၀၁၆ရက် (တနင်္လာနေ့) နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။(နေအိမ်မှကားများ နံနက် ၉း၃၀ နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၅-၂-၂၀၁၆ရက် (သောကြာနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ ကျောင်း၊ ခေါင်းလောင်းဒါယကာကြီး
ဦးထွန်းစည်
(အလုံသင်္ဘောကျင်း၊ ငြိမ်း)
အသက်(၈၇)နှစ်

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ သရက်တော(တောင်)ရပ်ကွက်၊သရက်တော ၄လမ်း၊အမှတ် ၈၉နေ ဦးစံဝင်း-ဒေါ်စန်းကြည်၊ ဦးဖေသက်တင်(ကဒ္ဒနကျွန်းသာကုမ္ပဏီ)၊ ဒေါ်နွဲ့နွဲ့ဝင်း(ရန်ကုန်တက္ကသိုလ်)၊ ဦးမောင်မောင်ခင် (မနောမြေကုမ္ပဏီ)-ဒေါ်စန်းစန်းရီ၊ ဦးမောင်မောင်တင်၊ ဦးမောင်မောင်တိုး-ဒေါ်အေးအေးမော်၊ ဦးအောင်အောင်မိုး (ကဒ္ဒနကျွန်းသာကုမ္ပဏီ)-ဒေါ်ဖြူနှင်းမာလာ (မြို့တော်စည်ပင်)၊ ဦးဟန်ထွန်း (ဟန်ထွန်း စက်မှုလက်မှုဘုရင့်နောင်)-ဒေါ်သီတာ၊ ဦးသန့်စင်ထွေး-ဒေါ်သင်းသင်းခိုင်၊ ဦးနေလင်းသိန်း - ဒေါ်နီလာထွန်းတို့၏ ဖခင်၊ ဒေါ်ရည်၏ ချစ်လှစွာသောခင်ပွန်းသည် ၂၉-၁-၂၀၁၆ရက် မွန်းလွဲ ၂း၂၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၁-၁-၂၀၁၆ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ မိတ်ဆွေသင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁း၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ဦးကျော်သာ
(ဒုအရာခံဗိုလ်၊ ငြိမ်း)
(အမှတ်-၈၁၈၊ဆက်သွယ်ရေးတပ်)
အသက်(၈၅)နှစ်

စစ်တွေမြို့၊ အိုးတန်းရပ်နေ (ဦးသာကျော်-ဒေါ်ထွန်းမေ)တို့၏သား၊ (ဒေါ်စောနွဲ့)၏ ချစ်လှစွာသောခင်ပွန်း၊ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၆)ရပ်ကွက်၊ ရဲသီဟလမ်း၊ အမှတ် ၅၄နေ ဦးရဲထွဋ်ဝင်း-ဒေါ်သီဂီမင်းတို့၏ဦးလေး၊ (ဦးဇော်မင်းဦး)-ဒေါ်ဝါဝါမြင့်၊ အရာခံဗိုလ်နေဝင်း (အမတ၊ အောင်ပန်းမြို့) - ဒေါ်စောသီတာထွေး(သူနာပြု)၊ တပ်ကြပ်သန်းစိုး(ထပရ၊ ရွှေဘိုမြို့)-ဒေါ်ချယ်ရီမြင့်၊ တပ်ကြပ်သိန်းဝင်း (ဆသရ၊ ကျောက်မဲမြို့)၊ ဒေါ်မိုးကလျာကျော်တို့၏ဖခင်၊မြေးငါးယောက်တို့၏အဘိုးသည် ၂၉-၁-၂၀၁၆ရက် (သောကြာနေ့) ညနေ ၆း၅၅နာရီတွင် အမှတ်(၂) တပ်မတော်ဆေးရုံ၌ ကွယ်လွန်သွားပါ၍ ၃၁-၁-၂၀၁၆ရက် (တနင်္ဂနွေနေ့) ညနေ ၅နာရီတွင် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်နေအိမ်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ မိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ ညနေ ၃း၃၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၄-၂-၂၀၁၆ရက် (ကြာသပတေးနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

သထုံမြို့နယ်အသင်း(ရန်ကုန်)
ဟာဂျီဦးထွန်းမြင့်(ခ)
နူးရ်မိုဟာမက်
ကျောင်းအုပ်ဆရာကြီး(ငြိမ်း)
အသက်(၈၀)

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ ဝေဘာဂီ၊ ချယ်ရီလမ်း၊ အမှတ် (၇/၇၅)နေ ဟာဂျီမ ဒေါ်ခင်သန်းအေး (အထက်တန်းပြ၊ ငြိမ်း)၏ ခင်ပွန်း၊ အသင်းဝင်အမှတ်(၈၈၁) ဦးထွန်းမြင့်သည် ၂၇-၁-၂၀၁၆ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၉း၂၀နာရီတွင် အလ္လာဟ်သျှင်မြတ်အမိန့်တော် ခံယူသွားပါကြောင်း အသင်းသူအသင်းသားများအား အသိပေးအကြောင်းကြားအပ်ပါသည်။ အမှုဆောင်အဖွဲ့

ဦးဘုန်းမြင့်
အသက်(၅၉)နှစ်

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရတနာလမ်း၊ အမှတ် ၂၅/ဘီ၊ ငွေအိမ်စည်သင်္ဃန်းတိုက်နေ (ဦးရဲမြင့်-ဒေါ်မြရီ)တို့၏သား၊ ဖျာပုံမြို့နေ (ဦးကြီးစိန် - ဒေါ်ကျင်မြ)တို့၏ သားသမက်၊ မောင်နိုင်မင်းဦး၏ဖခင်၊ ဒေါ်တင်တင်စိန်၏ခင်ပွန်းသည် ၃၀-၁-၂၀၁၆ရက် (စနေနေ့) နံနက် ၁၁း၁၅နာရီတွင် မန္တလေးပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁-၂-၂၀၁၆ရက် (တနင်္လာနေ့) နံနက် ၁၁နာရီတွင် အေးရိပ်ငြိမ်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးရှိ ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ပင့်လျှောက်ခြင်း

ရန်ကုန်မြို့၊ မဟာစည်သာသနာ့ရိပ်သာ ဩဝါဒါစရိယ ဆရာတော် ဒေါက်တာဘဒ္ဒန္တဇဋိလ မဟာထေရ်အရှင်သူမြတ်ကြီးသည် ၂၈-၁-၂၀၁၆ရက် ည ၉နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို (၁၃၇၇ခုနှစ် ပြာသိုလပြည့်ကျော် ၈ရက်) ၁-၂-၂၀၁၆ရက် ညနေ ၄နာရီတွင် ရေဝေးသုသာန်၌ အန္တိမဈာပန ကျင်းပပူဇော်မည်ဖြစ်ပါသောကြောင့် ၁-၂-၂၀၁၆ရက် (တနင်္လာနေ့) နံနက် ၉နာရီအရောက် မဟာစည်သာသနာ့ရိပ်သာသို့ ပြည်တွင်းပြည်ပ မဟာစည်ရိပ်သာများ၏ လမ်းညွှန်ဥသျှောင်ဆရာတော်ကြီးများ၊ ပြည်တွင်းပြည်ပ မဟာစည်ရိပ်သာများ နာယကအဖွဲ့ဝင် ဆရာတော်ကြီးများ၊ မဟာစည်နယ်လှည့်ဓမ္မကထိက အဖွဲ့ချုပ်ကြီး၏ အကျိုးတော်ဆောင်ဆရာတော်များ၊ မဟာစည် နယ်လှည့်ဓမ္မကထိက အသစ်ရွေးချယ်ရေးအဖွဲ့ဝင် ဆရာတော်များ၊ စာပေစိစစ်ရေးအဖွဲ့ဝင် ဆရာတော်များ၊ စာရင်းစစ်မော်ကွန်းထိန်းဆရာတော်များ၊ ရန်ကုန်မြို့နယ်အတွင်းရှိ ဝါဆိုကထိန် သင်္ကန်းကပ်လှူပွဲတွင် ပင့်ဖိတ်လျက်ရှိသည့် မဟာစည်ရိပ်သာခွဲများနှင့် ဘုန်းတော်ကြီးကျောင်းများမှ ဆရာတော်များအားလုံး ကြွရောက်ကြပါရန် ရိုသေလေးမြတ်စွာ ပင့်ဖိတ်အပ်ပါသည်ဘုရား။

ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ချုပ်
မဟာစည်သာသနာ့ရိပ်သာ

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
ဦးကြီးစိန် (မြင်းခြံမြို့)
အသက်(၈၂)နှစ်

ရန်ကုန်မြို့၊ဒဂုံမြို့နယ်၊အမှတ် ၂၈၈/၂၉၀၊ ရွှေတိဂုံဘုရားလမ်း၊ (MWEA Tower (၁၀၀၇)နေ (ဦးတင်ထိုက်-ဒေါ်အေး)တို့၏သား၊ (ဦးလှမြိုင်)-ဒေါ်ညွန့်ညွန့်တို့၏သားသမက်၊ (ဒေါ်ရှုလွှမ်)၊ ဦးအောင်ကျော်မြင့်၊ဒေါ်ဝင်းဝင်းမြင့်၊ ဒေါ်တင်အေးကြွေ၊ ဦးဉာဏ်ဝင်း-ဒေါ်မြင့်မြင့်ဌေးတို့၏အစ်ကို၊ ဒေါ်တင်တင်အေး(ထ-၄၊ဗိုလ်တထောင်မြို့နယ်၊ ငြိမ်း)၏ ချစ်လှစွာသော ခင်ပွန်း၊ ဒေါက်တာကျော်နိုင်ဦး - ဒေါက်တာနီလာကျော်၊ ဦးဇော်ဝင်းထွန်း-ဒေါ်ခင်ချိုထက်၊ ဒေါက်တာခင်ကြော့ရှင်း၊ ဗိုလ်မှူးသီဟမင်းထွန်း-ဒေါ်သိမ့်သဉ္ဇာထွေးတို့၏ဖခင်၊ မဆုယမုံ၊ မောင်ဇေယျာထွန်း၊ မောင်ခန့်ဇော်သူ၊မဖူးပွင့်ဇော်ခိုင်၊မောင်သင့်မြတ်ဝီရထွန်း၊မောင်တည်ကြည်မင်းခန့်ထွန်းတို့၏ အဘိုးသည် ၂၉-၁-၂၀၁၆ရက် (သောကြာနေ့)မွန်းလွဲ ၁၂း၃၅နာရီတွင် ကွယ်လွန်သွားပါ၍ ၃၁-၁-၂၀၁၆ရက်(တနင်္ဂနွေနေ့) ညနေ ၃း၃၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အားအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ဒေါ်မြင့်ဆွေ
(အလယ်တန်းပြ၊ ငြိမ်း)
အထက(၁)လှိုင်
အသက်(၆၉)နှစ်

ရန်ကုန်မြို့၊ (၁၂)ရပ်ကွက်၊ အမှတ် ၂၁၄/B၊ အခန်း E၊ ရန်ကုန်-အင်းစိန်လမ်းနေ (ဦးမြမောင်-ဒေါ်ကြီး)တို့၏ သမီး၊ ဦးအောင်ကျော်သိန်း(ခ)ဦးရွှေသိန်း၏ဇနီး၊ဦးဒါနဗလထူး-ဒေါက်တာအေးနုခိုင် (ကထိက-ဒဂုံတက္ကသိုလ်၊ မြန်မာစာဌာန၊ခေတ္တ-Songkla University Phuket, Thailand)၊ ဒေါ်ဖြူဖြူခိုင်တို့၏မိခင်၊ မောင်ဖိုးပညာကြေးမုံ၏အဘွားသည် ၂၉-၁-၂၀၁၆ရက် (သောကြာနေ့) ည ၉း၂၀နာရီတွင် ကွယ်လွန်သွားပါ၍ ၃၁-၁-၂၀၁၆ရက် (တနင်္ဂနွေနေ့) ညနေ ၄း၃၀နာရီတွင် နေအိမ်မှ ရေဝေးသုသာန်သို့ ပို့ဆောင် ဂူသွင်းသင်္ဂြိုဟ်ပါမည်။ [ကွယ်လွန်သူအားရည်စူး၍ ၄-၂-၂၀၁၆ရက်(ကြာသပတေးနေ့) နံနက်တွင် နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဇရပ်ဒါယကာကြီး
ဦးသိန်းဝင်း (မိတ္ထီလာ)
အသက်(၆၂)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၄)ရပ်ကွက်၊ ဗိုလ်မင်းရောင်လမ်း၊ အမှတ် ၃၅၈နေ (ဦးအေးနိုင်-ဒေါ်စောရီ)တို့၏သား၊ (ဦးထွန်းစိန် - ဒေါ်မြမေ)တို့၏ သားသမက်၊ ဒေါ်ရီရီမြင့်၏ ချစ်လှစွာသောခင်ပွန်း၊ ဗိုလ်ကြီးထက်အောင်လှိုင်-မမျိုးမျိုးသူ၊ ဗိုလ်ကြီးကျော်ဌေးလှိုင်-မခိုင်ထက်ဝင်းတို့၏ချစ်လှစွာသောဖခင်၊ မခွန်းသံသာဆင့်၏အဘိုးသည် ၂၉-၁-၂၀၁၆ရက် (သောကြာနေ့) ညနေ ၄း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၀-၁-၂၀၁၆ ရက် နံနက် ၁၁နာရီတွင်ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးစီးပါကြောင်း။ [ကွယ်လွန်သူအား ရည်စူး၍ ၄-၂-၂၀၁၆ရက် (ကြာသပတေးနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
ဒေါ်ရှုတင်(ခ)ဒေါ်ရှုသန်း
(ဝါးခယ်မမြို့)
အသက်(၈၅)နှစ်

ဧရာဝတီတိုင်းဒေသကြီး၊ ဝါးခယ်မမြို့နယ်၊ ရွှေလောင်းမြို့နေ(ဦးကာမန်း-ဒေါ်စီးယား)တို့၏သမီး၊ ဝါးခယ်မမြို့၊ အမှတ် ၄၈၊ ပြည်တော်သာလမ်း၊ ဈေးရပ်ကွက်နေ ဦးရောင်ဗိုး၏ဇနီး၊ ဦးပု(ခ)ဦးခင်မောင်မြင့်၊ ဦးခင်မောင်ဝင်း-ဒေါ်ခင်ခင်လေး (ခေတ္တ-ကနေဒါ)၊ ဒေါ်အေးအေးမြင့်၊ ဒေါ်မိမိမော်၊ ဦးပြည်သူ-ဒေါ်ခိုင်ခိုင်ဝင်း၊(ကိုတိုးတိုးအောင်)၊ ကိုစိုးကြီး(ခ)ကိုခင်မောင်စိုး-မခင်မျိုးသွယ်တို့၏မိခင်၊ မြေးငါးယောက်တို့၏အဘွားသည် ၃၀-၁-၂၀၁၆ရက်(စနေနေ့) နံနက် ၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁-၂-၂၀၁၆ ရက် (တနင်္လာနေ့) မွန်းတည့် ၁၂နာရီတွင် ဝါးခယ်မမြို့သုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ဒေါ်ညွန့်ညွန့်
မင်းကွန်းယောဂီ၊လှည်းတန်းဈေး
အသက်(၇၆)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ သံတံတားရပ်ကွက်၊ ဓမ္မိကဝတီလမ်း၊ အမှတ် ၅၂နေ ဦးဝင်းသောင်း၏ဇနီး၊ ကမာရွတ်၊ လှည်းတန်း၊ ပေ ၅၀လမ်းနေ (ဦးတင်မောင်-ဒေါ်သောင်းမြင့်)၊ (ဦးအောင်ချစ်)-ဒေါ်ကျင်တီတို့၏ညီမ၊ ကိုသန်းလှိုင်ဝင်း (ခေတ္တ-စင်ကာပူ)၊ မမျိုးပပဝင်းတို့၏မိခင်ကြီးသည် ၂၉-၁-၂၀၁၆ရက် (သောကြာနေ့) နံနက် ၉နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂-၂-၂၀၁၆ရက်(အင်္ဂါနေ့) မွန်းလွဲ ၂နာရီတွင် ထိန်ပင်အအေးတိုက်မှထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။(နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၄-၂-၂၀၁၆ရက် (ကြာသပတေးနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိအထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

စိုက်ပျိုးရေးဝန်ထမ်းဟောင်းများအသင်း
ဒေါ်သန်းသန်းနွဲ့
အသင်းဝင်နံပါတ်(၀၃၀၀)
ပစ္စည်းထိန်း(ငြိမ်း)
မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း
အသက်(၇၂)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မေတ္တာညွန့်ရပ်ကွက်နေ ဒေါ်သန်းသန်းနွဲ့သည် ၂၇-၁-၂၀၁၆ရက်တွင် ကွယ်လွန်သွားပါ၍ ၂၉-၁-၂၀၁၆ရက်တွင် ရေဝေးသုသာန်၌မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။ အမှုဆောင်အဖွဲ့

ပုလောမြို့နယ်အသင်း(ရန်ကုန်)
ဦးထွန်းဝင်း (ပုလောမြို့)
အသင်းဝင်အမှတ်-၂၀၇၄
အသက်(၄၉)နှစ်

တနင်္သာရီတိုင်းဒေသကြီး၊ ပုလောမြို့၊(၃)ရပ်ကွက်၊ သိမ်ဝလမ်းနေ ဒေါ်ခင်ခင်မော်၏ခင်ပွန်းသည် ၂၇-၁-၂၀၁၆ရက်(ဗုဒ္ဓဟူးနေ့) ည ၈း၃၀နာရီတွင်ကွယ်လွန်သွားပါ၍ ၂၉-၁-၂၀၁၆ ရက် (သောကြာနေ့)မွန်းတည့် ၁၂နာရီတွင် နေအိမ်မှ ပုလောမြို့သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးစီးပါကြောင်း။ အမှုဆောင်အဖွဲ့

ရွှေလှံ့ပိုလ်မြစ်ရေတင်မှ ရေအသုံးပြုသူများကို ပိုမိုအကျိုးပြုနိုင်ရန် စနစ်တကျဖွဲ့စည်း၍ ရေပေးမည်

သတင်းနှင့်ဓာတ်ပုံ
အောင်မင်း(စဉ့်ကိုင်)

ရွှေလှံ့ပိုလ်မြစ်ရေတင်လုပ်ငန်းကို တွေ့ရစဉ်။

စဉ့်ကိုင် ဇန်နဝါရီ ၃၀

မန္တလေးတိုင်းဒေသကြီး စဉ့်ကိုင်မြို့နယ် ရွှေလှံ့ပိုလ်ဒေသ စိမ်းလန်းစိုပြည်ရေးနှင့် ဒေသဝမ်းစာဖူလုံရေး စီမံကိန်းအတွင်းရှိ တောင်သူဦးကြီးများကို ရေဆုံးရေဖျားထိ ညီမျှစွာ ရေပေးဝေနိုင်ရေးအတွက် ကျေးရွာအလိုက်၊ မြောင်းအလိုက်တောင်သူများကို ရေအသုံးပြုသူများအဖွဲ့ (Water User Groups-WUG) အဖွဲ့များဖွဲ့၍ စနစ်တကျရေပေးဝေသွားမည်ဖြစ်ကြောင်း သိရသည်။

ရေအသုံးပြုသူများအဖွဲ့(WUG) ဖွဲ့စည်းရခြင်း၏ ရည်ရွယ်ချက်မှာ သီးနှံများ ရေလိုအပ်မှုကို ပြည့်မီအောင် ရေပေးနိုင်ရန်၊ ကုန်ကျစရိတ်များစွာဖြင့် ဆောင်ရွက်ယူရသည့် လျှပ်စစ်မြစ်ရေတင်ရေများကို ပိုမိုအကျိုးရှိအောင် စီမံအသုံးပြုတတ်ရန်၊ ရေပေးဝေမှု၊ ရေပေးသွင်းမှုနှင့် စိုက်ကွင်းများ၌ ရေသုံးစွဲမှုတို့မှ ရေအလဟဿဆုံးရှုံးမှုများကို လျှော့ချနိုင်ရန်၊ ပိုမိုကောင်းမွန်သော ရေပေးဝေနည်းများ ပြောင်းလဲအသုံးပြုတတ်ရန်၊ စိုက်ကွင်းများ ရေနစ်မြုပ်မှုမရှိအောင် ဆောင်ရွက်ရန်၊ စိုက်ကွင်းများမှ ပိုလျှံ

စာမျက်နှာ ၁၂ ကော်လံ ၃ ◆

တက္ကသိုလ်ဝင်စာမေးပွဲအထောက်အကူပြု ကျောင်းသင်ခန်းစာပါရှိ

၂၀၁၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုကြမည့် ကျောင်းသားကျောင်းသူများအတွက် အထောက်အကူဖြစ်စေရန် ပညာရေးဝန်ကြီးဌာနမှရေးသားပြုစုထားသော ကျောင်းသင်ခန်းစာများကို မြန်မာ့အလင်းသတင်းစာတွင် နေ့စဉ်ဘာသာရပ်အလိုက် ဖော်ပြပေးသွားမည်ဖြစ်ရာ ယနေ့တွင် သင်္ချာဘာသာရပ် အထူးကဏ္ဍအချပ်ပို လေးမျက်နှာပါရှိပါသည်။

၂၀၁၈ ကမ္ဘာ့ဖလားခြေစစ်ပွဲ နောက်ဆုံးပွဲနှင့် နိုင်ငံတကာ ခြေစမ်းပွဲတို့အတွက် မြန်မာ့လက်ရွေးစင်အသင်း ဖွဲ့စည်း

စာမျက်နှာ-၁၂

သဃ်နှင်းကျွန်းမြို့နယ် သုဝဏ္ဏာ၌ မီးချောင်းအပူလွန်ကဲရာမှ မီးလောင်

စာမျက်နှာ-၁၃

အက်ဖ်အေဖလား စတုတ္ထအဆင့် မန်ယူတို့ ဂိုးပြတ်အနိုင်ရ

သီဟ

အင်္ဂလန် အက်ဖ်အေဖလား စတုတ္ထအဆင့် ပွဲစဉ်များကို ဆက်လက်ယှဉ်ပြိုင်ခဲ့ရာ အစောဆုံးပွဲစဉ်ဖြစ်သည့် ဒါဘီနှင့်မန်ယူတို့ပွဲကို ဇန်နဝါရီ ၃၀ ရက် နံနက်ပိုင်းက ယှဉ်ပြိုင်ခဲ့ပြီး မန်ယူအသင်း သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။

တိုက်စစ်မှူး ရွန်းနီ မန်ယူအတွက် အဖွင့်ဂိုးသွင်းယူစဉ်။

အင်္ဂလန်နိုင်ငံ၏ သက်တမ်းရင့်ဖလားတစ်လုံးဖြစ်သည့် အက်ဖ်အေဖလားပြိုင်ပွဲကို ၁၈၇၁ ခုနှစ်တွင် စတင်ခဲ့ပြီး အအောင်မြင်ဆုံးအသင်းမှာ အာဆင်နယ်အသင်းဖြစ်ကာ ၁၂ကြိမ် ဖလားရရှိထားသည်။

စတုတ္ထအဆင့်သို့ တက်ရောက်လာသည့် ဒါဘီအသင်းသည် ချန်ပီယံရှစ်တွင် အဆင့်(၅)၌ ရပ်တည်နေပြီး မန်ယူသည်လည်း ပရီမီယာလိဂ်တွင် အဆင့်(၅)၌ ရပ်တည်နေသည့် အသင်းဖြစ်သည်။

စာမျက်နှာ ၁၄ ကော်လံ ၁ ○

မြန်မာ့အလင်း
Gmail mmalin.npt @ gmail.com,
www.facebook.com/MYANMAALINNNEWS
နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊
စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ ကြော်ငြာ ၀၁-၅၄၅၈၃၄။

၂၀၁၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြု သင်္ချာဘာသာရပ်ဆိုင်ရာ သိကောင်းစရာများ

၂၀၁၆ ခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲ သင်္ချာဘာသာရပ်ဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူများအနေဖြင့် စာမေးပွဲဖြေဆိုရာတွင် မှန်ကန်သည့် နည်းစနစ်များဖြင့် စနစ်တကျ တွက်ချက်ရေးသား ဖြေဆိုတတ်စေရန်၊ မှားတတ်သည့်အမှားများကို သတိပြုရှောင်ကြဉ်နိုင်ကြစေရန်နှင့် စာမေးပွဲဖြေဆိုရာတွင် သတိပြုရမည့် အချက်အလက်များကို သိရှိကြစေရန်စသော ရည်ရွယ်ချက်များဖြင့် ဤစာမူကို ရေးသားရခြင်းဖြစ်ပါသည်။

ပထမဦးစွာ သင်္ချာမေးခွန်းလွှာတွင် ပါဝင်သည့် Section(A), Section (B) နှင့် Section (C) အပိုင်းအသီးသီးကို ဖြေဆိုချိန်(၃)နာရီဖြင့် ဖြေဆိုရာတွင် တစ်ပိုင်းစီအတွက် ယူသင့်သောဖြေဆိုချိန်ကို အကြံပြုပါမည်။

Section (A) မှ multiple choice question (၁) မှတ်တန် (၂၅)ပုဒ်ကို မိနစ် (၄၀)ခန့် အများဆုံးထား၍လည်းကောင်း၊ Section (B) မှ (၃) မှတ်တန် ပုစ္ဆာ (၅)ပုဒ်ကို မိနစ် (၃၀)ခန့် အများဆုံးထား၍လည်းကောင်း၊ Section (C) မှ (၁၀)မှတ်တန် ပုစ္ဆာ (၆)ပုဒ်ကို မိနစ် (၉၀)ခန့် အများဆုံးထား၍လည်းကောင်း ပြီးအောင်ဖြေဆိုရန် လိုအပ်ပါသည်။ အကြမ်းအားဖြင့် ထိုသို့ဖြေဆိုနိုင်မည်ဆိုပါက မိမိတို့၏ ဖြေဆိုချက်များကို ပြန်လည်စစ်ဆေးရန် အနည်းဆုံးမိနစ် (၂၀)ခန့် အချိန်ရရှိမည်ဖြစ်ပါသည်။ ပြန်လည်စစ်ဆေးခွင့်ရရှိခြင်းသည် သင်္ချာဘာသာရပ် ဖြေဆိုမှုအတွက် များစွာအထောက်အကူပြုစေပါသည်။

Section (A) မေးခွန်း No (1) မှာ multiple choice မေးခွန်း (၂၅) ပုဒ် ပါဝင်ပြီး မေးခွန်းအားလုံး ဖြေဆိုရမှာဖြစ်ပါသည်။ ဖြေဆိုသည့်အခါမှာ ပေးထားသော A, B, C, D, E အဖြေ(၅)ခုအနက် အမှန်တစ်ခုကိုရွေးပြီး A (or) B (or) C (or) D (or) E ကို မေးခွန်း No နှင့်တွဲ၍ ထင်ရှားစွာရေးပေးရမှာ ဖြစ်ပါသည်။

ဥပမာ Section (A) မေးခွန်းမှ ပုစ္ဆာနံပါတ် (၃) ၏နမူနာဖြေဆိုချက်ကိုကြည့်ပါမည်။

(3) When $2x^2-5x+1$ is divided by $x-1$, the remainder is

A.2 B.–2 C.1 D.–1 E.0

ယင်းအတွက် အဖြေပုံစံမှာ (3) B ဖြစ်သည်။ capital letter A, B, C, D, E ဖြင့်သာ ဖော်ပြရမှာဖြစ်ပြီး small letter a, b, c, d, e ဖြင့် ဖော်ပြခြင်းမပြုရန်၊ အဖြေချည်းသက်သက်သာ ရေးချခြင်းမပြုရန် သတိထားရပါမည်။

Section (B) မှာ မေးခွန်း No (2)မှ No(6) အထိ မေးခွန်း (၅)ပုဒ် ပါဝင်ပြီး မေးခွန်းအားလုံးကို ဖြေဆိုရမှာ ဖြစ်ပါသည်။ (OR) ခံ၍ မေးထားသောမေးခွန်းမှ ကြိုက်ရာမေးခွန်းတစ်ခုကို ဖြေဆိုရမှာဖြစ်ပါသည်။

Section (C) မှာ မေးခွန်း No (7) မှ No(15) အထိ မေးခွန်း (၉) ပုဒ်ပါဝင်ပြီး ကြိုက်ရာ (၆)ပုဒ်ကို ဖြေဆိုရမှာဖြစ်ပါသည်။ (၆)ပုဒ်ထက်ပို၍ ဖြေဆိုထားသော အပုဒ်ပိုများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ကြောင်း သတိပြုရပါမည်။

ဆက်လက်၍ ပြဋ္ဌာန်းစာအုပ်တွင်ပါဝင်သော Chapter တစ်ခုချင်းအလိုက် သတိပြုရမည့်အချက်များကို ဆွေးနွေးတင်ပြသွားပါမည်။

Chapter (1) Functions အခန်းမှာ ဖန်ရှင်ဆိုင်ရာ သင်္ကေတများ မှန်ကန်စွာရေးသားရန် သတိပြုရပါမည်။ ဥပမာ f နှင့် g ဖန်ရှင်နှစ်ခုအတွက် ₒ နှင့် composite လုပ်ပါက $(f \circ g)(x) = f(g(x))$ဟု ရေးသားရပါမည်။ လက်ယာဘက်တွင် $f(g(x))$ ဟု ရေးရမည့်အစား $(f \circ g)(x)$မရေးမိစေရန်၊ ကွင်းများပြည့်စုံစေရန် သတိပြုရပါမည်။ ဆက်လက်၍ composite function များ၏ ပုံသေနည်းများရှာရာတွင် သတိပြုရမည့်အချက်ကို ဖော်ပြလိုပါသည်။ f နှင့် g တို့၏ composite function $f \circ g$ အတွက် $(f \circ g)(x) = \frac{2x+3}{x-1}$ဟူ၍ တွက်ယူရရှိခဲ့ပါလျှင် ဖန်ရှင် $f \circ g$ အဓိပ္ပာယ်ရှိစေရန် $x \neq 1$ ကန့်သတ်ချက်ကို ထည့်သွင်းဖြေဆိုရန် လိုအပ်ပါသည်။ ဖန်ရှင်ဆိုင်ရာ ဆင်တူယိုးမှား သင်္ကေတများကိုလည်း သတိထားရပါမည်။ ဥပမာ ဖန်ရှင် f ၏ inverse function ကို ဖော်ပြရာ၌ သင်္ကေတ f^{-1} အစား derivative သင်္ကေတ f'နှင့် မှားယွင်းမရေးသားမိစေရန် သတိထားရပါမည်။

စာမေးပွဲဖြေဆိုသူများအနေဖြင့် မေးခွန်းမှ တောင်းဆိုချက် ပြည့်စုံသည်အထိ ဖြေဆိုပေးရန် လိုအပ်ပါသည်။

ဥပမာ $\odot$ သည် binary operation ဖြစ်ကြောင်း ပြလိုပါက ပေးထားသော set (ဆိုပါစို့ set A) ထဲရှိ အစုဝင် a, b တိုင်းအတွက် $a \odot b \in A$ဖော်ပြပြီး $\odot$ သည် binary operation ဖြစ်သည်ဟု ရေးပေးရမည်။ $\odot$ သည် binary operation မဖြစ်ကြောင်း ပြလိုပါက $a \odot b$ သည် set A ထဲတွင် မပါဝင်သည့် A ၏ အစုဝင် a နှင့် b တို့ရှိကြောင်း ဖော်ပြပြီး $\odot$ သည် binary operation မဖြစ်ပါဟု ရေးသားပေးရမည်။

ဥပဒေသ(Law) များမှန်ကန်ကြောင်းပြလိုလျှင် အစုဝင်အားလုံးအတွက် မှန်ကန်ကြောင်း ပြပေးရန် လိုအပ်ပါသည်။

ဥပမာအနေဖြင့် ပေးထားသော binary operation $\odot$ သည် commutative law နှင့် associative law များ မှန်ကြောင်း သက်သေပြလိုပါက မည်သည့်အစုဝင်အတွက်မဆို ဥပဒေသ (law) မှန်ကန်ကြောင်း သက်သေပြရန် လိုအပ်ပါသည်။ အစုဝင်အချို့အတွက်သာ ဆင်ခြင်ပြီး ဥပဒေသမှန်ကြောင်း သက်သေပြပါက ပြည့်စုံသောအဖြေမဟုတ်ကြောင်း သတိပြုရပါမည်။

Chapter (2) The Remainder Theorem and the Factor Theorem ဆိုင်ရာ ပုစ္ဆာများတွင် x ဖြင့်ပြသော ပိုလီနိုမီယယ် (polynomial in x) ကို f(x), g(x), h(x) ဟုလည်းကောင်း၊ z ဖြင့် ပြသော ပိုလီနိုမီယယ်ကို f(z), g(z), h(z) ဟုလည်းကောင်း ကိန်းရှင်၏အမည်ကို အမှီပြုပြီး ရေးသားရမည်ဖြစ်ပါသည်။

ပုစ္ဆာတစ်ပုဒ်ကို ဖြေဆိုရာတွင် မေးခွန်းလွှာရှိ ပေးရင်းအချက်အလက်များနှင့် သိအိုရမ်များ၏ မှန်ကန်ချက်အဆိုများကို ဆက်စပ်တွက်ချက်တတ်ရန် လိုအပ်ပါသည်။

ဥပမာအနေဖြင့် y ဖြင့်ပြသော ပိုလီနိုမီယယ် y^2+2y-5 ကို $(y-1)$ ဖြင့်စားလျှင် ရရှိမည့်အကြွင်း (the remainder) ကို ရှာလိုသည်ဆိုပါစို့။ အောက်ပါနမူနာဖြေဆိုချက်ကို လေ့လာပါ။

$$\text{Let } f(y) = y^2 + 2y - 5.$$
$$\text{When } f(y) \text{ is divided by } (y-1),$$
$$\text{the remainder} = f(1).$$
$$\text{But } f(1) = 1 + 2 - 5 = -2$$
$$\therefore \text{ the remainder} = -2$$

ဤနေရာတွင် စားကြွင်းကို ဖော်ထုတ်ရေးသားပြရန်လိုအပ်ကြောင်း သတိပြုပါ။

ဒုတိယ ဥပမာအနေဖြင့် x ဖြင့်ပြသော ပိုလီနိုမီယယ် x^2+2x+p အတွက် $(x+1)$ သည် ဆခွဲကိန်း (factor) တစ်ခုဖြစ်ခဲ့လျှင် p ကိုရှာပါဟူသော ပုစ္ဆာကို တွက်ချက်လိုသည်ဆိုပါစို့။ နမူနာဖြေဆိုချက်အဖြစ် အောက်ပါဖြေဆိုချက်ကို လေ့လာပါ။

$$\text{Let } f(x) = x^2 + 2x + p.$$
$$\text{If } (x + 1) \text{ is a factor of } f(x), \text{ then}$$
$$f(-1) = 0.$$
$$\text{But } f(-1) = (-1)^2 + 2(-1) + p$$
$$\text{Hence } -1 + p = 0$$
$$p = 1.$$

ဤတွင် $f(-1) = 0$ ဟူသောအချက်ကို ထင်ထင်ရှားရှားထည့်သွင်းဖော်ပြရန် လိုအပ်ပါသည်။

Chapter (3) The Binomial Theorem အခန်းမှာဘိုင်နိုမီယယ် အကျယ်ဖြန့်ချက် (The binomial expansion) တွင် (r+1) ကြိမ်မြောက်ကိန်းလုံး ($(r+1)^{th}$ term) ကို ရေးသားရာတွင် ရေးသားချက်မှားယွင်းခြင်း၊ မပြည့်စုံခြင်း မဖြစ်စေရန် သတိပြုရပါမည်။

ဥပမာအနေဖြင့် $(a+\frac{b}{2})^5$၏ (r + 1) ကြိမ်မြောက်ကိန်းလုံးရေးသားရာတွင် $(r + 1)^{th}$ term ဆိုသည့် စကားလုံးမပါဘဲ $(a+\frac{b}{2})^5 = {}^5C_r a^{5-r} (\frac{b}{2})^r$ ဟူသော ရေးသားချက်မျိုးနှင့် $(r + 1)^{th}$ term of $(a+\frac{b}{2})^5 = {}^5C_r a^{5-r} \frac{b^r}{2}$ ဟူ၍ $\frac{b}{2}$ ကို ကွင်းမခတ်ဘဲ ရေးသားဖော်ပြခြင်းမျိုး မဖြစ်စေရန် ဂရုပြုရမည်ဖြစ်ပါသည်။ $(r+1)^{th}$ term of $(a+\frac{b}{2})^5 = {}^5C_r a^{5-r} \frac{b^r}{2}$ ဟု မှန်ကန်ပြည့်စုံစွာ ရေးသားရန် လိုအပ်ပါသည်။

ဘိုင်နိုမီယယ် အကျယ်ဖြန့်ချက်တွင် မေးခွန်းမှတောင်းဆိုချက်ကို သတိထားရပါမည်။ ဘိုင်နိုမီယယ်အကျယ်ဖြန့်ချက်တွင် ပထမကိန်းသုံးလုံး (the first three terms) ကို ရှာခိုင်းပါက အကျယ်ဖြန့်ချက်တွင် နောက်ထပ်ကိန်းလုံးများကျန်သည်ကို ကိုယ်စားပြုဖော်ပြရန် မျဉ်းစက် … ထည့်သွင်းပြီး အောက်ပါကဲ့သို့ ဖြေဆိုနိုင်သည်။

ဥပမာ $(2-x)^8 = {}^8C_0 2^8 + {}^8C_1 2^7(-x) + {}^8C_2 2^6(-x)^2 + \ldots$

ဤတွင် မျဉ်းစက် … ထည့်၍ ဖြေဆိုရန်လိုအပ်ကြောင်း သတိပြုပါ။ အကယ်၍ ပထမကိန်းသုံးလုံးကိုသာ ဖော်ပြလိုပါက the first 3 terms of $(2-x)^8 = {}^8C_0 2^8 + {}^8C_1 2^7(-x) + {}^8C_2 2^6(-x)^2$ ဟူ၍ အစက်ထည့်မရေးဘဲ ဖြေဆိုရမည်။

ဆက်လက်၍ သတိပြုရမည့်အချက်မှာ မေးခွန်းလွှာတွင် တောင်းဆိုထားသောအဖြေကို အတိအကျဖော်ပြရန်ဖြစ်သည်။ အကယ်၍ x^2 ၏မြှောက်ဖော်ကိန်း (the coefficient of x^2) ဟု တောင်းဆိုပါက x^2 မပါဘဲ မြှောက်ဖော်ကိန်းချည်းသက်သက်ကို ဖြေဆိုရန်နှင့် x^2 ပါသောကိန်း (the term in x^2) ဟု တောင်းဆိုပါက x^2 ကိုပါထည့်၍ဖြေဆိုရန် ဖြစ်ပါသည်။ ဆိုလိုသည်မှာ

$(1+2x)^5$ ၏ အကျယ်ဖွင့်ချက်မှာ $(1+2x)^5 = 1^5 + 5(1)^4(2x) + 10(1)^3(2x)^2 + \ldots$

$= 1 + 10x + 40x^2 + \ldots$ ဖြစ်သည့်အတွက်

x^2 ၏မြှောက်ဖော်ကိန်း (The coefficient of x^2) မှာ 40 ဖြစ်ပြီး x^2 ပါသောကိန်း (The term in x^2) မှာ $40x^2$ ဖြစ်သည်။

Chapter (4) Inequations အခန်းမှာ x^2 ပါသော မညီမျှခြင်း (quadratic inequation) ကို ဖြေရှင်းရာ၌ မေးခွန်းလွှာတွင် သတ်မှတ်ပေးထားသော တွက်နည်းဖြင့်သာ တွက်ရမည်ဖြစ်ပါသည်။ ဥပမာ algebraic method ဖြင့် တွက်ပါဟူသောပုစ္ဆာကို graphical method ဖြင့် ဖြေဆိုခြင်း မပြုနိုင်ကြောင်း သတိပြုပါ။

Chapter (5) Sequences and Series အခန်း၌ အဓိကသိထားရမည့်အချက်မှာ A.P. နှင့် G.P. တို့၏ n ကြိမ်မြောက်ကိန်း Un နှင့် ကိန်းလုံးရေ n အထိ ပေါင်းလဒ် Sn ပုံသေနည်းများ ဖြစ်သည်။

Chapter (6) Matrices အခန်း၌ မေတြစ်ညီမျှခြင်းများ ပေးထားပြီး မသိကိန်းရှာခိုင်းသော ပုစ္ဆာများတွင် Equality of matrices မှရရှိလာသော တစ်ပြိုင်နက်ညီမျှခြင်း (simultaneous equation) အားလုံးကို အသုံးချ၍ အဖြေကို ရယူရမည်ဖြစ်ပါသည်။

ဥပမာအနေဖြင့် $\begin{pmatrix} x^2 & y \\ x & y^2 \end{pmatrix} = \begin{pmatrix} 1 & -1 \\ 1 & 1 \end{pmatrix}$ ကိုရှင်းရာတွင်

$x^2=1$, $y=-1$, $x=1$, $y^2=1$ ဟူသော ညီမျှခြင်းလေးခုလုံး တစ်ပြိုင်နက်မှန်စေသည့် အဖြေသည် $x = 1$, $y = -1$ ဖြစ်ကြောင်း တွေ့နိုင်သည်။

သင်္ကေတများသုံးရာတွင်လည်း additive inverse of matrix A ကို –A, multiplicative inverse of matrix A ကို A^{-1} နှင့် transpose of matrix A ကို A' ဟု မှန်ကန်စွာရေးသားရန် ဖြစ်ပါသည်။

Chapter (7) Introduction to Probability အခန်းတွင် ဖြစ်ရပ်(event) တစ်ခု A ၏ဖြစ်နိုင်စွမ်း (Probability of an event A), P(A) ရဲ့တန်ဖိုးက $0 \leq P(A) \leq 1$ ဖြစ်သည်ကို မှတ်သားထားရပါမည်။ ကျပန်းလုပ်ဆောင်ချက် (Random experiment) တစ်ခုမှ ထွက်ပေါ်လာနိုင်သော ဖြစ်ရပ်များသည် တစ်ပြိုင်နက်မဖြစ်နိုင်လျှင် ၎င်းဖြစ်ရပ်များကို mutually exclusive event များဟု ခေါ်သည်။ ဥပမာ အန်စာတုံးတစ်ခုပစ်သော လုပ်ဆောင်ချက်တွင် A သည် စုံကိန်းကျသော ဖြစ်ရပ်၊ B သည် မကိန်းကျသောဖြစ်ရပ်ဟု သတ်မှတ်ခဲ့လျှင် ဖြစ်ရပ် A နှင့် B သည် တစ်ပြိုင်နက်မဖြစ်နိုင်ကြောင်း ထင်ရှား၍ ဖြစ်ရပ် A နှင့် B တို့သည် mutually exclusive event များ ဖြစ်ကြသည်။ mutually exclusive event A နှင့် B အတွက် Probability တန်ဖိုးမှာ *P(A or B) = P(A) + P(B)* ဖြစ်သည်။

အကယ်၍ Random experiment တစ်ခုမှထွက်ပေါ်လာနိုင်သောဖြစ်ရပ်များသည် တစ်ခုပေါ်တစ်ခု အမှီအခိုကင်းစွာ ဖြစ်ပေါ်နိုင်လျှင် ၎င်းဖြစ်ရပ်များကို independent events ဟုခေါ်သည်။ ဥပမာ - အံစာတုံးနှစ်ခုပစ်သော လုပ်ဆောင်ချက်တွင် A သည် ပထမအံစာတုံး စုံကိန်းကျသောဖြစ်ရပ်၊ B သည် ဒုတိယအံစာတုံး မကိန်းကျသောဖြစ်ရပ်ဟု သတ်မှတ်ခဲ့လျှင် ဖြစ်ရပ် A နှင့် B သည် အမှီအခိုကင်းစွာ ဖြစ်ပေါ်နိုင်ကြောင်းထင်ရှား၍ ဖြစ်ရပ် A နှင့် B တို့သည် independent events များဖြစ်ကြသည်။ Independent event A နှင့် B အတွက် Probability တန်ဖိုးမှာ P(A and B) = P(A) x P(B) ဖြစ်သည်။ ယခုဖော်ပြခဲ့သော mutually exclusive events နှင့် Independent events တို့၏ Probability ရှာသော ပုံသေနည်းများကို မရောထွေးရန် သတိထားရပါမည်။

Chapter (8) Circles နှင့် Chapter (9) Areas of Similar Triangles အခန်းတွင်ပါဝင်သော Geometry ပုစ္ဆာများ ဖြေဆိုရာတွင် ပုံများမှန်ကန်အောင်ဆွဲသား၍ ရေးသားဖြေဆိုရန် လိုအပ်ပါသည်။ ဖြေဆိုချက်တွင် ထည့်သွင်းဖြေဆိုထားသော အနား၊ ထောင့်အညွှန်းများကို ပုံထဲတွင် မဖြည့်ထားမိပါက အဖြေမှန်ဟု ယူဆမည်မဟုတ်ကြောင်း သိကြရပါမည်။

Areas of Similar Triangles အခန်းတွင် သဏ္ဍာန်တူခြင်း (Similarity သင်္ကေတ ~) နှင့် ထပ်တူညီခြင်း (congruence သင်္ကေတ ≅) တို့ကို လွဲမှား မရေးမိစေရန် သတိပြုရပါမည်။

Chapter (10) Introduction to Vectors and Transformation Geometry အခန်းမှ Vector ပုစ္ဆာများဖြေဆိုရာတွင် Vector သင်္ကေတမြား (→) မကျန်စေရန်နှင့် ပုံတွင်မြားခေါင်းများ မှန်ကန်စွာဖြည့်စွက်ရန် သတိပြုရပါမည်။ Transformation Geometry ဆိုင်ရာ Matrix များဖြစ်သည့် Reflexion Matrix, Translation Matrix နှင့် Rotation Matrix များကိုလည်း မှန်ကန်စွာဖော်ပြနိုင်ရပါမည်။

Chapter (11) Trigonometry ပုစ္ဆာများဖြေရှင်းရာတွင် လိုအပ်သော ပုံများကို မှန်ကန်စွာဆွဲသား၍ Logarithm ဇယားသုံးတွက်ချက်ရန် လိုအပ်ပါက ထိုဇယားသုံးတွက်ချက်မှုများကိုပါ ထည့်သွင်းဖြေဆိုပေးရန် လိုအပ်ပါသည်။ ထောင့်များဆိုင်ရာ ပုံသေနည်းများ (Formula) နှင့် ဥပဒေသ (Law) များကိုလည်း မှန်ကန်စွာ ကျက်မှတ်ထားရန်လိုအပ်ပါသည်။

Chapter (12) Calculus သင်ခန်းစာ၏ limit ရှာသော ပုစ္ဆာများတွင် ရေးသားချက်များ မှန်ကန်ရန်သတိပြုရပါမည်။

Find the limit of $f(x) = \frac{x^2-2x}{x^2-4}$ when $x \to 2$ ပုစ္ဆာရဲ့ နမူနာဖြေဆိုချက်ကို ကြည့်ပါမည်။

$$\lim_{x\to 2}\frac{x^2-2x}{x^2-4} = \lim_{x\to 2}\frac{x(x-2)}{(x+2)(x-2)}$$
$$= \lim_{x\to 2}\frac{x}{x+2}$$
$$= \frac{2}{2+2} = \frac{1}{2}$$

ဒီနေရာမှာ $\lim_{x\to 2}\frac{x}{(x+2)} = \frac{2}{(2+2)}$ ဟု ရေးရမည့်အစား $\lim_{x\to 2}\frac{x}{(x+2)} = \lim_{x\to 2}\frac{2}{(2+2)}$ ဟု မရေးမိစေရန်နှင့် ညီမျှခြင်းသင်္ကေတများ ကျန်ခဲ့ခြင်းမရှိစေရန် သတိထားရပါမည်။

စာဖြေသူအားလုံးအတွက် အကျဉ်းချုပ်မှာကြားလိုသည်မှာ

- ❖ ဖြေဆိုချက်ပြန်လည်စစ်ဆေးချိန် အနည်းဆုံး မိနစ် (၂၀)ရရှိအောင် လေ့ကျင့်ရန်
- ❖ သင်္ချာသင်္ကေတများကို မှန်မှန်ကန်ကန်သုံးစွဲရန်
- ❖ အရေးကြီးသော၊ မပါမဖြစ်သော အဆင့်များကို မကျော်ဘဲ ပြည့်ပြည့်စုံစုံတွက်ချက်ရန်
- ❖ မေးခွန်းလွှာတွင် သတ်မှတ်ပေးထားသော တွက်နည်းဖြင့်သာ တွက်ချက်ရန်
- ❖ ပြဋ္ဌာန်းစာအုပ်အခန်း (၁၂)ခန်းလုံးတွင် ပါဝင်သည့် မှန်ကန်ချက်များ၊ ပုံသေနည်းများနှင့် သင်္ချာသဘောတရားများကို ကျိုးကြောင်းဆက်စပ်တွေးခေါ်တတ်အောင် လေ့ကျင့်ထားရန်တို့ ဖြစ်ပါသည်။

ယခုဆွေးနွေးခဲ့သော အကြံပြုချက်များကို လိုက်နာပြီး တက္ကသိုလ်ဝင်တန်းစာမေးပွဲဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူအားလုံး ဂုဏ်ထူးမှတ်၊ ရာပြည့်မှတ်များဖြင့် ထူးထူးချွန်ချွန် အောင်မြင်မှုရရှိနိုင်ရန် ကြိုးစားကြစေလိုကြောင်း တိုက်တွန်းလိုက်ရပါသည်။ ■

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်းမှ မှတ်ချွဲရောရာများကို ရောင်းချမည်ဖြစ်ပါသဖြင့် နိုင်ငံသားမည်သူမဆို အိတ်ဖွင့်တင်ဒါပေးသွင်းနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်။

(က) **ပစ္စည်းကြည့်ရမည့်နေရာ** - အမှတ် (၆၉/၇၁)၊ မြမာလာလမ်း၊ သာကေတစက်မှုဇုန်၊ ရန်ကုန်

(ခ) **တင်ဒါတင်သွင်းရမည့်နေရာ** - မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့်ရောင်းဝယ်ရေးလုပ်ငန်း၊ မြန်မာ့ကျောက်မျက်ရတနာပြတိုက်၊ နေပြည်တော်

(ဂ) **တင်ဒါဖွင့်လှစ်မည့်နေရာ** - သတ္တုတွင်းဝန်ကြီးဌာန၊ ဝန်ကြီးရုံး ရုံးအမှတ် (၁၉)၊ နေပြည်တော်

၂။ အိတ်ဖွင့်တင်ဒါလျှောက်လွှာပုံစံများကို နေပြည်တော် (ရုံးချုပ်)နှင့် ရန်ကုန်(ရုံးခွဲ) တွင် တစ်စုံလျှင် ၂၀၀၀ိ/- (ကျပ်နှစ်ထောင်)နှုန်းဖြင့် ဝယ်ယူနိုင်ပြီး တင်ဒါပုံစံများကို ၁-၂-၂၀၁၆ ရက်မှစတင်၍ ရောင်းချမည်ဖြစ်ပါသည်။တင်ဒါပိတ်သိမ်းမည့်ရက်မှာ ၂၉-၂-၂၀၁၆ ရက် ၁၆:၀၀ နာရီဖြစ်ပြီး တင်ဒါဖွင့်ဖောက်မည့်ရက်အား ထပ်မံအကြောင်းကြားပါမည်။

၃။ အသေးစိတ်သိရှိလိုပါက ဝယ်ယူသိုလှောင်ဖြန့်ဖြူးရေးဌာနခွဲ၊ မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့်ရောင်းဝယ်ရေးလုပ်ငန်း (ရုံးချုပ်)၊ နေပြည်တော် ဖုန်း-၀၆၇-၄၁၄၁၈၄၊ ၀၆၇-၄၁၄၀၈၃ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့်ရောင်းဝယ်ရေးလုပ်ငန်း

အဆင့်မြင့် (OBD II) မော်တော်ယာဉ် စက်ပြင်သင်တန်း (အပတ်စဉ်-၇)

မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းနှင့် မြန်မာမော်တော်ကော်ပိုရေးရှင်းတို့ ပူးပေါင်း ဖွင့်လှစ်သော အဆင့်မြင့်(OBD II) မော်တော်ယာဉ် စက်ပြင်သင်တန်း (အပတ်စဉ်-၇)ကို ၂၀၁၆ခုနှစ် ဖေဖော်ဝါရီ ၁၅ရက်တွင် မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းမှ ဝါရင့်အင်ဂျင်နီယာကြီးများမှစတင်ဖွင့်လှစ်သင်ကြားကြမည်ဖြစ်ပါသည်။ သင်တန်းကြေးကျပ်သုံးသိန်း ပေးသွင်းရမည်ဖြစ်ပြီး၊ သင်တန်းကာလမှာ နှစ်လကြာမြင့်မည်ဖြစ်သည်။ မော်ဒယ်မြင့်ကားများ၏ Engine Control System နှင့် Transmission Control System တို့ကို အဓိကထား၍ သင်ကြားမည်ဖြစ်ပြီး သင်တန်းသား၏ ပညာအရည်အချင်း အနိမ့်ဆုံးအခြေခံပညာအထက်တန်းအဆင့် ရှိရပါမည်။ ဤသင်တန်းမှ ထူးချွန်စွာအောင်မြင်သူများကို ပြည်ပနိုင်ငံများရှိ MES နှင့် ချိတ်ဆက်ထားသော AUTOMOBILE TRAINING CENTRE များသို့ ပညာတော်သင်များ စေလွှတ်ပေးလျက်ရှိပါသည်။ ပြည်တွင်းရှိကမ္ဘာ့အသိအမှတ်ပြု စာရင်းဝင်း မော်တော်ယာဉ်ကုမ္ပဏီကြီးအချို့ကလည်း ဤသင်တန်းမှ ဆင်းပြီးသူများကို ရွေးချယ်ခန့်ထားလိုကြောင်း ကမ်းလှမ်းနေပါသည်။ လူဦးရေကန့်သတ်ထားပါသည်။ လျှောက်လွှာများကို စတင်လက်ခံနေပြီးဖြစ်ပြီး လူတွေ့စစ်ဆေးမှု အောင်မြင်မှသာ သင်တန်းတက်ရောက်ခွင့် ရရှိမည်ဖြစ်ပါသည်။ လျှောက်လွှာနှင့်အတူ ရောင်စုံလိုင်စင် ဓာတ်ပုံနှစ်ပုံနှင့် မှတ်ပုံတင်မိတ္တူတို့ ပါဝင်ရပါမည်။

လျှောက်လွှာတင်ရန်-

(၁) Training Manager, မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း၊ လှိုင်တက္ကသိုလ်နယ်မြေ၊ ရန်ကုန်မြို့။

(၂) မြန်မာမော်တော်ကော်ပိုရေးရှင်း၊ ချယ်ရီဥယျာဉ်အိမ်ရာ၊ သံသုမာလမ်းမကြီး၊ (၁၄/၃)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။

(၃) စုံစမ်းရန် ဖုန်း-၀၉-၄၂၀၀၂၉၇၈၂၊ ၀၁-၈၅၀၀၆၈၂

(၄) Email ဖြင့်လျှောက်လွှာတင်ရန်- michaelsanoo 123@ gmail. com, info@ sakuratradecentre. com

ဒီကရီအတည်ပြုလုပ်ရန်အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ

(တရားမကျင့်ထုံးကိုခဉပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)
မအူပင်ခရိုင်တရားရုံးတော်၌
၂၀၁၅ ခုနှစ် တရားမကြီးမှုအမှတ်-၁၈ နှင့်ဆက်နွယ်သည့်
၂၀၁၅ ခုနှစ် တရားမဓာရီမှုအမှတ်-၁၁

ဒေါ်ဥမ္မာထွေး နှင့် ဦးလင်းမြင့်
(၎င်း၏ အခွင့်ရကိုယ်စားလှယ် ဦးတွမ်ဖေခိုင်)
တရားနိုင် **တရားရှုံး**

ဧရာဝတီတိုင်းဒေသကြီး၊ ညောင်တုန်းမြို့နယ်၊ အာဇာနည်လမ်း၊ အမှတ် ၈ နေ ဦးလင်းမြင့် (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ ၂၀၁၅ ခုနှစ် တရားမကြီးမှုအမှတ်-၁၈တွင် ကျရှိသည့် ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင် ဒေါ်ဥမ္မာထွေး (၎င်း၏ အခွင့်ရကိုယ်စားလှယ် ဦးတွမ်ဖေခိုင်)က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင် ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရှေ့နေ (သို့မဟုတ်) အခွင့်ရ ကိုယ်စားလှယ်ဖြင့်ဖြစ်စေ ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီ ၁၅ ရက် (၁၃၇၇ခုနှစ် တပို့တွဲလဆန်း ၇ရက်) မွန်းမတည့်မီ ၁၀နာရီတွင် ဤရုံးတော်ရှေ့လာရောက်ရမည်။

၂၀၁၆ ခုနှစ် ဇန်နဝါရီ ၂၆ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ဝင်းကြွေ)
ခရိုင်တရားသူကြီး
မအူပင်ခရိုင်တရားရုံး

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄၂/ခ ကံဘဲ့၊ မြေကွက်အမှတ် ၁၄/န၊ မြေကွက်တည်နေရာအမှတ် ၁၀၊ မဇ္ဈူ(အထက်)လမ်း၊ (၈)ရပ်ကွက်၊ရန်ကင်းမြို့နယ် ဒေါ်အုန်းကြင် ၁၂/ဒဂန(နိုင်)၀၁၃၄၀၉ အမည်ပေါက် မြေပိုင်မြေအား မိခင်ဒေါ်အုန်းကြင်နှင့် ဖခင် ဦးကျင်ထွေးတို့ ကွယ်လွန်သဖြင့် သားသမီးများဖြစ်သော (၁)ဒေါ်ယုယု ၁၂/ဒဂန(နိုင်) ၀၀၅၉၃၈၊ (၂)ဦးလှဆောင် ၉/မနတ(နိုင်)၀၈၆၇၆၃၊ (၃)ဦးမြတ်သူ ၁၂/ဒဂန(နိုင်)၀၀၉၇၇၂၊ (၄)ဦးကျော်သူ ၁၂/ဒဂန(နိုင်)၀၀၅၃၂၇၊ (၅)ဦးအောင်သူ ၁၂/ ဒဂန(နိုင်) ၀၀၆၃၅၉တို့အနက် ဒေါ်ယုယု ၁၂/ ဒဂန(နိုင်) ၀၀၅၉၃၈မှ ကိုယ်တိုင်နှင့် ဦးလှဆောင် ၉/ မနတ(နိုင်)၀၈၆၇၆၃၊ ဦးကျော်သူ ၁၂/ဒဂန(နိုင်)၀၀၅၃၂၇တို့ထံမှ GPရယူလျက် ဦးမြတ်သူ ၁၂/ဒဂန(နိုင်)၀၀၉၇၇၂၊ ဦးအောင်သူ ၁၂/ဒဂန(နိုင်)၀၀၆၃၅၉တို့နှင့် ပူးတွဲ၍ ကျမ်းကျိန်လွှာ၊ မိခင်၊ ဖခင်တို့၏ သေစာရင်းများတင်ပြ၍ ပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါကလုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးမည် ကြေညာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကိုယ်စားလှယ်လွှဲစာများ ပြန်လည်ရုပ်သိမ်းကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ဒိုဘီလိုင်း အထက် မန္တလေးလမ်းသွယ်(၃)၊ အမှတ် (၆)နေ ဦးအောင်ကြည် ၁၂/မဂတ(နိုင်)၀၂၄၆၇၁မှ ဦးနေစိုးဦး ၁၂/မဂတ(နိုင်) ၀၇၂၀၉၀ အား ရန်ကုန်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံး ၁၆-၇-၂၀၁၂ ရက်စွဲပါ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် ၁၂၅၅၇ နှင့် ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်မြောက်ရပ်ကွက်၊ ဒိုဘီလိုင်း ၁ လမ်း၊ အမှတ် ၁၉ နေ (၁) ဦးတင်ဝင်း ၁၂/မဂတ(နိုင်) ၀၂၄၆၆၄၊ (၂) ဒေါ်ခင်မာအေး ၁၂/မဂတ(နိုင်)၀၂၄၆၈၂၊ (၃) ဦးရွှေတင့် ၁၂/အစန(နိုင်) ၀၈၄၀၅၁တို့မှ ဦးနေစိုးဦး ၁၂/မဂတ(နိုင်)၀၇၂၀၉၀ အား ရန်ကုန်မြို့စာချုပ်စာတမ်း မှတ်ပုံတင်ရုံး၊ ၈-၁၀-၂၀၁၂ ရက်စွဲပါ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် ၁၆၃၇၈ တို့အား ပြန်လည်ရုပ်သိမ်းပြီးဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးခင်မောင်ဝင်း LL.B
အထက်တန်းရှေ့နေ (စဉ်-၂၃၈၂၈)
အမှတ် (၁၁၅-ခ)၊ မိုးမခလမ်း၊ ၄၆ ရပ်ကွက်၊ မ/ဒဂုံ၊
ဖုန်း-၀၉-၄၅၀၀၄၈၀၇၆

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ ဇဝနရပ်ကွက်၊ မင်္ဂလာရိပ်သာ(၁)လမ်း၊ ကွင်းအမှတ်(၂၇/ခ)၊ ဦးညိုခြံအမှတ်(၁)ဟုခေါ်တွင်သော မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသောတိုက်အမှတ်(စီ) (၄)ခန်းတွဲ(၈)ထပ်ခွဲတိုက်၏ ဆဋ္ဌမထပ်မှ အခန်းအမှတ်(၆၄)အကျယ်အဝန်း (၃၈.၅ပေ×၃၇ပေ)၊ (၁၄၂၅.၅)စတုရန်းပေရှိ ကွန်ဒိုတိုက်ခန်းနှင့်ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်း

အသိပေးကြေညာခြင်း

အထက်လိပ်စာပါကွန်ဒိုတိုက်ခန်းသည် ၁၂-၉-၂၀၁၃ရက်စွဲပါ မြေရှင်များနှင့် ကန်ထရိုက်တာတို့ အကျိုးတူအိမ်ရာ ဆောက်လုပ်ခြင်း ကတိစာချုပ်အရ ခံစားပိုင်ဆိုင်ခွင့်ရရှိသူ ထူးပြည့်ပြည့်စုံဆောက်လုပ်ရေးကုမ္ပဏီလီမိတက်မှ အုပ်ချုပ်မှုဒါရိုက်တာ ဦးသိန်းသန်းဝင်း ၂/ဖရဆ (နိုင်)၀၁၂၇၁၃ထံမှ ဝယ်ယူရန်ကျွန်ုပ်တို့၏ မိတ်ဆွေများမှ စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ယင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း ကျွန်ုပ်ထံသို့ခိုင်လုံသော အထောက်အထားမှုရင်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်အား အပြီးသတ် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးဘူမောင်(LL.B)(၂၂၇၄၇)၊ ဒေါ်နှင်းပွင့်သန်း(LL.B)(၂၇၀၇၅)
လင်း အကျိုးဆောင် အထက်တန်းရှေ့နေများ
အမှတ်(၅/၁၁)၊ ဘီ/မြေညီ၊ ဗျိုင်းရေအိုးစင်လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၁-၅၅၁၆၅၉၊ ၀၉-၅၁၁၈၀၀၇၊ ၀၉-၅၁၁၅၉၉၀၊ ၀၉-၇၉၀၁၈၉၈၆၀

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ အလုံမြို့နယ်၊ ဆင်မင်းရပ်ကွက်၊ ကမ်းနားလမ်း၊ မင်္ဂလာဆင်မင်းအိမ်ရာ၊ တိုက်အမှတ် ၂၊ အခန်းအမှတ် ၀၀၇ သည် ဦးကျော်မြင့် အမည်ဖြင့်ရရှိသာ အခန်းဖြစ်ပါသည်။ အဆိုပါအခန်းကို ဒေါ်နန်းဝင်းခိုင် ၁၂/လမန(နိုင်)၀၆၁၄၂၄ က စာချုပ်စာတမ်းများဖြင့် အပြီးအပိုင်ဝယ်ယူပြီးဖြစ်ပါသဖြင့် ဒေါ်နန်းဝင်းခိုင်မှ တိုက်ခန်းပိုင်ဆိုင်မှု အမည်ပြောင်းလဲရန် လျှောက်ထားခြင်းအား ကန့်ကွက်လိုပါက မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ မြေနှင့်အိမ်ရာဌာနခွဲ၊ အိမ်ရာ၂ သို့ ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။ **အိမ်ရာ-၂**

မြေနှင့်အိမ်ရာဌာနခွဲ၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန
နေပြည်တော်

Techo Corporation Pte Ltd ၏ မန်နေဂျင်းဒါရိုက်တာဖြစ်သူ Mr.Tan Chye Heng၊ ဒေါ်သီတာလင်းနှင့် အများသိစေရန်ကြေညာခြင်း

၁။ ၂၆-၁-၂၀၁၆ ရက်တွင် ထုတ်ဝေသည့် မြန်မာ့အလင်းသတင်းစာပါ စက်ကိစ္စတွင် Pile စက်ကို Techo မှ Mr.Tan Chye Heng ပိုင်သည် မပိုင်သည်ကို မိမိတို့မသိရှိပါ။ မိမိတို့သည် Pile တူးပေးရန် တာဝန်ကို Techo မှ Mr.Tan Chye Heng နှင့် Myanmar Prime Engineering Construction Co.,Ltd + Myanmar Great Land Pte Ltd မှ ဒေါ်မေဇွန်တို့က စာချုပ်ပါအတိုင်း တာဝန်ယူလုပ်ကိုင်ပေးရမည်ကိုသာ သိရှိပါသည်။

၂။ စက်ကိစ္စအတွက် ငွေကြေးကိစ္စများ၊ ပိုင်ဆိုင်မှုကိစ္စများအပေါ် အခြေခံပြီး ၂၈-၅-၂၀၁၅ ရက်တွင် ဒေါ်မေဇွန်၏ အကျိုးဆောင်တရားလွှတ်တော်ရှေ့နေ ဒေါ်ခင်သန်းဝင်းက Myanmar Prime Engineering Construction Co.,Ltd ပိုင်စက်များဖြစ်၍ မည်သူတစ်ဦးတစ်ယောက်ကိုမျှ လွှဲပြောင်းပေးခြင်းမပြုရန် တားမြစ်ခဲ့ပြီးမိမိတို့ဆုံးရှုံးနစ်နာမှုများ၊ စိုက်ထုတ်ကုန်ကျငွေများအတွက် ကုမ္ပဏီပိုင်ပစ္စည်းများကို ထုခွဲရောင်းချ၍ဖြစ်စေ၊ ကုမ္ပဏီပိုင်ငွေကြေးများဖြင့်ဖြစ်စေ ရှင်းလင်းပေးရန် ဆန္ဒရှိပါသည်ဟု အေးမိသားစုသို့ အကြောင်းကြားခဲ့ပါသည်။

၃။ ယင်းအကြောင်းကြားစာကို Mr.Tan Chye Heng နှင့် ၎င်း၏ရှေ့နေများဖြစ်သည့် ဦးစိုးမြင့်နှင့် ဦးအောင်ကိုဦးတို့ထံ ပေးပို့ထားပြီးဖြစ်သော်လည်း Mr.Tan Chye Heng သည် ယနေ့တိုင် ဖြေရှင်းနိုင်ခြင်းမရှိသေးခြင်းကြောင့် ၎င်း၏ တာဝန်သာဖြစ်ပါသည်။

၄။ Myanmar Prime Engineering Construction Co.,Ltd နှင့် Myanmar Great Land Pte Ltd တို့တွင် Mr.Tan Chye Heng အနေဖြင့် လုံးဝပတ်သက်ခြင်းမရှိကြောင်းနှင့် ဒေါ်မေဇွန်သည်သာ မန်နေဂျင်းဒါရိုက်တာဖြစ်ကြောင်းတို့ကို ကုမ္ပဏီများဆိုင်ရာရုံးမှ စုံစမ်းသိရှိရသည့်အပြင် Mr.Tan Chye Heng သည် တရားဥပဒေနှင့်အညီ စီးပွားရေးလုပ်ကိုင်နေသူ နိုင်ငံခြားသားတစ်ဦးမဟုတ်ကြောင်းကိုလည်း ထပ်မံသိရှိရပါသည်။

၅။ ဗဟန်းမြို့နယ်တရားရုံးတွင် ၁၇-၃-၂၀၁၅ ရက်က အမှုဖွင့်အရေးယူခံထားရပြီးဖြစ်သော်လည်း ယနေ့တိုင် Techo ကုမ္ပဏီ၏ ရုံးနေရာအတည်တကျမရှိခြင်းကြောင့် Mr.Tan Chye Heng နှင့် မသီတာလင်းတို့ကို ရှာမတွေ့ဘဲ တိမ်းရှောင်နေကြောင်းကို စုံစမ်းသိရှိရသဖြင့် လိုအပ်သလို ဥပဒေနှင့်အညီ ဆက်လက်အရေးယူသွားမည်ဖြစ်ကြောင်း အသိပေး အကြောင်းကြားအပ်ပါသည်။

၆။ ယင်းမြန်မာ့အလင်းသတင်းစာပါ အေးမိသားစုကုမ္ပဏီလီမိတက်၏ မန်နေဂျင်းဒါရိုက်တာဖြစ်သူ ဒေါ်ဟေဇာမြင့်ဦးနှင့် အများသိစေရန် ကြေညာချက်သည် စာချုပ်စာတမ်းပါ အချက်အလက်များနှင့် မကိုက်ညီခြင်း၊ မဟုတ်မမှန်ဖော်ပြရေးသားခြင်းများနှင့် အေးမိသားစုက ငွေကျပ် ၉၆၈၈၉၇၈၂ (ကျပ်သိန်းကိုးရာခြောက်ဆယ့်ရှစ်သိန်းရှစ်သောင်းကိုးထောင့်ခုနစ်ရာရှစ်ဆယ့်နှစ်ကျပ်တိတိ)ရရှိရန် တောင်းခံထားသည့် ကိစ္စနှင့်လုပ်ငန်းနှောင့်နှေးကြန့်ကြာသည့်အပြင် လုပ်ငန်းပြီးမြောက်သည်အထိ မဆောင်ရွက်နိုင်ခြင်းတို့ကြောင့် မိမိတို့ငွေကြေးနစ်နာဆုံးရှုံးခဲ့ရမှု၊ စိတ်ညှိုးနွမ်းခံစားရမှုတို့အတွက် နစ်နာကြေးတောင်ခံရန်ကိစ္စတို့ကို ရာဇဝတ်ကြောင်းအရလည်းကောင်း၊ တရားမကြောင်းအရလည်းကောင်း ဆက်လက်ဆောင်ရွက်သွားရန် ကျွန်ုပ်အား ညွှန်ကြားထားပြီးဖြစ်ကြောင်း အသိပေးအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးထွန်းရှိန် B.A(Law), LL.B
တရားလွှတ်တော်ရှေ့နေ (လိုင်စင်-၁၅၈၂)
အမှတ် ၁၁၆၊ ရွှေတောင်တန်းလမ်း၊ လမ်းမတော်မြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၅၀၃၃၂၉၄

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုခဉပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
တောင်ဥက္ကလာပမြို့နယ်တရားရုံးတော်
၂၀၁၆ ခုနှစ် တရားမကြီးမှုအမှတ်-၄

ဒေါ်ဝင်းပပ နှင့် ၁။ ဦးဇော်ဝင်း
၂။ ဦးအောင်ငွေ
တရားလို **တရားပြိုင်များ**

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၆)ရပ်ကွက်၊ ကုန်းဘောင် ၁၃ လမ်း၊ အမှတ် ၁၁၂၈နေ ဦးဇော်ဝင်း၊ ဦးအောင်ငွေ (ယခုနေရပ်လိပ်စာမသိ) တို့ သိစေရမည်။

တရားလို ဒေါ်ဝင်းပပက ပဋိညာဉ်အတိုင်း အရောင်းအဝယ်စာချုပ်ကို မှတ်ပုံတင်ပေးစေလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်တို့ကိုယ်စားလှယ်ရုံးတော် အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီ ၁၁ ရက် (၁၃၇၇ခုနှစ် တပို့တွဲလဆန်း ၃ ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလို စွဲချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်တို့သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်တို့မလာရောက်ပျက်ကွက်ခဲ့လျှင် သင်တို့ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်တို့ကထုချေတင်ပြ အမှီပြုလုပ်လိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်တို့နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်တို့ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်တို့ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမတိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၆ခုနှစ် ဇန်နဝါရီ ၂၈ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ခင်မောင်ဆွေ)
မြို့နယ်တရားသူကြီး
တောင်ဥက္ကလာပမြို့နယ်တရားရုံး

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ ၁ နှင့် ၅)
ဇမ္ဗူသီရိမြို့နယ်တရားရုံး
၂၀၁၅ ခုနှစ် တရားမကြီးမှုအမှတ်-၅၁

ဒေါ်နွယ်နီကျော် နှင့် ဦးညီဇော်ဦး
တရားလို **တရားပြိုင်**

ဧရာဝတီတိုင်းဒေသကြီး၊ ညောင်တုန်းမြို့နယ်၊ အမှတ်(၁)ရပ်ကွက်၊ ဦးဘဦးခြံလမ်းနေ တရားပြိုင် ဦးညီဇော်ဦး (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ ဒေါ်နွယ်နီကျော်က လင်မယားအဖြစ် ကွာရှင်းပြတ်စဲပေးစေလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၁၆ ခုနှစ် မတ် ၁ရက် (၁၃၇၇ ခုနှစ် တပို့တွဲလပြည့်ကျော် ၇ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင်အထက်ပါနေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၆ ခုနှစ် ဇန်နဝါရီ ၂၆ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ဇော်သူရ)
တွဲဖက်မြို့နယ်တရားသူကြီး(၂)
ဇမ္ဗူသီရိမြို့နယ်တရားရုံး

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
စစ်တွေမြို့၊ မြို့နယ်တရားရုံးတော်၌
၂၀၁၄ခုနှစ် တရားမကြီးမှုအမှတ်-၁၄

ဦးလှသာထွန်း နှင့် ၁။ ဒေါ်မသိန်းနု
၎င်း၏အခွင့်ရကိုယ်စားလှယ် ၂။ ဦးမောင်ကြီး
ဦးဇော်ဇော်မင်း(ခ)ထွန်းနေဇော် (ကွယ်လွန်သူ ဒေါ်မဦး၏ တရားဝင်ကိုယ်စားလှယ်များ)
တရားလို **တရားပြိုင်များ**

စစ်တွေမြို့၊ ကျေးပင်ကြီးရပ်ကွက်၊ ရွှေသာလမ်းနှင့်သာဇံလှလမ်းကြားနေ ဦးမောင်ကြီး (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဦးလှသာထွန်းက ပဋိညာဉ်နှင့်အညီ ရောင်း/ပေါင်မြေနှင့် မြေပေါ်ရှိ အဆောက်အအုံအား လက်ရောက်ပေးအပ်စေလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီ ၂၆ရက် (၁၃၇၇ခုနှစ် တပို့တွဲလပြည့်ကျော် ၃ရက်) မွန်းမတည့်မီ ၁၀:၀၀ နာရီတွင် အထက်ကအမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင် သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၆ ခုနှစ် ဇန်နဝါရီ ၂၇ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ် ရေးထိုး ထုတ်ပေးလိုက်သည်။

(စန်းစန်းဝင်း)
တွဲဖက်မြို့နယ်တရားသူကြီး (၁)
စစ်တွေမြို့နယ်တရားရုံး

လူပျောက်ကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ မအူကုန်းရပ်ကွက်၊ ၁၃၅ လမ်း၊ အမှတ် (၃၆/၇-ဘီ) နေ (အဘ) ဦးစိုးလှိုင် (၁၀/ပမန(နိုင်) ၀၉၂၄၃၉) ၏သားဖြစ်သူ မောင်ဇော်လွင်ဦး (၁၀/မလမ(နိုင်)၂၃၉၅၉၅) သည် ၂၈-၁-၂၀၁၆ ရက်နေ့ ည ၇:၀၀ နာရီ၌ ဘုရင့်နောင်ဈေးဆိုင်မှပြန်လာပြီး နေအိမ်ရောက်ရှိလာခြင်းမရှိဘဲ ပျောက်ဆုံးနေပါသဖြင့် ခေါ်ဆောင်သွားသူနှင့် ဖြားယောင်းသွေးဆောင်လက်ခံထားသူများမှ ကျွန်ုပ်ထံသို့ လာရောက်အပ်နှံရန်နှင့် ပျက်ကွက်ပါက ဥပဒေနှင့်အညီ ဆက်လက်တရားစွဲဆိုဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးစိုးလှိုင် (၁၀/ပမန(နိုင်) ၀၉၂၄၃၉)
ဖုန်း - ၀၉ ၉၇၀၉၉၇၆၇၊
၀၉ ၄၂၁၀၇၉၀၅၇။

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 7H/5866 Toyota Belta SCP 92 S/L (4x2) ယာဉ်လက်ဝယ်ရှိသူ ဒေါ်အေးအေးထွန်း ၁၂/ပဘတ(နိုင်)၀၃၁၀၅၉က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်လာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်တောင်ပိုင်း)၊
သန်လျင်မြို့

ပြင်ဆင်ဖတ်ရှုပါရန်

၂-၉-၂၀၁၅ ရက်နေ့ မြန်မာ့အလင်းသတင်းစာ၏စာမျက်နှာကြော်ငြာ(ဆ)ကန့်ကွက်နိုင်ကြောင်းကြော်ငြာအမှတ်စဉ်(၉)ဦးစိုးမြင့်လှိုင် +၁၈၈၏ဂရန်သစ်တွင်မြေအမည်ပေါက်ဦးအောင်သိန်းအစား ဒေါ်မော်လီသိန်းဟုအမှန်ဖတ်ရှုပါရန်။

မိုးကုတ်ဝိပဿနာတရားစခန်းပွဲ

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ငါးထပ်ကြီးမြောက်ရပ်ကွက်၊ ရွှေဂုံတိုင်လမ်း၊ ဗန္ဓုလပင်မှတ်တိုင်၊ လိပ်ပြာကန်တိုက်၊ မြတ်တံခွန်စာသင်တိုက်တွင် ၁၃၇၇ ခုနှစ် ပြာသိုလပြည့်ကျော် ၁၂ ရက်မှ တပို့တွဲလဆန်း ၂ ရက်အထိ ၅-၂-၂၀၁၆ ရက်မှ ၁၁-၂-၂၀၁၆ရက်အထိ တရားစခန်းဖွင့်လှစ်ပါမည်။ တရားစခန်းဝင်လိုသော ယောဂီများ စာရင်းပေးသွင်းနိုင်ကြပါသည်။ ဖုန်း-၀၉-၅၁၁၉၉၇၀၊ ၀၉-၇၃၁၄၇၁၄၃

မြတ်တံခွန်စာသင်တိုက် သိမ်၊ ကျောင်း၊ ဓမ္မာရုံအလှူတော်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ငါးထပ်ကြီးမြောက်ရပ်ကွက်၊ ရွှေဂုံတိုင်လမ်း၊ ဗန္ဓုလပင်မှတ်တိုင်၊ လိပ်ပြာကန်တိုက်၊ မြတ်တံခွန်စာသင်တိုက်တွင် စာပေပရိယတ္တိသင်ကြားသော သံဃာတော်များ၊ သီတင်းသုံးနေထိုင်ရန် ယောဂီများတရားအားထုတ်နိုင်ရန် ပေ(၈၀× ၅၀)ရှိ သိမ်၊ ကျောင်း၊ ဓမ္မာရုံတော်ကြီးဆောက်လုပ်နေပါသည်။ အလှူရှင်များ ကမ္မည်းတင်၍ လှူဒါန်းနိုင်ပါသည်။

(၁)	ဘုရားခန်း	သိန်း ၇၀
(၂)	သိမ်	သိန်း ၅၀၀
(၃)	အာစီကြမ်းခင်း တစ်လွှာ	သိန်း ၃၇၀
(၄)	စတီးဝရံတာပတ်လည်	၂၃ သိန်း
(၅)	ခန်းမတံခါး	၁၀ သိန်း
(၆)	ရေကန် ၁ ကန်	၉ သိန်း
(၇)	၁၀ ပေ တစ်ခန်း	၉ သိန်း
(၈)	လှေကား ၁ စင်း	၅ သိန်း
(၉)	တိုင် ၁ လုံး	၃ သိန်း
(၁၀)	ရေချိုးခန်း	၃ သိန်း
(၁၁)	ကုဋီ ၁ ခန်း	၃ သိန်း
(၁၂)	ပြတင်းတံခါး	၁ သိန်း

ကျောင်းဖြစ်မြောက်ရေးအဖွဲ့
မြတ်တံခွန်စာသင်တိုက်
ဖုန်း-၀၉-၅၁၁၉၉၇၀၊ ၀၉-၇၃၁၄၇၁၄၃

အထက(၃)စမ်းချောင်း (၁၇)ကြိမ်မြောက် အာစရိယပူဇော်ပွဲ ဖိတ်ကြားလွှာ

နှစ်စဉ်ကျင်းပမြဲဖြစ်သော မြတ်ဆရာပူဇော်ပွဲကို (၁၇)ကြိမ်မြောက်အဖြစ် ၂-၃-၂၀၁၆ရက် တောင်သူလယ်သမားနေ့ နံနက်၉း၀၀နာရီတွင် အထက(၃)စမ်းချောင်း၌ ကျင်းပမည်ဖြစ်ပါသဖြင့် နှစ်စဉ်အပူဇော်ခံ ဆရာ၊ ဆရာမကြီးများအား ကျောင်းသား ကျောင်းသူများမှ တွေ့ဆုံကန်တော့နိုင်ပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ကြွရောက်ကြပါရန်) အလှူငွေများကို အောက်ပါအမှုဆောင်များထံတွင် ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

ဦးခင်ဝင်း ဖုန်း-၀၉-၅၁၃၈၂၃၃ **ဦးခင်မောင်ဝင်း** ဖုန်း-၀၉-၃၁၁၂၂၀၉၇
ဆရာရွှေဇီဝ(ခ) ဖုန်း-၀၉-၅၁၄၉၅၃၃ **ဆရာမဒေါ်ရီရီမြေ** ဖုန်း-၀၉-၆၄၅၁၄၉၄
ဦးစန်းလွင်
ဒေါ်သီသီရွှေ ဖုန်း-၀၁-၅၁၀၆၄၆ **ဦးကံသာ** ဖုန်း-၀၉-၄၂၀၀၁၆၀၆၂
နှင်းဝေငြိမ်း ဖုန်း-၀၉-၅၀၅၉၁၄၃ **ဦးအေးသိန်း(OD)** ဖုန်း-၀၉-၅၁၀၈၀၈၇
ဒေါ်အေးမီသွယ် ဖုန်း-၀၉-၇၉၀၆၀၅၅၈၁ **ဦးကျော်သူ** ဖုန်း-၀၉-၄၂၀၀၅၄၇၁၁

ပူဇော်ပွဲဖြစ်မြောက်ရေးအဖွဲ့

မအူပင် GTI (၂၅)နှစ်ပြည့် ငွေရတုအထိမ်းအမှတ်နှင့် မအူပင်နည်းပညာသိပ္ပံ၊ ကောလိပ်၊ တက္ကသိုလ်(၁၉၉၁-၂၀၀၆)ပညာသင်နှစ် ကျောင်းသား/သူဟောင်းများ၏

သတ္တမအကြိမ် မြတ်ဆရာပူဇော်ပွဲနှိုးဆော်စာ

မအူပင် GTI, GTC, TU ကျောင်းသား/သူဟောင်းများအသင်းမှ ဦးဆောင်ကျင်းပမည့် မအူပင် GTI (၂၅)နှစ်ပြည့် ငွေရတုအထိမ်းအမှတ် အခမ်းအနားနှင့် သတ္တမအကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲအခမ်းအနားကို အောက်ဖော်ပြပါ အစီအစဉ်အတိုင်း စည်ကားစွာကျင်းပမည်ဖြစ်ပါသဖြင့် မအူပင်ကျောင်းဆင်း ညီအစ်ကို၊ မောင်နှမအားလုံးမပျက်မကွက် ပျော်ရွှင်စွာ တက်ရောက်ကြပါရန်နှင့် အလှူငွေများအား အောက်ဖော်ပြပါ အလှူငွေကောက်ခံရေးကိုယ်စားလှယ်များထံ ဆက်သွယ်လှူဒါန်းကြပါရန် နှိုးဆော်အပ်ပါသည်။

အခမ်းအနားအစီအစဉ်

နံနက် ၉ နာရီ	- ငွေရတုအထိမ်းအမှတ်မှခ်ဦးဖွင့်လှစ်ခြင်း
နံနက် ၁၀နာရီမှ ၁၂ နာရီ	- ကန်တော့ခံ ဆရာ၊ဆရာမကြီးများအား နေ့လယ်စာ ကျွေးမွေးခြင်း
မွန်းလွဲ ၁ နာရီမှ ၃ နာရီ	- ဆရာကန်တော့ပွဲကျင်းပခြင်း
ညနေ ၅ နာရီမှ ည ၁၀နာရီ	- အထိမ်းအမှတ် မိတ်ဆုံစားပွဲကျင်းပခြင်း (Band ဖျော်ဖြေရေးအစီအစဉ်ပါဝင်ပါမည်)
နေ့ရက်	- ၁၂-၂-၂၀၁၆(ပြည်ထောင်စုနေ့)(သောကြာနေ့)
နေရာ	- ယခင် GTI ကျောင်းဟောင်းဝင်းအတွင်း၊ မအူပင်မြို့

မော်တော်ယာဉ်ခရီးစဉ်ဖြင့် ထွက်ခွာမည်ဖြစ်ပါသည်။ အစီအစဉ်အသေးစိတ်ကို ထပ်မံကြေညာပေးမည်ဖြစ်ပါသည်။

အလှူငွေကောက်ခံရေးကိုယ်စားလှယ်များ

၁။	ကိုဝင်းမော်သိန်း(ကိုမော်ကြီး)	(92-94 EC)	Ph:09-73079837
၂။	ကိုအောင်ကျော်စိန်(ကိုလတ်ကြီး)	(93-94 EC)	Ph:09-794950544
၃။	ကိုကြည်ဝင်းသိန်း	(94-96 EC)	Ph:09-5083841
၄။	မအေးအေးမော်	(98-00 EC)	Ph:09-421022685
၅။	ကိုသန့်ဇော်ဦး(ကုလားလေး)	(94-96 EC)	Ph:09-448014443
၆။	မဝတ်ရည်တင်	(01-04 EC)	Ph:09-5011110
၇။	ကိုသောင်းထိုက်လွင်	(92-44 EP)	Ph:09-49251327
၈။	ကိုစိုးမိုးကျော်	(93-95 EP)	Ph:09-73143393
၉။	မနီမာဇင်	(93-95 EP)	Ph:09-73004597
၁၀။	ကိုကျော်နိုင်ဦး	(96-98Civil)	Ph:09-8576283
၁၁။	ကိုစမ်းမောင်မောင်	(97-99 MT)	Ph:09-5042340
၁၂။	ကိုရဲလွင်ဦး	(94 MT)	Ph:09-5050397
၁၃။	ကိုတင်မောင်ဦး	(96 MP)	Ph:09-73119668
၁၄။	မသီရိဝင်းရွှေ	(2000 MP)	Ph:09-43065666

အထူးလိုက်လှဲဝမ်းမြောက်ကြောင်းဂုဏ်ပြုလွှာ

၂၀၁၆ ခုနှစ် (၆၈)နှစ်မြောက် (လွတ်လပ်ရေးနေ့)တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတရုံး၏ အမိန့်ကြော်ငြာစာအမှတ် ၁/၂၀၁၆ ဖြင့် ဦးဉာဏ်ဝင်း (ဥက္ကဋ္ဌ-သူရိယစန္ဒာဝင်းကုမ္ပဏီ)၏ ဇနီး **သုဓမ္မသီဂီဒေါ်အေးအေးမာ** (ဒါရိုက်တာ၊ သူရိယစန္ဒာဝင်း ကုမ္ပဏီလီမိတက်)အား **သီဟသုဓမ္မသီဂီ** ဘွဲ့တံဆိပ်တော်ကို ထိုက်ထိုက်တန်တန်ချီးမြှင့်အပ်နှင်းခြင်းခံရသည့်အတွက် အထူးလိုက်လှဲဝမ်းမြောက်ဂုဏ်ယူကြောင်းနှင့် နောင်တွင်လည်း မိသားစုနှင့်အတူ သက်ရှည်ကျန်းမာစွာဖြင့် နိုင်ငံနှင့်လူမျိုး ဘာသာ၊ သာသနာအကျိုးတို့ကို ဆတက်ထမ်းပိုးတိုး၍ ဆက်လက်ဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက် အထူးဂုဏ်ပြုအပ်ပါသည်။

ဆရာတော်
သျှစ်သောင်းပရိယတ္တိစာသင်တိုက်
မြောက်ဦးမြို့၊ ရခိုင်ပြည်နယ်

ဝမ်းမြောက်ဂုဏ်ယူခြင်း

ရွှေနဒီပရဟိတကျောင်းဒါယကာ၊ ကျောက်ပန်းတောင်းမြို့နယ်အသင်း(ရန်ကုန်) ဦးဆောင်နာယက **သီဟသုဓမ္မမဏိဇောတဓရ** ဦးစိုးသိမ်းအား ၂၀၁၆ ခုနှစ် (၆၈)နှစ်မြောက် လွတ်လပ်ရေးနေ့တွင် နိုင်ငံတော်မှ **သီရိသုဓမ္မမဏိဇောတဓရ** ဘွဲ့တံဆိပ်တော် ထပ်ဆင့်ချီးမြှင့်ခြင်းခံရသည့်အတွက် အထူးဝမ်းမြောက် ပါကြောင်းနှင့် ကာယသုခ၊ စိတ္တသုခနှစ်ဖြာ ပြည့်စုံပြီး၊ နိုင်ငံအကျိုး အမျိုးဘာသာ သာသနာအကျိုးများကို ဆတက်ထမ်းပိုးဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက် ဂုဏ်ပြုအပ်ပါသည်။

အမှုဆောင်အဖွဲ့
ကျောက်ပန်းတောင်းမြို့နယ်အသင်း(ရန်ကုန်)

အလှူရှင်များနှိုးဆော်ခြင်း

သာယာဝတီမြို့ သာသနာစခဲ့သော နှစ်ပေါင်း ၁၃၇ နှစ်ရှိ မင်းကျောင်း ပရိယတ္တိစာသင်တိုက်ကြီးအတွင်း၌ ဒေါက်တာဉာဏိဿရ M.A(India) ဓမ္မာစရိယ Ph.D(India) Ph.D(UK), Ph.D(india) မြို့နယ် ဘ/က ဥက္ကဋ္ဌ မြို့နယ်ဝိနည်းဓိုရ်အရှင်သူမြတ်မှ ဦးစီးတည်ဆောက်လျက်ရှိသော အလျားပေ ၂၇၀၊ အနံပေ၅၀ အပြည်ပြည်ဆိုင်ရာသာသနာပြုတက္ကသိုလ် သုံးထပ်ဆောင်ဆောက်လုပ်နေပါပြီ၊ အလှူရှင်များအနေဖြင့် အောက်ပါအတိုင်း လှူဒါန်းနိုင်ရန် စီစဉ်ထားပါသည်။

ဘုရားခန်း	၃၀×၃၀ (သိန်း ၃၀)	RCတိုင်တစ်တိုင်	၄သိန်း၅သောင်း
သံဃာနေ	၃၀×၄၅ (သိန်း ၄၀)	အလူမီနီယမ်တံခါးတစ်ပေါက်	၄သိန်း
စာသင်ခန်း	၃၀×၃၀ (သိန်း ၃၀)	တံခါးမကြီးတစ်ပေါက်	၇သိန်း၃သောင်း
ကွန်ပျူတာခန်း	၃၀×၃၀ (သိန်း ၃၀)	လှေကားတစ်စင်း	သိန်း ၂၀
စာသင်သားခန်း	၃၀×၆၀ (သိန်း၅၀)	ကျား/မအိမ်သာ	၁၅ သိန်း
ဆွမ်းစားခန်း	၃၀×၆၀ (သိန်း ၅၀)	အုတ် အခဲ ၁၀၀၀	၆၀၀၀၀ိ
စာကြည့်တိုက်	၃၀×၆၀ (သိန်း ၅၀)	ဖိုမူးလုံး တစ်တန်	၄၅၀၀၀၀ိ
စာချခန်းဆရာတော်	၁၅×၁၅(၁၅သိန်း)	ကျောက် တစ်ကျင်း	၇၀၀၀၀ိ
ကျောင်းအုပ်ခန်း	၁၅×၃၀ (သိန်း ၂၀)	သဲ တစ်ကျင်းခွဲ	၃၀၀၀၀ိ
အထူးပုဂ္ဂိုလ်ခန်း	၁၅×၃၀ (သိန်း ၂၀)	ဘိလပ် တစ်အိတ်	၅၅၀၀ိ

ဧည့်ကြို ၁၅×၃၀ (သိန်း ၂၀)
ဘွဲ့နှင်းသဘင်ခန်းမ ၃၀×၁၃၅ (သိန်း ၁၀၀)
အစည်းအဝေးခန်းမ ၃၀×၄၅ (သိန်း ၄၀) ကမ္ပည်းထိုးလှူဒါန်းနိုင်ပါသည်။

လှူဒါန်းလိုပါက

ဖုန်း-၀၉-၅၃၆၀၄၃၆ (ကျောင်းအုပ်)
ဖုန်း-၀၉-၄၂၃၆၈၀၇၆၉ (ပြန်ကြားရေးဌာန)
ဖုန်း-၀၉-၃၁၆၅၁၉၁၂ (ပရဟိတပညာရေးရုံးခန်း)
မင်းကျောင်းလူငယ်သင်တန်းကျောင်းနှင့် ဘ/က ပညာရေးကျောင်း

မင်းကျောင်း ပရဟိတ ပရိယတ္တိ ပဋိပတ္တိဘက်စုံသာသနာပြုကျောင်းတိုက်
သာယာဝတီမြို့၊ ပဲခူးတိုင်းဒေသကြီး

ဓာတ်ခွဲစစ်ဆေးသူ(ပထမတန်း) ကျောင်းသူ ကျောင်းသားဟောင်းများ၏

မြတ်ဆရာပူဇော်ပွဲ

ဓာတ်ခွဲစစ်ဆေးသူ ပထမတန်း(ဓာတ်ခွဲကျွမ်းကျင်-၃) ကျောင်းသား ကျောင်းသူဟောင်းများ၏ (၈)ကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကို စည်ကားသိုက်မြိုက်စွာ ကျင်းပလိုပါသဖြင့် မြန်မာနိုင်ငံလုံးရှိ ကျောင်းသူ ကျောင်းသားဟောင်းများကို ဖိတ်ကြားနှိုးဆော်အပ်ပါသည်။

အချိန် - နံနက် ၈နာရီမှ ၁၀း၃၀နာရီ
နေ့ရက် - ၂၀၁၆ခုနှစ် ဖေဖော်ဝါရီ ၁၃ရက် (စနေနေ့)
နေရာ - Dophin ခန်းမ၊ ကန်တော်ကြီး မြေပဒေသာကျွန်း၊ ရေခဲဆိုင်မှတ်တိုင်အနီး

ဆက်သွယ်လှူဒါန်းရန်

ရန်ကုန်

၁။ ဦးကြည်လှ(NHL-ငြိမ်း)	ဖုန်း-၀၉-၅၀၄၇၈၂၁
၂။ ဦးဝင်းထိန်ဦး(မြောက်ဥက္ကလာပဆေးရုံ)	ဖုန်း-၀၉-၇၃၀၁၈၈၄၀
၃။ ဒေါ်နော်ကျင်သိန်း(NHL)	ဖုန်း-၀၉-၂၅၄၂၆၀၅၄၈
၄။ ဦးမြင့်မောင်(အမျိုးသားသွေးဌာန)	ဖုန်း-၀၉-၂၅၄၀၅၀၉၆၃
၅။ ဦးစိုးလွင်ဦး(ရန်ကုန်ဆေးရုံကြီး)	ဖုန်း-၀၉-၂၅၀၀၈၂၉၈၃

မန္တလေး

၁။ ဦးစိုးမြင့်(ခုခံကျ/ကာလသားဌာန-ငြိမ်း)	ဖုန်း-၀၉-၂၅၉၁၄၁၂၂၃
၂။ ဦးထွန်းလှ(နေပြည်တော်)	ဖုန်း-၀၉-၄၉၂၄၅၇၄၆
၃။ ဦးသန်းနိုင်ချစ်(PHL)	ဖုန်း-၀၉-၂၀၆၀၂၂၉

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်-၈၊ မြေကွက်အမှတ်-၃၉၇/က၊ မြေကွက်တည်နေရာအမှတ်-၃၉၇/က၊ နဝရတ်(၁)လမ်း၊ (၈)ရပ်ကွက် သာကေတမြို့နယ်၊ ၁။ ဦးချန်ဒရား (TKA-၀၄၅၁၁၅)၊ ၂။ ဒေါ်မကာရာပါရီ (TKA-၀၅၄၁၀၃)အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက်တစ်ဦးဖြစ်သူ ဒေါ်မကာရာပါရီသည် (အပျိုကြီး)ဘဝဖြင့် လည်းကောင်း၊ ညီမတစ်ဦးဖြစ်သူ သာနလချမိမှာလည်း (အပျိုကြီး) ဘဝဖြင့်လည်းကောင်း၊ အသီးသီးကွယ်လွန်ကြသဖြင့် ကျန်အမည်ပေါက် အစ်ကိုနှင့် ကျန်အစ်ကို၊ အစ်မတော်စပ်သူများဖြစ်သော ၁။ ဦးအာရမ္မာန်(TKA-၀၃၄၉၆၄)၊ ၂။ ဒေါ်ပူစပါး (TKA-၀၃၅၉၆၇)၊ ၃။ ဦးချန်ဒရား(ခ) ဦးစိန်ဝင်း (TKA-၀၄၅၁၁၅) ၁၂/သကတ(ပြု)၀၀၀၄၈၅တို့မှ သေစာရင်း၊ ကျမ်းကျိန်လွှာတင်ပြ၍ ပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

"ကန့်ကွက်နိုင်ကြောင်းကြော်ငြာ"

မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၀/သမိုင်း၊ မြေကွက်အမှတ်-၁/က၏ အစိတ်အပိုင်း ×၆၂'၊ မြေကွက်တည်နေရာအမှတ်-၅၆/ခ၊ တပင်ရွှေထီးလမ်း (၁)ရပ်ကွက်၊ မရမ်းကုန်း မြို့နယ်၊ (ဒေါ်နှင်းစီ)အမည်ပေါက် မြေပိုင်မြေ အိမ်ယာမြေ မြေအား အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်လာသူ ဦးဆိုးဝင်း(ခ) ဟုန်းဆက်မှ (တရားလို)ပြုလုပ်၍ မရမ်းကုန်းမြို့နယ်တရားရုံး တရားမမှုအမှတ်- ၄၁/၂၀၁၅ ဖြင့် ဒေါ်နှင်းစီ၊ ဦးတိုးအောင်တို့အား (တရားပြိုင်) ထားရှိပြီး အရောင်းအဝယ်စာချုပ် ချုပ်ဆိုပေးစေလိုမှုဖြင့်တရားစွဲဆိုခဲ့ရာ တရားလိုမှ အနိုင်ဒီကရီ ရရှိလာပါသည်။ တရားမဇာရီမှုအမှတ်-၂၂/၂၀၁၅ အရတရားရုံးကိုယ်စားဆောင်ရွက်ရန်အတွက် တရားရုံးမှတာဝန်ပေးအပ်ခြင်းခံရသူ ဒေါ်ဦးဆန်းရီ(ဘီလစ်)(၁၁/ကတန(နိုင်)၀၀၀၆၇၄)မှ တရားရုံးအထောက်အထားများ တင်ပြ၍ အရောင်းအဝယ်စာချုပ်ချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့်ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်း

ခရစ်စတယ်တိဗွီ EVD၊ DVD၊ စပီကာ၊ လျှပ်စစ်မီးပုံ၊ ပန်ကာ၊ ထမင်းပေါင်းအိုး၊ ရေပူစက်၊ နားကြပ်၊ Handphone chargen Phone ဓာတ်ခဲ၊ ဖုန်းဘိတ်မျိုးစုံ၊ ဟန်းဖုန်း၊ ရေခဲသေတ္တာ၊ အဲကွန်းစသည့်ပစ္စည်းများအား AIKU JBK NEW JBK အမှတ်တံဆိပ်ဖြင့် မှတ်ပုံတင်သွင်းမည်ဖြစ်ပါသောကြောင့် ကန့်ကွက်မည့်သူရှိပါက ၁၄ ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။

မနိုင်နိုင်ရွှေ
မှတ်ပုံတင်အမှတ်- ၁၂/လမတ(နိုင်) ၀၂၉၉၃၅
ဖုန်း-၀၉၅၀၁၁၄၀၂

၈-၁-၂၀၁၆ရက် မြန်မာ့အလင်းသတင်းစာပါ မြေကွက်အမှတ် (ဒ-၃၀၃၄၅) ဒက္ခိဏသီရိမြို့နယ်နှင့် ပတ်သက်၍ကြေညာချက်အား ပြန်လည်ရုပ်သိမ်းကြောင်း

အများသိစေရန် ရှင်းလင်းကြေညာခြင်း

ကျွန်ုပ်မိတ်ဆွေ ဒေါ်မြင့်မြင့်စန်း ၇/ရတန(နိုင်)၀၇၇၆၃၇ ကိုင်ဆောင်သူ၏ ၂၇-၈-၂၀၁၆ရက်တွင် ပြန်လည်လွှဲအပ်ချက်အရ-

နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်၊ ဒက္ခိဏသီရိရပ်ကွက်၊ မြေကွက်အမှတ်(ဒ-၃၀၃၄၅)၊ အကျယ်(၈၀ပေ×၈၀ပေ)အကျယ်ရှိမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ RC (၁)ထပ် အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်နှင့်ပတ်သက်၍ ၈-၁-၂၀၁၆ရက်စွဲပါ မြန်မာ့အလင်းသတင်းစာ စာမျက်နှာ(၂၇)တွင် ကြေညာထားသည့် အများသိစေရန် ကြေညာခြင်းနှင့်ပတ်သက်၍ ယခုအခါ (ဒ-၃၀၃၄၅)မြေနှင့် အဆောက်အအုံတို့၏ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်မှာ ဦးသိန်းထွန်း ၁၃/ကမန(နိုင်) ၀၈၀၃၁၀ ကိုင်ဆောင်သူ၏ ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်သာ ဖြစ်၍ ကျွန်ုပ်မိတ်ဆွေနှင့် လုံးဝသက်ဆိုင်ပိုင်ဆိုင်ခြင်းမရှိသည့် မြေနှင့် အဆောက်အအုံတို့ဖြစ်ကြောင်း ထို့ကြောင့် ကြေညာချက်အား ပြန်လည်ရုပ်သိမ်းကြောင်း အများသိစေရန် ရှင်းလင်းကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားသူ-	**လွှဲအပ်ညွှန်ကြားချက်အရ-**
ဒေါ်မြင့်မြင့်စန်း	**ဦးပြည့်ဖြိုးအောင်(LL.B, D.B.L)**
၇/ရတန(နိုင်) ၀၇၇၆၃၇	**အထက်တန်းရှေ့နေ (စဉ်-၂၅၈၀၅)**
	အမှတ်(၅၉၅၇)၊ ဥတ္တရသီရိမြို့နယ်၊
	နေပြည်တော်၊ ဖုန်း-၀၉-၄၂၀၇၆၇၄၇၀

ကိုးဘွဲ့ရရိပ်သာ၌ အမြတ်ဆုံး သိမ်၊ ဘုရား၊ ကျောင်း ဒကာခံယူပါ။

နိုင်ငံကျော် ဓမ္မကထိက၊ ကိုးဘွဲ့ရဆရာတော် အရှင်အာစာရာလင်္ကာရအရှင်သူမြတ် တည်ဆောက်သော ဝိပဿနာရိပ်သာ၌ (၁) မြေ ငါးပေပတ်လည် ငါးသောင်းကျပ်၊ (၂)ကျောင်း ငါးပေပတ်လည် ငါးသောင်းကျပ်၊ (၃)သိမ် ငါးပေပတ်လည် ငါးသောင်းကျပ်၊ (၄)ဘုရားစေတီ ငါးပေပတ်လည် ငါးသောင်းကျပ်၊ (၅)အုတ်တံတိုင်း ဆယ်ပေတစ်ခန်း ငါးသောင်းကျပ်၊ (၆)ပစ္စည်းလေးပါးပဒေသာပင် ငါးသောင်းကျပ်နှုန်းဖြင့်-ရန်ကုန်၊ မြောက်ဒဂုံ၊ (၄၂)ရပ်ကွက်၊ ဗိုလ်မှူးဗထူးလမ်း၊ ကိုးဘွဲ့ရကျောင်းသို့ဖြစ်စေ၊ အရှင်အာစာရာလင်္ကာရ-မြောက်ဥက္ကလာ ကမ္ဘောဇဘဏ်၊ အကောင့်နံပါတ် ၀၇၀-၁၂-၁၀၀-၇၃-၇၃၃ သို့ဖြစ်စေ လှူဒါန်းနိုင်ကြပါပြီ။ (ဖုန်း-၀၉ ၂၁ ၁၀ ၃၀၅ ၊ ၀၉ ၇၈၇ ၆၆၆၆ ၇၀၊ ၀၉ ၇၈ ၇၈ ၇၇ ၉၆၉၊ ၀၉ ၂၆ ၃၂ ၄၄၄ ၆၆)

LEGACY MUSIC NETWORK Proudly Presents

ဖြူဖြူကျော်သိန်း ... THE RHYTHM music band

LIVE IN YANGON

မွန်းအောင် ၏ အကောင်းဆုံးတေးသီချင်း(၂၅)ပုဒ်ပါဝင်သော

CD(2 Disc) & DVD KARAOKE ထွက်ပြီ

DESIGN : WYNN NAING

Choose the right school for your child that prepares them for the next step in their educational journey

visit us and get a Special Discount at Kids Fair 2016 (29th - 31st January) Tatmadaw hall

"Fit Brains Gain More"

BRAINWORKS Pre-School

An ISO 9001:2008 and 14001:2004 Certified Institution

Tamwe	41st Street	Kyi Myin Daing	Sanchaung	Aung Zeya	Parami	Taunggyi
24/26 South Race Course St.	107-115 41st Street	17 U Lu Ni Street	336 Pyay Road	34 Aung Zay Ya St.	3 Mya Sabai Street	24/12 Kanbawza st.
401592 - 4	376022, 376010	2300 715 - 6	01 526456	09 262934441-2	09 7310 7376	081 206841-4

www.brainworks-total.com

SH မြင့်သူထက် YU

UDE

PGDMA နည်းပြ/သရုပ်ပြ JO

ရုပ်/သံ ကျေးလက်ဖွံ့ဖြိုးရေး နယ်စပ်

တိုက် (၃၅) ၃ လွှာ၊ ပေ (၅၀)လမ်း (လှည်းတန်းဈေးနောက်လမ်း) ၊ ရန်ကုန်။

ဈာပနပေါ် ဆွမ်းအုပ်

(အဟောင်း)

နံနံကျန်သေးသည်။

တစ်အိတ်=၄၀၀၀၀ကျပ်

☎:01512443, 0973017656, 0973076733

ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 9D/9494၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၉ဃ/၃၉၂၄ Toyota. Belta, Saloon ယာဉ်လက်ဝယ်ရှိသူ ဦးတန်စွန်ဘိ(ခ) အောင်ထွန်း ၁၂/လသန(ဧည့်) ၀၀၀၁၅၃က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူ ထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)

ခရုသင်း (သမင်ဖြူ) LEUCODERMA

ခရုသင်း (သမင်ဖြူ) ၊ ဖြူနီနက်ကွက်များ ၊ အနာကြီးရောဂါ ၊ ယားနာ ၊ ပွေး၊ ဝဲ၊ နှင်းခူ နှင့် အရေပြားရောဂါအမျိုးမျိုးကို ကုသပေးသည်။

ပျောက်ဆုံးကြောင်း

ကျွန်တော် ဦးဝင်းမြင့် ၁၃/သနန(နိုင်) ၀၀၁၇၅၉၏ Passport (NO.မမှတ်မိ) ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၇၇၄၀၅၆၇၈

မီးသတိပြု

ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 1C-8137 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန(ရှာသာကြီး)

ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 7B-7307 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန(ရှာသာကြီး)

ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၄ဃ/၉၁၇၂ ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန(ရှာသာကြီး)

အများသိစေရန်ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ပတ်ကုန်းဝန်းကျင် ရပ်ကွက်၊ အကွက်အမှတ် ၇၃၆၊ အိမ်အမှတ်(D-7)နေ ဒေါ်ရန်ဖေလီ(ခ)လီလီ(ဘ) ဦးရန်ချိရှိုး ၁၃/တယန(နိုင်) ၀၀၀၄၄၇သည် Myanmar Thilawa SEZ Holdings Public Limite၏ အစုရှယ်ယာရှင်တစ်ဦးဖြစ်ပြီး ၄င်းကိုင်ဆောင်ထားသော အစုရှယ်ယာသက်သေခံလက်မှတ် (Shares Certificate)မှာအသိမ်းလွန်အထားမှား၍ ပျောက်ဆုံးသွားပါသဖြင့် Myanmar Thilawa SEZ Holdings Public Limiteသို့ ထပ်မံ ထုတ်ပေးရန် ပြန်လည်လျှောက်ထားမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အဆိုပါ လျှောက်ထားမှုနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် ကျွန်ုပ်ထံသို့ ယခုကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း လာရောက် ကန့်ကွက်နိုင် ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပြီးနောက် ကန့်ကွက်သူမရှိပါက အဆိုပါလျှောက်ထားမှုကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်ရန်ဖေလီ(ခ)လီလီ
၁၃/တယန(နိုင်) ၀၀၀၄၄၇
အကွက်အမှတ် ၇၃၆၊ အိမ်အမှတ်(D-7)၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့

ဦးစိုးထွန်းရှိန်ထံမှ ဝယ်ယူမည့် လှိုင်သာယာမြို့နယ်၊ ရွှေလင်ပန်းစက်မှုမြို့ရှိ

မြေကွက်အရောင်းအဝယ်ကို ကန့်ကွက်ခြင်း

ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ ကုန်သည်လမ်းနှင့် ရွှေဘုံသာလမ်းထောင့်၊ အမှတ် (၆၅၃/၆၉၉)တွင် တည်ရှိသော ကမ္ဘာ့ရတနာဘဏ်(ရုံးချုပ်)မှ တာဝန်ရှိသူ၏ ညွှန်ကြားချက်အရ အများသိစေရန်ကြေညာအပ်သည်မှာ-

ဦးစိုးထွန်းရှိန်မှ အုပ်ချုပ်မှုဒါရိုက်တာအဖြစ်တည်ထောင်ဖွဲ့စည်းထားသော Asian Prosperity Export Inport Co.,Ltd. (အာရှကြီးပွားတိုးတက်ရေးထုတ်ကုန်သွင်းကုန်ကုမ္ပဏီလီမိတက်)သည် ယခင်အခေါ် မြန်မာ့ မွေးမြူရေးနှင့်ရေလုပ်ငန်းဖွံ့ဖြိုးရေးဘဏ်၊ ယခုအခေါ် ကမ္ဘာ့ရတနာဘဏ်မှငွေစာရင်း အမှတ်A-123 A/C ဖြင့် ငွေကျပ်၁၅၀၀၀၀၀၀၀၀/-(ကျပ်သိန်းတစ်သောင်းငါးထောင်တိတိ)ကို၁၀-၁၂-၂၀၀၀ရက်တွင် ချေးယူခဲ့ပြီး ယခုအခါ ၈-၂-၂၀၁၃ ရက်အထိ တိုးရင်းပေါင်း ငွေကျပ် ၂၂၈၂၁၄၀၂၀၀.၅၆ (ကျပ်နှစ်သောင်းနှစ်ထောင့်ရှစ်ရာနှစ်ဆယ့်တစ်သိန်းလေးသောင်းနှစ်ထောင်ငါးဆယ့်ခြောက်ပြားတိတိ)ကို ဘဏ်သို့ ငွေပေးဆပ်ခြင်းမရှိ၍ ရန်ကုန်တိုင်းဒေသကြီး၊ တရားလွှတ်တော် တရားမကြီးအမှုအမှတ်-၅၀/၂၀၁၃ဖြင့် တရားစွဲဆိုထားလျက်ရှိပါသည်။

သို့ဖြစ်ပါ၍ ၂၆-၁-၂၀၁၆ ရက်စွဲပါ မြန်မာ့အလင်းသတင်းစာကြော်ငြာစာမျက်နှာ ၂၉ တွင်ပါရှိသည့် တရားလွှတ်တော်ရှေ့နေ ဒေါ်ချိုချိုဝင်းအားလွှဲအပ်ထားသည့် "ကန့်ကွက်ရန်ရှိ/မရှိ အများသိစေရန် ကြေညာခြင်း"ဖြစ်သည့် ဦးစိုးထွန်းရှိန် ဂရန်အမည်ပေါက်ပိုင်ဆိုင်သော ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ လူနေရပ်ကွက်အမှတ် ရွှေလင်ပန်းစက်မှုမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၂၅၊ မြေကွက်အမှတ် ၃၀၆+၃၀၇ ရှိ နှစ် ၆၀ ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ် ၃၀၆+၃၀၇၊ နဝဒေးမင်းကြီးလမ်းနှင့် ဆရာရှမ်းလမ်းထောင့်၊ လှိုင်သာယာမြို့နယ်ဟု ခေါ်တွင်သော အဆောက်အအုံ ရေ၊ မီး၊ ပါဝါမီတာ၊ ထရန်စဖော်မာ အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ဦးစိုးထွန်းရှိန်ထံမှ ဦးအေးသောင်းကဝယ်ယူရန် ဆောင်ရွက်နေခြင်းအပေါ် အများသိစေရန် ကမ္ဘာ့ရတနာဘဏ်(ရုံးချုပ်) တာဝန်ရှိသူမှ ကန့်ကွက်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးခင်မောင်ဝင်း (သိဒ္ဓိ) (စဉ်-၇၂၇၅/၂၀၀၅)
LL.B, D.B.L, D.M.L
တရားလွှတ်တော်ရှေ့နေ
ရုံး-အမှတ် ၉၉ (ပ)ထပ်၊ ၃၈ လမ်း(အောက်)၊ ကုန်သည်လမ်းနှင့် မဟာဗန္ဓုလလမ်းအတွင်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၁-၂၅၃၄၀၃ (Fax)

ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၂)ရပ်ကွက်၊ ဦးရေခဲလမ်း၊ အမှတ်(၉၇)၊ ဦးရေခဲကွန်ဒို Ground Floor Level-2, Unit (D) တိုက်ခန်းအား ကျွန်တော်၏မိတ်ဆွေဖြစ်သူ ဦးသိန်းရွှေ ၁၂/ကမရ(နိုင်) ၀၂၇၇၁၅မှ ဝယ်ယူရန်အတွက် ဦးချစ်ကိုကို ၇/ရတန(နိုင်) ၀၆၃၇၇၂ထံသို့ စရန်ငွေတချို့တစ်ဝက်အား ၂၃-၁-၂၀၁၆ရက်တွင် ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသောအထောက်အထား စာရွက်စာတမ်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စများကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

တရားလွှတ်တော်ရှေ့နေများ	အထက်တန်းရှေ့နေများ
ဦးအောင်ချို LL.B စဉ်-၄၀၁၃	ဦးကျော်မြင့်သွယ်LL.B (စဉ်-၂၃၆၈၇)
ဒေါ်ဝင်းမာလာLL.B(စဉ်-၈၆၅၀)	ဦးသီဟ LL.B (စဉ်-၄၁၇၂၁)

အမှတ်(၅၆၃)၊ ပထမထပ်၊ အခန်း(၁၀၃)၊ MAC Tower၊ ကုန်သည်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၉-၇၃၁၂၂၇၁၅၊ ၀၉-၇၃၁၆၀၄၈၀၊ ၀၉-၃၁၂၈၆၉၁၁

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြောက်မြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်(၄၉)၊ မြေကွက်အမှတ်(၁၁၂၈)၊မြေကွက်တည်နေရာအမှတ်(၁၁၂၈)၊ရာဇသင်္ကြန်လမ်း၊(၄၉)ရပ်ကွက်၊ဒဂုံမြောက် ဦးမောင်မောင်(RGN-၀၁၁၀၀၄)အမည်ပေါက်၊ ပါမစ်မြေအားဦးမောင်မောင်ထံမှ(၂၀'x၆၀')အား အရပ်ကတိအရောင်းစာချုပ်အဆင့်ဆင့်ဖြင့်ဒေါ်အေးအေးလှိုင်(ခ)အိမ့်နိုင်(၁၂/ဥကမ(နိုင်)၀၂၇၃၉၂) နှင့်ဦးမောင်မောင်ထံမှ GP ၃၇၀၅/၂၀၁၅(၁၈-၃-၂၀၁၅)ဖြင့်ရရှိသူဒေါ်အေးအေးမင်း(၁၂/ဒဂမ(နိုင်)၀၀၈၉၀၂)တို့မှပြည်ထောင်စုတရားလွှတ်တော်ချုပ်၊တရားမအယူခံမှုအမှတ်(၂၅၃/၂၀၁၃)(၁၃-၉-၂၀၁၃)စီရင်ချက်၊တရားမအထွေထွေလျှောက်လွှာ(အထူး)အမှတ်(၄၀၃/၂၀၁၃)နှင့်(၅-၂-၂၀၁၅)ရက်နေ့ဒီကရီကျငွေပြေစာတို့တင်ပြ၍ဂရန်သစ် လျှောက်ထားလာရာတရားဝင်နိုင်လုံသောအထောက်အထားများဖြင့်ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါကလုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းအသိပေးကြော်ငြာအပ်ပါသည်။ ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒေါပုံ ... ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၁၊ မြေကွက်အမှတ် ၂၂၀/ခ၊ မြေကွက်တည်နေရာအမှတ် (၂၂၀/ခ)၊ (၁၁)ရပ်ကွက်၊ ... ဥက္ကလာပ (ဦးခင်မောင်ညို) ... အမည်ပေါက် နှစ်(၆၀) ဂရန်မြေအားအမည်ပေါက် ဦးခင်မောင်ညိုကို တရားပြိုင်ထား၍ ဦးအေးကြူမှ ... ဥက္ကလာပမြို့နယ် တရားမရုံး၌ တရားလိုပြု၍ စွဲဆိုသော တရားမမူလမှုအမှတ်-၄/၂၀၁၅၏ စီရင်ချက်၊ ဒီကရီမှုအမှတ် ၁၀/၂၀၁၅၏အမိန့်နှင့် (၁၄. ၃. ၂၀၁၅) နေ့ရက်စွဲပါ ဘီလစ်ခန်းစာကိုတင်ပြ၍ ပြီးအမည်ပေါက် (တရားရုံး) ကိုယ်စားဘီလစ် ဒေါ်နန့်ဆန်းသိန်း (၁၂/မရက (နိုင်) ...) မှ အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးတင်ပြ၍ ဤကြော်ငြာပါသည့်နေ့မှစ၍ လျှောက်ထားလာရာ တရားဝင်နိုင်လုံသော အထောက်အထားများဖြင့် (၇) ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဌာနမှူး မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်(၁၅၁)၊မြေကွက်အမှတ်(၁၃၀၈)၊မြေကွက်တည်နေရာအမှတ်(၁၃၀၈)၊၁၅၁-ရပ်ကွက်၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် (ဦးအေးမောင်)အမည်ပေါက်ပါမစ်မြေအား ပါမစ်မြေအမည်ပေါက်ဦးအေးမောင်ထံမှအရောင်းအဝယ်အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူသူဦးကျော်မြင့်(ခ) လင်ကုတ်လင်(၁၂/လသန(ဧည့်)၀၀၀၂၈၆) မှပါမစ်မူရင်းအရောင်းအဝယ်အရပ်ကတိစာချုပ်ကို တင်ပြ၍ နှစ်(၆၀)မြေငှားစာချုပ်(ဂရန်) လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤသတင်းစာကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံး လုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းအသိပေးကြော်ငြာအပ်ပါသည်။

ဌာနမှူး
မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ